www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၂၈၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၇၂၀၆၁၁

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၆၊ ဒီဇင်ဘာ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၉)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၉၀၀ကျပ်

# မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့သစ်သူတို့စကား | ၁ |
| ၂။ | ခပ်ဝွာဝွာလေးနေစမ်းပါ | ၁၂ |
| ၃။ | အလွမ်းတောင်လိုပုံခဲ့ပြီ | ၄၃ |
| ၄။ | ပုံညှိုတစ်ခေါက်လာအုံးမယ် | ၆၆ |
| ၅။ | နှလုံးသွေးစက်ဤပန်းခက်ကို | ၈၈ |
| ၆။ | နှလုံးသားတပ်ခွဲမှူး | ၁၀၄ |
| ၇။ | ချင်းရိုးမ၏ ချစ်ပုံပြင် | ၁၂၉ |
| ၈။ | ပါးမှာနှုံးသာ | ၁၄၄ |
| ၉။ | နွေးသောရင်ခွင် | ၁၆၅ |
| ၁၀။ | စာလွှာရှင် | ၁၈၅ |
| ၁၁။ | အမုန်းမရှိတဲ့မုန်း | ၂၀၄ |
| ၁၂။ | ရတနာ၏အနှစ် | ၂၂၈ |
| ၁၃။ | တောင်တန်းပေါ်ကကျောင်းသွားဖော် | ၂၄၁ |
| ၁၄။ | ယောသူရဲ့ပွဲ | ၂၆၈ |
| ၁၅။ | ကိုယ်ကဦးအောင်စောင့်နေမယ် | ၂၉၂ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# စာရေးသူ၏ ပနိုကြားလွှာ

စာရေးသူ၏ ဇာတိလှလောင်းပန်ရွာကလေးသည် ဝိတိုရိယ တောင် (နတ်မတောင်)ထိပ်နှင့် ကန်ပက်လက်မြို့အကြား ရှိတောနက် ရွာငယ်ကလေးဖြစ်ပါသည်။ထိုဒေသတစ်ပိုက် ကိုလိုနီခေတ် တစ်လျှောက် စာသင်ကျောင်းမရှိခဲ့သဖြင့် အရေးအဖတ် တတ်မြောက်သူ မရှိခဲ့ပါ။ နိုင်ငံတော်လွတ်လပ်ရေး ရရှိပြီးဆယ်စုနှစ်တစ်ခုကျော်ကာလ အကြာ လှလောင်းပန်ရွာနှင့် တောင်တက် တစ်နေ့ခရီးအကွာတုံကြီး (ခီတော်) ရွာ၌အစိုးရမူလတန်းကျောင်း ဖွင့်လှစ်လာခဲ့ပါသည်။ စာရေးသူသည် ထိုကျောင်း၏ ပထမဦးဆုံး စာသင်ကျောင်းသားဖြစ်လာခဲ့ပါ၏။ လက်ဦး ဆရာများမှာလည်း ချင်းတိုင်းရင်းသားများပင်ဖြစ်ရာ၊ မြန်မာစာကို ချင်းတိုင်းရင်း ဘာသာစကားဖြင့် စတင်သင်ကြားကြရပါသည်။ မူလတန်း ကျောင်းသားဘ၀၌ မြန်မာစာအရေးအဖတ်ကို တတ်မြောက်ခဲ့ကြပြီဟု ဆိုရမည်ဖြစ်သော်လည်းမြန်မာစကား အပြောကိုကားအနည်းအကျဉ်းမျှ ပင်ပြောဆိုနိုင်ခြင်းမရှိကြပါ။

မူလတန်းပြီးဆုံး၍ ကန်ပက်လက်မြို့အလယ်တန်းကျောင်းသို့ တက်ရောက်ရသောအခါ၊ နယ်စုံမှ လူစုံဖြစ်လာခြင်း၊ ဆရာသမားများမှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း ပြည်မမှလာခဲ့ကြသူများဖြစ်၍ ချင်းတိုင်းရင်းသား စကားနားလည် တတ်ကျွမ်းမှုမရှိခြင်း တို့ကြောင့် ဆက်သွယ်ရေးအခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။ စာသင်ခုံတစ်ခုံတည်း၌ အနီးကပ်ထိုင် အချင်းချင်း ကိုပင်၊ စက္ကူစာရွက်ပေါ်၌ စာတိုရေး၍ ဆက်သွယ်ရသည်ဖြစ်ခဲ့သည်။ ထိုသို့ စာတိုရေး၍ ဆက်သွယ်ခဲ့ရခြင်းသည်ပင် စာရေးသူအား စာရေး သားလိုသည့် သန္ဓေတည် စေခဲ့ပါသည်။

အလယ်တန်းဆင့်ပြီးဆုံးချိန်၌မူ မြန်မာစကားပြောကို မှရေလည် လုံသော်လည်း အဖြစ်မျှတော့ ပြောဆိုနိုင်ခဲ့ပြီဟု ဆိုရပါမည်။ မြန်မာစာ မြန်မာစကားကား ကျယ်ဝန်းနက်ရှိုင်းလှသည်ဖြစ်၍ ထိုအဖြစ်မျှလောက် ပြောဆိုနိုင်သည့်အဆင့်က ပို၍မတက်ခဲ့ပါ။ အထက်တန်းဆင့်ကျောင်း သားဖြစ်လာသော အခါဝါသနာပါရာ စာတို စာရေးသားခြင်းကိုကား စတင်ခဲ့ပါ၏။ စာရေးသူ ပထမဦးဆုံး ရေးသားသော "**အလှဝန်းဆစ်ခွင်**" ဝတ္ထုကို ၁၉၇၆ လုပ်သားဂျာနယ် ဒီဇင်ဘာလထုတ်၌ ဖော်ပြခြင်းခံခဲ့ ပါသည်။ ထို့နောက်ပိုင်းကား ဝန်ထမ်းဘဝဖြင့် ဒေသအသီးသီး၌ ကျင်လည်နေခဲ့ရာ နှလုံးသားအာဟာရ ဝါသနာပါရာစာများ ရေးသား နိုင်ခြင်းမရှိခဲ့ပါ။ ပထမဦးဆုံး ဝတ္ထုဖော်ပြခံရသည့် ကာလမှနှစ် (၃၀)အကြာရောက်ရှိ လာချိန်တွင် မဂ္ဂဇင်းများ၌ ဝန်ထမ်းဘဝကျရာ ဒေသများကိုပြန်လည် ဂုဏ်ပြုလိုသဖြင့် ဝတ္ထုတိုများရေးသားခဲ့ရာ "**နှလုံးသွေးစက်ညှိဝန်းခက်ဆီ**" နှင့် အခြားဝတ္ထုတိုများ အမည်ဖြင့်ပြန်လည် စုစည်းထားခြင်းဖြစ်ပါသည်။ မြန်မာစကား အပြောကိုမျှလျှင် ရေလည်စွာ ပြောဆိုနိုင်ခြင်းမရှိလှသည့် တောင်ပေါ်တောတွင်းသားတစ်ဦး၏ မြန်မာစာအရေးအသား ချွတ်ယွင်းအားနည်းချက်များတွေ့ရှိပါကအ ခွင့်လွှတ်ကြစေခလို။

ကိုနိုင်း(ချင်းတောင်)



www.burmeseclassic.com

www.burmeseclassic.com

# မြို့သစ်သူတို့စကား

"ဖန်နေဝန်းသို့ညီ . . . ထွန်းလင်းပြောင်ပေသည် ဒါတို့တိုင်း တို့ပြည် . . . တို့ကာကွယ်မည် . . . ဘယ်ညာ . . . ဘယ်ညာ" ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် စစ်ရေးပြကွင်း အမှတ်(၅)၏ အထက်တွင် အမျိုးသား စစ်ဗျူဟာကွင်းရှိသည်။ ထိုကွင်း နှင့် တောင်ကုန်းမြင့်ငယ်ခြားသည့် အမျိုးသမီးစစ်ဗျူဟာကွင်းမှ လုံ့ဆွပ် ထိုးတိုက်ပွဲလေ့ကျင့်ခန်း ပြီးဆုံး၍ စစ်ချီသံတက်ကြွစွာဖြင့် ပြန်လည် ဖြတ်သန်းချီတက်သွားခြင်းဖြစ်သည်။

"ဟော့ ကိုစိုး အမျိုးသမီးတပ်ခွဲက ဗျူဟာတောင် ပြီးသွားပြီ အမျိုးသားတပ်ခွဲက တပ်စု (၃)ကျားထိုးတုံးရှိသေး "

"ဟော့ လူ့ တောင်ပိုင်လေးခေါင်းထောင်မထားနဲ့ဦး ပစ်တောက်





မှောက်အနေအထားနေဦး အမျိုးသမီးတပ်ခွဲလှည့်ကြည့်မှုနဲ့ ဗျူဟာ နှစ်ကြော့ပြန် ပြန်ဆွဲနေရဦးမယ် အမျိုးသမီးဦးရေက အမျိုးသားဦးရေ လေးပုံတစ်ပုံတောင် မရှိတာ သူတို့ စောစောပြီးမှာပေါ့"

"အေးပါဟ စစ်သင်တန်း တစ်လျှောက်မှာ ဗျူဟာဆင်းရတာ အပင်ပန်းဆုံးဗျာ ခင်ဗျားခေါင်းထောင်ကြည့်ဆိုရင်တောင် ခေါင်းမထောင် တော့ဘူးဗျို့။ ဒါနဲ့ ခုနက ဘယ်ညာအော်ပြီး အမျိုးသမီးတပ်ခွဲကို ဦးဆောင် သွားတဲ့ တပ်ခွဲမှူးကဒီလောက် ရှားပါးလှပတဲ့ ရုပ်ရည်ခန္ဓာလေးနဲ့ ဒီလောက် ပင်ပန်းတဲ့ သင်တန်းလာတက် နေရသေးတယ်။ ရုပ်ရှင် ရိုက်စားရင် အေးဆေးပဲ"

"ဟဲ့ တောင်ပိုင်လေး အဲဒါမြို့သစ်သူကွဲ့ ငါနဲ့ ဆွေရိပ်မျိုး ရိပ်မကင်းဘူး။ ငါက ဝန်ထမ်းလုပ်သက်နဲ့ ရွေးချယ်ခံရလို့ သင်တန်းပါလာ တာသူက ဘွဲ့ရရွေးချယ်ခံတန်းက ပါလာတာ၊ တို့ထက်တော့ ငယ်တာ ပေါ့ကွာ"

"မကွေးကောလိပ်မှာ နှစ်နှစ်လုံးလုံး ငါတက်လာတာပဲ။ ငါတို့ အညာမှာ ဒီလောက် အချောအလှ ငါမမြင်ဖူးပါဘူးကွာ"

"သူက မြို့သစ်သူလေ။ အင်မတန်မွေးကြိုင်လှပ တန်ဘိုးရှိတဲ့ ပန်းတွေက တောတောင်မှာပဲရှိတယ်။ ဒီလိုတကယ့် အချောအလှလေး တွေကလည်း တောမြို့တောရွာတွေမှာ ရှိတတ်ပါတယ် တောင်ပိုင်လေးရ"

သင်တန်းတပ်ခွဲ တစ်ခုလုံး မိမိကို တောင်ပိုင်လေးဟုသာ ခေါ်ကြသည်။ မကွေးကောလိပ်တက်ကြစဉ်က အတန်းတူ ဘာသာရပ်တူ မောင်မောင်စိုးက ချင်းတောင်သို့ အလည်အပတ်ရောက်ရှိခဲ့စဉ် မိမိကို ဒေသထုံး ဓလေ့အရ တောင်ပိုင်းလေးဟုသာ ခေါ်ကြသည်ကို သိရှိခဲ့၍ သူက စခေါ်ရာမှ ထိုအမည်တွင်ခဲ့ရခြင်းဖြစ်သည်။

"ကိုမောင်စိုးတို့ မြို့သစ်သူ ဟုတ်လား နာမည်ဘယ်လိုခေါ် လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးရီတဲ့ ငါနဲ့ခွေမျိုးမကောင်းဘူး။ တပ်ပြင်ထွက်တဲ့နေ့ ငါမိတ်ဆက်ပေးပါမယ်။ မင်းလည်းတောင်ပေါ်သားတစ်ဖြစ်လဲ အညာသားဖြစ်နေမှပဲ တို့အညာသူ အညာသားအရိုးခံရယ်ကွ။ အထာမကိုင်တတ်ပါဘူး"

စကားပြောနေကြစဉ် စစ်ခရာသံရှည်နှင့်အတူ စစ်မိန့်သံထွက်လာသည်။

"အားလုံး တန်းစီ"

× × × × × ×

(၂)

သူငယ်ချင်းကိုမောင်မောင်စိုး မိတ်ဆက်ပေးမှုကြောင့် မြို့သစ်မြို့သူ အချောအလှ မခင်လေးရီနှင့် သိကျွမ်းခင်မင်ခဲ့ရသည်။ သိကျွမ်းကြသည်နှင့် ယပ်ပေါင်းများကဲ့သို့ရင်းနှီးသွားခဲ့ကြပါ၏။ ခဏတာဆုံတွေ့မှုများလည်းရှိတတ်လာပါ၏။ အချိန်တွေလည်းပတ်၍ သင်တန်းဆင်းရက်နီးခဲ့ပြီ။ ဖေဖော်ဝါရီ (၁၂)ရက် ပြည်ထောင်စုနေ့ အခမ်းအနားကို တပ်ခွဲအားလုံးစုပေါင်း ကျင်းပမည်။ ချင်းတိုင်းရင်းသားရိုးရာအကကို တင်ဆက်ပေးရန် တပ်ခွဲရုံးက တာဝန်ပေးထားသည်။ ကျွန်တော်လည်း ချင်းဝါးညှပ်အကနှင့် မင်္ဂလာဆောင်အကဖြင့် ကပြရန်စီစဉ်သည်။ အကအဖွဲ့ကို မခင်လေးရီနှင့် အဖွဲ့က ကူညီအားဖြည့်ပေးခဲ့သည်။

မခင်လေးရီနှင့်လည်း အခါအားလျော်စွာတွေ့ဆုံခွင့် လမ်းစသည် လွယ်လင့်တကူပွင့်လင်းသွားခဲ့၏။ ကပွဲပြီးဆုံးသော် ချင်းရိုးရာဝတ်စုံတစ်စုံကို မခင်လေးရီသို့ လက်ဆောင်ပေးခဲ့ပါသည်။ ဝတ်စုံနှင့်အတူ နှလုံးသားတစ်စုံကိုအပြီးအပိုင် ပေးအပ်လိုက်ခြင်း ပင်ဖြစ်သည်။

× × × × × ×





(၃)

လာမည့်သောကြာနေ့တွင် သင်တန်းဆင်းမည်ဖြစ်၍ ယခုသောကြာပတ် လူကုန်တပ်ပြင်ထွက်၍ ဌာနပြန်ခရီးသွားရောက်စီစဉ်ကြသည်။ ကိုမောင်စိုး၊ ခင်လေးရီနှင့် မကွေးအထိ ခရီးစဉ်တူကြသဖြင့် အတူ ထွက်လာခဲ့ကြသည်။

"လေးရီနဲ့တောင်ပိုင်လေး သိမ်းကြီးဈေးစီရုံအောက် အနော်ရထာလမ်းဘက်မှာ ခဏထိုင်စောင့်နေကြ ကုန်ဈေးတန်းမှာ ကားလက်မှတ် သွားဖြတ်လိုက်မယ်"

ကိုမောင်စိုးက မျက်ရိပ်ပြပြောဆိုမှုကြားပြီး ထွက်ခွာသွားသည်။ ဆိုလိုရင်းကို သဘောပေါက်ပါ၏။ စကားအစမရှာတတ်ခဲ့ပါ။ ကြုံသလိုပြောလိုက်ရသည်။

"မခင်လေးရီရေ ကျွန်တော်က ချင်းပြည်နယ် တာဝန်ပြန်ကျတယ်ဆိုပေမယ့် ကန်ပက်လက်နဲ့ ပြည်နယ်ရုံး ဟားခါးမြို့နဲ့က ဒီရန်ကုန်ပဲပြန်ပတ်လာရတာ။ အခု ကိုစိုးနဲ့ မြို့သစ်လှည့်ဝင်တာ မခင်လေးရီနဲ့ စကားပြောချင်တာလဲ ပါပါတယ်"

"အမလေး ကိုမင်းထင်နိုင်ရဲ့ အကတိုက်ကတည်းက နေ့တိုင်းတွေ့နေကြတာပဲ ဘာစကားများအထူးအဆန်းရှိလို့လဲ"

"ဒီလိုပါ မခင်လေးရီ အခု ကျွန်တော်ချင်းပြည်နယ်ရုံး သတင်းဦးစီးမှ ဘယ်မြို့တာဝန်ကျတယ်ဆိုတာ အော်ဒါထွက်မယ်လေ"

"ရှင်ပြောမယ့် စကားက ရှင့်အော်ဒါအကြောင်းပေါ့" ကျွန်တော်ပြောချင်သောစကားများမပြော လိုက်ရဘဲ ပြန်လည် စကားပြောဆိုရန် အိုးမလည် ယောင်ဝါးဝါးဖြစ်နေစဉ် ကိုမောင်မောင်စိုး ရောက်လာသည်။

"ရော့ လေးရီနဲ့တောင်ပိုင်လေးနဲ့ကတစ်ခုံ ကိုယ်နဲ့ရှေ့နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုံ ကျော်ပဲ"

ကိုမောင်မောင်စိုးဆီက ကားလက်မှတ်ကို လှမ်းယူပြီး မခင်လေးရီထံ ပြန်ကမ်းလိုက်သည်။

"မခင်လေးရီ ကားလက်မှတ်ယူထားပါ သောကြာနေ့ ကားဂိတ်မှာပြန်ဆုံကြတာပေါ့" ပြောပြီးလမ်းခွဲလိုက်ကြသည်။ ဤသို့ဖြင့် သင်တန်းဆင်းရက်ရောက်ခဲ့ပြီ။

သင်တန်းပြီးဆုံးသည့်ရက်တွင် ချင်းပြည်နယ်အေသ ဥက္ကဋ္ဌကြီး၏ ကားကြုံဝင် ခေါ်ခဲ့သဖြင့် ရန်ကုန်မှ မကွေးအထိ မခင်လေးရီ နှင့် (၂) ယောက်တစ်ခုံတည်းစီးရန် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။

နှစ်ယောက်တွဲခုံတွင် တစ်ယောက်တည်းစီးနင်းလိုက်ပါသွားမည့် မခင်လေးရီကို မြင်ယောင်ရင်း မာဇဒါကျစ်ကားဖြင့် လိုက်ပါလာခဲ့သည်။ ဟားခါးမြို့နယ်ရုံး၌ တာဝန်ချထားခံခဲ့ရပြီး ကိုမောင်မောင်စိုးမှာ ဖာလမ်မြို့သစ်မြို့နယ်ရုံးနှင့် မခင်လေးရီမှာ မကွေးတိုင်းရုံးတွင် တာဝန်ကျကြောင်းသိရသည်။ ဖန်ထမ်းဘဝရတတ်သမျှသော အားလပ်ချိန်များတွင် မခင်လေးရီကို ပြင်းပြင်းထန်ထန် သတိရနေမိဖြစ်သော်လည်း စာရှည်တစ်စောင်သာရေးဖြစ်ခဲ့ပါ၏။

× × × × × ×





(၄)

ဟားခါးမြို့၌ တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်တစ်ပတ်လည်ခဲ့ပြီ။ ရုံးတာဝန်ဖြင့် ရန်ကုန်မြို့သို့ စေလွှတ်ရောက်ရှိသည်။ ကုန်ဈေးတန်းလမ်းကားမှတ်တိုင်အရောက်တွင်ကားပေါ်မှ ရုတ်တရက်ခုန်ဆင်းလိုက်ရ၏။

" ဩော် . . . ဤနေရာကား ချစ်သောခင်လေးရီနှင့် နောက်ဆုံး တွေ့ဆုံခဲ့ရာ နေရာပါတကား။ ချစ်သူကို ချစ်စကားဆိုရန် နှုတ်ဆိုးနှောင့်ယှက်၍ နှုတ်အာဆွံ့အခဲ့လေသလား" သတိရသည်နှင့် ကုန်းဈေးတန်းလမ်း အောက်ဘလောက်သို့ အပြေးထွက်လာခဲ့သည်။ ဂိတ်မှူးထံမှ မကွေးလက်မှတ်ဆွဲယူ လိုက်ပါလာခဲ့သည်။

ရန်ကုန်မှ ညနေ (၆) နာရီ ထွက်လာသောကားသည် မကွေးမြို့သို့ နောက်တစ်နေ့ နေမြင့်မှ ဝင်သည်။ ရောက်ရောက်ချင်းပင် မကွေးတိုင်းရုံးသို့ တန်းတန်းမတ်မတ်ဝင်ခဲ့သည်။

" မခင်လေးရီ "

" ဟယ် ကိုမင်းထင်နိုင်းပါလား။ ကန့်ပက်လက်ကို အပြန်လား။ ရန်ကုန်ကိုအဆင်းလား "

" ရန်ကုန်မှာ စတေရှင်နရီ ဝယ်ဖို့ဆင်းလာရင်း မခင်လေးရီကို သတိရလို့ မကွေးကိုတက်လာခဲ့တာ "

" အလို့ ထူးဆန်းပါလား၊ လာရုံးဝင်းရှေ့ပန်းခြံထောင့်က ရွှေလရောင် ကဖီးသွားရအောင် " ဆိုင်ထဲ ဝင်သွားကြချိန် လူသူရှင်းလျက်ရှိသည်။

" ကျွန်တော် ဟားခါးမှာရှိနေတုန်း လေးရီကို အချိန်နဲ့အမျှ သတိရနေတယ်သိလား " မခင်လေးရီ၏ ချစ်စဖွယ်မျက်နှာလေးက

www.burmeseclassic.com

www.burmeseclassic.com



မချိုမချဉ် ။

" ဪ . . . ဟုတ်လား၊ ကွယ်ရင်မေ့ တွေ့သေအောင် လွမ်းဆိုတာ ဟိုတုန်းက စာဆိုလို့ပဲ ကျွန်မထင်ခဲ့တာ အခုတော့ လက်တွေ့ ပါပဲလား ကိုမင်းထင်နိုင်းရယ် "

" ဒီလိုတော့ မထင်ပါနဲ့ လေးရီရယ်၊ တယ်လီဖုန်းကောက်ဆက် လို့ရတဲ့အရပ်မျိုးသာဆိုရင် ကျွန်တော် လေးရီဆီကို တစ်နေ့အခါ တစ်ရာ လောက်ဖုန်းဆက်မိမလားပဲ " –

" ဟင်း ဟင်း ဒါတော့ ရှင်က ခက်တဲ့ဖက်က လှည့်ပြောတာ ကိုးရေးနှစ်ပေါင်းများစွာကတည်းက မြန်မာပြည်မှာရှိတဲ့ရှုံးဖွင့်တဲ့ မြို့ရွာ တိုင်းမှာ စာတိုက်နဲ့စာထည့်လို့ရပါတယ် " ရှင် ၊ ရှင့်ဆီက ခရီးသွား ဆောင်းပါးကလွဲလို့ စာလေးတစ်စောင်တောင် ကျွန်မ မရဖူးပါဘူး၊ ကျွန်မ ကလေးသူငယ်မှ မဟုတ်တာ ရှင့်သဘောကို ကျွန်မ အကဲဖြတ်နိုင်စွမ်း ရှိပါတယ် . ကိုမင်းထင်နိုင်းရဲ "

" လေးရီရယ် ၊ ကျွန်တော့်တောင်ပေါ်သားနာမည်ရှည်ကြီး ခေါ်ရတာမောပါတယ် ပြီးတော့ စိမ်းနေတဲ့ သူတွေလိုလည်း ခံစားရတယ် အရင်လို ကိုနိုင်းလို့ပဲခေါ်ပါဟာ "

" ဟင်း ဟင်း ဟင်း ရှင်က ဒီလိုခေါ်တာ သဘော ကျတယ်ပေါ့" လေးရီ၏ ညှင်းညှံ့စွာရယ်မောပုံက သရော်တော်တော်ရှိ သည်ထင်မိ၏။ ကျွန်တော့်စကား ကိုလည်း အလေးမှုဟန်မရှိပါ။ လက်မှ နာရီကိုသာ ငေးစိုက် ငုံ့ကြည့်လျက်ရှိသည်။ အဖြစ်မှန်ကို ပြောပြရန် အားမာန်ချီ၍ စလိုက်ပါသည်။

" လေးရီသိလား ကိုယ်လေ လေးရီကို ဘယ်လောက်သတိရ တမ်းတနေတယ်ဆိုတာ လေးရီဆီကို ကိုယ်တိုင်လာပြောပြရင်းနဲ့ လေးရီဆီက ခိုင်မာတဲ့ အဖြေကိုလည်း ယူသွားချင်တဲ့ ဆန္ဒပြင်းပြလွန်းလို့ မကွေးကို အားချင်းတက်ခဲ့တာပါ ကျွန်တော်တောင်းတဲ့ . . . "





ကျွန်တော် စကားမဆုံးလိုက်ရ လေးရီ လက်ဖက်ရည်ခွက် ကျွန်ကို သွန်လိုက်ပြီး အသံစူးစူးဖြင့် ပြန်ပြောသည်။

" နေစမ်းပါဦး ကိုနိုင်းရဲ့ ရှင်ကတောင်ပိုင်မျိုးရိုးပီပီ အစစ အရာရာ တောင်ပိုင်အတွေးအခေါ်နဲ့ မတွေးခေါ်စမ်းပါနဲ့ ရှင်ပြော လိုက်တာနဲ့ ကျွန်မအားလုံး ယုံလိုက်ရမှာလား၊ ဒီလောက်နေလို့ စာလေး တစ်စောင်တောင် ရေးဖော်မရတဲ့ ကွယ်ရင်မေ့ တွေ့ရင်ချွဲတတ်တဲ့ ရှင့်လို လူစား ကျွန်မမုန်းတယ်ရှင့် ကြားတယ်နော် ရှင့်ကို ကျွန်မမုန်းတယ် အစည်းအဝေးဝင်ဖို့ နောက်ကျနေပြီ ကျွန်မသွားပြီး "

ခင်လေးရီဆတ်ခနဲ ပြေးထွက်သွားတော့ ရွှေလရောင်ဆိုင် ထောင့်တစ်နေရာ၌ သတိလက်လွတ် ငုတ်တုတ်ထိုင်ကျန်ရစ်ခဲ့သည်။ အမှန်တော့ မခင်လေးရီပြောသကဲ့သို့ စာထည့်ရန်သတိမရခဲ့သည်မဟုတ် ရာထူး တာဝန်နှင့် အရွယ်အလျောက်စာဖြင့် ရေးသားချစ်ရေးဆိုရန် သင့်မသင့် ချီတုံချတုံဖြင့် များမြောင်လှစွာသော ရေးသားထားသည့် စာများကို မထည့်ဖြစ်ခဲ့ခြင်းသာဖြစ်သည်။ ကံတရားက မျက်နှာသာ မပေး၍ အမှန်ရှင်းပြနိုင်ခွင့် ပင်မရရှိပါ။ ဝမ်းနည်းစိတ်ပျက်ခြင်း များစွာကို တနင့်တပိုးသယ်ပိုးလျက် ရန်ကုန်ထွက်သည့် ကြုံရာ ကားဖြင့် လိုက်ပါလာခဲ့သည်။ တောင်တွင်းကြီးမြို့အဝင် ကားစပါယ်ယာအော်သံ ထွက်လာ၏။ "ပျဉ်းမနားရထားဝင်တော့မယ် သံလမ်းပိတ်ထားတယ်ဗျို့" ဟူ၍နောက်လိုက်၏ အော်သံကြောင့် ဖျတ်ခနဲသတိရလာသည်။ ပျဉ်းမနားရထားဆိုလျှင် မြို့သစ်မြို့သို့ ခရီးဆက်ပေလိမ့်မည်။ မြို့သစ် ရထားဖြင့် သူငယ်ချင်း မောင်မောင်စိုးရှိရာသို့ ခြေဦးလှည့်ခဲ့၏။ မြို့သစ်သို့ ရထားဆိုက်သည်နှင့် နေ့လည်စာ စားသောက်ရန် ပြင်ဆင်နေသော ကိုစိုးနှင့် အသင့်တွေ့ရသည်။

" ကိုစိုးရေ ရန်ကုန်ရောက်တုန်း မခင်လေးရီဆီလာတာ၊ အမုန်း စကားနဲ့ပဲ နှင်ချုပ်သွားခဲ့ရပြီ။ "



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုပြောလွှတ်လိုက်လို့လဲ "

" ရှင့်ကို ကျွန်မ မုန်းတယ်တဲ့ "

" ဟဲ ဟဲ ဟ ဒါမြို့သစ်သူတို့ စကားကွဲ့ မှတ်ထားမြို့သစ်သူတွေက အသည်းမာတယ်ကွ "

" ဒီလောက် နှလုံးလှတဲ့ မိန်းကလေးတစ်ယောက် ဒီလောက် အမုန်းမြန်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူးဟာ "

" မြို့သစ်သူတို့ စကားမင်းနားမလည်လို့ပါကွာ မြို့သစ်သူတွေက မုန်းရင် လက်ဖက်ရည်ခေါ်တိုက်ပြီး ဟန်ဆောင်ပန်ဆောင် အားနာပါးနာ လက်ခံစကားပြောမနေကြဘူးကွဲ့ မင်းအခု ငါ့ဆီလာတာ လေးရီ သိရဲ့လား"

" ဘယ်သိပါ့မလဲ ငါက ကိုယ့်ကိုကိုယ်အနိုင်နိုင် ကျားကန်ပြီး ကြုရာကားနဲ့ ရန်ကုန်ပြန်လှည့်ခဲ့တာကွ တောင်တွင်းကြီးရောက်မှ မင်းကို သတိရတာနဲ့ လှည့်ဝင်ခဲ့တာ "

" ကဲ အေးအေး ဆေးဆေး အနားယူဦး ငါရုံးပြန်တက်ရင်း လေးရီဆီ ဖုန်းဆက်လိုက်ဦးမယ် "

" ငါဒီကိုရောက်နေတာ မပြောလိုက်နဲ့ဦးနော် သူ့ခမျာဒေါသ ပုန်ထနေဦးမယ်" ကိုမောင်မောင်စိုး ရုံးခန်းထဲဝင်သွားသည်။ ရုံးအနီးရှိ နှစ်ပေါင်းမည်မျှ ကြာမြင့်ပြီမသိနိုင်သော ရောမ မန်ကျည်းပင်အိုကြီး ခြေရင်းခုံတန်းပေါ်မှ ရှုမျှော်မဆုံးသည့် ဝါတာတာတမာတောတန်းဆီသို့ လှမ်းမျှော် ကြည့်မိသည်။ တမာတောသူ မခင်လေးရီလည်း မိမိအပေါ် တမာလိုခါးခဲ့လေပြီ။ ကိုယ်စိတ်နှလုံး မင်ပန်းနွမ်းနယ်လှစွာဖြင့် အိပ်ပျော် သွားခဲ့လေတော့သည်။

" ဟေ့လူ တောင်ပိုင်းလေး ထထ အချိန်လည်းနည်းနေပြီ ရေမြန်မြန်လောင်းချိုးလိုက် ဘူတာဆင်းရအောင် "

လှုပ်နှိုးခေါ်သံကြောင့် ရုတ်တရက်လန့်နိုးမှ နာရီများစွာ





အိပ်ပျော်သွားခဲ့ကြောင်း သိရတော့သည်။ ညနေရထားဖြင့် ပြန်လည်ထွက်ခွာမည်ဟု ယူဆ၍ သတိပေးခြင်းဖြစ်တန်ရာ၏။

" ငါချက်ချင်း မပြန်သေးပါဘူးဟ တစ်ရက်တစ်ငလတော့ နေလို့ရပါသေးတယ် ဘူတာဆင်းဖို့ မလိုပါဘူးဟာ နေအေးတော့ လည်ပတ် ကြည့်သေးတာပေါ့ "

ဟေ့လူရေ မင်းပြန်ဖို့ဘူတာ ဆင်းမှာမဟုတ်ဘူး ဒီမှာ ငါပြောမယ် နားထောင် မင်းငါ့ဆီရောက်နေတယ်ဆိုတာ ခင်လေးရီကို ငါပြောပြလိုက်တယ် သူအရေးပေါ်အစည်းအဝေးဝင်သွားရတုန်း မင်းပျောက်သွားတာတဲ့ ညနေရထားအမီ မြို့သစ်ကို ပြန်လိုက်လာခဲ့မယ် ဘယ်မှမသွားဘဲစောင့်နေပါတဲ့ ကြားလားအခု ရထားချိန်နီးနေပြီ"

" ဟာဗျာ ခင်ဗျား ကျွန်တော်ရောက်နေတာ မပြောလိုက်ပါနဲ့ဆို မြို့သစ်အထိ လိုက်လာပြီး ရန်တွေ့တော့မှာပဲ ရှင့်ကို ကျွန်မမုန်းတယ်လို့ အသေအချာပြောထားတယ်ဟာ "

" ဟဲ ဟဲ ဟဲ ရှင့်ကို ကျွန်မမုန်းတယ်ဆိုတာ မြို့သစ်သူတို့ စကားပါဆိုနေမှပဲ ပြောင်းပြန်အဓိပ္ပါယ်ကောက်လိုက်ပေါ့ကွာ ကဲရထား ဆိုက်ချိန်မီသွားကြိုကြစို့ "

ကိုမောင်မောင်စိုး နှင့် ကျွန်တော်သည် သွက်လက်သော ခြေလှမ်းများဖြင့် မြို့သစ်ဘူတာကို ထွက်လာခဲ့ကြသည်။

ကြိုနိုင်း (ချင်းတောင်)

(ကသစ်ပန်းမဂ္ဂဇင်း - ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



## ခပ်ဍ္ဍာဍ္ဍာလေး နေခမ်းပါ

"ကိုနိုင်းရေချင်းဝိသေသတိုင်းရုံးကို ဘယ်လိုသွားရမှန်းတောင် မသိဘူးဗျာ၊ ခင်ဗျားနဲ့ တစ်ပါထဲ ကပ်လိုက်ခဲ့မှဖြစ်မယ်ဗျ။

ဗဟိုဝန်ထမ်းကျောင်း အောင်ဆန်းတပ်ခွဲအဆောင် (၃)မှ သူငယ်ချင်း ကိုကျော်ဟန်က တာဝန်ကျအမိန့်စာရွက်ကို ကိုင်လျက် ပြောဆိုလေ၏။ မှန်ပါ၏ မနက်ဖြန်အုန်းတောခန်းမ၌ သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီးလျှင်ကား တာဝန်ကျရာ ဒေသအသီးသီးသို့ ထွက်ခွာကြရပေတော့မည် ကျွန်တောက ဒေသခံဖြစ်၍ တာဝန်ရှိသည့်အပြင် ခရီးသွားဖော်ရမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။

"စိတ်ချပါ ကိုကျော် ကျွန်တော်စောင့်ခေါ်မှာပေါ့ ဒါနဲ့ ဒီလိုလုပ်ရအောင် ကျွန်တော့်ဇာတိ ကန်ပက်လက်မြို့နဲ့ချင်းတိုင်းရုံး စိုက်တဲ့ တားခါးမြို့က တောင်စွန်းနဲ့မြောက်စွန်းဗျ။ ကျွန်တော်တို့ချင်း စကားမတူကြပေမဲ့ လူနေမှုထုံးစလေ့တွေအတူတူပါပဲ၊ ဘာမှ အခက်အခဲမရှိဘူး ကန်ပက်လက်ကနေ ဆက်သွားရအောင်၊ ကိုကျော်လည်း ကန်ပက်လက်မှာ တာဝန်မကျဘူးလို့ မပြောနိုင်ဘူးလေ၊ တိုင်းဦးစီးရုံးကပဲ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်ခွဲပေးမှာ"

"ကျွန်တော်ကတော့ ခင်ဗျားနောက်ကပ် လိုက်ခဲ့ရုံပဲ ကိုနိုင်း အုန်းတောခန်းမသင်တန်းဆင်းပွဲ၌ သင်တန်းဆင်း လက်မှတ် နောက်ဆုံး ပေးအပ်ချိန် လက်ခုပ်ပေါင်း အကြိမ်နှစ်ဆယ်တီးပြီးနောက် ဒရောသောပါး ထွက်ခွာခဲ့ကြလေ၏။ ကျွန်တော့်ဇာတိ ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး သုံးရက်မျှသာ အချိန်ရကြသဖြင့် ဟားခါးမြို့သို့ ထွက်ခွာလာရန် ပြင်ဆင်ကြရပြန်သည်။"

အိမ်မှအထွက် မိဘနှစ်ပါးကို ကျွန်တော်ကန်တော့လျှင် ကိုကျော်ဟန်လည်း ဝင်ရောက် ဦးချကန်တော့လေ၏။ ဖခင်ကနေထိုင်စား သောက်ရေးကိစ္စများကို ရှည်လျားစွာမှာကြားလေ၏။

"သား ဟားခါးရောက်ရောက်ချင်း မြို့ဟောင်း ရပ်ကွက်ကို သွား အမတ်ဟောင်းကြီး တောင်ပိုင်ဦးထာမန်းရှိတယ်၊ တောင်ပိုင်ကြီး ဦးထာမန်း ဆိုတာမသိတဲ့လူမရှိဘူး၊ ပါလီမန်ခေတ်တစ်လျှောက်လုံး အဖေနဲ့လည်းပင်းဖက် ပေါင်းလာကြတာ၊ အဖေ့နာမည်သာ ပြောလိုက်" ကျွန်တော့်ဖခင်၏ ချင်းစကားအမှာအကြားကိုရှည်လျားသော ဆုပေးဟု မှတ်ထင်၍ ကိုကျော်ကပေးသည့် ဆုနှင့်ပြည့်ပါစေ ဟုဆိုရှာ၏။ ကန်ပက်လက်မှ လေဆိပ်ရှိရာ ကျောက်ထုသို့ တောင်ပေါ်ဖြတ်လမ်း အတိုင်းဆင်းလာခဲ့ကြရာနေညိုမှ ရောက်ကြ၏။ နောက်တစ်နေ့ "တွင် အော်တာ" လေယာဉ်ဖြင့်ချင်းတောင်ခြေကလေး မြို့သို့လိုက်ပါ လာခဲ့ကြ သည်။ ကလေးလေဆိပ် လေယာဉ်ထိုးဆိုက်လိုက်သည်နှင့် ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ချင်းတိုင်းရုံးကြား စခန်းသို့လာရောက်တည်းခိုစခန်း တာဝန်ခံ ကိုထန်မှုန်ထံကျိုးကြောင်း ပြောပြအကူအညီတောင်းခံကြရ သည်။ "

" ကိုထန်မှုန်ရေ ကျွန်တော့်သူငယ်ချင်းကို ကျော်ဟန်ကရန်ကုန် သားပဲ၊ အခုမှ ဖောင်ကြီးသင်တန်းဆင်းလာကြတာ၊ ချင်းတိုင်းရုံးကို





သတင်းပို့ဖို့ ကန်ပက်လက်ဘက်လှည့်ပြီးကျောက်ထု လေယာဉ်နဲ့ပါလာ ကြတာ၊ တောင်ပေါ်ကိုကား အသွားအလာစုံစမ်း ပေးပါဦးဗျာ"

ကိုထန်မှုန်မှာ ချင်းတိုင်းရုံးဝန်ထမ်းပင်ဖြစ်၍ ဖော်ရွေစွာပင် နေရာထိုင်ခင်း စီမံပေးပါ၏။

"ကိုနိုင်းတို့ရောက်ရက်အတော်ပဲ မနက်ဖြန် မော်တော်ကား အတက်နေ့ဗျ။ အတက်နေ့မမီရင် နောက်တစ်ရက်ကျော် ပြန်စောင့်ရမှာ၊ တောင်ပေါ်လမ်းကကျဉ်းတော့ ကားချင်းမရှောင်သာဘူး။ အတက်တစ်ရက် အဆင်း တစ်ရက်ခွဲထားရတယ်၊ ခရီးသည်ကားရယ်လို့ မရှိသေးတော့ ကြုံရာကားလိုက်ကြရတာပေါ့၊ မော်တော်ကားတွေစုပြီး သွားတတ်ကြ ပါတယ်။ မနက်ဖန်အတက်ကားတွေသွားညှိလိုက်ဦးမယ်။" ထိုစဉ်က လမ်းခရီးအခြေအနေဖြစ်သည်။

ကိုထန်မှုန်ပြောဆိုထွက်ခွာသွားလျှင် ဆက်လက်ချီတက်ရမည့် ချင်းတောင်တန်းမြောက်ပိုင်း တောင်မြင့်ကြီးများကိုလှမ်းမျှော်မော့ကြည့်မိ ကြ၏။

"ကိုကျော် အခုလှမ်းမြင်ရတဲ့ ချင်းတောင်တန်းမြင့်ကြီးများ ကလမ်းခရီးရဲ့အစပဲ၊ ဒီကနေမြင်ရတဲ့အမြင့်ဆုံး တောင်ထိပ်ကို ရောက် သွားရင် သူ့ထက်မြင့်တာတွေတစ်တောင်ပြီး တစ်တောင်လာဦးမယ်"

မြင်ကွင်းတစ်ဆုံးရှိ ချင်းတောင်တန်းတောင် မြင့်ကြီးများသည် ဆင့်၍ထပ်၍ မိုးကောင်းကင်သို့အပြိုင်လှုတက်နေကြသည်။ အချို့ကနှင်း မဝါကိုခြုံလျက် အချို့ဖြူဆုပ်ဆုပ်တိမ်ဦး ထုပ်များဆောင်းထားကြသည်။ အဝေးဆုံးမြင်ကွင်း တောင်မြင့်ကြီးသည် ကောင်းကင်ပြာထဲသို့ထိုး၍ သွားသည် ထင်ရ၏။

"အေးဗျ၊ တောင်မြင့်ကြီးတွေ အဝေးကလှမ်းကြည့်ရုံနဲ့ အေးလိုက်တာဗျာ"

ခရီးစဉ်ကို မျှော်မှန်းပြောဆိုနေကြစဉ် ကိုထန်မှုန်နှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



ရှည်သွယ်ဖြူနုလှသည့် မိန်းမလှကလေးနှင့် တွဲလျက်ချင်း ဝတ်စုံဝတ် မိန်းမချောလေးတို့ ပြန်လည်ဝင်ရောက်လာကြ၏။

"ကိုနိုင်းရေ ခင်ဗျားကို အကြိုလာတောက်သူက အသင့်ပဲဗျို့၊ ဟားခါးကဆရာမလေး မဆုန်ထားပါရဲ့ ကသူတို့ကားနဲ့လိုက်ခဲ့ပါတဲ့။"

ကိုထန်မှုန်ကချင်းတောင်တန်းသားများ ဓလေ့အပျော်စကား လေးဖြင့် မိတ်ဆက်ပေးလျှင် ချင်းဝတ်စုံဝတ်မိန်းမချောလေး ကလည်း ဖော်ရွေစွာပင်ပြောဆိုပါ၏။

"ကျွန်မဆုန်ထားပါရဲ့ လို့ခေါ်ပါတယ်ကိုနိုင်း ကျွန်မတို့ မန္တလေး ဆရာဖြစ်သင်တန်းမှာ အတူတက်ပြီး ကန်ပက်လက်ကျောင်းမှာ အတူတာ ဝန်ကျတဲ့သူငယ်ချင်းဆရာမလေး ခင်မြင့်ငြိမ်း ကိုလာကြိုတာ၊ သူကမန္တလေး သူရှင့် ချင်းတိုင်းရုံးသတင်းပို့ပြီးရင် ကန်ပက်လက်သွားကြမှာ ကိုနိုင်းက ကန်ပက်လက်သားဆိုတော့ ခရီးလမ်းပန်း မေးထားချင်လို့၊ ကျွန်မတို့ စုပေါင်း ဂျစ်ကားငှားထားတယ်၊ ဖြစ်သလိုကျပ်ညှပ်တတ်ကြတာ ပေါ့ရှင်"

"ကျေးဖူးတင်လိုက်တာဗျာ၊ ကျွန်တော်တို့လည်း ဖောင်ကြီး သင်တန်းပြီးပြီးချင်းတိုင်းရုံးကို သတင်းပို့လာကြတာဗျ၊ ကျွန်တော့်သူငယ် ချင်းကိုကျော်ဟန်က ရန်ကုန်သား၊ ကျွန်တော်တို့လဲ တိုင်းရုံးကပဲမြို့နယ် ခွဲပေးမှာဆိုတော့ ဘယ်ရောက်ကြမယ်မသိကြသေးဘူး၊ ဘယ်ရောက် ရောက်အမိန့်စာရပြီးရင် ကျွန်တော်ကကန်ပက်လက် တစ်ခေါက်ပြန် ရအုံးမှာ၊ တစ်ခါထဲလိုက်ခဲ့ကြဗျာ"

"ကျွန်တော်တို့ကပိုပြီး ကျေးဇူးတင်ရမှာပါ ဟိုကျရင်လည်း ကိုနိုင်းကိုပဲ ကျွန်တော်တို့အားကိုရမှာ"

မန္တလေးသူ ဖြူသွယ်နွဲ့ကလေးက မိမိကိုယ်ကိုယ် 'ကျွန်တော်' ဟု ညွှန်းဆိုပြောဆိုတတ်ခြင်းကို ချင်းတောင်တန်းပြင်ပ အသွားအလာ နည်းပါးခဲ့သူ ကျွန်တော်က ယခုမှ ပင်ကြားဖူးတော့သည်။ လူကြီးသူမရှေ့ ၌ ထိုသို့ပြောမပြောကို ကျွန်တော်မသိရှိသော်လည်း နားဝင်ချိုမြရှိလှ၏။





သွေးပင်ကိုယ်သံက ချိုလွင်သာယာခြင်းလည်း ဖြစ်ပါလိမ့်မည်။

"ဆုန်သဲတို့ မနက်ဖန်မနက် (၆) နာရီတိတိ ဝင်ခေါ်ကြ မယ်နော်၊ ကျွန်မတို့ ဈေးဝယ်စရာလေးရှိသေးလို့"

ချင်းဝတ်စုံဝတ်မိန်းမချောလေးကပြောဆိုပြီး နှစ်ဦးသားထွက်ခွာ သွားကြလေ၏။

× × × × × ×

(၂)

ချင်းတောင်ခြေကလေးမြို့၏ နံနက် (၆) နာရီသည် မြူမှုန်ဝေ့ဝဲ အမြင်မသဲမကွဲရှိ နေဆဲပင်။ ဂျစ်ကားရှေ့မီးကြီးနှစ်လုံး ဖွင့်မောင်း ဝင်လာသော မဆုန်သဲ၏ ဝီလီဂျစ်ကားသည် သူ့လူစုနှင့်သူ သင့်ရုံမျှ ရှိ၏ ကျွန်တော်နှင့် ကိုကျော်ဟန်ကိုမျှတနေရာ ပေးခေါ်ခဲ့ကြခြင်းဖြစ်၏။ ကိုကျော်ဟန်ကို ယာဉ်မောင်းနားကပ်လျက် ဂီယာတံကို ခွထိုင်စေပြီး ကျွန်တော်ကနောက်ခန်းဘေးအစွန်ဆရာမလေး ခင်မြင့်ငြိမ်း နှင့် ကပ်လျက် ထိုင်ရသည်။ ကားနောက်ခန်း၌ ကျွန်တော်မှအပ ခရီးသည်အားလုံး မိန်းကလေးချည်းသာ ဖြစ်သည်။ ကလေးမြို့မှ ထွက်၍ ခိုင်ကမ်းရွာကို ဖြတ်ကျော်လိုက်လျှင်၊ မိုးပေါ်ထောင်တက်သွားသည့် တောင်မြင့်မတ်ကြီး များကပိတ်ဆီးကာခြားထားလျက်ရှိ၏။ တောင်နံရံကို ကွေ့ပတ်၍ ကြောင်လိမ်လှေကား ဖေါက်လုပ်ထားသော ဝက်ပါလမ်းကွေ့ကောက် တောင်ပတ်လမ်းအတိုင်း ဂျစ်ကားငယ်သည် ငယ်သံပါအောင် အော်မြည် ပြေးတက်လာခဲ့၏ ရှေ့ကထွက်သွားသော ကားများက မိမိခေါင်းပေါ်မှ ထဝူးဝူးအော်မြည်ဖြတ်သန်းသွားကြသည်။ ကားနောက်ပိတ်တံခါး၌



www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသော သတိပေးစာတန်းများကို တစ်စီးပြီး တစ်စီး အထင်းသားလှမ်းမြင်နေရ၏။

"သတိ ကပ်မလိုက်ပါနှင့်"

"သံယောဇဉ် မတွယ်ပါနှင့်"

"ငါ့ကိုချစ်လျှင် မနမ်းပါနှင့်"

"ဝေးလေကောင်းလေ"

စာတမ်းများကို မလွတ်တမ်း ဖတ်ရှုပြုံးမိ၏။ မိမိဆုပ်ကိုင်ထားသည့်ကားတံခါး နောက်ပိတ်စာတမ်းကိုလည်း ငုံ့ကြည့်ဖတ်မိ၏။ ကားအဆောင့်နှင့် ကြုံ၍အသံသည် အတော်ပင်ကျယ်လောင်သွားခဲ့၏။

"ခပ်ခွာခွာလေး နေစမ်းပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော် ဝေးလာမိလို့ပါ"

ဆရာမလေး ခင်မြငြိမ်းက သူ့ကို အော်ပြောသည်အမှတ်နှင့် အလျှင်စလို ပြောဆို ကိုယ်ကိုကျုံ့၍ ခွာရှာ၏။ မတန်တစ်ဆ ကျပ်တည်းကျဉ်းမြောင်းပူးကပ်လိုက်ပါလာကြရသည်ဖြစ်၍ ပျာပျာသလဲ တောင်းပန်လိုက်ရ၏။

"ကားတံခါး နောက်ပိတ်မှာရေးထားတဲ့စာတန်း ဖတ်လိုက်မိတာပါဆရာမလေးရယ် အမှတ်တမဲ့မို့လို့နော်"

"ခပ်ခွာခွာလေး နေလို့မရဘူးရှင့်၊ ဂျစ်ကားဘော်ဒီက သုံးပေတောင်မပြည့်ဘူး"

ဟားခါးမယ်ကလေးများ၏ ပြောဆိုရယ်မောသံကဆူညံသွားလေ၏။ ပန်းနုရောင်စုံ ဆရာမလေး၏ မျက်နှာလေးလည်း အရယ်အပြုံးကြောင့် အထူးတလည်ပင်ဝင်း ထိန်လှပသွားခဲ့၏။ ဂျစ်ကားငယ်က အော်ဟစ် ပြေးတက်လာခဲ့သကဲ့သို့ မိန်းကလေးငယ်များလည်း အော်ဟစ်သီဆိုလိုက်ပါလာခဲ့ကြ၏။ ပြောဆိုရယ်မောသီဆိုရင်းနှင့်ပင် ဟားခါးမြို့သို့ရောက်ရှိလာကြချိန်ဝင်လုဆဲနေရောင်က ဟားခါးမြို့အဝင်ရုန်းတောင်





ထိပ်ကို နှုတ်ဆက်နေဆဲရှိသေးသည်။ တိုင်းဦးစီးရုံးမှာပင် ပြန်လည်ဆုံတွေ့ ခရီးစဉ်ညှိနှိုင်းကြရန် ပြောဆိုလမ်းခွဲလိုက်ကြသည်။

× × × × × ×

(၃)

"ခင်များ အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိသူလို့ ဆိုရတော့မှာပဲ၊ ကျွန်တော်ကန်ပက်လက်မှာ တာဝန်ကျတယ်ဆိုတော့ ရန်ကုန်မြို့နီးသေးတာပေါ့ကွာ၊ ကိုနိုင်းမိဘတွေလဲ ရှိနေတော့ကိုယ့်ရပ်ကိုယ့်ရွာနေရသလိုပါပဲ"

တိုင်းဦးစီးရုံးကြီး၏ အပြင်ဘက်ထွက်လာကြလျှင် နေရာဒေသချထားပေးမှုကို ကိုကျော်ဟန်ကအားရကျေနပ်ပြောဆိုလေ၏။ ကျွန်တော်တို့မရောက်ရှိမီကပင် ရုံးအမိန့်ထုတ်ပြန်ထားပြီးဖြစ်၍ ရက်ကြာရှည်ရန်မရှိတော့ ။

"မြန်မာပြည်ထဲက ဒေသအားလုံးဟာ ကိုယ့်ရပ်ကိုယ့်ရွာပါပဲ ကိုကျော်ဟန်၊ ကျွန်တော်လဲ မင်းတပ်ခရိုင်ရုံးဆိုတော့ ကန်ပက်လက်နဲ့ နီးနီးကပ်ကပ်ပါပဲ၊ ဒါနဲ့အရင်ဆုံး ဟားခါးမြို့ဟောင်းရပ်ကွက်က ကျွန်တော့်အဖေရဲ့ မိတ်ဆွေကြီး ဦးထောမန်းဆီသွားချေဦးစို့၊ အဖေမှာ လိုက်တာလေးတွေသွားပြောရသေးတာပေါ့ ပြီးတော့ ကန်ပက်လက် လိုက်မယ့်ချင်းဆရာမလေးက မြို့ဟောင်းသူပဲ ဟိုကျမေးမြန်းစုံစမ်းပြီး ပြန်ရက်ချိန်းကြတာပေါ့၊ ကျွန်တော်တို့ အော်ဒါရတဲ့ရက်က စောနေတော့ ချိန်းထားရက်က ဝေးနေတယ်"

ဟားခါးမြို့သစ်မှ ကွေ့ကောက်ဖေါက်လုပ်ထားသည့် မြို့ဟောင်းသွားလမ်းမထိပ်ရှိ အဘဦးထောမန်း၏ နှစ်ထပ်အိမ်ကြီးထဲဝင်လိုက်ကြလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး မဆုန်ထားပါရှ်နှင့် အဲသည့်ဆုံတွေ့လိုက်ကြ၏

"ကျွန်တော်အဘဦးထာမန်းနဲ့ တွေ့ချင်လို့ပါဆရာမလေး၊ ကလေးမြို့က တက်လာကြထဲက သိမသိမေးမလို့ပါ။ သိချင်းဆိုကောင်းနေကြတာနဲ့ မေးချိန်မရလိုက်ဘူး၊ မန္တလေးသူလေးကော။"

"ဟုတ်ကဲ့ ဖေဖေရှိပါတယ်ရှင့်၊ အပေါ်ထပ်ကိုကြွကြွပါရှင်၊ ဆရာမလေးခင်မြငြိမ်းက မြို့သစ်ဘက်က ညအိပ်လာခေါ်သွားတယ်ရှင့်"

အဘဦးထာမန်းမှာ ဆရာမလေး ဆုန်ထားပါရှ်၏ ဖခင်ဖြစ်ကြောင်း ယခုမှပင် သိရပေတော့၏။ အဘကားမြင့်ရှည်ကြံ့ခိုင်လှသောရှေးအဘိုးကြီးပင်၊ ဆံထုံးကြီးကလည်းထုနှင့်ထည်နှင့်ပင်။

"အဘ ကျွန်တော် ကန်ပက်လက်မင်းထင်ရဲ့သား မင်းထင်နိုင်ပါ။ ဟားခါးရောက်တုန်း အဘဆီဝင်ခဲ့ဖို့ အဖေမှာလိုက်ပါတယ်။ ပါလာတဲ့သူငယ်ချင်းက ရန်ကုန်သား ကိုကျော်ဟန်ပါ။ ကျွန်တော်တို့ သင်တန်းဆင်းပြီး အမိန့်စာလာယူကြတာပါ"

အဘကနှစ်ယောက်စလုံးကို လက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော့်ကို ပခုံးဖက်အနီးကပ်ထိုင်စေ၏။

"မောင့်အဖေတောင်ပိုင်မင်းထင် ကျန်းကျန်းမာမာပဲလား မတွေ့ကြတာ အနှစ်နှစ်ဆယ်ကျော်လောက်ပဲ၊ ဟိုတုန်းကမောင့်အဖေနဲ့ ဘဘနဲ့တောင်ပေါ်တောလမ်းခရီးမှာ စောင်တစ်ထည်ထဲ နှစ်ယောက်ခြုံအိပ်ကြတာကွယ့်၊ အဘအိမ်မှာတစ်ညတော့ အိပ်သွားအုန်း သမီးဆုန်သဲချောင်းစပ်မြေတွင်းထဲက ခေါင်ရည်အိုးတစ်လုံး ယူခိုင်းလိုက်ပါကွယ်"

အဘအိမ်၌ ညအိပ်နားနေရန် ချင်းထုံးဓလေ့အရ တာဝန်ရှိခဲ့ပြီ၊ ဆုန်သဲဆင်းသွားလျှင် အလုပ်တာဝန်အကြောင်းများကို ပြောဆိုပြရလေ၏။ သူငယ်ချင်း ရန်ကုန်သားကို ကျော်ဟန်က ကျွန်တော့ဇာတိမြို့ ကန်ပက်လက်မြို့တွင် တာဝန်ကျ၍ ကျွန်တော်က တောင်ပိုင်း ချင်းတောင်ခရိုင်ရုံးမင်းတပ်မြို့၌ တာဝန်ကျကြောင်းများ ပြောဆိုပြရ၏။





"မောင်တို့ ကန်ပက်လက်အလယ်တန်းကျောင်းလဲ မကြာမီအထက်တန်းကျောင်း တိုးမြှင့်ဖွင့်တော့မယ် မောင့်နှမဆုန်သဲပြောတာပဲ အထက်တန်းကျောင်း ဖြစ်လာရင် သူလဲအထက်တန်းဆရာ ဖြစ်လာတာမြန်မယ်ဆိုပြီး ကန်ပက်လက်ကို ရွေးလျှောက်တယ်လို့ ပြောတယ်လေ၊ တန့်ဝက်လက်မှာ အဘမိတ်ဆွေကြီး ဦးမင်းထင်ရှိနေတာပဲ ဆိုပြီး ခွင့်ပြုလိုက်ရတာပဲ"

"ဟုတ်ကဲ့အဘ၊ ဆုန်သဲအတွက် အစစအရာရာစိတ်ချပါ။ အိမ်မှာ ကျွန်တော့်ညီမလေးတစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်တော်လဲ မင်းတပ်သွားနေရမယ်ဆိုတော့ ကျွန်တော်တို့ အိမ်အပေါ်ထပ်တစ်ထပ်လုံးအားနေတာပါ။ ဆုန်သဲတို့ သူငယ်ချင်းနှစ်ယောက်စလုံး ကြိုက်သလိုနေလို့ရပါတယ်။"

"ဘုရားသခင်ကျေးဇူးပဲသားရဲ့၊ မောင့်နှမကတော့ ပြောသား၊ အချင်းချင်းမသိကြဘူး ဖြစ်နေကြတာပေါ့လေ၊ မောင် အဘအိမ်ကိုပဲတန်းလာခဲ့ရမှာ"

"ဟုတ်ကဲ့အဘ၊ ရုံးထဲမှာနေရာထိုင်ခင်း ပေးတာနဲ့ဝင်အိပ်လိုက်ကြတာပါပဲ"

"အေး အေး နောက်ကိုများ ခရီးရှိရင် တန်းသာလာခဲ့ကွယ်၊ သားတို့တောင်ပိုင်းပြန်ရင် မောင့်နှမလေး ဆုန်သဲနဲ့ သူ့သူငယ်ချင်းကိုလဲ တစ်ပါထဲသာ ခေါ်သွားပေတော့"

စကားပြောကောင်းနေကြစဉ် ဆုန်သဲနှင့် အဖော်မိန်းကလေးများ စောင်ခေါင်းအုံးတစ်ထွေ့တစ်ပိုက်နှင့် ပြန်တက်လာကြသည်။ လူငယ်တစ်ယောက်ထမ်းပိုးလာသည့် တောင်ပေါ်မြေအိုးရှည်ခေါင်းအိုးမှာ အတော်အတန်ကြီးမားနေသဖြင့် ကျွန်တော်နှင့် ကိုကျော်ဟန်ကို အထူးဧည့်သည်အဖြစ် ဧည့်ခံရန် ပြင်ဆင်နေကြောင်း နားလည်လိုက်၏။ ဟားခါးမိန်းချောကလေးများက ချင်းဓလေ့နှင့် အညီကျေးမွေးကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သား ကိုကျော်ဟန် နဖူးတွေ့ ဒူးတွေ့ဆုံတွေ့ရ ပေတော့မည်။ ရင်ထဲကျိတ်၍ ပျော်လိုက်ရ၏ အဘဦးထာမန်း မေးမြန်းသမျှ ဖြေဆိုပြီး ချိန်၌ စားဖွယ်သောက်ဖွယ်တို့ အသင့်ပြင်လျက်ရှိနေပြီ။

"တို့အမျိုးရဲ့ရိုးရာဓလေ့ကွယ့်၊ အောက်ပြည်အောက်ရွာမှာ တော့ရေနွေးကြမ်းလေး သောက်ပါအုံး ညွှန်ကြသလိုပေါ့၊ အဘတို့ချင်း တောင်ပေါ်မှာတော့ ခေါင်ရည်ချိုပေါ့ကွယ်၊ အဘပေးတဲ့အဦးဆုံး ခေါင်ရည် ခွက်ကို မော့သောက်ပြီးရင် အားလုံးအဆင်ပြေသလို သောက်နိုင်ကြပါပြီ မိန်းကလေးတွေက ချင်းရိုးရာအတိုင်း တိုက်ကြပါလိမ့်မယ်၊ အားလုံး ပျော်ပျော် ပါးပါးသောက်ကြပါ"

အဘကမ်းပေးသော ခေါင်ရည်ခွက်ကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကမ်းယူပြီး တစ်ချက်တည်းမော့ချလိုက်ရလေ၏။ ဒုတိယ ကမ်းလာသော ခေါင်ရည်ခွက်ကို လက်နှစ်ဖက်ဖြင့် ကမ်းလင့်ယူပြီး အဘထံသို့ တရိုတသေပြန်လည် လက်ကမ်းပေးရ၏။ ထိုခေါင်ရည်ခွက် အဘပြန်သောက်ပြီးလျှင် အားလုံးသောက်ခွင့်ရှိခဲ့ပြီ။ အသားထောင်း ခွံသံ၊ ခေါင်ရည်ခွက်ကမ်းသံ ပျော်ရွှင်ရယ်မောသံတို့ဖြင့် ဆူညံသွား လေ၏။ ရန်ကုန်သား ကိုကျော်ဟန်ကား ခေါင်ရည်ခွက်ကမ်းပေးလာသူနှင့် သူတစ်ပြန် ကိုယ်တစ်လှည့် သူတစ်မော့ကိုယ်တစ်ကျိုက် သောက်ရသည် ကိုမသိရှာဘဲ မေပျိုချောကလေးများထံမှ လာသမျှ ခေါင်ရည်ချိုကို အကုန်မျိုချလေရာ မကြာမီ အိမ်ထောင့်တစ်နေရာ၌ ပစ်ခွေလဲကျ သွားလေတော့သည်။ အဘဦးထာမန်းက သဘောကျစွာ ရယ်မော ပြောဆိုလေ၏။

"သမီးတို့ရေ၊ သမီးတို့ဗမာအစ်ကိုကို ထူမလို့ မနိုင်ကြရင် ခေါင်းအုံးထိုးပေးပြီး စောင်ထူထူသာအုပ်ပေးလိုက်ကြကွယ်ရို့၊ အနားမှာ သောက်ရေများ ချထားပေးကြကွယ့်၊ ခေါင်ချိုရည်သောက်တာများပြီး အိမ်မရင် နိုးလာတော့ ရေဆာတတ်တယ်ကွယ့်"





ချင်းပျိုမေကလေးများက ကိုကျော်ဟန်ကို စောင်ထူထူအုပ် နွေးထွေးပေးလိုက်ကြသည်။ ကျွန်ုပ်တော်သည်လည်း အဘ၏ ရှေးဟောင်း နှောင်းဖြစ်စကားများကို ညဉ့်နက်သန်းခေါင် နားထောင်ကောင်းနေခဲ့၏။ အဘနားယူလိုက်သည်နှင့် ပျိုချောတစ်သိုက်၏ ခေါင်ရည်ခွက်ကိုယ်စီနှင့် ရင်ဆိုင်လိုက်ရ၏။ မကြာမီ ဟားခါးမြို့ဟောင်း သူ့အပျိုချောကလေးများက မျက်စိအာရုံ၌ဦးစောက်ပြောင်းပြန်ခြာခြာလည်လျက်ရှိ လေရာ ကိုကျော်ဟန် နှင့် တိုးဝင်ပူးကပ်အိပ်လိုက်ရသည်။

× × × × × ×

(၄)

"အဖေ ဒီဆရာမလေးက အဖေ့မိတ်ဆွေဟားခါးတောင်ပိုင် ကြီးအဘ ဦးထာမန်းရဲ့ သမီးမဆုန်ထားပါရဲ့ သူ့သူငယ်ချင်းက မွေးလေးသူဆရာမလေး ခင်မြငြိမ်းတဲ့ ကန့်ပက်လမ်းကျောင်းမှာ တာဝန် ကျလို့ တစ်ခါထဲ ခေါ်လာခဲ့တာ"

ဆရာမလေး နှစ်ယောက်ကို အိမ်သို့ ခေါ်လာပြီး အဖေ့လက်ထဲ အပ်ပေးလိုက်၏။

"သိပ်ဝမ်းသာတာပဲ သမီးလေးတို့ ဟားခါးတောင်ပိုင်ကြီး က သမီးလေးရှိကြောင်း အကြောင်းမကြားဘဲကိုးကွယ့် ပါလီမန် ခေတ်ကုန် လောက်မှ သမီးလေးကို မွေးတာနေမှာ အိမ်ပေါ်တစ်အိမ်လုံး အမိုက်ပုံ ချပ်ပြီး တစ်ယောက်ထဲ နေတဲ့အဘသားလည်း မင်းတပ်ပြောင်း ရွှေသိ ဆိုတော့ သမီးလေးတို့နှစ်ယောက်ကြိုက်သလိုသာ နေကြပေတော့။

ဆရာမလေးနှစ်ယောက်၏ မျက်နှာပြုံးယောင်သမ်းလျက်ရှိ၏။

[illegible] အဘဦးထာမန်းရေး[illegible]လိုက် သည့်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စာကိုတရိုတသေကမ်းပေးရင်း ပြောဆိုလေ၏။

"ဖေဖေစာရေးပေးလိုက်ပါတယ်အဘ၊ သမီးကိုလဲ ဆရာနေ အိမ်ခန်းတွေပြီးရင်အခန်းရမယ်ပြောပါတယ်၊ ဒီကြားထဲမှာတော့ အဘဆီ မှာပဲနေကြရမှာ"

ဆုန်သဲစကားကို ဟျာဟျာသလဲပြန်ကြားလိုက်သော အဖေ့စကား ကို အတွေးပေါက်ပြုံးမိရသေး၏။

"အိုကွယ် သမီးကလဲ အိမ်ခန်းရရ မရရ အဘအိမ်မှာပဲ တစ်သက်လုံး နေရမယ်ကွယ့် သမီးရဲ့ ဒီမြို့မှာ အဘရှိတာပဲ၊ ဦးထာမန်းရဲ့ သမီးဟာ ဦးမင်းထင်ရဲ့သမီးပဲပေါ့။"

ဆုန်သဲမည်သို့ သဘောပေါက်သည် တော့မသိ၊ အနည်းငယ် ခေါင်းငုံ့သွားရှာ၏။ ဆရာမလေး ခင်မြငြိမ်း၏ အကဲခတ်သော အကြည့် ကိုမူ မသိသလို နေလိုက်ရ၏။ ဆရာမလေးနှစ် ယောက်ကို အိမ်အပေါ်ထပ် အခန်းလွတ်၌ နေရာချထားပေးလိုက်သည်။ ရုံးဖွင့်ရက်နီးကပ်တော့မှ တောင်ပေါ်ချေကျင်လမ်းဖြင့် ကိုကျော်ဟန် နှင့် ဆရာမလေးနှစ်ယောက် လိုက်ပါပို့ဆောင်လျက် မင်းတပ်မြို့သို့ ထွက်ခွာလာခဲ့လေ၏။ ကန်ပက် လက်မြို့မှ အထွက် "ဆမ်းဆာ" တောင်ထိပ် မင်းတပ်လမ်းခွဲအရောက်၊ ပို့ဆောင်သူများကို နောက်ကြောင်း ပြန်လှည့်ခိုင်းရ၏။ နားနေရာဆမ်းဆာ တောင်ထိပ်ပေါ်မှ မင်းတပ်မြို့ကို မြင်ကွင်းကျယ်ကျယ် လှလှပပ လှမ်းမြင် ရသော်လည်း ခရီးနီးလှသည်တော့ မဟုတ်ချေ။"

"ကဲ ဆုန်သဲတို့ ပြန်ကြပေဦး ကျွန်တော် နှုတ်ဆက်ခဲ့တယ်နော်"

"ဟုတ်ကဲ့ နှုတ်ဆက်ပါတယ် ကိုနိုင်း။ ကိုနိုင်း အစစအရာရာ ဆင်ပြေပါစေ၊ မန်းထာ"

ဆုန်သဲနှင့် ကျွန်တော်လက်ခွဲနှုတ်ဆက်ကြတော့ ဆရာမလေး ခင်မြငြိမ်းကလည်း တောင်ပေါ်သားတို့ ဓလေ့နှင့်အညီ အရောတဝင် လက်ကမ်းနှုတ်ဆက်ရှာပါ၏။

"ကျွန်တော်လဲ နှုတ်ဆက်ပါတယ် ကိုနိုင်း"

"ဟုတ်ကဲ့ ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ် ဆရာမလေး။ အချိန် ရရင်ရသလို မကြာမကြာပြန်လာခဲ့မှာပါ၊ မင်းတပ် ကန်ပက်လမ်း တောင်ပေါ်လမ်းခရီးက ကျွန်တော်တို့ တောင်ပေါ်သားတွေအတွက် ခရီးခဏပါ လိုတာရှိရင်လဲ စာပို့လူကြုံနဲ့ မှာလိုက်ကြနော်"

ဆရာမလေး ခင်မြငြိမ်း၏ ဖော့ဖယောင်းပမာ ပျော့ပြောင်း လှစွာသော လက်ဖဝါးနုနုကိုတင်းကျပ်စွာဆုပ်ကိုင် လှုပ်ခါခဲ့ပြီး မျှော်လိုသော ခြေလှမ်းများကို အတင်းရုန်းထွက်ခွဲခွာခဲ့ရ၏။

× × × × × ×

(၅)

မင်းတပ်ခရိုင်ရုံး၌ တာဝန်ထမ်းဆောင်စနှစ်ကတော့လ တစ်ကြိမ် ခန့် ကန်ပက်လက်သို့ ပြန်လည်လာရောက်နိုင်သေးသည်။ နောက်တစ်နှစ် တွင်ကား ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ဖြုလုပ်ရေးရုံးလုပ်ငန်းများဖြင့် အားလပ်ရသည်မရှိတော့၊ ဆရာမလေး ရှိရာ မိဘအိမ်သို့ပင် အခါအားလျော်စွာ ပြန်လှည့်နိုင်ခြင်းမရှိတော့ပေ။ ရွေးကောက်ပွဲများ ပြီးစီးသွားသော် အခြေအနေအရပ်ရပ်တို့ ပြောင်းလဲ သွားခဲ့၏။ ခရိုင်ရုံးများ မရှိတော့ဘဲ မြို့နယ်ရုံးများ ဖြစ်လာသည်။ ကျွန်တော်လည်း အလို အလျောက်ပင် မင်းတပ်မြို့နယ်ရုံး ဝန်ထမ်းဖြစ် လာခဲ့၏။ ထိုနှစ်၌ပင် ကန်ပက်လက်မြို့ အလယ်တန်းကျောင်းကို အထက် တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် လာခဲ့၏။ မင်းတပ်မြို့အရှေ့ပြင် ချိုကွက် "ခေါင်းခွီးပန်း" မူလတန်းကျောင်းကိုလည်း အလယ်တန်း





www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်လာခဲ့သည်။ ကန်ပက်လက်မြို့မှ ဆရာမလေးခင်မြငြိမ်းမှာ ခေါင်းခွီးပန်း အလယ်တန်းကျောင်းသို့ ရာထူးတိုးမြှင့်ခန့်ထားခံရသဖြင့် ဆရာမလေး နှစ်ယောက် ကျွန်တော့်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြလေ၏။ ဆုန်သဲက ခင်မြငြိမ်းကို လာရောက်ပို့ဆောင်ပေးခြင်းဖြစ်၏။

"ကိုနိုင်း ကျွန်မသူငယ်ချင်းကို လာအပ်တယ်နော်၊ ဒီမှာအသိရှိသေးတာမဟုတ်ဘူး၊ အစစအရာရာ စိတ်ချပါရစေ"

ဆုန်သဲကဲ မချိုမချဉ်မျက်နှာထားနှင့် ပြောကြားလေ၏။

"စိတ်ချပါဆုန်သဲရဲ့၊ စာသင်ကျောင်းမှာ ဆရာလေးတွေ အများကြီးပဲ၊ ခဏနေဆရာမလေး အသိတွေများလို့ ပျော်သွားမှာပါ"

ကိုနိုင်းရှိနေလို့သာ မင်းတပ်မှာ အလုပ်လာဝင်ဖို့ ကျွန်တော်ဆုံးဖြတ်ဖြစ်တာ" ပကတိတည်ကြည်ရိုးသားစွာ ပြောဆိုခြင်းသာဖြစ်ပါ၏။

"ဆရာမလေး နေရာထိုင်ခင်း အဆင်ပြေသွားပြီးရင်၊ ကိုနိုင်း ကျွန်မကို ကန်ပက်လက်ပြန်လိုက်ပို့ပေးဦးနော်၊ ကျွန်မလည်း ကိုနိုင်းတို့ အိမ်ကနေ ဆရာမ နေအိမ်ခန်းပြောင်းတော့မှာ"

"ဘာလို့ ပြောင်းနေမလဲဆုန်သဲရယ်၊ ကျွန်တော့်အဖေ အိမ်မှာ နေရတာ အဆင်မပြေလို့လား၊ ဘာတွေမလွတ်မလပ် တင်းကျပ်ထားလို့လဲ၊ နေရတာမလွတ်လပ်ဘူးလား။"

"မဟုတ်ပါဘူးဟယ်၊ ကျွန်မလဲ ရတဲ့အခန်းလေး လွတ်မသွားအောင် ယူထားချင်လို့ပါ။ အဲ့ဒါ ပြောပြတော့ ကိုနိုင်းအဖေ အဘကလည်း ကောင်းတယ်ပြောတာပဲ၊ အရင်ရောက်တဲ့လူ အရင်ဦးစားပေး စနစ်နဲ့ ချထားပေးတာ၊ ရတုန်းယူမထားရင် တကယ်လိုလာတော့ မရနိုင်တော့ဘူးလေ။"

အကြောင်းပြချက်ကသဘာဝကျနေသဖြင့် နောက်ထပ် ပြောဆိုခြင်း မပြုတော့ပါ။ ထိုရက်အတွင်းမှာပင် ဌာနဆိုင်ရာ လူကြီးချင်း



ညှိနှိုင်းပြီး၊ ဆရာမလေး ခင်မြငြိမ်းလည်း စံပြရပ်ကွက် ဝန်ထမ်းအိမ်ခန်း၌ နေရာချထား ပေးလိုက်ကြသဖြင့် အဆင်ပြေသွားခဲ့၏။ ကျွန်တော့်ရုံးမှ စာရေးမလေး မလောခေါလမ်အား အဖော်ထားပေးခဲ့ပြီး ဆုန်သဲနှင့်အတူ ကန်ပက်လက်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အိမ်ပြန်ရောက်လျှင် အဖေက ဝမ်းသာရွှင်ပျ သတင်းကောင်းစကားကို ပြောကြားသလေ၏။

"အဖေက အခုမြို့နယ်လူကြီး တွေနဲ့အတူ ဟားခါးကိုသွားရမယ်၊ နိုင်ငံတော်အကြီးအကဲများက တိုင်းရင်းသားအကြီးအကဲတွေကို ချီးမြှင့်တဲ့ဆုလက်ဆောင်သွားရောက် လက်ခံရမယ်၊ အဖေ့ကို ချီးမြှင့်တာ ခါးချိုးသေနတ်ပါ ဆုလက်ဆောင်ချီးမြှင့်ပွဲကို ရိုးရာကွမ်းစီ ပွဲနဲ့တစ်ဆက်ထဲ လုပ်မှာ ကန်ပက်လက်က အကတစ်ဖွဲ့လည်း သွားရမယ်၊ သမီးဆုန်သဲက ဟားခါးသူဆိုတော့ ဒီကမိန်းကလေးတွေကို ကြီးကြပ်သွားရမယ်" ဆုန်သဲလည်း ဝမ်းသာခုန်ပေါက်ဖြစ်သွားခဲ့ရှာ၏။ ကန်ပက်လက်မြို့၌ တစ်ရက်သာနားလိုက်ရသည်။ ဟားခါးသွား မည့်အဖွဲ့တွင် ကိုကျော်ဟန်နှင့် ဆုန်သဲတို့ပါဝင်သဖြင့် သူတို့အဖွဲ့ကားနှင့် ပင်မင်းတပ်လမ်းခွဲကကြီးအထိ [illegible]လည်လိုက်ပါခဲ့လေ၏။

× × × × × ×

www.burmeseclassic.com

www.burmeseclassic.com



(၆)

မင်းတပ်ပြန်ရောက်ရောက်ချင်း ဆရာမလေး ခင်မြငြိမ်း၏ စံပြအိမ်ခန်း လေးပေါ်သို့ အပြေးတက်လာခဲ့၏။ ဆရာမလေး ဆုန်သဲ နှင့် ကိုကျော်ဟန် တို့ဟားခါး ပွဲတော်လိုက်ပါသွားကြကြောင်းပြော ပြလိုက်၏။

"ဆရာမလေး၊ ဆုန်သဲနဲ့ ကိုကျော်တို့ ဟားခါးပွဲတော်သွားဖို့ဒီကနေ့ လေယာဉ်နဲ့ကလေးမြို့ကို လိုက်ပါသွားကြပြီ၊ ကျွန်တော်လဲ သူတို့ကားနဲ့ လမ်းခွဲအထိ ပြန်လိုက်လာတာ"

"ဒါဆိုရင်တော့ သူတို့ သိပ်ပျော်မှာပဲ"

"ပွဲတော်သွားတယ်ဆိုတော့ အားလုံးပျော်ပျော်ပါးပါး သွားကြတာပေါ့လေ၊ ဆရာမလေးလိုက်သွားချင် နေတယ်ဟုတ်လား"

"မဟုတ်ပါဘူးဟယ်၊ ကိုကျော်နဲ့ဆုန်သဲတို့ ခရီးသွားကြတော့ ပျော်ကြမှာပဲ ပြောတာပါ။ ကျွန်တော်ကဘယ်မှမသွားအားပါဘူးဗျာ၊ ကျောင်းသား တွေစာသင်ဖို့ပြန်လုပ်ရတာနဲ့ တစ်နေ့တစ်နေ့ ဘာဟင်းချက်ရမလဲ စဉ်းစားရတာနဲ့ အချိန်တွေမလောက်နိုင်ပါဘူး။ သူတို့ဘယ်တော့လောက်ပြန်ရောက ကြမှာလဲဟင်"

ဆရာမလေး စကားက တစ်မျိုးတော့ဆန်းသည်ထင်မိ၏။

"ကိုကျော်နဲ့ဆုန်သဲနဲ့ ပြေပြေလည်လည်ဟုတ်လား၊ ဝမ်းသာရမှာပေါ့ဗျာ ဟုတ်ဖူးလား"

"ဘာမှမဟုတ်ပါဘူးဟယ်၊ ကန်ပက်လက်ဘယ်တော့ ပြန်ရောက်ကြမယ်သိချင်တာပါ"

"အသွားအပြန် အမြန်ဆုံးမှ တစ်ပတ်ပါပဲ သူတို့ ပြန်ရောက်ရင် ကန်ပက်လက်တစ်ခေါက်သွားကြသေးတာပေါ့"





"ဒီလထဲတော့ သွားနိုင်မှာမဟုတ်ဘူး ဒီဇင်ဘာပိတ်ရက်လေး ကျွန်တော်မန္တလေး ခဏပြန်စရာရှိလို့ကျောင်းဖွင့်တော့မှ ကြားပိတ်ရက်လေးကြည့်ပြီး ဆုန်သဲဆီသွားလည်နိုင်တော့မှာ၊ အဲဒီတော့မှ နွေပိတ်ရက်ခရီးစဉ်ညှိကြရမှာ"

"ဒီဇင်ဘာပိတ်ရက်က တစ်လတောင်မကျန်တော့ဘူးလေ၊ ရက်ပိုင်းလေး တော့ဆရာမလေးအိမ်မှာ ချက်ပြုတ်စားမနေပါနဲ့ အလုပ်ရှုပ်ပါတယ်၊ ကျွန်တော့အိမ်မှာပဲကျွန်တော့် တပည့်လေးမောင်အောင်ဝင်း ချက်ရလာစားလိုက်တော့ပေါ့။"

"အို မိန်းကလေးက ယောကျ်ားလေးအိမ် လာစားနေလို့ ဘယ်တော်ပါ့မလဲ၊ ကိုနိုင်းစားချင်တာတွေ့ရင်ဆွဲလာခဲ့ ကျွန်တော်ချက် ပေးမယ်လေ၊ ခင်ဗျားပဲဒီမှာလာစားလိုက်တော့ပေါ့၊ ကိုနိုင်းတပည့်မလေး တွေလည်း ဒီမှာရှိနေသားပဲ၊"

ထိုနေ့မှစ၍ ကျွန်တော်က ဟင်းစားရှာသူ ဆရာမလေး ခင်မြငြိမ်းကချက်ပြုတ်သူဖြစ်လာသည်။ တစ်လနီးပါးဟူသော အချိန်သည် မျက်စိတစ်မှိတ်အတွင်း ကုန်ဆုံးသွားခဲ့၏။ ကျောင်းပိတ်ပြန်သည့် ဆရာမလေးကို ကျောက်ထုလေဆိပ်အထိ ပို့ဆောင်ပေးခဲ့၏။

ဆရာမလေး ထွက်ခွာသည့် နေ့မှစ၍ ပြန်ရက်ကို ရေတွက် ကျောက်ထုလမ်း ဘက်သို့ငေးမျှော်ရမြဲဖြစ်၏။ ကျောင်းဖွင့်ရက် ရောက်၍ ဆရာမလေးပြန်ရောက်လာလျှင် အပြေးပင်ကြိုရ၏။ ပြန်ရောက်ချိန်၌ ဆိုလောက်သော ရက်မျှသာ နောက်ကျခဲ့သော်လည်းများစွာ ကြာမြင့် ခဲ့သည်ထင်မိ၏။

"ဆရာမလေးကလဲ ကြာလိုက်တာဗျာ၊ ကျွန်တော့်မှာ နေ့တိုင်း ကားဝင်လာတိုင်း ထွက်ကြိုလိုက်ရတာ"

" ဒီလောက်လေးတော့ နောက်ကျမှာပေါ့ ကိုနိုင်းရဲ့ မန္တလေး ကျောက်ထုလေယာဉ်ပတ်စောင့်ရသေးတယ်လေ၊ ငါးခြောက်ငါးခြမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ပါပါရဲ့ အိမ်မှာပဲချက်ပြုတ် စားကြတာပေါ့ ”

ညစာ စားသောက်ကြပြီးသည့်တိုင် ကျွန်တော်အိမ်မပြန်သေး။ တွေ့ရာလေးပါးတောရောက် တောင်ရောက် စကားများနှင့် ညဦးနက်အယ် စကားပြောကောင်းနေခဲ့ကြ၏ နောက်ဆုံးစကားကမူ ရင်၌ဖြစ်သော စကားသာဖြစ်၏။

“ဆရာမလေး မန္တလေးပြန်နေတုန်း အချိန်နဲ့အမျှ ကျွန်တော် သတိရနေတာပဲ၊ စိတ်ထဲမှာလွမ်းနေတာပဲ သိလားဆရာမလေး”

ဆရာမလေးထံမှ စကားတုံ့ပြန်သံမလာတော့ချေ။ အချိန်များ စွာနှုတ်ဆိတ်သွားကြပြီး တစ်စုံတစ်ရာ ဆက်လက်ပြောဆိုရန် ကြံစည် နေစဉ်ဆရာမလေး စကားကဦးသွားခဲ့၏

“နောက်တစ်ပတ်ပိတ်ရင် ကန်ပက်လက် ဆုန်သဲဆီသွားချင် တယ် ကိုနိုင်းအချိန်ရရင် ကန်ပက်လက်ပြန်ကြရအောင်၊ စကားပြော ကောင်း နေလိုက်ကြတာ ညဦးနက်လှပြီကိုနိုင်းအိမ်ပြန်အိပ်ပေတော့”

ဆရာမလေးနှင့် နေအိမ်ချင်းက တောင်ကုန်းငယ်မျှသာ ခြားသည်ဖြစ်၍ မဝေးကွာ။ ပေါ့ပါးသော ခြေအလျင်ဖြင့် အိမ်ပြန်ထွက် ခဲ့၏။ ထိုရက် သတ္တပတ်ကုန်ဆုံးသွားလျှင်၊ မဆုန်သဲရှိရာ ကန်ပတ်လက် မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြ၏။ ဆရာမလေး ခင်မြငြိမ်းကို မဆုန်သဲ၏ ဆရာမများ နေအိမ်အခန်းသို့ ပို့ဆောင်ခဲ့ပြီး အိမ်ပြန်လာခဲ့လေ၏။

× × × × × ×





(၇)

အိမ်ပေါ်ပြန်တက်တက်ချင်း နီဒါန်း မချီသော အဖေ့စကားနှင့် တိုးလေ၏။

“အခု နွေရာသီကျောင်းပိတ်ရင် သားကို ဆုန်သဲနဲ့ လက်ထပ်ပေးဖို့ အဖေ ဟားခါးသွားတုန်းက ဦးထာမန်းကို ပြောဆိုလာခဲ့ပြီးပြီ နွေကျောင်းပိတ်ရင် ရွာက နှင့်အသွားဆီမှာ ချင်းထုံးစံနဲ့ လက်ထပ်ကြ ပြီးတော့ ခေတ်ထုံးစံနဲ့ မြို့ပေါ်မှာ မင်္ဂလာဆောင်လုပ်ပြီး အပေါင်းအသင်း တွေကျွေးကြ မွေးကြပေါ့ကွာ”

“ဟာ အဖေကတော့ မပြောမဆိုနဲ့ လုပ်ချလိုက်ပြန်ပြီ ဆုန်သဲ မှာ ရည်းစားရှိချင်ရှိနေမှာပေါ့၊ သူများရည်းစားနဲ့ ပေးစားဖို့တော့ စိတ်မကူး လိုက်ပါနဲ့အဖေ”

“ ဟော့ကောင် အရေးကြီးစကားပြောတဲ့အချိန် မင်းက လေသံ သေးတပျက်ကချော်နဲ့၊ သူ့ရည်စားရှိရှိ၊ မရှိရှိမင်းအကြောင်းမပါဘူး။ သူနဲ့ နွေရာသီလက်ထပ်ဖို့သာ မင်းအကြောင်းကွ၊ သူ့သဘောတူလက်ခံလို့ သူ့အဖေဆီ ခေါင်းငြိမ့်လက်ခံခဲ့ပြီးပြီလေ၊ မင်းမနက်စောစော ရွာကအသွား ဆီသွား။ မင်္ဂလာဆောင်အတွက်လိုမယ့် နွားနောက်တို့ ဝက်တို့ ကြိုတင် စီစဉ်နိုင်အောင်ခန့်မှန်းရက်လောက်ပြောပြ”

အဖေက ပြောဆိုပြီး တုတ်တစ်ချောင်းနှင့် ထွက်ခွာသွားလေ၏။ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မခွဲခြားတတ်အောင် အတွေး များချာချာလည်၍ အိပ်၍မှုမပျော်၊ နွားနောက်ကို အသုံးပြုမည်ဆိုလျှင် ကြိုတင်စီမံရသည်သာဖြစ်၍ မိုးလင်းသည်နှင့် ရွာသို့ထွက်ခွာခဲ့၏ အသွား အားလည်နိုင်မည့် တပေါင်းလလယ်ခန့်ဟု ပြောဆိုပြန်လှည့်လာခဲ့၏။ ခြင်း၌ မင်းတပ်ပြန်ရက်ညှိရန် ဆရာမလေး ခင်မြငြိမ်းရှိရာ ဆုန်သဲ



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ တက်လာခဲ့လေ၏။ ဆရာမလေးခင်မြငြိမ်း မရှိသဖြင့် ဆုန်သဲကို ပင်ခရီးလမ်းကြောင်း အကြောင်းပြောပြရလေ၏။

"ဆုန်သဲရေ တို့မင်္ဂလာဆောင်ရင်လိုအပ်မယ့် နွားနောက်တို့ ဝက်တို့အသင့်ဖြစ်နေအောင် ရွာ့ကအဘွားဆီ သွားအကြောင်းကြား ပြီးပြန်လာခဲ့တာ၊ ဆရာမလေးနဲ့ မင်းတပ်ပြန်ကြဖို့ အချိန်ညှိမလို့ဝင် လာတာ"

"ရှင်က ရှင့်အဖေပြောတာ သဘောတူလိုက်ပြီလား၊ စဉ်းစဉ်းစားစားလည်း လုပ်ပါရှင်၊ ရှင့်မှာချစ်ရမယ့်သူရှိတယ်ဆိုတာ ကျွန်မ သိတယ်နော်၊ ရှင်က ယောကျ်ားလေး လွတ်လပ်စွာငြင်းဆန်ခွင့်ရှိတယ်"

"ဆုန်သဲလဲ ဆုန်သဲ ချစ်သူရှိရင်ရှိမှာပေါ့ ရှိရင် ကျွန်တော်နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ဖို့မကောင်းဘူး၊ ဒီခေတ်ကြီးမှာ ဘယ်သူမှ အတင်းရိုက်နှက်ပြီး မပေးစားဘူး "

"အေးလေ ရှင့်ကိုလဲ ကျွန်မနဲ့ယူဖို့ဘယ်သူမှအတင်း ရိုက်နှက် မှာမဟုတ်ဘူး၊ ရှင့်ဘက်က ခေါင်းမညိတ်ရင်အားလုံး ရှင်းသွားမှာပါ အချိန်တွေ မလွန်သေးပါဘူး"

"ဒါဆိုရင် ဆုန်သဲမှာ ချစ်တတ်တဲ့နှလုံးသား မရှိဘူးပေါ့၊ သက်သက်ကျွန်တော့်ကို တရားခံလုပ်တဲ့သဘော ဖြစ်မနေဘူးလား"

"ရှင်တရားခံဖြစ်နေတယ်လို့ ထင်နေရင်လဲ ရှင့်နှလုံးသားထဲ ကချစ်တဲ့သူကို လက်ထပ်ပါလို့ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောပါရစေ၊ ရှင်ပြောသလို ကျွန်မမှာ နှလုံးသားတွေအသည်းအူတွေ ချစ်တာမချစ်တာတွေ စဉ်းစားဖို့ထက် သက်ကြီးရွယ်အို ကျွန်မ မိဘတွေရဲ့ လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးဖို့ပဲ စဉ်းစားတယ်ရှင့်၊ ကျွန်မလည်း လူကြီးမိဘစကားကို ဆင်ခြေတွေ ဆင်လက်တွေ ပေးစရာ မရှိလို့ ခေါင်းညိတ်ခဲ့ရတာပါ။ ရှင့်ကိစ္စရှင့်မှာပဲ တာဝန်ရှိတယ်၊ ဒီကိစ္စ ကျွန်မကို နောက်ထပ်ဘာမှ မပြောပါနဲ့၊ ကျွန်မစိတ်မတိုချင်ဘူးရှင့်"





"ဟုတ်ပါပြီဆုန်သဲ ကျွန်တော်လဲ ဆင်ခြေတွေ ဆင်လက်တွေ ဆင်နားရွက်တွေ မရှိလို ဆုန်သဲနဲ့လက်ထပ်ရင် လိုမယ့်ကိစ္စတွေရှာကို သွားပြီးအားလုံး စီစဉ်ခဲ့ပြီးပါပြီ၊ ကျွန်တော့်ကို မချစ်မနှစ်သက်ဘဲ ခေါင်းသင်းနေရတဲ့ အဖြစ်မျိုး ဆုန်သဲကို မဖြစ်စေချင်လို့ပြောနေရတာပါ"

"စီစဉ်ခဲ့ပြီး ပြီဆိုရင်လဲ ဘာတစ်ခွန်းမှ ထပ်မပြောပါနဲ့တော့"

ယောက်ထဲနှင့် လိမ်ရှုပ်နေသည့် ဖာတ်လမ်းသာဖြစ်သော်လည်း ပြီးပြတ်သွားသည့်သဘောပင်။ အဖြေမရှိသည့် ပုစ္ဆာကို ငြင်းခုံနေကြစဉ် ဆရာမလေးခင်မြငြိမ်း အိမ်ပေါ်ပြန်တက်လာခဲ့၏။

"ကိုနိုင်၊ မင်းတပ်ပြန်ရင် ကျွန်တော်ပြန်မလိုက်သေးဘူး၊ ကိစ္စလေးတွေရှိနေသေးလို့"

"ဘာကိစ္စတွေအရေးကြီး ရှိနေလို့လဲ ဆရာမလေးရယ်၊ တစ်ခါ ခဲပြန်လိုက်ခဲ့တာ မဟုတ်ဘူး"

"ကိုယ်ရေး ကိုယ်တာကိစ္စရှိနေလို့ပါ၊ ခွင့်စာလည်း လူကြုံ ပြန်ပါးခဲ့ပါပြီ"

မဖော်ပြတတ်သော ဝေဒနာတနင့်တပိုးဖြင့် ပြန်ဆင်းလာခဲ့၏။ ဆရာမလေး ခင်မြငြိမ်းကား မိမိကိုရှောင်လွှဲနေလိုခြင်းဖြစ်ကြောင်း သိသာ ထင်ရှားလှရာ အဆက်အသွယ်အသွားအလာ ဖြတ်တောက်လိုက်ရန်ပိုင်း ဖြတ်လိုက်၏။ မိုးလင်းလျှင် မည်သူ့ကိုမျှ မနှုတ်ဆက်ဘဲ မင်းတပ်မြို့သို့ စိတ်တဆိတ် ပြန်လည်ထွက်ခွာခဲ့လေ၏။

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



(၈)

အသိစိတ်ကို ဆရာမလေးခင်မြငြိမ်းနှင့် ဝေးရာသို့ ပို့လွှတ်ထိန်းချုပ်ထားခဲ့သော်လည်း ခြေလှမ်းများကိုတော့ ရက်သတ္တပတ်ကျော်အောင် ထိန်းချုပ်နိုင်စွမ်းမရှိပါ။ ဆရာမလေး၏ စံပြုနေအိမ်အနီးမှ လျှပ်စစ်မီးစက်သံတဒုန်းဒုန်း ထွက်လာလျှင် ခြေလှမ်းများက အလိုလိုပင် လှမ်းထွက်လာကြရလေ၏။ ဆရာမလေး အိမ်ပေါ်တက်သွားလျှင် ခါတိုင်းကဲ့သို ပြုံးချိုရွှင်ပျ နှုတ်ဆက်ပါ၏။

"ကိုနိုင်း ပေါ်မလာလို့ ကန်ပက်လက်ကို လွမ်းနာကျဖျားနေပြီလား ကျွန်တော်ထင်နေတာ ကျောင်းတွေပိတ်ဖို့နီးနေပါပြီ ကိုနိုင်းရယ်"

ရွှဲပြောခြင်းဟု မှတ်ယူလိုက်၏။ ပြန်ရွဲခြင်း သဘောဆောင်သော်လည်း ရင်ထဲကအဖြစ်ကို ဖွင့်အံလိုက်ခြင်းဖြစ်၏။

"အမှန်တကယ် ကျွန်တောလွမ်းနေကျတာဗျ၊ ဆရာမလေး ကန်ပက်လက်မှာ ကျန်နေခဲ့တာကို"

"ဟောတော် ခင်ဗျားစိတ်မှန်သေးရဲ့လား၊ ကျွန်တော်ဖြင့်အံ့ပါ"

ဒေါသသံရန် တွေ့ပေါက်ကွဲသံတို့ ကြားရအံ့ဟု ထင်ခဲ့၏။ အံ့ဩရေရွတ်သံသာ ထွက်လာသဖြင့် နေသာသွားခဲ့၏။ သူတို့ချင်းတော့အတွင်းသိလည်း ဖြစ်ကြပေလိမ့်မည်။ မငြိမ်းချမ်းဖွယ်စကားလုံးတို့မှ ရှောင်လွှဲနိုင်ရန် စကားကိုအလျှင် အမြန်လွှဲပြောင်းလိုက်ရလေ၏။

"ချင်းဝိသေသတိုင်းတုန်းက ဖေဖော်ဝါရီ (၂၀)ရက်နေ့ နှစ်စဉ်ကျင်းပနေကျ 'ချင်းတိုင်းရင်းသားများနဲ့ဆိုင်တဲ့ ပွဲတော်ကြီးလေ ဒီနှစ် ချင်းပြည်နယ် ဖြစ်လာတဲ့ အထိမ်းအမှတ်တဲ့ ပထမဦးဆုံး ချင်းပြည်နယ်





နေ့ကြီးအဖြစ် ပြည်နယ်မြို့တော်ဟားခါးမှာ ပွဲတော်အကြီးအကျယ်ညမှာ၊ ကန်ပက်လက် ကိုကျော်တို့ ဆုန်သဲတို့လည်းသွားရမယ်၊ ခင်းတပ်တ မိန်းကလေးအကအဖွဲ့ကိုလဲ ဆရာမလေး ဦးစီးပြီး သွားကြရမှာ"

"အဲဒါ ကျွန်တော်တို့ကို ဆရာကြီး ခေါ်ပြောပြီး ပါပြီ ခင်ဗျားလဲ ယောက်ခမတွေနဲ့ တွေ့ရတော့ အဆင်ပြေတာပေါ့"

"ယောက်ခမတွေ မဟုတ်သေးပါဘူး ဆရာမလေးရဲ့ ဘယ်နေ့ဘယ်ရက်မင်္ဂလာဆောင် ချင်းထုံးစံနဲ့ မိဘကန်တော့ပွဲ ဘယ်လိုလုပ်ဆိုတာတွေလူကြီးချင်း တရားဝင်စကားပြော သတ်မှတ်ကြဦးမှာပါ။ ဒီကြားထဲဆုန်သဲစိတ်ပြောင်းသွားရင် ပြောင်းသွားနိုင်တာပါပဲ၊ သူ့မှာ ခိုင်လုံတဲ့အကြောင်းပြချက်ရှိရင်ပြောင်းလဲသွားခွင့် လဲရှိပါတယ်။

"သူစိတ်ပြောင်းသွားရင် ခင်ဗျားဆွေးရတော့မှာပေါ့"

"အမှန်အတိုင်း ပြောရရင်တော့ ဆရာမလေးရဲ့ ၊ မိန်းကလေးက ခေါင်းညိတ်ပြီးသားမို့လို့ ကျွန်တော်တင်းမာနေရင် မသင့်တော်ဘူးဆိုပြီး မိန်းကလေးရဲ့ ဂုဏ်သိက္ခာကို ကျွန်တော်ငဲ့ပါတယ်၊ ပြီးတော့ကိုယ့်မိဘ သူ့မိဘ သက်ကြီးရွယ်အိုတွေရဲ့ဆန္ဒကို ပစ်ပစ်ခါခါ မလုပ်ချင်လို့ပါတာပေါ့ လူကြီးစုံရာရှေ့မှာ လက်မထပ်ပြီးကြသရွေ့ သူနဲ့ကိုယ်နဲ့ဘာမှ မပတ်သက်ကြပါဘူး၊ သမီးရည်းစားလဲ မဟုတ်ကြပါဘူး၊ ဒီကိစ္စတွေကျွန်တော့်ခေါင်းထဲမှာ မရှိပါဘူးဗျ။"

"အင်း ခင်ဗျားတို့နှစ်ယောက်က မိဘစကားကို နားထောင်တဲ့ သားလိမ္မာ' သမီးလိမ္မာတွေပေပဲ၊ ကျွန်တော်တကယ် ချီးကျူးပါတယ်"

"ဒီတစ်ခါ ဟားခါးသွားရင်း ဟားခါးမှာ နောက်ချန်မနေခဲ့နဲ့နော်ဆရာမလေး၊ "

"အင်း အင်း ခင်ဗျား နဲ့ကျွန်တော် ဟားခါးမှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ချန်နေခဲ့ မလဲဆိုတာ ကြည့်ကြသေးတာပေါ့”

တိုနေ့ညလည်း ပျော်ရွှင်စားသောက်ညဉ့်နက်သွား ခဲ့ကြပြန်၏။ ဆရာမလေးအတွက် အဖော်လွှတ်ပေးထားသော တပည့်မလေး မလော ခေါလမ်ကသာ ကျွန်တော်တို့အတွင်းရေးကို မသိရှာသူပီပီ အကဲခတ် မျက်လုံးများဖြင့် ကြည့်တတ်သည်ကလွဲ၍ အကြောင်းကြီးငယ် မရှိကြ။ တွေးထင်ထားသလိုမဟုတ် ဆရာမလေး၏ ဆက်ဆံရေး ကားပုံမှန် မပျက်ရှိနေခဲ့ပါ၏။ ပညာရှိတို့၏ သဘောဖြင့် ပေလိမ့်မည်။ ကျွန်တော် ကတော့ ယခင်ကာလသို့ ပင်သွားလိုက်စားလိုက်ရှိနေခဲ့ပြန်၏ ဆရာမ လေးနှင့် ရုံးဆင်းကျောင်းဆင်း ပြန်ဆုံကြလျှင် ဆုန်သဲနှင့် ကျွန်တော့် ဇာတ်လမ်းမှာလည်း ဦးနောက်ထဲသို့ ဖြတ်သန်းဝင်ရောက်လာခြင်းမရှိ တော့ချေ ။

× × × × × ×

( ၉ )

ချင်းပြည်နယ်နေ့ ပွဲတော်ကြီးကျင်းပမည့် ဟားခါးမြို့သို့ မင်းတပ်အဖွဲ့ ရောက်ရှိချိန် ဆုန်သဲတို့ ကန်ပက်လက်အဖွဲ့က ကြိုတင် ရောက်နှင့်ပြီးဖြစ်သည်။ ကန်ပက်လက် အကအဖွဲ့မှ မိန်းကလေးများမှာ ဆုန်သဲနှင့် လိုက်ပါသွားကြပြီး ဆရာမလေး ခင်မြငြိမ်းနှင့် မင်းတပ် အဖွဲ့သား ညှိရိပ်သာ ချယ်ရီဆောင်အခန်းကျယ်၌ တည်းခိုကြရသည်။ ရောက်စရက်များက သူ့အလုပ်ကိုယ့်အလုပ်နှင့် မချိတ်ဆက်မိကြသေး မင်းတပ်အဖွဲ့ရောက်ရှိပြီး နှစ်ရက်မြောက်၌သာ ဆုန်သဲက ဆရာမလေး



ခင်မြငြိမ်းကို ကျွန်တော့်ထံမှတဆင့် စာတိုရေး၍ ဂျစ်ကားလွှတ်ခေါ်သည်။

“ကိုနိုင်း အခုလာတဲ့ကားနဲ့ ဆရာမလေး ခင်မြငြိမ်းကို လွှတ် ပေးလိုက်ပါ။ ကျွန်မနောက်နှစ်ရက်လောက်မှအားမယ်၊ ဒီတော့မှ ကျွန်မ လာခေါ်ပြီး ဖေဖေတို့ကို ဝင်တွေ့ရအောင် ကျွန်မ မပါဘဲ တစ်ယောက်ထဲ သွားမတွေ့ပါနဲ့ဦး ” မည်သို့ အတွေးပေါက်၍ ထဆင့်ခံ ခေါ်ယူမှန်း မသိသော်လည်း မိန်းကလေးများ အခဆောင်ဘက် လာခဲ့ကာ ဆရာမလေး ကိုကမ်းပေးလိုက်၏။

“လိုက်သွားပေတော့ ဆရာမလေး သိပ်လည်းကြာမနေနဲ့ ကျွန်တော်သတိရနေမယ်”

“ခင်ဗျားနော် ၊ ဆုန်သဲနဲ့တိုင်ပြောခဲ့မယ်”

ဆရာမလေးလည်း ပေါ့ပါးရွှင်ပျ လိုက်ပါသွားလေ၏။ အကတိုက်၌ အလုပ်များနေကြဟန်ရှိ၏။ ဆရာမလေး ခင်မြငြိမ်းလည်း ပွဲကမည့် ဆစ်ရက်အလို၌သာ တည်းခိုဆောင်သို့ ပြန်ရောက်ခဲ့၏။

ကိုနိုင်းက ပွဲပြီးတာနဲ့ ကန်ပက်လက်အဖွဲ့ အစောကြီး ပြန်ထွက် ကြရမှာတဲ့၊ အဲဒါ ဆုန်သဲက ကပွဲမစမီ မနက်ပိုင်းလေးသူ့မိဘတွေသွား တွေ့ကြမယ်မှာလိုက်တယ်၊ ကျွန်တော်လည်း ဆုန်သဲခေါ်လို့လိုက်မှာ အဲဒါက ကျွန်တော်ကိုနိုင်းကို အရေးတကြီးအကူအညီတောင်းဖို့ရှိတယ်’

“ဘာအကူအညီများလဲ ဆရာမလေးရဲ့ ဆုန်သဲက ကျွန်တော့် လာမခေါ်တော့ဘူးလား ”

“လာခေါ်မှာပေါ့ဗျ၊ အဲဒါကျွန်တော်တောင်းတဲ့ ကတိပေးဖို့ ခင်ဗျား သေချာအာမခံမှ သင့်တဲ့အချိန်ကို သူဆုံးဖြတ်နိုင်မှာတဲ့ သူ့ဘက် ကလူကြီးတွေလည်း စုံစေချင်သေးတာပေါ့”

“ဆရာမလေးတို့ကလဲ ပဟေဠိဆန်လိုက်ကြတာ၊ ကျွန်တော် ဘာလုပ်ရမလဲပြော”



www.burmeseclassic.com

www.burmeseclassic.com



"ဆုန်သဲမိဘတွေကို သွားတွေ့ကြတဲ့အချိန် ဆုန်သဲအဖေက ကျွန်တော့်ကို မေးခဲ့ရင်ပေါ့၊ ကျွန်တော်ဟုတ်တယ် ပြောရင် ကိုနိုင်းလဲ ကျွန်တော့်ကို ဟုတ်တယ် ထောက်ခံရမယ်၊ ကျွန်တော်မဟုတ်ဘူး ပြောရင် ကိုနိုင်းလဲ မဟုတ်ပါဘူး ထောက်ခံရမယ်၊ ခင်ဗျား ကတိတည်ဖို့ သေချာရဲ့ လား။"

"အမလေး ဆရာမလေးရယ် ဘာများလဲလို့၊ ဒါလေးများ စိတ်ချပါ ကတိတည်စေရမယ် ထောင်တန်းကျမဲ့ကိစ္စတော့မဟုတ် လောက်ဘူး ထင်ပါရဲ့"

ဆရာမလေးလည်း ပြုံးချိုရွှင်ပျသွက်လက်စွာ ထွက်ခွာသွား လေ၏။

× × × × × ×

(၁၀)

ဟားခါးမြို့ဟောင်း ရပ်ကွက်ရှိ အဘဦးထာမန်း အိမ်ပေါ်တက် သွားကြချိန်တွင် အဘနှင့်ညီ ဖြစ်သူ ဦးခါမန်းတို့သာရှိသည်။ ဆုန်သဲက လည်း မိဘကို ပြောဆိုရန်ရှိသည်များပြောဆိုထားပြီး ပုံရှိ၏။ ဦးလေး ဦးခါမန်းနှင့် ဆုန်သဲသာ ဟားခါးချင်းဘာသာစကားဖြင့် ရှည်လျား စွာပြော ဆိုနေကြ၏။ ကျွန်တော်နှင့် ဆုန်သဲက တော့နားလည်နိုင်ခြင်းမရှိကြ ဦးလေးဦးခါမန်း စကားဆုံးလျှင် ဆုန်သဲက အားလုံးနားလည်နိုင်သည် မြန်မာစကားဖြင့် ပြောဆိုလေ၏။

"အဖေ ကိုနိုင်းရဲ့အဖေ ကန်ပက်လက်တောင်ပိုင် ဘဘ





ဦးမင်းထင် ဟားခါးလာတုန်းက အဖေ့ဆီမှာ ခွေရေးမျိုးရေး စကား လာပြောတော့ သမီးကလည်း သဘောတူလက်ခံခဲ့ပါတယ်၊ ဒါပေမဲ့ အဖေ အဘဦးမင်းထင် ဟားခါးလာနေတုန်းမှာပဲ ဆရာမလေးခင်မြငြိမ်း နဲ့ ကိုနိုင်းတို့ သူတို့ချင်း အခွဲခံရမှာ စိုးလို့ရှုံး တက်လက်မှတ်ထိုးကြပြီးပြီရှင့် နှစ်ဖက်မိဘ ပြောဆိုလက်ထပ်နိုင်ကြတော့ မှ အတူနေကြမှာ အခုတော့ ဆရာမလေး ခင်မြငြိမ်းကသမီးနဲ့ပဲခဏအတူနေဦးမှာ"

"ဟုတ်ပါတယ်အဘရှင့်"

ဆရာမလေး ခင်မြငြိမ်းက ဟုတ်မှန်ကြောင်း လျှပ်တပြက် ထောက်ခံလိုက်လေ၏။ ကျွန်တော်မျက်လုံးပြူးသွား စဉ်အခေါတလျှင် ထောက်ခံရန် ဆရာမလေး ခင်မြငြိမ်းကလက်တို့ သတိပေးလေ၏။ ကတိကို သတိရသဖြင့် အလျင်စလို ထောက်ခံလိုက်၏။

"ဟုတ် ဟုတ် ဟုတ်ပါတယ် အဘခင်ဗျား "

အဘ၏ အေးမြသောအပြုံးနှင့်အတူ ချိုကြည်သော စကားသံ တို့ထွက်လာ၏။

"အေးကွယ့်သားရဲ့ သားဖေဖေတောင်ပိုင် မင်းထင်ကို ဘာမှ စိတ်မကောင်းမဖြစ်နဲ့လို့ အဘကမှာတယ်ပြောလိုက်ပါကွယ်၊ ဆုန်သဲလဲ အဘသမီး ဆရာမလေး ခင်မြငြိမ်းလဲ အဘသမီးပါပဲ၊ လူကြီးချင်း ပြောစကားမပျက်ပါဘူးလို့ ပြောလိုက်ပါသား။ မောင့် အဘကိုလည်း မောင်နဲ့ဆရာမလေးခင်မြငြိမ်းတို့ မင်္ဂလာပွဲကို သေချာစီစဉ်ပေးဖို့ အဘစာရေး ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ အဘခင်ဗျာ"

တောင်ပေါ် ဟားခါးသူဆရာမလေး ဆုန်ထားပါရီနှင့် အညာလေးသူ ဆရာမလေး ခင်မြငြိမ်းတို့ မည်သည့်အချိန်က မည်ကဲ့သို့ အကြံအစည် ရှိထားကြသည်ကို တော့ကျွန်တော်မသိနိုင်။ ဆုန်သဲကတော့ ရွှင်ပျ သွက်လက်ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ သမီးတို့ ကပွဲအတွက် တာဝန်ရှိလို့သွားကြဦးမယ်"

အဘဦးထာမန်းက ပခုံးဖက်၍ အိမ်ပြင်အရောက်လိုက်ပို့သည်။ ဦးလေးခါမန်းက လက်ကိုဆွဲလျက် လိုက်ပါလာခဲ့သည်။ ပြည်တော်သာရပ်ကွက် " ဆာမူသီး " မုန့်ဆိုင် အရောက်ဆိုင်ဝတွင် ရပ်လျက်ရှိသော ကိုကျော်ဟာန်နှင့် အသင့်ဆုံကြ၏။ ဦးလေး ဦးခါမန်းက အားလုံးကို အိမ်လည်လိုက်ရန် ဖိတ်ခေါ်လေ၏။"

"ဦးလေးအိမ်က ဒီလမ်းကွေ့နားတင်ရယ်၊ အာလုံး ခဏဝင်ကြပါဦး။"

"ကျွန်မ အလုပ်လေးရှိနေသေးလို့ အခုမဝင်သေးဘူးဦးလေး၊ ဆုန်သဲနဲ့လာခဲ့ပါမယ် " ဆရာမ ခင်မြငြိမ်းက ငြင်းဆန်လျှင် ဆုန်သဲကပင်အမိန့်ချမှတ်လေ၏။

"ကိုနိုင်းက ဆရာမလေးကို ရိပ်သာပြန်လိုက်ပို့ပေးရင်း အဲဒီမှာပဲ ထိုင်စောင့်နေကြနော် ကျွန်မနဲ့ကိုကျော် ဦးလေးအိမ်မှာ အထုပ်ဝင်ယူပြီး ပြန်ဆင်းလာခဲ့ကြမယ်၊ သိပ်မကြာဘူးနော် ရိပ်သာတန်းပြန်လာကြမှာ"

ဆရာမလေး နှင့် ရိပ်သာပြန်ရောက်ကြချိန်တွင် လူကြီးများအစည်းအဝေးကျင်းပနေဆဲရှိသည်။ လူသူမရှိ တိတ်ဆိတ်နေသောရိပ်သာအခန်းသို့ ဆရာမလေးကို အရောက်ပြန်ပို့ပြီး အပေါက်ဝခုံတန်းလျား၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ဆရာမလေးလည်း အခန်းထဲပြန်မဝင်သေးဘဲ ခုံတစ်ဖက်အစွန်း၌ လာထိုင်ကာ လုပ်ကြံဖာတ်ကိုရှင်းပြလေ၏။

" ကျွန်တော်ကတော့ ကျွန်တော့်သူငယ်ချင်း အကူအညီတောင်းတဲ့အတိုင်း အပြည့်အဝ အကူအညီပေးခဲ့ပြီးပါပြီ ဒီလိုကျွန်တော်ကူညီမှသူလဲသူ့ချစ်သူနဲ့ မဝေးရသလို ခင်ဗျားလဲ ခင်ဗျားချစ်သူနဲ့ပေါင်း နိုင်ကြလိမ့်မယ်လို့ ဆိုတဲ့အတွက် ကူညီခဲ့ရတာပါ။ ဒီကိစ္စကိုနိုင်း ကျွန်တော့်ကို



ဆင်ချင်သလို ထင်နိုင်ပါတယ်။ ကျွန်တော် တောင်းပန်ရုံကလွဲလို့ ဘာမှ ဆတတ်နိုင်တော့ပါဘူး"

"မဆုန်သဲ ချစ်သူက ဘယ်သူပါတဲ့လဲဗျာ"

"အခုမသိရလဲ နောင်တော့ သိရမှာပေါ့"

"ကျွန်တော်ကတော့ ဆရာမလေးကို လက်ထပ် ထားပြီးကြောင်း ဝန်ခံထားတဲ့အတိုင်း ဆရာမလေးကိုပဲ လက်ထပ်မယ် ဆရာမလေးလည်း ကိုယ့်စကားကိုယ်တည်ရလိမ့်မယ်"

"အမလေးဗျာ၊ ကျွန်တော့်ကို လက်ထပ်စကား ပြောရအောင် ကျွန်တော်ကိုချစ်ကြောင်း ခင်ဗျားဘယ်တုန်းက ပြောဖူးလို့လဲဗျ"

" ခြောက်အဲဒါလား ကျွန်တော် ဆရာမလေးကို ကလေးမြို့ကြားစခန်းမှာ စတွေ့တွေ့ချင်း ရင်းထဲက ချစ်စကားပြောထားခဲ့ပါတယ်၊ ဆရာမလေးကို ကျွန်တော့်အသက်မက ချစ်ပါတယ်တဲ့ ကဲ "

စကားမဆုံးမီ ဆရာမလေး၏ ကျင်သွယ်သော ခါးကလေးကို သိုင်းဖက်လိုက်သည့် လက်နှစ်ဖက်၏ အလျှင်က အလင်းလျှပ်စစ်အလျင်ထက်ပင် မြန်ဆန်ပေလိမ့်မည်။ ဆရာမလေးလည်း အထိတ်တလန့်နှင့် " နိုင်ဖောင်း " တောင်ကုန်း ထိပ်ကားလမ်းကွေ့သို့ မော့ကြည့်လေ၏။ ကုန်းကွေ့မှလမ်းမကြီး၏ တစ်ဖက်အထွက်သည် ရိပ်သာခြံဝင်း ဝင်ပေါက်ဖြစ်သည်။

"ကိုနိုင်း ကျွန်တော့်ကို လွှတ်ပေး ကားလမ်းမှာ ဆုန်သဲနဲ့ကိုကျော်တို့ပြန်ဆင်းလာကြပြီ၊ ခြံထဲဝင်လာကြတော့မှာ၊ ခပ်ခွာခွာလေးနေစမ်းပါ" လေသံကြားရုံမျှ တောင်းပန်သံက လက်အစုံကို ပို၍တင်းကျပ်သွားစေသည်။

"မော်တော်ကား နောက်တံခါးက စာတန်းတွေလာ မပြောမနေနဲ့ လက်ထပ်မယ် ကတိပေးမှ လွှတ်ပေးမယ်၊ ဟောဟိုမှာ ခြံထဲဝင်လာကြပြီ ဆင်ဝင်အောက် ရောက်လာကြတော့မှာ မြန်မြန်ကတိပေးလိုက်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ ကျွန်တော်ကတိပေးပါတယ်၊ ထကယ့် ကတိပါ"

တင်းကျပ်ထားသော လက်အစုံကို မဖြေလျော့နိုင်မီ ကိုကျော်ဟန်နှင့် မဆုန်ထားပါရဲ့တို့ လက်ချင်းချိတ်လျက် ဆင်ဝင်အောက် လှေကါးရင်း၌ဘွားခနဲပေါ်လာကြလေ၏။

"အဟင်း ဟင်း ကျွန်မကတော့ ရှင်တို့နှစ်ယောက်ကို အကြိတ်အနယ်ညှိနှိုင်း စေ့စပ်ရတော့မယ်ထင်ပြီး၊ ရင်ထဲမှာနေတာ အခုတော့ ရင်ကိုအေးသွားတာပဲ "

ဆရာမလေး ဆုန်ထားပါ၏ အပြုံးစကားမဆုံးမီ တစ်ဖက်စွန်းသို့ ချက်ချင်းရွှေ့၍ ခပ်ခွာခွာလေးနေပေးလိုက်သည်။

ကိုနိုင် (ချင်းတောင်)

❧ ❧ ❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းတောင်လိုပုံခဲ့ပြီ

"လူကြီးမင်းအား လဟယ်မြို့သို့ ပြောင်းရွှေ့ တာဝန်ချထားပြီးဖြစ်၍ ၁၅ ရက် အတွင်း ရောက်ရှိ တာဝန်ထမ်းဆောင်ရန်"

အထက်ရုံးချုပ် ညွှန်ကြားမိန့် ကြေးနန်းစာကား၏မျှသာဖြစ်ပါ၏။ ရန်ကုန်မှ ညရထား မန္တလေးဆိုက်သည်နှင့် လေယာဉ်ရုံးသို့ ဦးစွာပြေးလိုက်သည်။ နောက်တစ်နေ့ မန္တလေး၊ခန္တီးလေယာဉ်ဖြင့် နာဂတောင်တန်းခရိုင် ခန္တီးမြို့သို့ရောက်ရှိ၏။ ဦးစွာ ခရိုင်အုပ်ချုပ်ရေး မှူးထံ သတင်းပို့သည်။ ခြေလျင်တောင်တက် ကုန်းကြောင်းခရီးဖြင့်သာခရီးဆက်ရတော့မည်ဖြစ်၍ လုံလောက်သော အင်အားဖြင့် လာရောက်ကြိုယူပေးပါရန် လဟယ်မြို့နယ်ရုံးသို့ ရေဒီယိုကြေးနန်းဖြင့်မှာကြားပြီး





တောင်တန်း သာသနာပြုဆရာတော်ဘုရားကြီး ပေါ်မိုင်းဆရာတော်ကျောင်းပေါ်သို့ တက်ခဲ့၏။

" အရှင်ဘုရား၊ တပည့်တော် လဟယ်မြို့မှာ တာဝန်ကျလို့ ဒီနေ့ လေယာဉ်နဲ့ ပါလာတာပါဘုရား။ လဟယ်ရုံးကလာ ခေါ်ပေးဖို့ ရေဒီယိုစက်နဲ့မှာထားပြီးပါပြီ ဘုရား"

" ဒကာလေးရေ၊ ဒီလိုဒေသမှာ တာဝန်ကျရတာ ကံကောင်းတယ်လို့မှတ်၊ ဒီလို ငယ်ရွယ်တဲ့ အချိန်မှာ တောင်တန်းဒေသ နယ်ပယ်အနှံ့သွားထား။ ငယ်ရွယ်တုန်းမဲ လုပ်အားအပြည့်စိုက်နိုင်တာ ဒကာလေး၊ ဒကာလေး တာဝန်ကျတဲ့ နာဂတောင်တန်း လဟယ်ဒေသက စာရေးစာတတ် တတ်မြောက်သူနည်းတယ်၊ အလွန်လဲ ပွင့်လင်းရိုးသားကြတယ်ကွဲ့၊ စာရေးစာဖတ်လဲ သင်ကြားပေး၊ တတ်စွမ်းသလောက်လေးလဲ သာသနာပြုကွဲ့၊ အဲဒါ ဒကာလေးအတွက် ဒီဒေသကိုလာရတဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ကံကောင်းခြင်းအမြတ်ပဲ "

" မှန်လှပါ အရှင်ဘုရား "

" ဒကာလေးကို လာကြိုမယ့်အဖွဲ့တွေက လေးငါးရက်လောက်မှ ရောက်ကြမှာ၊ ဒီမှာတော့ မိန်းကလေးငယ်တွေပဲ သယ်ယူပို့ဆောင်ပေးကြတာများတယ်၊ ကဲ ကဲ ဟို ကျောင်းဆောင်အပေါ်ထပ်မှာ အေးအေးလူလူနားပေတော့"

" တင်ပါ့ဘုရား "

ခန္တီးရောက်ပြီး လေးရက်မြောက်နေ့မှာ လဟယ်မြို့နယ်ရုံး မှ အရေးကလေးမောင်ခန်းဒါရောက်ရှိသည်။ သူကား နန်းယွန်းနယ်မှ မိုင်းမီနာဂဖြစ်သည်။ လဟယ်ဒေသခံ စာရေးအဆင့်ဝန်ထမ်းအရှိဆုံးလေး

" ကျွန်တော်မောင်ခန်းဒါပါ၊ လောင်မီးပို၊ ကြေးနန်းရရချင်းသင်လာကြတာပါပဲ၊ မိုးမရွာသေးလို့ ဟတ္တိတောင်ကို ညနဲ့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်ဗျ။ လောင်မီးပိုက တစ်ယောက်ထဲ ပစ္စည်းမပါဘူးဆိုလို့ အားလုံး ငါးယောက်ပဲ လာကြတယ်ဗျ။ သူတို့က ဟတ္တိတောင်မှာ ကျန်ခဲ့တုန်းဗျ။ ကျွန်တော်က ညစာချက်နှင့်ဖို့နဲ့ လောင်မီးပိုကို လာခေါ်ဖို့ အရင်ဆင်း လာတာဗျ ”

ခန္တီးမြို့သို့ ဝင်လိုက်လျှင် စကားပြောသူတိုင်း “ဗျ” “ရှင့်” မပါဘဲပြောဆိုခြင်း မရှိကြသည်ကို သတိပြုမိ၏။ ခန္တီးဒေသ၏ ထူးခြားသော ဒေသိယလေသံဖြစ်၍ နားဝင်ပီယံရှိ၏။

လဟာယ်သို့ တက်ရောက်ရန် ခန္တီးတစ်ဖက်ကမ်း ဆင်သေရွာသို့ ကူးရမည်ဖြစ်၍ လာရောက်ခေါ်ယူခြင်းဖြစ်၏။

“ ဒါနဲ့ လောင်မီးပို ဆိုတာဘာလဲ မောင်ခန်းဒါ ”

“ လိုင်းနောင်နာဂစကားဗျ။ အုပ်ချုပ်သူကြီးကဲ့သူလို့ အဓိပ္ပာယ် ရှိတယ်ခင်ဗျာ။ဗမာလိုတော့ ဆရာခေါ်တဲ့သဘောပါ။ ဒီမှာတော့ ဘယ်သူမှ လူကြီးကို ဆရာမခေါ်ဘူးနော၊ လောင်မီးပိုပဲ ခေါ်ကြတယ်ဗျ ”

ခန္တီးတစ်ဖက်ကမ်း ဆင်သေရွာ၌ ညအိပ်ပြီးနောက်တစ်နေ့ ဆက်လက် ချီတက်နိုင်ရန် ဆရာတော်ကို လျှောက်ထားကန်တော့ပြီး ကူးခဲ့ကြ၏။ ယခင်လဟာယ်ကုန်သွယ်ရေးရုံးဟောင်း၌ စခန်းချနေလိုက်၏။ မောင်ခန်းဒါချက်ပြုတ်နေဆဲမှာပင် နောက်ကျန်အကြိုအဖွဲ့ ရောက်ရှိလာသဖြင့် တစ်ဦးချင်းမိတ်ဖွဲ့နှုတ်ဆက် လိုက်ရ၏။

“ အားလုံးမင်္ဂလာပါ၊ နာမည်ပါတစ်ပါတည်း ပြောကြနော်၊ ခင်ခင်မင်မင်ပေါ့ ”

“ ဟုဆိကဲ့၊ ကျွန်တော့် နာမည် မောင်လားငှခေါ်ပါတယ်၊ လောင်မီးပို၊ ရုံးအကူဗျ ”

“ ကျွန်မနာမည် စံကီးရှိဖော် ခေါ်ပါတယ်ရှင့်၊ လဟာယ်မြို့မ ရပ်ကွက်ကရှင့် ”

သူကလေးကား ဝိုင်းဝိုင်းစက်စက်မျက်နှာပေါ်တွင် နဖူး၊ နှာဝ၊





[illegible]စေ့တို့၌ ပါးမည်းကွင်းများ ထိုးထား၏ ပါးအိုဖိုကလေးနှင့် နှုတ်ခမ်း [illegible]များက ရဲတွတ်လျက်ရှိ၏။

“ ကျွန်မနာမည်က ခမျိုးဝုန်ညှုပါရှင့်၊ တာလံရပ်ကွက်က [illegible]ရှင့် ”

သူကလေးမှာ မျက်နှာသွယ်လျနှင့် ဆံရှည်မလေးဖြစ်၏။ [illegible]မှောင်ရှည်လျားလှသော ဆံကေသာကို ဖံသသပ်စွာ စည်းနှောင် [illegible]

“ ကျွန်မက နီကီခါးလီခေါ်ပါတယ် လောင်မီးပိုရှင်၊ ဂုထရွာက [illegible]ရှင့် ”

သူကလေးကမူ ဘဲဥပုံမျက်နှာကျပေါ်တွင် ဖြောင့်စင်းလှသော [illegible]ကြောင့် အသွင်တစ်မျိုး ထင်ရှား လျက်ရှိ၏။လုံးသွယ်မြင့်မားလှသော [illegible]နေဟန်ထားကို မိမိကပင်မော့ကြည့်ရ၏။ မျက်လုံးရွဲကြီးများက [illegible]တဖျပ်ဖျပ်၊ နှုတ်ခမ်းလှုပ်လိုက်လျှင် ပါးနှစ်ဖက်ပေါ်မှ ပါးချိုင့်ခွက် [illegible]များက ပေါ်လိုက် ပျောက်လိုက်။ သေချာစူးစိုက်ကြည့်မှ [illegible]သေးသည့် ညိုတွားမြင့် ကြီးဖြစ်ကြောင်းသိရတော့၏။

“ ကဲ ကဲ ခဏနားပြီး ရေမိုးချိုးကြဦး၊ ပြီးတော့မှ ထမင်းစား [illegible]ပြောကြတာပေါ့ ”

သူတို့လေးတွေ ချင်းတွင်း မြစ်ထဲ ရေချိုးဆင်းသွားကြလျှင် [illegible]မောင်လားငှူးက–

“ ဟဲ ဟဲ ဟဲ လောင်မီးပို လာဟူးလေးဘာလေ [illegible]ာင်တတ်ဘူးလားဗျ ”

“ လာဟူးဆိုတာ ဘာလဲဟ ”

လားငှူး[illegible]အမေးကိုမဖြေဘဲ ရယ်ကျဲကျဲလုပ်နေ၏။ ခန်[illegible]က [illegible]ပြန်ပေးလေ၏။

“ လာဟူးဆိုတာ အရက်ကို ပြောတာ။ မောင်လားငှက



www.burmeseclassic.com

www.burmeseclassic.com



အရက်ကို သိပ်မကြိုက်ရှာပါဘူးဗျာ ”

အလိုက်တသိပင် ပိုက်ဆံ ထုတ်ပေးလိုက်သည်။ ညစာစားသောက်ပြီး မိန်းကလေးများ အခန်းထဲဝင်ရောက်သွားကြလျှင် နာဂရိုးရာတေးသီချင်းသံတို့ သာယာချိုလွင် လွင့်ပျံ့လာ၏။ နားမလည်နိုင်သော်လည်း အာရုံဝင်စားစူးစိုက်နားဆင်ရင်း အိပ်ပျော်သွားခဲ့ရလေ၏။

× × × × × ×

(၂)

ဆင်သေရွာမှ ထွက်ထွက်ချင်းပင် ဆင်သေတောင်ထိပ်နှင့်နယ်နမ်းလုံးရလေတော့၏။ လူတစ်ယောက်ကို လူငါးယောက်က လာရောက်ကြိုယူသည်ဆိုသော်လည်း မည်သူ့အထမ်းမျှ သက်သာပေါ့ပါးခြင်းမရှိဆန်ရိက္ခာ၊ အိုးခွက်၊ အိပ်ရာ၊ ခြုံစောင်၊ အသုံးအဆောင်၊ စာရွက်စာတမ်းထမင်းထုပ်စသည် တို့ကိုဝေမျှထမ်းပိုးကြရ၏။ နေအတော်မြင့်မှ နန့်ဖာလေးရေ ချောင်းသို့ရောက်ကြသည်။

“ လောင်မီးပိုရေ အထမ်းက လေးလှတယ်၊ ထမင်းထုပ်ဖြေစားလိုက်ကြရအောင် ”

အားလုံးပင် ဆာလောင်စပြုကြပြီဖြစ်၍ သဘောတူလိုက်၏။ နန့်ဖာလေးရေ ချောင်းစပ်၌ ဝိုင်းထိုင်ထမင်းစားကြသော် နီကီခါးလီနှင့်မျက်နှာချင်းဆိုင်ဆုံမိ၏။ ဖြူဖွေးချွန်ထက်သော သွားဖွေးကလေးများနှင့်ထမင်းလုပ်ကို ဝါးလိုက်တိုင်း ပါးချိုင့်ခွက်လေးများ ပေါ်လိုက် ပျောက်လိုက်ဖြစ်နေသည်ကို ကြည့်ကောင်းကောင်းနှင့် အချိန်မြင့်ကြာစူးစိုက်ကြည့်





နေမိခဲ့၏။ ဤသည်ကို ပျော်ရွှင်နောက်ပြောင်နေတတ်သော လားငှူးက သတိပြုမိပုံရ၏။

“ လောင်မီးပိုရေ နီကီခါးလီကို ထုလုပ်တဲ့ နတ်မင်းကြီးက လက်ရေးလက်ရာ အားကြီးကောင်းတာပဲဗျ ဟဲ ဟဲ ဟဲ ”

ချက်ချင်းပင် မျက်နှာလွှဲလိုက်ရ၏။ တောင်တန်းဒေသသားတို့၏ ရှေးရိုးစဉ်လာ အယူအဆမှာ လူသား၏ ပုံသွင်ကို ဖန်ဆင်းရှင်နတ်မင်းက ထုဆစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ အရှက်ပြေတောက်ခံလိုက်ရ၏။

“ အဟုတ်တကယ်ပါပဲ လားငှူးရေ ခါးလီကိုထုလုပ်တဲ့ နတ်မင်းကြီးက သိပ်လက်ရာကောင်း”

ခါးလီကလည်း သွက်လက်ပါပေ၏။

“ ဟုတ်ကဲ့ရှင့်၊ လားငှူးကို ထုလုပ်တဲ့ နတ်မင်းကြီးက နတ်မင်းကြီးရှင့်၊ ပါးစပ်ကြီးပြနေအောင် ထုလုပ်ထားတာ၊ ပါးစပ်ကြီးက ပြဲလွန်းတော့ စကားကလဲ များလွန်းတာပေါ့ရှင်”

“ အေးပါ ခါးလီရယ်၊ ကျွန်တော် လားငှူးကို ထုလုပ်တဲ့ နတ်မင်းကြီးက ပါးစပ်ကြီးပြဲအောင် ထုလုပ်လို့ ခေါင်ရည်အများကြီး သောက်နိုင်တယ်၊ ခါးလီကိုထုလုပ်တဲ့ နတ်မင်းကြီးက ဝမ်းဗိုက်ကြီး ကျယ်အောင် ထုလုပ်ထားလို့ အခုထမင်းအများကြီး ဝင်သွားတယ် ဟဲ... ဟဲ... ဟဲ... ”

တဟဲဟဲ ပြန်ပြောသော လားငှူးကို ခါးလီက ထမင်းလုံးများဖြင့် ပစ်ပေါက်လေ၏။

စားသောက်ပြီး တပျော် တပါးတက်လာကြရာ နေဝင်မိုးချုပ်မှ သတ္တိရွာဟောင်းသို့ ရောက်ရှိကြ၏။ ချက်ပြုတ်စားသောက်ပြီး မီးပုံကြီးကို အလယ်၌ထားကာ ညအိပ်လိုက်ကြသည်။

နောက်တစ်နေ့တွင် ခန္တီးလဟယ်ခရီးစဉ်၏ ပထမ အတား



www.burmeseclassic.com

www.burmeseclassic.com



အဆီးကြီးဖြစ်သော ထိန်ညိုတောင် ထိပ်မြင့်ကြီးကို စတင်တက်ခဲ့ကြ၏။ မတ်စောက်ကြမ်းတမ်းလှသော အတက်ခရီးရှည်ကြီးဖြစ်ပါ၏။ တစ်စတစ်စနှင့် ခြေလှမ်းများလည်း လေးလံလာခဲ့ပြီ။

"တောင်ပေါ်မိုးက စိတ်မချရဘူး လောင်မီးပိုရေ ထိန်ညိုတောင်မကြီးကို အမြန်ကျော်သွားနိုင်မှ၊ ခန္တီးလာဟယ်လမ်းမှာ ထိန်ညိုတောင်တက်ရတာ အကြမ်းဆုံး၊ အမောဆုံး အကြာဆုံး ဖြစ်တယ်ဗျ၊ ကျွန်တော်တို့ နာဂရိုးရာသီချင်းက ဒီလိုရှိတယ် "

" × × × × × "

"လားငူးရေ မင်းနာဂသီချင်းကို ဗမာလို ပြန်ဆိုပြပါဦးဗျာ"

ကျွန်တော်လှမ်းအော်လိုက်လျှင် လားငူးက အသံနေအသံထားဖြင့် အကျအနပင် ဆိုပြလေ၏။ အက္ခရာစာတစ်လုံး မရေးသားတတ်သော. လားငူး၏ မြန်မာပြန်ဆိုသီချင်းသည် အဓိပ္ပာယ်လေးနက်ပြည့်ဝလျက်ပင် ရှိတော့၏။

" ချစ်သူလေးရှိရာ မြေပြန့်ဆီ ... ထိန်ညိုတောင်ကြီးကာထားသည်၊ နာဂတောင်ပေါ် သားအဖြစ်သည် ... အလွမ်းတောင်လို ပုံခဲ့ပြီ ... ထိန်ညိုတောင်မြင့်ဆီ ... လွမ်းရိပ်ဆင်ခဲ့ပြီ "

" အားပါးပါး တယ်ကောင်းတဲ့ သီချင်းပါလား လားငူးရေ မိုးရိပ်ဆင်ခဲ့ပြီလို့ပဲ ငါကြားဖူးတယ်၊ လွမ်းရိပ်ဆင်ခဲ့ပြီဆိုတာ င် သဘောကျတယ်၊ ဘယ်သူဘာသာပြန်ပေးတာလဲ "

" ဟုတ်မှာပေါ့လေ၊ လောင်မီးပိုထွက်လာတာ မနည်းလေးကြာပြီ၊ အလွမ်းတောင်လိုပုံ ရောပေါ့ရှင် "

ကျွန်တော့် စကားမဆုံးမီ မိန်းကလေးများ၏ တုံ့ပြန်သံဖြစ်၏။ တစ်ဆက်တည်း လားငူးကလည်း သူ့အဓိပ္ပာယ်ကိုရှင်းပြ၏။

" ဘယ်သူဘာသာပြန်ပေးတာမှ မဟုတ်ပါဘူး၊ နာဂ တောင်တန်းက စွာရာမေတီတောင်၊ ထိန်ညိုတောင်၊ ပတ်ကွိုင်တောင်လို





အလွမ်းက တောင်အကြီးကြီးလို ပုံနေတယ်၊ သစ်ပင်အရိပ်ရှိသလို အလွမ်းမှာလဲ အရိပ်ရှိတယ်ဗျ၊ ဥပမာ–လောင်မီးပိုက ရန်ကုန်မှာ နေပေမယ့် ဝထမှာနေတဲ့ ခါးလီကို မျက်စိထဲမြင်နေရင် အဲဒါအလွမ်းရိပ် ဖြစ်တယ်ဗျ ဟဲ ဟဲ ဟဲ "

" ဟုတ်ပါတယ်ရှင့်၊ ထိန်ညိုတောထဲမှာနေတဲ့ ကျွားကြီးက သတယ်မှာနေတဲ့ လားငူးကို မျက်စိထဲမှာ မြင်နေရင် အဲဒါလားငူးကို လွမ်းရိပ်ဆင်တာပဲရှင့် "

ချက်ခနဲတုံ့ပြန်လိုက်သော ခါးလီ၏ စကားကို သဘောကျရယ်မောသံ ဖြစ်ရပါ၏၊ လားငူး၏ သီချင်းကိုလိုက်ပါ သီဆိုရင်း တရွေ့ရွေ့ တက်လာခဲ့ရာ နေလုံးနီလည်း တောင်စွယ်အကွယ်သို့ တိုးဝင်အားပျော့သွားလေပြီ။

" ကျွန်တော်က ကိုလားငူး မခမျိုးတို့နဲ့ ရေစမ်းကိုတက်နှင့်မယ် ကျွန်တော်နဲ့ လားငူးက ညအိပ်ဖို့ တဲထိုးရမယ်၊ မခမျိုးက ညစာ ချက်ရမယ်၊ စံကီးနဲ့ခါးလီက လောင်မီးပိုကို စောင့်ခေါ်မယ်ဗျ"

မောင်ခန်းဒါက စီစဉ်ပြီး တောင်ပေါ်တက်နှင့်ကြသည်။ ကျွန်တော်ကား မည်မျှပင် ရုန်းကန်ကြိုးစားပါသော်လည်း သူကလေးတို့၏ ခြေတစ်ဝက်ပင် မမီနိုင်၊ သူတို့က စိတ်ရှည်လက်ရှည်စောင့်ခေါ်နေကြခြင်းဖြစ်၏။

" လောင်မီးပို၊ ဒီပုံနဲ့တော့ မိုးကြီးချုပ်တောင် စခန်းရောက်မှာ မဟုတ်ဘူးရှင့်၊ ကျွန်မတို့ ဟိုဘက်ဒီဘက်တွဲခေါ်ပေးရမလားရှင့် "

သူတို့လေးတွေ၏ ဖြူစင်သော စေတနာဖြစ်၏။

" ခါးလီတို့ စံကီးတို့အထမ်းက လေးတယ်လေ၊ ဖြည်းဖြည်း လျှောက်ရင်း စကားပြောရင်း တက်ကြတာပေါ့၊ ဒါနဲ့ လဟားမှာ ကျောင်းဖွင့် တာကြာပြီပဲ၊ ကျောင်းမနေကြဘူးလား "

" ကျွန်မတို့လဲ ကျောင်းနေချင်တာပေါ့ လောင်မီးပိုရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာခုတ်ရလို့ မအားရပါဘူးရှင့်၊ ခါးလီဆိုရင် စာသင်ချင်လွန်း[illegible] ရည်းစားကွဲသွားဖြစ်ကြတယ်ရှင့် ဟိ ဟိ ဟိ ”

စံကီး၏ ပြောတတ်သလို ပြောပြခြင်းသည် နားလည်လွယ်[illegible] နားဝင်ပီယံလည်းရှိ၏။ ကျွန်တော်က စိတ်ဝင်တစားမေးဖြစ်မိပါ၏။

“ စာသင်ချင်လို့ ရည်းစားကွဲ သွားတယ်ဆိုတာတော့ စိတ်[illegible] စားစရာပါပဲ၊ ရည်းစားက သဘောမတူလို့လား၊ မမေးကောင်းပါ[illegible] နော်၊ ခဏလေးနားကြဦးစို့”

စကားပြောရင်း သစ်ပင်မှီ၍ ကျွန်တော်ရပ်လိုက်လျှ[illegible] သူတို့လည်း အလိုက်သင့်ရပ်နားကြ၏။

“ဘာမှအရေးကြီးမဟုတ်ပါဘူး လောင်မီးပိုရယ်ရှင်၊ သိချင်ရ[illegible] လဲစခန်းရောက်ရင်ပြောပြမှာပေါ့ရှင့်၊ စခန်းရောက်အောင် အရင်အားစိုက်[illegible] သွားကြမယ်ရှင့်၊ သိပ်မှောင်သွားရင်လမ်းမြင်ရမယ် မဟုတ်ဘူးရှင့်”

တရွေ့ရွေ့တက်လာခဲ့ကြရာ ညအိပ်စခန်းရောက်သွားကြချိန်[illegible] တွင် မောင်လားငူးကား ဟောက်သံပြင်းပြင်းနှင့် အိပ်မောကျခဲ့ပေ[illegible] ပြီ။ မောဟိုက်ပင်ပန်းလွန်းသဖြင့် မောင်ခန်းဒါ ပြင်ဆင်ပေးသည့် အိပ်ရာ[illegible] ပေါ်သို့ ကျွန်တော် လှဲချအိပ်ပျော်သွားလေ၏။

သိပ်ကြာလိုက်သည် မထင်ပါ။

“ ခါးလီတို့ စံကီးတို့ အိပ်မက်ထဲ မြင်ယောင် အိပ်မက်နေကြ[illegible] ထကြပော့၊ ဒီနေ့ လဟာယ်အရောက်တက်ကြမယ်”

မောင်လားငူးအသံကြောင့် အိပ်ရာမှ လူးလဲထလိုက်[illegible] အားလုံးပြင်ဆင်ပြီးချိန်၌ အလင်းရောင်လာခဲ့ပြီ။ စောစောပင် ခရီးဆက်[illegible] ကြ၏။ ဝေထိုက်ချောင်းအရောက် ထမင်းထုပ် ဖြေကြရပြန်၏။

“ ခါးလီက စာသင်ချင်လို့ ရည်းစားကွဲသွားတယ်ဆိုတော့ အခု စာသင်ရပြီလား ”

ယမန်နေ့က စကားကို ပြန်ဆက်လိုက်သည်။





“ ခါးလီ ငယ်ငယ်လေးကပဲ အဖေဆုံးသွားခဲ့ပြီရှင့်၊ ဦးလေးနဲ့ပဲ [illegible]ယို နေလာရတာ လောင်မီးပိုရဲ့ ကျွန်မတို့နာဂအမျိုးမှာ ယူရမယ့် [illegible]ဆိုတာ ရှိတယ်လေ၊ အဲဒီအမျိုးထဲက ဆွမ်မားညာနဲ့ ပြန်ယူဖို့ [illegible]က ခါးလီကို ပြောတာ၊ အဲဒါခါးလီက စာရေးစာဖတ်တတ်အောင် [illegible]ယ်၊ ဆွမ်းမားညာလို စာမရေးတတ်တဲ့ ယောက်ျားလဲ မယူဘူး [illegible]တာနဲ့ ဆွမ်းမားညာက မိန်းမယူသွားတယ်၊ အဲဒါကို စာသင်ချင်လို့ [illegible]ကွဲတယ်လို့ စံကီးက ပြောတာရှင့်၊ အခုမှ ဆရာမနဲ့အတူနေပြီး [illegible]သင်နေပါပြီ၊ ဆရာမက ဒီနှစ်ကျောင်းဖွင့်မှ ဟုမ္မလင်းက [illegible]လာတာ၊ ဆရာမသဲသဲမြင့်နော်၊ အများကြီးချော အများကြီး [illegible]ရှင်၊ လောကမီးပိုလဲ ဆရာမသဲသဲကိုတွေ့ရင် တစ်ခါကြည့်ပြီး [illegible]တစ်ခါထပ်ကြည့်ချင်ဦးမယ်ရှင့် ”

“ ဟား ဟား ဟား ခါးလီရယ် ဆရာမက ခါးလီလောက် [illegible]မထင်ပါဘူးကွယ်”

ရိုးသားပွင့်လင်းစွာ ပြောတတ်သလို ပြောပြနေသော ခါးလီ၏ [illegible] သဘောကျရယ်မောမိပါ၏။

“ ခါးလီးဆရာမ နာမည်က သဲသဲမြင့်နော်၊ အခု ဝုထရွာမှာ [illegible]ပေါ့”

“အခု ရွာသားတွေ တောင်ယာပြောင်းသွားကြလို့ လဟာယ် [illegible]ကျောင်းက အခန်းလေးထဲမှာပဲ ပြန်နေကြတယ်ရှင့်”

ပြောဆိုရယ်မောရင်းနှင့်ပင် နေမွန်းမတည့်မီ ထိန်ညိုတောင် [illegible]ရောက်ခါ ကျောက်စက်ကျ စမ်းရေခွက်သို့ ရောက်ရှိရပ် [illegible] ခြေကုန်လက်ပန်းကျခဲ့သမျှ မြေနှံရုံကိုမှီ၍ လှဲချလိုက်ရလေ၏။

“ လောင်မီးပို ထိန်ညိုတောင် နတ်ရောက်ရောကို သော[illegible]ရင် [illegible]တဲ့၊ အားရှိမှ တောင်တက်နိုင်မှာ၊ ကျွန်မသွားခပ်ပေးလိုက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝခါးလီက မတ်ခွက်ဖြူတ်ရင်း ရေခပ်ရန်ပြင်၏။

" ရေစိမ်းသောက်လို့မဖြစ်ဘူးထင်တယ်၊ ခါးလီ၊ လောင်မီးပိုက အခုမှ ရောက်ဖူးတာလေ "

လားငူးက တောင်ထိပ်ရေကန်က ကြည်လင်သန့်ရှင်းကြော အာမခံ၏။

" စိတ်ချသာသောက်ပါ လောင်မီးပို၊ နတ်ရေကန်ရဲ့ကြော အားရှိတဲ့အပြင် ခါးလီရဲ့ မေတ္တာရေးကြောင့် အသက်ရှည်မယ ကျန်းမာမယ်"

ခါးလီက ရေဘူးလက်ကျန်ဖြင့် လားငူးကို ပက်လိုက်ပြ ရေဘူးအပြည့် ပြန်ဖြည့်ခဲ့၏။ ဘူးအလိုက်မော့သောက်လိုက်သော် လွန်စွာ အေးမြလှပါဘိတော့၏။

"တကယ် မေတ္တာရေအေးပါပဲဗျာ "

ပြောပြီး ကျွန်တော်ရှေ့ကထွက်ခဲ့သည်။ ထိန်ညိုတောင်ထိ နတ်ရေကန်ထိပ်မှ အခြားတစ်ဖက်သို့ ခြေတမ်းလှမ်းကျော် လိုက်လျှ လဟာယ်နယ်မြေထဲသို့ ဝင်ရောက်သွားလေပြီ။ ထိုနေ့ည မှောင်ရီပျိုးစအခါ လဟာယ်မြို့ထဲသို့ ဝင်ရောက်သွားကြသည်။

လဟာယ်မြို့၌ နေထိုင်ခဲ့ရစဉ် တစ်လျှောက် ဒေသခံတို့ "ကြီးကဲသူ" ဟု အဓိပ္ပာယ်ရှိသော "လောင်မီးပို" ဟုသော ခေါ်ကြ ထိုနာမည်သည်သာ တွင်ခဲ့ပါ၏။ ဘဝတူ ဝန်ထမ်းများကမူ ဆူလောင် လောင်ရှိလှသည်ဟု ဆိုကာ " လောင်မီးပူ " ဟုခေါ်ကြလေ "အလွမ်းတောင်လိုပုံခဲ့ပြီး" သီချင်းမှာလည်း နတ်ကချမရသောပင် သီချင်းဖြစ်ခဲ့လေ၏။

× × × × × ×





(၃)

လဟာယ်မြို့သို့ ရောက်ရှိသွားချိန် ဒေသခံတို့ တောင်ယာများသို့ ပြောင်းရွှေ့သွားခဲ့ပြီ။ ဂုထရွာမှ ဆရာမလေးသဲသဲမြင့်လည်း နေ့စဉ်ပင် တပည့်ကျော်ခါးလီနှင့်အတူ နေ့ချင်းပြန် ကျောင်းတက်သွား ကြရမြဖြစ်၏။ နေအိမ်လုပ်ထားသော စာသင်ခန်း မအားလပ်တော့ ပြီဖြစ်၍ မိမိကပင် တာဝန်ယူစီစဉ်ပေးရန် ဖြစ်လာ၏။ မိမိ၏နေအိမ် မီးဖိုနှင့် တစ်ဆက်တည်း အခန်းလွတ်ကို ယာယီအပိုင်ပေးထား လိုက်ရာမှ အိမ်ထောင်မိသားတစ်စု သဖွယ်ဖြစ်သွားကြ၏။ မိမိမှာလုပ်ငန်းတာဝန် သဘာဝအရ ခရီးလမ်း ကြောင်းပေါ်၌ အနေများနေရသော်လည်း အိမ်ဂေဟာကလေးမှာ လဟာယ်ရောက် ဝန်ထမ်းများဖြင့် သာယာစည်ဝေရှိတတ်လှ၏။ ဆရာမ သဲသဲမြင့် တပည့်ခါးလီတို့နှင့် ဘဝတစ်ကွေ့ဆုံတွေ့ရခြင်းသည် အိမ်ကပ်ခွင့်မရသော မိမိအတွက် ကံကောင်းခြင်း လက်ဆောင်မွန် အမှန်ပင်ဖြစ်ခဲ့ပါ၏။

အစစအရာရာ နောက်ပိုင်းလုံ၍ အဆင်ပြေအေးချမ်းခဲ့ရ၏။ အိမ်ကလေးမှ ခါးလီတို့နှင့် ခွဲလိုက်ခွာလိုက် ပြန်ဆုံတွေ့လိုက်ချက်ပြုတ် စားသောက်လိုက်၊ သီဆိုကခုန်လိုက်နှင့် မောင်ရင်းနှမသဖွယ် တစ်ဦးကို တစ်ဦး ပြုစုစောင့်ရှောက်နေထိုင်လာခဲ့ကြသည်မှာ ယခုဆိုလျှင် သုံးနှစ် သုံးမိုးပင်ရှိခဲ့ပြီ။

ယခုနှစ် နွေဦးကား သုံးနှစ်မြောက်နွေဦးဖြစ်၍ ပြောင်းရွှေ့မိန့် ထွက်ချိန်တန်ခဲ့ပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ရန်ကုန်ရုံးချုပ်ရုံးကိစ္စပေါ် ပေါက်လာသဖြင့် ခရီးလမ်းကြောင်းပေါ်မှ အိမ်ကလေးသို့ ပြန်လည်ရောက် ရှိဆုံဆည်းမိခဲ့ကြပြန်၏။ အထုပ်အပိုးများ ပိုင်းကူပြင်ဆင်ပေးနေသော ဆရာမသဲသဲမြင့်က မှာကြားသည်။

"ဆရာရေ၊ ကြိုပြောထားပါပေရဲ့နော်၊ ဆရာ ရန်ကုန်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်မရောက်ခင် ကျွန်မနဲ့ ခါးလီက ဝုထရွာကို ပြန်ပြောင်းကြဖို့ရှိတယ်၊ ဆရာခရီးက မောမောပန်းပန်းပြန်လာလို့ ခါးလီနဲ့ တန်းမတွေ့ရင် အသက်ရှူ နိုင်တာမဟုတ်ဘူး။ ပြီးတော့ ခါးလီကသူ့အတွက် အဝတ်တွေ ထပ်မဝယ်မလာပါနဲ့တော့တဲ့၊ များနေပြီတဲ့၊ ကိုယ့်လူအကြောကိုယ်သိ တယ်နော် ကုန်မှာကျမှာ စိုးလို့တဲ့"

"ဆရာမကလဲဗျာ၊ မောင်နှမတွေ အချင်းချင်းပဲ စနေရ သေးတယ်၊ ခါးလီကို သူ့ဘဝပေးအခြေအနေအရ အများကြီးစာနာ မိတာတော့ အမှန်ပါပဲ၊ ဒါကြောင့်လဲ ညွှာတာ အလိုလိုက်တာတွေတော့ ရှိတာပေါ့၊ ဆရာမ ထင်သလို မဟုတ်ရကြောင်းပါဗျာ၊ ခါးလီကလဲအစ်ကို ကြီးတစ်ယောက်လို ခင်မင်ဆိုးနွဲ့နေတာပါဗျ"

"မသိပါဘူးရှင်၊ ဆရာခရီးက မောမောပန်းပန်းပြန်ရောက် လာလို့၊ ရောက်ရောက်ချင်း ခါးလီနဲ့မတွေ့ရင် စကားတောင်မပြောနိုင် တော့တာတွေ သတိရလို့ပါ။ အခုလဲ ကျွန်မတို့ဌာန ဆိုင်ရာအမိန့်အရ ရွာသားတွေပြန်စုံချိန်၊ရွာမှာပြန်နေကြရမှာမို့ပါရှင်"

ဆရာမအပြော ဟုတ်သည် မဟုတ်သည် အမှတ်မထားမိ။ ဒေသပေါင်းများစွာ၌ ကျင်လည်လာခဲ့သည့် ဝန်ထမ်းဘဝတစ်ကွေ့ အတွေ့အကြုံဟုသာ မှတ်ယူထားလိုက်ပါ၏။

"ဘာပဲပြောပြော ဆရာမရေ ပြောင်းရွှေ့မိန့် တစ်ခါတည်း ပါလာနိုင်မယ်မှန်းထားတယ်၊ ခါတိုင်း နှစ်တွေထက်တောင် အမိန့် ထွက်ရက်နည်းနည်းလွန်လာပြီ၊ တကယ်လို့အမိန့်ပါလာခဲ့ရင်တော့ ချက်ချင်း အလုပ်လွှဲပြောင်းထွက်ခွာရမှာဖြစ်လို့ လှမ်းမှာလိုက်မယ်၊ မထွက်သေးဘူး တစ်ခါတည်းမပါလာဘူးဆိုရင် ရက်တိုပိတ်ရက်တွေမှာ ရွာကို ကျွန်တော်လာခဲ့မယ်၊ ရက်ရှည်ပိတ်တော့မှ ဆရာမနဲ့ ခါးလီနဲ့ ပြန်လာကြပေါ့"

ဆရာမနှင့် ခါးလီကို နှုတ်ဆက်ထွက်ခွာလာခဲ့၏၊ ရန်ကုန်ရုံးချုပ်





ရောက်ရှိလျှင် ဇဟာန်းမြို့နယ်သို့ ပြန်လည်ပြောင်းရွှေ့မိန့် ထွက်နှင့်ပေပြီ။ သာယာယ်သို့ ချက်ချင်းပြန်ပြေးတက်လာခဲ့ပြီ၊ ဆရာမနှင့် ခါးလီကို မှာကြားကာ ကျေးရွာ လုပ်ငန်းလက်ကျန်များ အဆုံးသတ်နိုင်ရန်ခရီး ထွက်ခွာသွားခဲ့၏၊ ပြန်လည်ရောက်ရှိလာသည့်တိုင် ခါးလီတို့ရောက်လာကြ ခြင်းမရှိ၍ မျှော်မဆုံးအောင်မျှော်မိ၏။ ပြန်လည်ထွက်ခွာရမည့်ရက် အလွန်နီးကပ်နေပြီ ဖြစ်၍ ညှိခံပွဲတစ်ခုအပြီး ညဥ့်နက်မှ ညတွင်းချင်း ဌာနသို့လိုက်သွားရန် အကြံနှင့်အိမ်ပြန်အဝင်တွင် ဆရာမနှင့် ခါးလီတို့ အသင့်ရောက်နေကြသည်ကို တွေ့ရတော့၏။

"ဆရာမရယ်၊ စောစောစီးစီးလေးများ ကြွခဲ့ကြတာမဟုတ်ဘူး သိမ်းဖို့ခည်းဖို့ မျှော်လိုက်ရတာ"

"အမလေးဆရာရဲ့၊ ချက်ချင်းလာချင်တာပေါ့၊ ခါးလီက ခန္ဓာ ချုံးခင်းသွားတယ်လေ၊ သူပြန်ရောက်အောင် စောင့်ဆိုလို့ ပြန်ရောက် တော့လဲ နေ့မအားညမနား အလုပ်ကရှုပ်ရသေးတယ်"

"ဒီလောက်ခရီးအဝေးကြီး ဒီအချိန်မှာ ဘာကိစ္စသွားရတာလဲ ခါးလီရယ် လောင်မီးပိုပြန်ဖို့နီးနေတာ သိရဲ့သားနဲ့"

"ခါးလီက လောင်မီးပို ပြန်ပြောင်းရတော့မယ်ဆိုမှ ဘာမှ ဆလိုက်စရာ မရှိဘူးလေ၊ ဒါနဲ့ သတိရတာနဲ့ ခန္ဓာကို အမြန်ပြေးဆင်း ချည်သွားတယ်ပြီးမှ နာဂချိုစောင်လေးရက်ရတာ၊ ကံကောင်းချင်တော့ ဆင်သေမှာ ရှောင်စုံပုတီးစေ့လေးတွေ ဝယ်ရခဲ့တယ်ရှင့်၊ လောင်မီးပိုကို သိမှာစိုးလို့ အမြန်ပြေးတက်လာရတာ"

"အဲဒါသာကြည့်တော့ ဆရာရေ ပြောပဲမပြောချင်ဘူး"

ခါးလီက သူ့ဆရာမကို လှမ်းကြည့်သည်။ ဆရာမက ခေါင်း ညိတ်ပြသည်။ အလျှင်စလိုပင် နာဂချိုစောင်လေးကို ဆွဲထုတ်သွမ်း ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါးလီကိုယ်တိုင်ရက်တဲ့ ခြုံစောင်လေးရှင့်၊ လောင်မီးပိုကို အမှတ်တရလက်ဆောင် ခြုံပေးလိုက်တယ်နော်"

ခါးလီ၏အသံများ တိုးဝင်သွားသည်။ ထိုခဏတွင်ကား ရင်အစုံ၌ဆို့နှင့်တင်းကျပ်ရှိလှပါချေ၏။

" လောင်မီးပို ခါးလီရှေ့မှာခဏလေးထိုင်ပေးနော်"

ခါးလီက ပုခုံးနှစ်ဖက်မှ ညင်သာစွာကိုင်ပြီး သူ့ရှေ့၌ ထိုင်စေသည်။ သူ့မျက်နှာလေးကို လွမ်းမောခြင်းများစွာ မော့ကြည့်မိပါ၏။

"ဒီနာဂ လည်ဆွဲလေးက လောင်မီးပိုကို ဆွဲပေးဖို့ ခါးလီအမြန်ဆုံးထိုးတာတောင် မနေ့ကပဲ ပြီးတယ်လောင်မီးပိုရယ်၊ အရုပ် ကလေးလည်း စုံစေချင်လို့ရှင့် "

လိပ်ပြာပုံ၊ ငှက်ကလေးများပုံ၊ ပုံဖော်သီကုံးထားသည့် ရောင်စုံပုတီးကုံး နာဂလည်ဆွဲလေးကို မော့ကြည့်နေစဉ် လည်တိုင်၌ အလိုက်သင့်ဆွဲပေးလိုက်လေ၏။ ကျွန်တော်နားလည်လိုက်ပါပြီ။ နာဂတိုင်းရင်းသားတို့ ထုံးစံအရ ချစ်ခင်ရည်မှန်းထားသူကိုမှသာလျှင် ဤလည်ဆွဲမျိုးကိုယ်တိုင်ဆွဲပေးရလေ့ရှိ၏။ ခါးလီအပြုအမူ၌ မင်တက်မိစွာတွေဝေငေးမောနေမိ၏။

"ခါးလီလေ၊ လောင်မီးပိုကို တစ်သက်လုံးတွေ့မြင်နိုင်ခွင့်ရှိတော့မယ်မဟုတ်ဘူးလေ၊ လောင်မီးပိုနဲ့အတူတူ သီချင်းဆိုခဲ့ရတာတွေကို အမြဲတမ်းအမှတ်ရနေမယ်၊ သတိရတိုင်း ကိုယ့်စိတ်ကိုယ်ကျေနပ်အောင် ဆွဲပေးရတာ ပါရှင့်"

ဖော်မပြနိုင်လောက်အောင် စူးနစ်ကြေကွဲခံစားလိုက်ရ၍ ဘာဆိုဘာမျှ မတတ်နိုင်ခဲ့ပြီ။

ခါးလီ၏ လက်ကလေးကိုသာ လက်နှစ်ဖက်ဖြင့် တင်းကြပ်စွာဆုပ်ကိုင်ထားနေမိပါ၏။ သတိရသည်နှင့် ခါးလီကို အနီးကပ်ဆွဲထိုင်စေလိုက်၏။





"ကဲ ခါးလီ၊ လောင်မီးပိုက ဘာမှအမှတ်တရ ပေးခဲ့စရာမရှိဘူး။ ဒီလက်စွပ်ကလေး ဝတ်ပေးခဲ့မယ်နော်၊ အမြဲတမ်း ဝတ်ထားရမယ်ကြားလား"

လက်စွပ်ကိုချွတ်၍ ခါးလီ၏ လက်သူကြွယ်၌ စွပ်ပေးလိုက်သည်။ မိန်းကလေးလက်ချောင်း ဆိုသော်လည်း ရှည်သွယ်ပြည့်ဖြိုးလှသောလက်ချောင်းဖြစ်၍ အနေတော်ပင်ဖြစ်၏။ လက်ချောင်းကလေးများကိုလည်း မလွှတ်နိုင်မလွှတ်ရက် တင်းကြပ်စွာဆုပ်ယူပွတ်ကိုင် ထားမိ၏။

ထိုစဉ် ပူနွေးသော ရေစက်ရေပေါက်တို့က လက်ခုံကိုလာရောက်ထိမှန်သည်။ မော့ကြည့်လိုက်တော့ ခါးလီ၏ တည်ငြိမ်သောအပြုံကြားမှ မျက်ရည်ဥများ တလိမ့်လိမ့်ပြေးဆင်းလျက်ရှိ၏။ ထိုခဏဝယ်ရင်အထက် ဆို့တက်လာသော ကြီးမားလှသည့် အပူလုံး၏ တွန်းကန်မှုကြောင့် မျက်ရည်ပူများ အထိန်းအကွပ်မရှိ ပြိုဆင်းကျလာကြတော့၏။ လည်ပင်းကျပ်ဆို့ပိတ်၍ စကားမဆို တတ်နိုင်တော့ပြီ။ လည်ပင်းမှ ဆွဲကြိုးကို အလျင်စလို ဆွဲဖြုတ်လိုက်၏။ ခါးလီကို ဆွဲပေးမည် လုပ်တော့ အကြောက်အကန် ငြင်းဆန်လေတော့သည်။

"ဟင့်အင်း ဟင့်အင်း လောင်မီးပို ဆွဲကြိုးမလိုချင်ဘူး ခါးလီအမြဲတမ်းကြည့်ဖို့ လက်စွပ်ရပြီပဲရှင့် "

နှုတ်မှအသံမထွက်နိုင်တော့ပြီဖြစ်၍ ခါးလီ၏ လက်ကို အချိန်ကြာကြာ ဆုပ်ကိုင်ဆွဲညှစ်နေမိ၏။ လက်တစ်ဖက်မှ ဆွဲကြိုးမှာလည်း အသည်းနှလုံးနှင့် ထပ်တူတဆတ်ဆတ် တုန်ခါလျက်ရှိလေ၏။

"ချစ်လို့ပေးတာ ယူရတယ်တဲ့ ခါးလီရဲ့ "

"လောင်မီးပိုဆွဲကြိုးက အများကြီးတန်ဖိုးကြီးမှာ"

သူ့ဆရာမကို ပြန်ပြောသံက သဲ့သဲ့သာ။

"ဘယ်ဟာမှ လူလောက်တန်ဖိုးမကြီးဘူး ခါးလီ နှင့်လောင်မီးပိုရဲ့ မျက်ရည်တွေနဲ့ နှင်မသနားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



" အဟင့် ဟင့် "

စူးနစ်သော ရှိုက်သံတစ်ချက်နှင့်အတူ ခါးလီခမျာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ချလိုက်ရှာသည်။ ဆွဲကြိုးကလေးကို ဆွဲပေးလိုက်ပြီး ပြန်လည်ဆွဲထူထိုင်စေလိုက်ရ၏။ နောက်ဆုံးခွန်အားဖြင့် ငိုရှိုက်သံနှင့် ရောစွက်တောင်းပန်လိုက်ပါ၏။

"ခါးလီနဲ့ ဆရာမတို့ရေ ကျွန်တော် မလိမ္မာအပြစ်ရှိသမျှတွေ့ရင် ခွင့်လွှတ်ကြပါတော့ဗျာ"

× × × × × ×

(၄)

အပြန်ခရီး ပြန်လည်လိုက်ပါ ပို့ဆောင်မည့်သူများတွင် ဆရာမသဲသဲနှင့် ခါးလီလည်း ခန္တီးအထိ လိုက်ပါပို့ဆောင်ပြီးမှ ဈေးဝယ် ပြန်ကြမည်ဖြစ်၏။ တာဝန်အလွှဲအပြောင်းဆောင်ရွက်သည့် သုံးရက် အတွင်း ဆုံတွေ့ချိန်မရခဲ့၊ ဆရာမသောင်းသောင်း အိမ်၌ တည်းခိုစောင့်ဆိုင်းနေကြ၏။ မောင်ခန်းဒါနှင့် မောင်လားငူး ဦးဆောင်သော ပြန်လည်လိုက်ပါပို့ဆောင်မည့် အဖွဲ့ကို ကြိုလွှတ်ပြီးမြို့အထွက်အထိ လိုက်ပို့သော မြို့လူထုအား တစ်ဦးချင်းနှုတ်ဆက်ပြီးမှ ခြေလှမ်းကျဲများဖြင့် လျှောက်လာခဲ့၏၊ စောင့်ဆိုင်းနေသော မောင်ခန်းဒါတို့အဖွဲ့နှင့် ပြန်ဆုံမိချိန်တွင် ခါးလီကို မမြင်မိသဖြင့် ဆရာမကို မေးရ၏။

"ခါးလီတစ်ယောက် မတွေ့မိပါလား ဆရာမ၊ ဘယ်ဆိုင်ထဲ





ဘာဖြစ်ယ်နေလဲမသိဘူး"

" ဆရာရယ်၊ ခါးလီကို ကျွန်မသိပ်သနားတာပဲဆရာ၊ ဆရာ့ကို လိုက်ပို့ဖို့ သေချာပြင်ဆင်ပြီးမှ ဆရာ့ကို လာတွေ့တဲ့နောက်နေ့ပဲ မှောင်တော့မှ ပြောမရဆိုမရနဲ့ ညတွင်းချင်း ရွာကို ပြန်ထွက်သွားတယ် ဆရာရဲ့၊ အခု ရွာပြန်ရောက်နေတာ သုံးရက်ရှိနေပြီပေါ့ "။

"ဟင်"

"မဟင် နဲ့ ဆရာရေ၊ခါးလီက ဆရာ့ကို သိပ်သံယောဇဉ်ကြီးတော့၊ ဆရာထွက်သွားတာမြင်ရရင် သူမျက်ရည်ကျမိလိမ့်မယ်တဲ့၊ သူတို့ အယူအဆက ခရီးသွားသူနောက်မှာ မျက်ရည်မကျကောင်းဘူးတဲ့ ဆရာရေ အရင်တုန်းကတော့ ဆရာထွက်သွားရင် ပြန်လာမယ့် ရက်မျှော်တယ်၊ ပြန်လာရင် အဝတ်အစား၊ စာအုပ်၊ စားစရာပါလာတယ်၊ ကျော်ရတယ်ပေါ့၊ အခုတော့ တစ်သက်လုံး ပေါ်လာတော့မှာ မဟုတ်ဘူး ထွက်သွားခင် ကွယ်ရာမှပဲ ငိုနေတော့မယ်၊ ပြန်ခွင့်ပြုပါဆိုလို့ ပြုလိုက်ရတယ်၊ နှလုံးသားမာကြောတဲ့ ဆရာက နှလုံးသားနုနယ်ပြီး ငယ်ရွယ်သူကို ခွင့်လွှတ်လိုက်ပါတော့ ဆရာ၊ မသိစိတ်က ခံစားချက်ကို အသိစိတ်နဲ့ အုပ်ချုပ်နိုင်တဲ့ ဆရာ့ကို ကျွန်မချီးကျူးပါတယ်"

တစ်ကိုယ်လုံး တုံတိုင်းဆွဲအသွားခံရချေပြီ။ လဟာယမြို့အထွက် ကျည်လွှချောင်းကူးတံတား လက်ရန်းကိုမှီ၍ ထိုင်ချမိပါ၏။အဆက်မပြတ် စီးဆင်းသွားသော ကျည်လွှချောင်းရေအလျင်ကို မမှိတ်မသုန် စိုက်ကြည့်နေမိချေ၏။

"မသိစိတ်ကို အသိစိတ်နဲ့ အုပ်ချုပ်နိုင်တဲ့ ဆရာ့ကို ချီးကျူးပါတယ်"

ဆရာမသဲသဲ၏ အသံက နားထဲမှမထွက်။ အလွန်မှန်ကန်သော စကားဖြစ်ကြောင်း နားလည်လိုက်၏။ ယခုအသက်အရွယ်အထိ ဆုံးဖြတ်ချက်ချမှတ်သွားခဲ့သဖြင့် ဘဝတွင် နစ်နာမှုပေါင်းများခဲ့ပြီ၊ သည်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ အဆုံးရှုံးမခံနိုင်၊ ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီ။

"ကဲ ဆရာမ၊ ခါးလီအပေါ် ကျွန်တော့်ရင်ထဲက အရှိကို ဆရာမအသိဆုံးပါ၊ ခါးလီနဲ့ မဝေးပါရစေနဲ့ ကျွန်တော့်လူတွေကို လဟာယ် ပြန်ခေါ်သွားပြီး ခဏပြန်စောင့်နေကြပါ၊ ကျွန်တော် ဝုထတက်သွားပြီး ခါးလီကို ပြန်ခေါ်လိုက်ဦးမယ်၊ လက်ထပ်ဖို့ကို လဟာယ်ကျမှ ကြည့်စီစဉ် ရတော့မှာပဲ၊ ကဲ–ကျွန်တော်သွားပြီး "

ပြင်းထန်သော အရှိန်အဟုန်ဖြင့် ဝုထတောင်ကြောကို ပြေးတက်လာခဲ့၏။ ရွာကလေးသို့ ဝင်လိုက်သည်နှင့် အိမ်ရှေ့ကြမ်းပြင် တိုင်ကိုမှီလျက် စာတစ်အုပ်ကို သဲကြီးမဲကြီးဖတ်ရှုနေသော ခါးလီကို ကျယ်လောင်စွာ အော်ဟစ်ခေါ်လိုက်လေ၏။

" ခါးလီ "

အမှတ်တမဲ့ အော်ခေါ်လိုက်သံကြောင့် လက်မှစာအုပ် လွတ်ကျ သွားလေ၏။

" အမလေးဘုရား ဘုရား ဒီချိန်ဆို လောင်မီးပိုတို့ ထိန်ညို တောင်ပြန်ကျော်သွားလောက်ပြီထင်နေတာ ဘယ်လိုလုပ် ရွာကို ရောက်လာ ရတာလဲရှင့် "

" လောင်မီးပိုက ခါးလီကို ဘယ်လိုမှ မခွဲနိုင်လို့ လာပြန် ခေါ်တာ၊ ဆရာမသဲသဲတို့ လဟာယ်မှာ ပြန်စောင့်နေကြတယ်၊ လဟာယ် ရောက်မှပဲ လက်ထပ်ဖို့ စီစဉ်ရအောင်နော်၊ ပြီးတော့မှ အားလုံးအတူတူ သွားကြတာပေါ့၊ တစ်ပတ်နှစ်ပတ်နောက်ကျတာ ရပါတယ် ခါးလီ "

" ဘယ်လိုဖြစ်ရတာလဲ လောင်မီးပိုရယ် "

ခါးလီ၏ ထာဝစဉ်ပြုံးနေတတ်သော နှုတ်ခမ်းထူလေးများက တင်းတင်းစေ့လျက်ရှိ၏။ ပါးနှစ်ဖက်ပေါ်မှ လိမ့်ဆင်းလာသော မျက်ရည် ဥကြီးများကား အောင်ကျရေတံခွန်ပမာ–

"ဘာလို့ မျက်ရည်ကျရတာလဲ ခါးလီရယ်၊ လောင်မီးပိုမှာ





အချိန်မရှိဘူး ခါးလီ၊ သွားကြစို့နော်"

ခါးလီ၏ မျက်ရည်စိုစွတ် မျက်လုံးများက အချိန်ကြာမြင့်စွာ စိုက်ကြည့်ရင်း ၊ စကားတစ်ခွန်းချင်းထွက်လာ၏။

" ဘယ်လိုမှ မဖြစ်နိုင်တော့တာပဲ လောင်မီးပိုရယ်၊ ခါးလီကို ဒီလိုစကားတွေ ပြောမယ်ဆိုရင် အချိန်တွေအများကြီးရှိခဲ့ပါတယ်ရှင့်၊ နောက်ဆုံး ခါးလီလာနှုတ်ဆက်တဲ့ ညကပဲ ပြောလိုက်ပါတော့လားရှင် ရယ်"

" ဒါတော့ခါးလီရယ် တကယ်ခွဲရတော့မယ်ဆိုမှ မခွဲနိုင်မှန်း သိခဲ့ရတာပါ "

"လောင်မီးပိုရယ်၊ လောင်မီးပိုကို မျှော်မှမပို့တော့ဘူးဆိုပြီး ညနေယက ပြန်ထွက်ပြေးလာခဲ့ ညကပဲ ခါးလီ အပြတ်ဆုံးဖြတ်ခဲ့ပြီး ပြီးရင် လောင်မီးပိုကို တစ်သက်လုံး မတွေ့ရမမြင်ရတော့ဘူး ထင်ခဲ့တာကိုး နေ့က အမျိုးထုံးစံအတိုင်း ခွမ်မားညာရဲ့ညီ ခွမ်လောက်လာနဲ့ ပြန်လည် လက်ထပ်ဖို့ လူကြီးစုံရာရှေ့မှာ ကတိပေးခဲ့ပြီးပြီရှင့်"

မှတ်ထင်မျှော်လင့်ထားရန် မဖြစ်နိုင်သော စကားကြောင့် အရိုက်ကြီးပြတ်ဖြစ်ခဲ့ရလေပြီ။ တိုတောင်းလှသော ကာလအတွင်း လူ့ဘဝ သည် ဤမျှမြန်ဆန်ပြောင်းလဲလိမ့်မည် မထင်ခဲ့။ နာရီပေါင်းများစွာ မျှော်နေရာမှ စိတ်ထဲက အရှိကို တစ်လုံးချင်း သွန်ချလိုက်ရပါ၏။

"နီကီခါးလီရယ်၊ လောင်မီးပိုကို အသေသာသတ်လိုက်ပါ တော့"

ခါးလီထိုင်ရာမှ ဆတ်ခနဲထသည်။

" ကဲ– လောင်မီးပို၊ အချိန်ရှိတုန်း လဟာယ်သွားကြမှဖြစ်မယ်၊ လဟာယ်မှာ ခွမ်လောက်လာရှိတယ်၊ ကျွန်မတို့နှစ်ယောက် ပြန်လိုက်ပို့ ပေးကြမယ်ရှင့်၊ ဪ–ဒါနဲ့ လောင်မီးပိုရေ ခါးလီ လဟာယ်ကပြန်လာတဲ့ ညကပြီး နှစ်ရက်လုံးလုံး စာရေးထားတာလေ၊ ဒီစာရေးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဒုန်းဒုန်းချပြီး ဆွမ်းလောက်လာကို လက်ထပ်ဖို့ ကတိပေးခဲ့တာရှင်
ဘယ်လိုမှ မထင်မှတ်ဘဲ လောင်မီးပိုကို ပြန်တွေ့လိုက်ရလို့ အဲဒီစာ
ထည့်ပေးလိုက်မယ်၊ ထိန်ညိုတောင်ပြန်ကျော်သွားပြီးမှ ဖတ်ပါနော်"

× × × × × ×

(၅)

အသိမဲ့ရှက်စရာဖြစ့် တရွေ့ရွေ့ပြန်လည် ထွက်ခွာလာခဲ့၏
နာဂတောင်တန်းနှင့် မြေပြန့်ဒေသ၏ ပင်မအတားအဆီး ထိန်ညို
တောင်ကြီး၊ နာဂရိုးရာသီချင်းလာ မြေပြန့်က ချစ်သူလေးနှင့် တောင်ပေ
သားကိုကာခြားထားသည့် လွမ်းရိပ်ဆင်သည့် ထိန်ညိုတောင်ထိပ်ကြီးသို့
ပြန်လည်ရောက်ရှိခဲ့ပါပြီ။ တောင်ထိပ် နတ်ရေကန်ဘေးရှိ တောင်သပြေ
ပင်ကြီးကို ကျောပေးမှီရင်း ခါးလီရှိရာ ဝုထတောင်တန်းဆီသို့ လည်ပြန်
လှမ်းမျှော်ကြည့်မိ၏။ ဝုထရွာက လေးနှင့်ခါးလီကို မမြင်နိုင်ရသော်လည်း
မိုးတိမ်နှင့် ကပ်လျက်ရှိသော ဝုထတောင်တန်းကို မှိန်မှိန်ပျပျလှမ်း
မြင်ရဆဲရှိ၏။ ဤတောင်ထိပ်မှ ခြေတစ်လှမ်းပြန်ဆင်းလိုက်လျှင် ချစ်သူ
ရှိရာ တောင်တန်းပြာကို တစ်ဖန်မြင်ခွင့်မရနိုင်တော့ပြီ။

"ထိန်ညိုတောင်ပြန် ကျော်သွားပြီးမှ ဖတ်ပါနော်"

ခါးလီ၏ နောက်ဆုံးစကားများ နားထဲသို့ အမှတ်မထင်တိုးဝင်
လာသည်၊ လုံးထွေးထည့်ယူလာသော စာရွက်တူကြီးကို ဆွဲထုတ်လိုက်၏

"လောင်မီးပိုရေ – လောင်မီးပို ခါးလီကို ခေါ်မသွားနိုင်ဘူး
ဆိုတာ ခါးလီနားလည်ထားပါတယ်ရှင့်၊ ဒါပေမဲ့ လောင်မီးပိုက ခါးလီလက်
ကိုဆွဲပြီး နန်းစလိန်ချောင်းကို ကူးသွားကြတာ လနှိုးတော့မှ အိပ်မက်မှန်း





…တယ်၊ လဟာယ်ဘက်ကနေ ထိန်ညိုတောင်ကို လောင်မီးပိုနဲ့အတူတူ
…သွားကြတာ အိပ်မက်ထဲမှာ အရမ်းပျော်ရတယ်ရှင့်၊ အခုတော့
လောင်မီးပိုရေ ခါးလီကိုယ်တိုင် လောင်မီးပိုနဲ့ မလိုက်ခဲ့ရပေမယ့် ခါးလီရဲ့
…အစဉ်ကတော့ လောင်မီးပိုနဲ့ မခွဲမခွာ အတူလိုက်ပါနေလျက်ပါဆိုတာ
လောင်မီးပိုသိနိုင်မလားရှင်၊ အလွမ်းတောင်လိုပုံခဲ့ပြီ သီချင်းကိုလည်း
လောင်မီးပိုဆိုတော့မှာ မဟုတ်ဘူးနော်" စာတစ်အုပ်ခန့်ရှိလိမ့်မည်။
…ဆက်ကြည့်မြင်နိုင်စွမ်း မရှိတော့။ နာဂတောင်တန်းလဟာယ်မြို့အရှေ့
…ရွာသူကလေး နီကီခါးလီ၏ နှလုံးသွေးဖြင့်ရေးသည့် လက်ရေးမင်
…များမှာ သူချစ်သော လောင်မီးပို၏ မျက်ရည်ပူတွင် ပျော်ဝင်စီးမျော
… ထိန်ညိုတောင်၏ မြေလွှာထဲသို့စိမ့်ဝင် ပျောက်ကွယ်သွား ခဲ့ကြလေပြီ၊

**ကိုနိုင်း (ချင်းတောင်)**

(လုံးမလေး၊ အတွဲ ၂၂၊ အမှတ် ၂၄၇၊ ဖေဖော်ဝါရီ–၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com




## ပုံညို့တစ်ခေါက် လာခဲ့မယ်

နာဂတောင်တန်း လဟယ်မြို့ကလေး၏ မိုးကာလသည် ညိုမှည်းတို့ ဖုံးဝိတ် အုံ့ဆိုင်း စွတ်စို ထိုင်းမှိုင်းရှိလှ၏။

ဆောင်းရွက်ကြွေကျ နွေဦးစလျှင် နာဂတောင်တန်းတစ်ခွင် ချင်းသဘာဝသည် ပန်းပဒေသရောင်စုံကားချပ်ကြီးအဖြစ် ရှုမောဖွယ်ရာ ရုတ်ခြည်းပြောင်းလဲသွားခဲ့၏။ နာဂတောင်တန်းများမှာ ညီအစ်ကို တောင်တန်းများကဲ့သို့ တောင်တန်းရှည်များ မဟုတ်မူ၍ တောင်မြင့် တို့သည်သာ ပြည့်ရှာစုဖွဲ့နေကြသည်သို့ရှိ၏။

တောင်မြင့်ချွန်တို့သည် အချို့ခေါင်းချင်းဆိုင်၍၊ အချို့ ခေါင်းအပ်ကာ၊ အချို့ကျောချင်းကပ်လျက်၊ အချို့ကား ခြေချင်းသိမ်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့၏။ မိုးရက်အလွန် တောင်မြင့် ချွန်တိုင်း၊ ပန်းပဝါကိုယ်စီခြုံ ပန်းသင်တိုင်းလုံအောင်ဝတ်၊ ပန်းခြေချင်း ကိုယ်စီဆင်မြန်းထားကြပြီ ထိုပန်းခြုံတောင်မြင့်အဆင့်ဆင့်တို့သည် သူ့ထက်ငါနိုင် အလှပြိုင်ပွဲ တိုင်ပင်နိုးနှော မနောကြည်မွေ့ သဘောတွေ့လျက် အလှကိုယ်စီ ရှိနေကြ သည်ထင်ရ၏။ ထိုမှ ဤမှ ရောက်လာကြသည့် လှပရောင်သွေး တောင်ပေါ်ငှက်ကျေးတို့လည်း ဟစ်ကြွေးရွှင်ပျ ဗိုမခေါင်ငင်ထွက်ဝင်မဲ ပျော်ပွဲအသွင် ခရီးနှင်လျက် ရှိကြ၏။

ယခုကဲ့သို့ ရာသီသဘာဝ သာယာလှသည့် ကာလရောက်တိုင်း ကျွန်တော်တို့ လဟာယ်ရောက်ဝန်ထမ်း တစ်စုလည်း ကျေးလက်တစ်ခွင် ခရီးနှင်၍ လုပ်ငန်းဝင်ရန် ပျော်ရွှင်တက်ကြွ ပြင်ဆင်ကြမြဲဖြစ်၏။

" စိုက်ပျိုးရေးတာဝန်ခံ ကိုငြိမ်းနဲ့ အဖွဲ့က လယ်ကေမျှားများ ရှိတဲ့ အုံ့ပေါ်ဘက်ကို တာဝန်ယူသွားကြပါ။ အုံ့ပေါ်တန့်ယန် လယ်ကွက် တစ်ကွက်ချင်း အသေအချာနင်းခဲ့ပါ။ မြေမျှုကြီး ကိုဒွေးနဲ့ ကိုယ်က အိန္ဒိယနဲ့ တောင်ယာချင်းတွေ စပ်နေတဲ့ ပုံညိုရွာကို သွားကြမယ်"

ထိုစဉ်က လဟာယ်ရောက်ဝန်ထမ်းများသည် လူငယ် ရွယ်တူ များဖြစ်ကြသည်။ သွားအတူ၊ စားအတူရှိကြ၏။ တာဝန်ခံရသည့် ရွာ အလိုက် ဂုဏ်တင်ချီးမ ခေါ်ဆိုကြမြဲဖြစ်၏။

ကျွန်တော်၏ တာဝန်ခွဲဝေမှုကို စိုက်ပျိုးရေးတာဝန်ခံကိုငြိမ်းက သူ့အစီပွါယ်နှင့်သူ ရယ်မောထောက်ခံလေ၏။

"ကိုကြီးနိုင်းက ပုံညိုသွားချင်မှာပေါ့ဗျာ၊ တောင်ပေါ်နွယ်ချိုသီး တွေ ကိုယ်လက်လှမ်းမမီရင် ပုံညိုသူတွေကို ခူးခိုင်းလို့ရသဗျ၊ မနှစ်က ကိုကြီး ပုံညိုမသွားဖြစ်လိုက်ဘူးလေ၊ ဒီနှစ် ပုံညိုသူတွေ မလာတာ ကြာပေါ့ ကိုကြီး ပုံညိုသွားသင့်တာကြာပြီပဲ၊ ဟဲ ဟဲ ဟဲ"

"ခင်ဗျားလို ဂျပုအတွက်တော့ ဟုတ်မှာပေါ့ဗျာ၊ အခု ဆောင်းကုန်ပြီလေ၊ နွယ်ချိုသီးလည်း တုံးပြီပေါ့၊ ကိုယ်နဲ့သိကျွမ်းတဲ့





ပုံညိုသူလည်း မရှိကြောင်းပါဗျာ၊ အကြောင်းရင်းကတော့ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကားသူမသိ ခက်လှပါဘိပဲ"

ပုံညိုရွာသည် လဟာယ်ဒေသ၏ အနောက်ဘက် အစွန်ဆုံးရွာ ကြီးဖြစ်၏။ ပုံညိုသူတို့သည် ရွာ၏ အနွတ္တတညာနှင့် လိုက်လျော ညီထွေ ရှိကြ၏။ အားလုံးသည် လုံးသွယ်မြင့်မား ညိုစိမ့်ချောမွတ်ရှိကြသည်။ အရေးအဖတ် တတ်မြောက်သူမရှိသကဲ့သို့ မြန်မာစကားပြော တတ်ကျွမ်း သူလည်း ရှားပါးလှ၏။

"ခင်ဗျားနဲ့ ကျွန်တော် အလှည့်ချင်းလဲမလား၊ ခင်ဗျား ကိုကြီးနိုင်းနဲ့ ပုံညိုလိုက်သွား ကျွန်တော် အုံ့ပေါ်ဘက်တက်မယ်၊ အုံ့ပေါ်သူ မိန်းမပျိုနီနီ ဖြူဖြူသွယ်သွယ်လေးတွေက ခင်ဗျား ဗမာစစ်ယောက်ထက် တောင် ဗမာစကားပြော တတ်တယ်မောင်"

မြေစာရင်းမှူးကိုဒွေး၏ အဆိုကို ကိုငြိမ်းက ခြေခါလက်ခါ သုပ်ပြ၏။

"မလဲပါဘူးဗျာ၊ ပုံညိုသွားတဲ့လမ်းက ဝေထိုက်တောင် ဆင်းရတာ တစ်မောတစ်ခေါ်ကြီး၊ ကျုပ်တာဝန်ကျတဲ့ အုံ့ပေါ်တန့်ယန် စိုက်ပျိုးရေး စခန်းလေးက သီချင်းထဲက ငြိမ်းချမ်းသာယာသော ဒေသမြေဗျ၊ ခရီးဘယ်လောက်ရှည်ရှည် ဆွဲဆန့် ပြီးကိုသွားလိုက်မယ်"

"အေး– ခင်ဗျားဘယ်လဲမှလဲ၊ ပြောတော့ အုံ့ပေါ် သွားတော့ 'ကျွန်' အထိဆန့်မှာ မဟုတ်လား၊ ကျုပ် မသိတာမှတ်လို့"

"ကျုပ် မကျွန်ရှာသွားတာ ထမင်းစာရဖို့ပဲ၊ မကျွန်သူတွေ ဆင်းချက်ကောင်းတယ်ဗျ၊ ညိုချောမြင့်ကြီးတွေကို တင်ကူးကြံရွယ် ကြံတင်စိတ်ကူးနဲ့ ရွာကိုရွေးပြီး သွားတာမဟုတ်ဘူးဗျ၊ ဟဲ ဟဲ ဟဲ"

မိမိအား တိုက်ရိုက်ရည်ညွှန်းခြင်းဖြစ်၍ စကားအပြတ်ဖြတ် လိုက်ရ၏။

" အေး ဘယ်သူမှ ဘာအကြောင်းနဲ့မှ လဟာယ်မြို့နယ်ဝင်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ရက်ကို လုံးဝမပျက်ကွက်စေနဲ့"

တာဝန်အသီးသီးခွဲဝေကာ အထုပ်အထမ်းကိုယ်စီဖြင့် ခရီးထွက်ခွာခဲ့ကြ၏။

× × × × × ×

(၂)

ပုံညိုရွာအထက် တောင်ကုန်းထိပ်သို့ ရောက်သွားကြလျှင် ရွာလူကြီးဦးဝေပန်မားနှင့် အဖွဲ့က ခေါင်းဘူးကိုယ်စီကိုင် အသင့်ကြိုစောင့်နေကြ၏။ နာဂတောင်တန်းသားတို့၏ ဧည့်သည်ကြိုဆိုခြင်း ဓလေ့ဖြစ်၏။ လက်ဆွဲနှုတ်ဆက်ရင်း ခရီးစဉ်ပါ ပြောပြလိုက်၏။

"မင်္ဂလာပါ ဦးဝေပန်မား၊ ကျွန်တော်တို့ မနက်ဖြန်တစ်ရက်နဲ့ အလုပ်ဖြတ်ပြီး သန်ဘက်ခါမနက် ဝေထိုက်ရွာကို ဆက်သွားကြပါမယ်၊ ဘာမှအထွေအထူး စီစဉ်မနေပါနဲ့ဗျာ"

စကားပင်မဆုံးရသေး ဦးဝပန်မားက ရှည်လျားစွာ ပြန်လည်ပြောဆိုသည်။ ကျွန်တော်တို့အဖွဲ့တွင် ပုံညိုစကားနားလည်သူ တစ်ယောက်မျှမပါ။ ဦးဝေပန်မားက ခေါင်းတစ်ဘူးစီ ဝေပေးပြီးနောက် လက်သုံးချောင်းထောင်ပြသည်။ ခေါင်သုံးဘူးစီ သောက်ရန် အမှတ်ဖြင့် သွက်လက်စွာ ခေါင်းညိတ်ပြလိုက်၏။ ဦးဝေပန်မား ပြုံးရွှင်သွားပြီး သူ၏ နေအိမ်တန်းလျားရှည်ကြီးပေါ်သို့ ခေါင်ဆောင်သွားလေ၏။

ခေတ္တနားပြီး ရွာလယ်ကုန်းထိပ်သို့ တက်ခဲ့ကာ အရပ်ရပ်သို့ လှည့်ပတ်ရှုမျှော်ကြည့်လိုက်သည်။ အိန္ဒိယနှင့် ယာနီးချင်းစပ်ပင်ဖြစ်သော်





သည်း လွယ်လင့်တကူ ကူးလူးသွားလာနိုင်သည့် ခရီးနီးလေးတော့ မဟုတ်ချေ။ တောင်ယာကွက်များကိုသာ ဟိုတစ်ကွက်သည့် တစ်ကွက် သမ်းမြင်နေရ၏။ မှောင်ရီပျိုးလျှင် ရွာလူကြီးအဖွဲ့ဝင် ဦးပေါင်ပါဟီး ဦးဆောင်၍ ရွာလူကြီးများ တစုတဝေးပင်ရောက်ရှိလာကြ၏။ ပုံညိုသူများ သာမဟုတ် ပုံညိုသားများလည်း အရပ်အမောင်းမြင့်မားကြ သူများသာ ဖြစ်၏။

ရွာလူကြီးအဖွဲ့ဝင် ဦးပေါင်ပါဟီးသည် ငယ်ရွယ်ဖျတ်လတ်၍ မြန်မာစကား အတန်အသင့်ပြောဆိုနိုင်ပြီး ရွာလူကြီးဦးဝေပန်မား အစား သဟာယမြို့သို့ အစည်းအဝေးလာရောက် တက်ရောက်လေ့ရှိ၍ ပိုမို ရင်းနှီးကြ၏။

"ဦးပေါင်ပါဟီးရေ– ကျွန်တော်တို့တိုင်ပင်စရာရှိတာတွေ ဦးပေါင် ပါဟီး ဘာသာပြန်ပေးရမှာနော်၊ ကျွန်တော်တို့နဲ့ တောက်လျှောက် အတူနေ ပေးမှဖြစ်မှာ"

"ကျွန်တော် ဗမာစကားများများမသိဘူးနော၊ ဗမာစကား တတ်တဲ့မိန်းကလေးရှိတယ်၊ လဟယ်မှာ ထစ်နှစ်ကျောင်းသွားနေဖူးတယ်၊ အစည်းအဝေးမှာ စကားပြန်လုပ်ဖို့ ခေါ်ထားတယ်"

ထိုသို့ပြောဆိုနေကြစဉ် ညိုသွယ်မြင့်မားသော မိန်းကလေးများ သည် ကူညီချက်ပြုတ်ရန် တဖွဲဖွဲရောက်ရှိလာကြ၏။ သူတို့လေးတွေထဲမှ အနောက်တိုင်းသူ ကိုယ်နေဟန်ထားရှိ၍ တောင်ပေါ်သူမျက်နှာလှမျိုး ရှိသော ညိုချောမြင့်ကလေးတစ်ယောက်ကို ဦးဝေပန်မားက လက်ဆွဲ ခေါ်ယူခဲ့လျက် ရှည်လျားစွာ မိတ်ဆက်ပြောဆိုလေ၏။

ညိုချောမြင့်ကလေးက ခေါင်းတညိတ်ညိတ်ပြုပြီးလေလျှင် ဦးပေါင်ပါဟီးကပင် တတ်စွမ်းသရွေ့ ဘာသာပြန်ဆိုပြလေ၏။

"သူနာမည် 'ခါရှန်' ခေါ်တယ်၊ ဗမာစကားပြော ကောင်း ကောင်းသိတယ်၊ ဦးဝေပန်မား ပြောတာက သူနဲ့ခင်ဗျားက သားအဖ



www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်တယ်၊ ခင်ဗျားနဲ့ ကျွန်တော်က 'အနောင်' ညီအစ်ကိုတွေပဲ ခင်ဗျားကို 'အနောင်'လို့ခေါ်ပါလို့ ခါရှန်ကို ပြောတာ အနောင် ဆိုတာ ညီအစ်ကိုအရင်းဖြစ်တယ်''

မိန်းကလေးကို မော့ကြည့်မိ၏။ လဟာယ်နေအိမ်အခန်း၌ ချိတ်ကပ်ထားသည့် ပိုစတာရုပ်ပုံမှ အနောက်တိုင်းသူ 'ဖော်ဘီကိတ်'နှင့် ဆင်တူလှသည် ထင်မိ၏။

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ညီမလေးခါရှိန်၊' အနောင် ဆိုတာ အစ်ကိုမောင်နှမကို ပြောတာပေါ့၊ အနောင်အရင်းလို့ သဘော ထားနော်၊'အနောင်' လို့ပဲ အမြဲခေါ်ပေါ့။ အနောင်တို့ ပြောစရာရှိတာတွေ ဘာသာပြန်ပေးဖို့ အကူအညီတောင်းတယ်နော်၊ ဒါနဲ့ညီမလေး လဟာယ်မှာ ကျောင်းသွားနေဖူးတယ် ဟုတ်လား''

''ဟုတ်ကဲ့ရှင့် ၊ ကျွန်မခါရှန်ပါ၊ ဦးဝေပန်မားတူမပါ၊ ဦးပေါင် ပါဟီးက ဝမ်းကွဲအစ်ကို၊ ငယ်ငယ်လေးတုန်းက လဟာယ်မှာ အဖေက အိမ်ကလေးဆောက်ပေးပြီး အစ်ကိုကြီးနဲ့ ကျောင်းသွားနေဖူးတယ်ရှင့်၊ အဲဒီနှစ်မှာပဲ ခန္တီးမှာ ကျောက်တူးပေါ်လာလို့ သူများခေါ်လို့ အစ်ကိုကြီး ကျောင်းတူးလိုက်သွားတာ ဟိုမှာဆုံးသွားတယ်၊ ကျွန်မလည်း ရွာပြန်လာခဲ့ ရတယ်၊ စကားတော့ နည်းနည်းမှတ်မိတယ်၊ စာတော့မရေးတတ်ဘူးရှင့်၊ ဒါနဲ့ အနောင်တို့ရွာမှာ သုံးရက်နေမယ်လို့ ဦးလေးပြောတယ်''

''မဟုတ်ဘူးညီမလေးရဲ့၊ အနောင်တို့ မနက်ဖြန် တစ်ရက် တစ်ညနဲ့ အလုပ်ဖြတ်မှာစောစောက ဦးဝေပန်မား လက်သုံးချောင်း ထောင်ပြတာ ခေါင်သုံးဘူးသောက်ဖို့ ပြောတယ်မှတ်လို့ ခေါင်းညိတ်ပြ လိုက်တာပါ''

မိန်းကလေးနှင့် ဦးဝေပန်မားတို့ အချီအချပြောဆိုပြီး မိန်းကလေးက ဘာသာပြန်၏။

''အနောင်၊ အနောင်နဲ့ပါလာတဲ့လူတွေက များတာလည်း



မဟုတ်ဘူး၊မြို့ကလူကြီးတွေ ဒီရွာကို ရောက်ခဲပါတယ်တဲ့၊ ရောက်တုန်း ဆောက်နိုက် အကူအညီတောင်းခံချင်တာလည်းရှိတယ်။ နာဂထုံးစံနဲ့လည်း ညှိခံရမှ ကျေနပ်မယ်၊ သုံးရက်မနေနိုင်ရင် အနည်းဆုံးနှစ်ရက် နေပေးပါတဲ့၊ လာမယ့်တောင်ယာပွဲအတွက် လဟာယ်ကို ဆားဝယ်လွှတ် ရှိတယ်။ သူတို့နဲ့အတူပြန်ပါလို့ ပြောပါတယ်အနောင်''

အံ့ပေါ်ဘက်တွက်သော စိုက်ပျိုးရေး တာဝန်ခံကိုငြိမ်းတို့နှင့် သတယ်ပြန်ဝင်ရက်အတိအကျ သတ်မှတ်ကြပြီးဖြစ်၍ သွားလာရက်များ အတွက် စိတ်တွက်တွက်နေမိ၏။

''အနောင် လဟာယ်ကို ကျွန်မက ခေါင်းဆောင်ပြီး ဆားဝယ် သွားကြရမှာ၊ ဈေးဆိုင်တွေက ဗမာလိုပြောဝယ်မှဖြစ်တာ၊ ဦးလေးလွှတ်တဲ့ နောက်နှစ်ရက်လောက်မှာပဲ ကျွန်မတို့နဲ့အတူ အနောင်တို့ပြန်ကြရင် ကျွန်မတို့လည်း အားကိုးဖော်ရတာပေါ့အနောင်''

ခါရှန်စကားဆုံးသည်နှင့် တစ်ရက်သာ နေမည့်စီမံချက်မှာလည်း နှစ်ရက်ပြောင်းလဲ သွားခဲ့လေ၏။

'' ကောင်းပါပြီဗျာ၊ ဦးဝေပန်မားပြန်လွှတ်တဲ့ နေ့ပဲ ပြန်ပါ့မယ်လို့ ပြောပေးပါ။''

''ကျေးဇူးတင်ပါတယ်ရှင်''

ညစာစားသောက်အပြီး လာရင်းကိစ္စ ဆွေးနွေးကြသည်။ မပြေညီညာသော တောင်ယာမြေကွက်များကို လှယ်စပါးကွက်အဖြစ် ပြောင်းလဲလုပ်ကိုင်ရေးကို ကျွန်တော်ဆွေးနွေးသည်။ ရွာသားများကလည်း ယခုလို ရေကိုက်ဖြင့် ရေသွယ်ယူလိုကြောင်း ဆွေးနွေးကြသည်။ ညဉ့်နက်၍ ခါရှန်တို့ နှုတ်ဆက်ပြန်ဆင်းသွားကြလျှင် ကျွန်တော်နှင့် ကိုဋ္ဌေးလည်း ပေးထားသည့်အခန်းထဲ အိပ်ရာဝင်လိုက်ကြသည်–

''ဗျို့ – ကိုကြီးနိုင်၊ သားကောင်းမိခင်ဆိုတာ ဒီလိုလကောင်း ကောင်းထောင့်ထောင်မောင်းမောင်း၊ ချောချောလှလှကို ပြောတာဗျ''

www.burmeseclassic.com

www.burmeseclassic.com



" စောစောအိပ် စောစောထပြီး မြေကွက်စောစော သွားတိုင်းဖို့ပဲ စဉ်းစားလိုက်ပါမောင်၊ ကျွန်တော်တော့ အိပ်ပြီဗျို့"

အိပ်ပျော်ဟန်ဆောင်လိုက်၏။ ကိုငွေး၏ ဟောက်သံထွက်လာသည့်တိုင် အိပ်မပျော်နိုင်သေး။ မိုးစင်စင်သာ လင်းလိုက်စေချင်လှတော့သည်။

× × × × × ×

(၂)

အိပ်ရာမှ စောစီးစွာထ၍ ရေခပ်ချောင်းသို့ဆင်းခဲ့၏။ ပုံညိုဒေသသည် လဟာယ်ဒေသထက် နွေးထွေးသည်ဖြစ်၍ အလွန်အမင်း အေးစက်ခြင်းမရှိ၊ ရေတဝချိုးပြီး အိမ်ပေါ်ပြန်တက်လိုက်လျှင် သေသပ်စွာဖြီးလိမ်းပြင်ဆင်ထားသည့် မခါရှန်နှင့် အဖော်မိန်းကလေးများ အသင့်ရောက်နေကြသည်။

မြင်မြင်ချင်း အမှတ်တမဲ့ အံ့အားတသင့်ဖြစ်ရ၏။ ယမန်နေ့ညမီးရောင်အောက်၌မြင်ရသော မခါရှန်သည် လဟာယ်နေအိမ်၌ ကပ်ထားသည့် အနောက်တိုင်းသူ ရုပ်ရှင်မင်းသမီး 'ဖေဘီကိတ်'၏ ပိုစတာပုံနှင့် ဆင်ဆင်တူသည် ထင်ခဲ့၏။

အနီးကပ်မြင်ရမှ တောင်ပေါ်သူ ပုံညိုနာဂ မိန်းကလေးသည် အနောက်တိုင်းသူနှင့် နှိုင်းမရအောင် မြန်မာ့ရုပ်သွင် ပီသကြော့ရှင်း၍ တောင့်တင်းမြင့်မား ညိုရွှေနုညက်ရှိလှ၏။



'ဖေဘီကိတ်' ကို ကျွန်တော်တွေ့မြင်ဖူးခြင်းမရှိသော်လည်း ညိုသူမခါရှန်နှင့် လုံးရုပ်ညီမျှရှိကြမည်လားထင်ရ၏။ ညိုစိမ့်သွယ်လျသော မျက်နှာပေါ်မှ ပေါ်လွင်ဖြောင့်စင်းသော နှာတံသည် ပညာရှင်များ နှံတီးထားသလားထင်ရ၏။ စက္ကူအရုပ်ပေါ်က 'ဖေဘီကိတ်'၏ နှာသီးများက ကွေးကောက်ချွန်လွန်းနေ၍ ကြည့်မရ။ နာဂမိန်းကလေးမခါရှန်၏ မျက်နက်ဝန်းများက အရည်ကြည်လဲ့၍ ရွှန်းရွှန်းမြမြရှိနေ၏။ အိမ်၌ ကပ်ထားသည့် အနောက်တိုင်းသူ၏ ပိုစတာရုပ်ပုံမှ မျက်လုံးကမူ အချောက်မျက်လုံးပြာ အတုကြီးက အရုပ်ဆိုးစွာ ကြောင်တောင်ကြည့်နေသည်ဟု ထင်မြင်လာမိ၏။ စိတ်ကူးအတွေးများကို ချက်ချင်းဖြတ်တောက် မှာကြားလိုက်ရသည်။

" ညီမလေးခါရှန်၊ အနောင်က ရွာလူကြီးတွေနဲ့ လယ်ဘည်နိုင်ငယ့်နေရာကို သွားကြည့်ကြမယ်၊ စကားပြန်ပေးဖို့ ဦးပေါင်ပါဟီးခေါ်သွားမှာ၊ တစ်ချို့ ဒီမှာကျန်ပြီးအလုပ်လုပ်ကြမယ်၊ အဲဒါညီမလေးက ဘာသာပြန်ပေးနော်၊ လဟာယ်ကလာတဲ့ အနောင့်လူတွေကို ခေါင်ရည်များများမပေးစေနဲ့ ဟုတ်လား။ သူတို့ စာရေးတာမှားမှာစိုးလို့ အနောင်တို့လည်း စောနိုင်သမျှစောအောင် ပြန်တက်လာကြမယ်"

"ဟုတ်ကဲ့ရှင့်၊ အနောင်တို့ ချောင်းဆုံတောင်ယာတွေ သွားကြည့်မယ်ဆိုရင် နီးမှမနီးဘဲ၊ ဦးလေးဝေပန်မား ညစာဘယ်လို စီစဉ်ခဲ့မလဲမသိ"

ပြောဆိုနေကြစဉ် ကွင်းဆင်းလုပ်ငန်း လိုက်ပါမည့်သူများ စုံညီရောက်ရှိလာကြပြီ။ ဦးဝေပန်မားက ရှည်လျားစွာပြောဆိုမှာကြားမှာကြားလာခဲ့ကြ၏။ မြေစာရင်းမှူး ကိုငွေးနှင့်အဖွဲ့ လုပ်ငန်းပြီး၍ ပြန်ရောက်ကြချိန်ကား မိုးကြီးစုပ်စုပ်ချုပ်ခဲ့ပြီ။

နောက်တစ်နေ့ ရေသွယ်ယူလိုသည့် စမ်းချောင်းရှိရာ တောသို့ သွားခဲ့ကြ၏။ ခါရှန်နှင့် အဖော်တချို့ ထိုနေ့လိုက်ပါခဲ့သည်ဖြစ်၍ ယမန်

www.burmeseclassic.com

www.burmeseclassic.com



နေ့ကကဲ့သို့ မပင်ပန်းတော့။ ပျော်ရွှင်ဖွယ်ထမင်းမြိန်စား တောထွက်ခြင်းနှင့်တူတော့၏။ ရေစမ်းနှင့် လမ်းကြောင်းအနေအထား လေ့လာပြီး ရွာပြန်ရောက်ကြချိန်ကား နေဝင်ဖျိုးဖျရှိခဲ့ပြီ။ ကြိုတင်စီစဉ်ထားသည့် နာဂရိုးရာညည့်ခံပွဲ ပြုလုပ်မည့် ရွာလယ်အဆောက်အအုံ 'ပန်'သို့ ဝင်လိုက်ကြသည်။ နာဂရိုးရာညည့်ခံပွဲဖြစ်သော အကအခုန်ပါသည့် စားသောက်ပွဲကို ညလုံးပေါက်မျှ နွှဲလိုက်ကြသည်။

× × × × × ×

(၃)

လဟာယ်မှ ပုံညိုဈေးဝယ်လိုက်လာသူများမှာ ခါရှန်အပါ မိန်းကလေး လေးယောက်၊ ယောကျ်ားလေးနှစ်ယောက်ဖြစ်၏တောင်တက်တောင်ဆင်းခရီးရှည်ကို နှစ်ရက်လုံးလုံး အတူရှန်းခဲ့ကြသူများဖြစ်၍ ပို၍ကျွမ်းဝင်ရင်းနှီးသွားကြ၏။

ပုံညိုသူညိုချောကလေးများ၏ ချိုလွင်သော ရယ်မောသံများနှင့် အတူ မနွမ်းမနယ်ဘဲ လဟာယ်သို့ ပြန်ဝင်ခဲ့ကြ၏။ အိမ်သို့ ခေါ်လာပြီး ဆန်နှင့် အိုးကို ထုတ်ပေးလိုက်သည်။

" ဒီမှာ ဝိုင်းပြီးချက်ပြုတ် စားကြမယ်နော်၊ မြေမျှူးကြီး ကိုဒွေးက ခင်ဗျားတို့နဲ့ အတူတူလက်ဆုံစားရတာပျော်တယ်ဗျ"

" မြေမျှူးကြီး ဘာဟင်းစားမလဲရှင့် "

မိန်းကလေးများက သွက်လက်စွာ ပြင်ဆင်ရင်း ကိုဒွေးကို ကျွန်တော်ခေါ်သကဲ့သို့ ခေါ်ဆိုမေးမြန်းကြလေ၏။





" ခင်ဗျားတို့အနောင်ကြိုက်တာ ချက်လိုက်ကြပါဗျာ၊ ခင်ဗျားတို့အနောင်ကြိုက်တာ ခါရှန်သိတယ် "

ကျန်မိန်းကလေးများမှာ ခါရှန်လောက် မြန်မာစကားပြောကျွမ်းကျင်မှုမရှိကြသဖြင့် ခေါင်းပြန်ညိတ်ရင်း ခါရှန်ကို ကြည့်နေကြ၏။ ခါရှန်က မသိသလိုလှုပ်ကာ အခန်းဝှကပ်ထားသော ပိုစတာရုပ်ပုံကိုသာ ငေးကြည့်နေဟန်လုပ်နေ၏။

" အနောင် – ဒီမှာကပ်ထားတဲ့ ပုံဟာ အနောင့်မိန်းမပုံလား၊ ချစ်သူရည်းစားလား "

ခါရှန်၏ အမေးကို ကိုဒွေး ဖောက်မဖြေခင် ဦးအောင်ဖြေလိုက်ရ၏။

" မဟုတ်ရပါဘူးဗျာ၊ အနောင့်ရှေ့က လာနေတဲ့လူ ကပ်ထားခဲ့တဲ့ပုံပါ။ ဘယ်တိုင်းပြည်က ဘယ်သူ့သားသမီးမှန်းမသိပါဘူး။ သူ့နာမည် အင်္ဂလိပ်လိုရေထားတာ 'ဖော်ကိတ်'တဲ့ အနောင်ဖတ်တဲ့အသံ မှန်ချင်မှ မှန်မှာပါ။ ရုပ်ရှင်မင်းသမီးလုပ်တယ်ထင်တာပဲ၊ ညီမလေးခါရှန်နဲ့ တူတယ်လို့ပြောကြတယ်၊ ဟုတ်ရဲ့လား"

" ဘယ်ဟုတ်မလဲ၊ ဒီအရုပ်ထက် မခါရှန်တို့၊ မခါလစ်တို့ ညီသူတွေ အများကြီးပိုလှတာပေါ့"

ကိုဒွေးစကားမဆုံးမီ ခါရှန်၏ ညီမဝမ်းကွဲ 'ခါလစ်'က ရုပ်ပုံကို ကြည့်ရင်း ကျွန်တော့်အမေးကို ပြန်ဖြေ၏။

" အင်း ခါရှန်နဲ့ နည်းနည်းတော့တူတယ်"

" အေးပေါ့ နည်းနည်းပဲတူပါတယ်၊ ဒီစာရွက်ပေါ်က အနောက်တိုင်းသူထက် မြန်မာနိုင်ငံက ပုံညိုသူ မခါရှန်က အများကြီး ပိုချောလို့လှသပေါ့ အဲဒါကြောင့် ဒီပုံမထားတော့ဘူး။ လွှင့်ပစ်လိုက်ပြီ"

ပိုစတာပုံကို ဆုတ်ဖြဲကာ အပြင်သို့ပစ်လွှင့်လိုက်၏။ ခါရှန်လည်း မီးဖိုချောင်ထဲဝင်သွား၏။ ထိုနေ့ညစာစားအပြီး ဈေးဝယ်ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ကိုဌေးက သူ့အိမ်၌ အိပ်ရန် ခေါ်သွားလေ၏။ မိန်းကလေး လေးယောက်ကို ရုံးညှော်ခန်း၌ ဗီဒီယိုကား သုံးခွေထုတ်ပေးပြီး အိပ်ရာ ဝင်သွားခဲ့၏။ နောက်တစ်နေ့ အိပ်ရာနိုးချိန် နေမြင့်ခဲ့ပြီ။ အိမ်ရှေ့ထွက် လာချိန် 'ခါရှန်' နှင့် ' ခါလစ်'တို့ ညီအစ်မ နှစ်ဦးသာ ရှိနေကြ၏။

" အနောင်–ကျွန်မငယ်ငယ်က နေခဲ့တဲ့ လဟယ်မြို့မရပ်ကွက် ဟောင်းနေရာ သွားကြည့်ချင်လို့ အနောင့်ကိုစောင့်နေတာ၊ ကျွန်မတို့ အားလုံးစားပြီးကုန်ကြပြီ၊ အနောင်စားပါအုံး"

" အေး အေး အနောင် လိုက်ပို့ပေးမယ်လေ "

အစာကို လုံးထွေးမျိုးချပြီး ဦးဆောင်ခေါ်လာခဲ့၏။ လွန်ခဲ့သော ၁၀နှစ်က မြို့မရပ်ကွက်နေရာကား ယခုမြို့မရပ်ကွက်၏ အထက်ကုန်း မြင့်ထိပ်၌ရှိသည်။ တောင်ယာဟောင်းများ ဖြတ်ကျော်သွားလျှင် ယခင် နေရာဟောင်းသို့ ရောက်သည်။

"ကျွန်မ အရင်ကဆိုရင် လဟယ်ကို မလွှဲသာမှလာတာရှင့်၊ လဟယ်ကို ရောက်ရင်အစ်ကိုကြီးကိုသတိရပြီး အမြဲငိုတယ်၊ အရင်က ကျွန်မတို့ အိမ်ကလေးနားမှာ ညောင်ပင်လေးရှိတယ်၊ အဲဒါပဲ လာကြည့် ရတော့တာပေါ့"

ခါရှန်၏ အသံက သိသိသာသာ နစ်ဝင်သွားခဲ့၏။ မိမိကိုယ်ကို လက်ညှိုးညွှန်ပြအားပေးလိုက်ရ၏။

"အခုတော့ မငိုပါနဲ့တော့ ညီမလေးရယ်၊ ဒီမှာ ကျွန်တော်က ခါရှန်ရဲ့အစ်ကို 'အနောင်' ဖြစ်ခဲ့ပြီလို့ ဦးဝေပန်မားပြောခဲ့တယ်လေ ခါရှန်က အစ်ကိုကြီးအစားပြန်ရပြီပဲ"

အားပေးစကားကို သဘောပေါက်ဟန်ရှိပါ၏။ စိုစွတ်သော မျက်လုံးများကြားမှ ချိုမြသော အပြုံးဖြင့် စကားဆက်လေ၏။

" အခုတော့ မငိုတော့ပါဘူးအနောင်၊ ကျွန်မ လဟယ် ကိုကျောင်းတက်ဖို့ လာတော့ ငယ်ငယ်လေးရှိသေးတယ်၊ အဲဒီနှစ်





အစ်ကိုကြီး ခန္တီးကို ကျောက်တူးသွားရင်း ဆုံးတာ (၁၀)နှစ်ရှိပြီပဲ၊ အစ်ကိုကြီးကို မမြင်လိုက်ရတော့ဘဲ ကျွန်မ ပုံညီပြန်သွားရတာ၊ အဲဒါနဲ့ စာမသင်ဖြစ်လို့ စာရေးစာဖတ်မတတ်တော့တာ"

"အခု စာရေးစာဖတ်တတ်တဲ့ အနောင်က ခါရှန်ရဲ့အနောင် ဖြစ်ခဲ့ပြီလေ၊ စာရေးစာဖတ်တတ်အောင် ခါရှန်ကို အနောင် စာပြန် သင်ပေးမှာပေါ့"

"မဖြစ်နိုင်တာပဲ အနောင်ရယ်၊ အနောင်က မကြာခင် ပြန်ပြောင်းသွားရတော့မှာ၊ ခါရှန်လည်း မနက်ဖြန်ဆို ပုံညီပြန်တော့မှာ ဘယ်လို စာသင်တော့မလဲ"

အဖြေတစ်ခုခုတော့ ပြန်ပေးလိုက်ချင်ပါ၏။ ပြောရမည့်စကား ရှာမတွေ့ရှိနိုင်ခဲ့ပါ။ မည်သို့ဆိုစေ ဦးနှောက်ကတော့ ဆူဝေသည်အထိ အလုပ်လုပ်လျက်ရှိပါ၏။ စကားပြောရင်းပင် ရပ်ကွက်နေရာဟောင်းသို့ ရောက်ကြပြီ။

"အနောင် အဲဒီညောင်ပင်ကြီးဟာ အစ်ကိုကြီးစိုက်ခဲ့တဲ့ အပင်ပေါ့၊ ၁၀နှစ်လောက်နဲ့ အပင်ကြီးကြီးဖြစ်သွားတာပဲ"

ညီအစ်မနှစ်ယောက် ညောင်ပင်အောက်သို့သွားကာ တီးတိုးရေ ရွတ်ပြီး ကျောက်ခဲလုံးများကို စုပုံကြသည်။

ညောင်ပင်အောက်မှ ပြန်ထွက်ခဲ့၍ ရုံးပေါ်ပြန်တက်လာချိန်တွင် ညီမလေးတို့ ဈေးဝယ်ထွက်သွားကြလေပြီ။

ရုံးခန်းတွင်းရှိ ဆုံလည်ကုလားထိုင်ကို လှည့်၍ မြို့ဦးစေတီသို့ သေမျှော်ကြည့်မိ၏။

"အနောင်က မကြာခင်ပြောင်းသွားရတော့မှာ၊ ခါရှန်လည်း မနက်ဖြန်ဆို ပုံညီပြန်တော့မှာ ဘယ်လိုစာသင်တော့မလဲ"

မနက်က ခါရှန့်စကားသည် နားထဲက မထွက်သေး၊ စိတ်လျှော့ ထားလျှော့သွားသည့် မျက်နှာလှကလေးကလည်း နှလုံးသားကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲညှစ်နိုင်လှ၏။

"အင်း – ငါ အပြီးအပြတ် အခိုင်အမာ ဆုံးဖြတ်ရမှာပဲ ညီမလေးခါရှုန်ကို စာသင်ပေးနိုင်ဖို့ဆိုရင် အနောင်နဲ့ အတူတူနေကြ[...] ဖြစ်မယ်၊ အတူတူနေကြဖို့ဆိုရင် ညီမလေးခါရှုန်ကို အနောင်ချစ်သလို အနောင့်ကိုလည်း ညီမလေးချစ်နေမှ ဘဝမှာ လိုအပ်တာ ပြည့်စုံကြမယ်"

တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်၏။ ပြောရမည့်စကား[...] ပြောဖြစ်အောင် ပြောလိုက်ရပေတော့မည်။

အပြီးအပြတ်ဆုံးဖြတ်၍ ရုံးစောစောပင်ဆင်းခဲ့၏။ အိမ်ပြန်[...] ရောက်ချိန်၌ကား ပုံညိုသူတို့ အထုပ်၊ အထမ်း ထုပ်ပိုးပြင်ဆင်ပြီးကြပြီ[...]

"ညီမလေးတို့ရေ၊ နေမဝင်ခင် ဘုရားကုန်းမှာ ဓာတ်ပုံသွား[...] ရိုက်ကြရအောင်၊ အမှတ်တရပေါ့"

တစ်ယောက်တစ်ပေါက် ပြန်လည်ပြောဆိုသံများကို ခါရှုန်က ဘာသာပြန်ပေး၏။

"သူတို့ပုံလေးတွေ ပြန်ပို့ပေးပါ၊ ကြည့်ချင်လို့တဲ့ အနောင်"

"သေချာပြန်ပို့ပေးမယ်နော်၊ ခန္တီးလူကြုံရှိရှိချင်း ကူးခိုင်[...] လိုက်မယ်"

ဘုရားကုန်းပေါ်အရောက် ဘုရားစေတီပုံ နောက်ခံဖြင့် အ[...] အဖွဲ့ပုံ၊ တစ်ယောက်ချင်းပုံများ ရိုက်ပေးလိုက်သည်။ ခါရှုန်၏ အလှည့်က[...] နောက်ဆုံးကထားသည်။

"နောက်ဆုံး ခါရှုန်ကို ဓါတ်ပုံရိုက်မယ်နော်၊ ကျန်တဲ့လူတွေ[...] နည်းနည်းဖယ်ပေးနော်"

မိန်းကလေးများက ဝေးဝေးပင် ဖယ်ပေးလိုက်ကြသည်။

"ညီမလေးခါရှုန် အရှေ့ဘက် ဂဟုန်းတောင်ထိပ်ဘက်က[...] တည့်တည့်ကြည့်လိုက်နော်၊ ပြီးတော့အနောင့်လက်ထဲက ကင်မရာလေး[...] နည်းနည်းလေး စောင်းပြီးကြည့်မယ်၊ အနောင်လာပြင် ပေးမယ်နော်"





ကိုယ်နေဟန် ပြင်ပေးမလို့နှင့် အနားကပ် တိုးတိုးပြောလိုက်၏။

"ညီမလေးခါရှုန်၊ ဓာတ်ပုံရိုက်ပြီးရင် အဖော်တွေရှေ့က [...]သွားနှင့်လိုက်ပြီး နောက်ချန်နေခဲ့ပါနော်၊ အနောင် ညီမလေးကို ပြောစရာ [...]"

အနားမှပြန်ခွာခဲ့ပြီး ဓာတ်ပုံအကွက်ပေါင်း အမြောက်အများပင် [...]ထားလိုက်သည်။

"ပြီးပါပြီ၊ ဖလင်လည်းကုန်သွားပြီ"

ခါရှုန်က အဖော်များကို လှမ်းအော်ပြောလိုက်သောအခါ [...]ထူးစွာ ပြေးတက်သွားကြ၏။

"အနောင်ထမင်းဆာတော့မယ်၊ ပြင်နှင့်ကြလို့ပြောထားတယ်၊ [...]ကို ပြောစရာရှိတယ်ဆိုလို့"

"အနောင်ကလေ၊ ညီမလေးခါရှုန်ကို စာရေးစာဖတ် [...]ကောင်းတတ်အောင် သင်ပေးဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒါ [...]လို့ပါ"

"ဘာများလဲလို့ အနောင်ရယ်၊ ဦးလေး ဝေပန်မားဆီ [...]ကြီးမှာစရာများရှိလားလို့ အနောင်နဲ့ခါရှုန် လဟယ်နဲ့ပုံညိုမှာ [...]တာလေ၊ အနောင်လဟယ်မှာ လာနေရတာက ခဏရယ်၊ ပြီးတော့ [...]ပြောင်းရွှေ့သွားမှာ၊ ခါရှုန်လည်း ပုံညိုကနေ ဘယ်မှသွားလို့ [...]တော့ဘူး၊ အနောင်ပုံညိုမှာ အမြဲတမ်းလာနေရင်တော့ သင်ဖြစ်[...]ပေါ့"

"ဒီလိုလေ ညီမလေး၊ အနောင်နဲ့ ညီမလေး ခါရှုန်နဲ့ အမြဲတမ်း [...]တူနေကြမယ်၊ အနောင်ဘယ်ကိုပဲပြောင်းသွားသွား ညီမလေးကို [...]လရာ ခေါ်သွားမယ်၊ အနောင်က ညီမလေးခါရှုန်နားမှာပဲ [...]နေချင်တယ်၊ ညီမလေးကလည်း အနောင်နဲ့ အမြဲတမ်းအတူတူ



www.burmeseclassic.com

www.burmeseclassic.com



မနေချင်ဘူးလား၊ အဲဒါပဲသိချင်တယ်၊ အနောင်နဲ့အတူနေဖို့ ညီမလေး ဆုံးဖြတ်ရင် အနောင် ဦးဝေပန်မားတို့နဲ့ တစ်ခါတည်း သွားပြီးစီစဉ်တော့ မယ်''

မိန်းကလေး၏ မျက်လုံးများက အံ့သြထိတ်လန့်သည့်အသွင်ပ ဆောင်လျက်ရှိ၏။ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပြီးမှ ထပ်မေးလိုက်ရ

''အနောင်မေးတာ ဖြေအုံးလေညီမလေး''

'' ခါရှန် အနောင့်ဆီက မမျှော်လင့်တဲ့ စကားကြားရလို့ စကားပြန်မပြောနိုင်လို့ပါ။ ဒါပေမဲ့ စိတ်ထဲမှာ အားလုံးနားလည်ဆုံးဖြတ် ထားပြီးပါပြီ ခါရှန်ကို နတ်ဘုရားများကောင်းချီးပေးလို့ အနောင့်နားမှ နေခွင့်ရမယ်ဆိုရင် အလွန်နေချင်တာပေါ့ အနောင်ရယ်၊ အနောင့်ဆီမှ စာသင်ရင်း ခါရှန် ကောင်းကောင်း ချက်ပြုတ်ကျွေးနိုင်တာပေါ့။

အခု အနောင်တစ်ယောက်တည်း ဖြစ်သလို ချက်ပြုတ်စားနေ တာတွေ့တော့ ခါရှန်စိတ်မကောင်းဘူး ဒါပေမဲ့ အနောင်ရယ် အနောင့် နားမှာ ခါရှန်နေခွင့်ဘယ်တော့မှ ရမှာမဟုတ်ပါဘူး။ စကားပြတ်ကြပြီနော် ပြန်ကြရအောင်''

ခါရှန် စကားအဆုံးသတ်၍ ထိုင်ရာမှထလိုက်၏။

'' ဘာဖြစ်လို့လဲ ခါရှန်ရယ်၊ ညီမလေးကို နှာဂထုံးစံနဲ့ မိဘတွေ ပေးစားထားတာ ရှိနေလို့လား၊ ဒါမှမဟုတ်လည်း ညီမလေးမှာ ချစ်သူ ရည်းစားရှိနေလို့လား''

'' အို – မဟုတ်ရပါဘူး အနောင်ရဲ့ ခါရှန်က တစ်ယော တည်းရှိတဲ့သမီးလေ၊ မိအိုဖအိုတွေ မမြင်နိုင်တဲ့အရပ်ကို ကိုယ်သွား ချင်တိုင်း သွားနေနိုင်တာမှမဟုတ်ဘဲ မဖြစ်နိုင်တာကို ပြောကြ နှစ်ယောက်စလုံး စိတ်မကောင်းရှိကြမယ်၊ ခါရှန် အနောင်ပြောင်းသွား နောက်ကို ဘယ်တော့မှ လိုက်နိုင်မှာ မဟုတ်ဘူး။ ဘယ်တော့မှလည် လိုက်ဖို့ထပ်မပြောပါနဲ့နော်၊ အနောင်ပြောခဲ့တဲ့စကားတွေ သတိရပြန်





ဖို့ချင်ဘူး''

စကားပင် အဆုံးမသတ်ခဲ့ရှာ၊ ခါရှန်တစ်ယောက် ဘုရားကုန်း သို့ ပြေးဆင်းသွားခဲ့ပြီး၊ မပြောတတ်ပြောတတ်နှင့် ပြောရရှာ လည်း ပြီးပြတ်သောအဖြေကို ပေးသည့်စကားဖြစ်ပါ၏။ ပြန်လည် ခွင့်ပင် မရလိုက်တော့။ အရုဏ်မကျင်းမီ ပုံညိုပြန်ကြမည်ဖြစ်၍ စာစောဝင်သွားကြသည်။ နောက်မနက် ထွက်ခွာသွားကြလျှင် မြို့အထွက် ပုံညိုလမ်းခွဲအထိ ပို့ဆောင်နှုတ်ဆက်သည်။ လမ်းခွဲ သူတို့လေးတွေ၏ ခွဲခွာနှုတ်ဆက်သံ တစ်ပြိုင်တည်းထွက်လာ ရှင်မှာ ဆို့နစ်ခံစားရပါ၏။

''အနောင်ရေ နှုတ်ဆက်ပါတယ်၊ ပြန်ကြပါအုံးမယ်''

လိုက်လှဲ ကျယ်လောင်စွာ ပြန်လည် အော်ဟစ်လိုက်လေ၏။

''ပုံညိုကို တစ်ခေါက်လာအုံးမယ်နော်''

သူတို့လေးတွေ ကွယ်ပျောက်သွားကြသည်အထိ ငေးငိုင်ရပ် ကျန်ခဲ့၏။

× × × × × ×

(၄)

စိတ်ကတော့ ပုံညိုသို့ မပြတ်ရောက်ရှိနေခဲ့ပါ၏။ လူပင်နီး အရ လူကတော့ လုံးဝမရောက်နိုင်တော့ပြီ၊ သကြံန်လည်းပြောက်၍ သို့ဝင်နီးခဲ့ပြီ၊ တောင်ထိပ်ဖျားများပေါ်၌ တိမ်ဖြူများသို့ လွှားခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



"ကြေးနန်းဗျို့၊ ကြေးနန်း"

မြေစာရင်းမှူးကိုဌေး ကျယ်လောင်စွာ အော်ဟစ်ပြေး တက်လာခဲ့၏။

"တိုးတိုးသက်သာလုပ်စမ်းပါဗျ။ နေပူပူနဲ့ ထိန်ညိုတောင်တက်ရအုံးတော့မှာပဲ၊ အစည်းအဝေးက ဘယ်နေ့တဲ့လဲ၊ ရွာလူကြီးတွေ စာရင်းညှိဖို့ ဒီနေ့အရောက်ခေါ်ထားတာနဲ့ အံတော်ပဲ"

အစည်းအဝေးကိစ္စသာ ကြေးနန်းဖြင့်လာလေ့ရှိ၍ အတတ်ပြောလိုက်၏။

"ဘာ..စည်းအဝေးမှ မဟုတ်ဘူး အဝကျွေးဖို့သာ ပြင်လိုက်တော့"

"ဘာလဲ ..အပြောင်းအရွှေ့လား"

ကြေးနန်းစာရွက်ကို ဖျပ်ခနဲဆွဲယူလိုက်၏။

"လူကြီးမင်းအား ဗဟန်းမြို့နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ခန့်ထားပြီးဖြစ်၊ ကနေ့ရရချင်း လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲအပ်၍ ပထမထွက်ခွာ ပြောင်းရွှေ့တာဝန်လက်ခံရန် (ရုံးချုပ်)"

ရုံးဝန်ထမ်းများအား ချက်ချင်းစုရုံး အသိပေးလိုက်၏။

"ကိုယ်က တာဝန်ကျရာ အရင်သွားရမယ့် First Move အပြောင်းအရွှေ့ဖြစ်တယ်၊ ဒီကိုလာမယ့်လူက ကိုယ့်ကို တာဝန်လွှဲပြီးမှလာရမှာ ကိုယ်က ကြာနေရင် တောင်ပေါ် မိုးကျတာနဲ့ သူအခက်တွေ့မယ် ဒီကိုသူ အရောက်နောက်ကျရင် ဒီမှာ အလုပ်လစ်ဟင်းမယ်၊ ဒီတော့ ကိုယ်အမြန်ဆုံးသွားမယ်၊ ရွာလူကြီးတွေကြုံတုန်း မနက်ဖြန် အစည်းအဝေးပြီးတာနဲ့ ရုံးအဖွဲ့နဲ့ပေါင်းပြီး နှုတ်ဆက်ပွဲ လုပ်မယ်၊ အလွှဲအပြောင်းမှတ်တမ်း ရေးကြပေတော့"ဟု မှာကြားပြီး အိမ်ပေါ်ပြန်တက်လာခဲ့သော် အစည်းအဝေးလာသည့် ဦးပေါင်ပါဟီး အသင့်ရောက်နေ၏။ ချက်ချင်းပြောင်းရွှေ့ထွက်ခွာတော့မည့်အကြောင်း တွေ့တွေ့ချင်း ပြောပြလိုက်၏။





"ခင်မင်သူပြောင်းသွားတော့ စိတ်မကောင်းဘူးရှိတယ်၊ အမှတ်ထိမ်း ဆိုတော့လည်း မတတ်နိုင်ဘူးပလေ၊ မခါရှုန်ကလေး နာဂတက်စောင်အနီလေးရက်ပြီး ပါးလိုက်လို့ အိမ်ကိုအရင်ဝင်လာ ပေးတာပါ"

ဦးပေါင်ပါဟီးကမ်းပေးသည့် သံယောဇဉ် အထိမ်းအမှတ် နာဂတက်စောင်နီလေးပေါ်တွင် ညိုပြာညက်ကလေး မခါရှုန်၏ အပြုံးမျက်နှာက အရိပ်ထင်လျက်ရှိလေ၏။ ထားခဲ့ဖူးသည့် ကြီးမားသောမျှော်လင့်ချက်တို့သည်လည်း အခြေအနေအရ စဉ်းငယ်မှုဖြစ်ပေါ်လာရန် အကြောင်းမရှိကြတော့ပြီ။

"သွားလေရာ အမြဲယူသွားမယ်လို့ ပြောပေးပါ။ သူ့ကိုယ်စားပေါ့ ကျွန်တော်လည်း လက်ဆောင်တစ်ခုခု ပြန်ပေးလိုက်ပါမယ်၊ ပြန်ခါနီးဝင်ခဲ့ပါအုံး"

နောက်တစ်နေ့ အစည်းအဝေးကို စောစီးစွာ သိမ်းလိုက်သည်။ ရွာလူကြီးများ စုံညီချိန်နှစ်ဖက်နှုတ်ဆက်ပွဲဖြစ်ရာ အတန်ပင် ကြီးမားသော မျှော်ပွဲရှင်ပွဲကြီးဖြစ်ခဲ့၏။ အချိန်လွန်ပြီဖြစ်၍ ကခုန်နေသူများကို မျက်ခြည်ပြတ် အိမ်ပေါ်ပြန်တက်လာခဲ့၏ သန်းခေါင်ကျော်၍ အလင်းဘက်သို့ ချိုးခဲ့ပြီ မရှေးမနှောင်းပင် ဦးပေါင်ပါဟီး အိမ်ပေါ်တက်လာခဲ့လေ၏။

" ကျွန်တော်မိုးလင်းလင်းချင်း ပုံညိုပြန်ချင်လို့ မှာထားတဲ့အတွက် လိုက်လာခဲ့တာပါ"

" ဪ – အေး ညီမလေးခါရှုန်ကို နာဂထုံးစံအမှတ်တရ လက်ဆောင်ပြန်ပေးလိုက်ချင်လို့ပါ။ နာဂလေ့မှာ ရည်စူးထားတဲ့ချစ်သူကို ပေါင်းစုံပုတီးဆွဲပေးရတယ်မဟုတ်လား၊ ဒီပန်းပွင့်ပုံ သီထားတဲ့ရောင်စုံပုတီးလေးက ကျူုယမ်းနယ်သွားတုန်းက ဝယ်ခဲ့တာ၊ အိန္ဒိယကြေးဝါလက်ကောက်ကလေးက ငှက်ကလေးနှစ်ကောင် အစာခွံ့နေပုံဖော်ထား



www.burmeseclassic.com

www.burmeseclassic.com



တာကြိုက်လို့ နဝသစ်သွားတုန်းက ဝယ်ခဲ့တာပါ။ အဲဒါလေးပဲ ညီမလေ
ခါရှန်ကို ပေးပေးလိုက်ပါတော့ ကျွန်တော်ကတော့ သူပေးလိုက်
နလုံးသားဒဏ်ရာ အကွဲကွဲအအက်အက်နဲ့ ပြန်သွားခဲ့ရပါပြီလို့သ
ပြောပေးလိုက်ပါတော့ဗျာ''

ဦးပေါင်ပါဟီး သဘောပေါက်လှမည်မထင်။ ကိုယ့်စိတ်ကို
ကိုယ်ကျေနပ်ရုံ ပြောခြင်းမျှဖြစ်မည်။ သို့သော် ဦးပေါင်ပါဟီးက ဖြစ်သ
အကြောင်းနားလည်ထားပြီးခဲ့ဟန်ရှိ၏။

"ခါရှန်ကလေးလည်း ခင်ဗျားနဲ့အတူတူ အမြဲတမ်းနေချင်တယ်
ခင်ဗျားကို ချစ်လို့ပဲ သူမျက်ရည်နဲ့ဆွတ်ပြီ ရက်တဲ့တဘက်စောင်လေ
ပို့ခဲ့တာပဲ၊ ခါရှန်နဲ့အတူတူ အမြဲတမ်းနေချင်ရင် နေရအောင် ခင်ဗျ
လုပ်နိုင်တာပဲ''

" သူမချစ်နိုင်လို့ဘဲ ဘယ်တော့မှ မလိုက်ပါဘူးလို့ သူအပြ
ပြောခဲ့ပြီးပါပြီ ဦးပေါင်ပါဟီးရယ်၊ သူမလိုက်ချင်တာ ကျွန်တော် ဘယ်
လုပ်တတ်နိုင်မလဲ''

" ခါရှန် နေ့စဉ်တောင်ယာခုတ်၊ထမင်းချက်ကျွေးမှ အသက်
ရတဲ့ မိအိုဖအိုနှစ်ပါးကို ပစ်မထားနိုင်ခဲ့ဘူးလေ၊ ခင်ဗျားအဲဒါ
နားမလည်နိုင်ဘူး၊ အားလုံးကိုခေါ်သွားရင် အတူနေကြရမှာပဲ၊ ခါ
မိဘတွေ ခါရှန်ပြောစကားလက်ခံတယ်၊ ခါရှန်ကလေး လိမ္မာတယ်''

ဦးပေါင်ပါဟီးစကားကြောင့် အတွေးသစ်နှင့် အင်သစ်အားသ
တို့က တစ်မဟုတ်ချင်း ဖြစ်ထွန်းလာခဲ့ရပြန်၏။

"ဟုတ်ပါရဲ့ ဦးပေါင်ပါဟီး၊ ကျွန်တော်ခါရှန် ပြောစကာ
နားမလည်ခဲ့တာပဲ၊ ပုံညို့တစ်ခေါက်လာအုံးမယ်၊ ခါရှန်နဲ့သူမိဘနှစ်ပါး
သွားလေရာခေါ်သွားမယ်ဗျာ၊ ခင်ဗျားရအောင်ပြောပေးနိုင်မလား''

" ရွာမှာ နာဂထုံးစံနဲ့ လက်ထပ်ပွဲလုပ်ပြီးမှ ခေါ်သွားမယ်ဆို



အားလုံးပျော်ပျော်ပါးပါး လိုက်ပို့ကြတာပါပဲ၊ ခါရှန်ရဲ့အဖေက ကျွန်တော့
ဦးလေးပဲ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့''

"အခုပဲ ကျွန်တော်အသက်ရှူနိုင်တော့တယ်ဗျာ။မိုးလင်းရင်
ညှိသည်တွေ တက်လာပြီးအလုပ်ရှုပ်အုံးမယ်၊ အခုပဲ ပုံညို့ကိုထွက်
သွားကြပါစို့''

နှစ်ဦးသား အလျင်စလို ပြိုင်တူထရပ်လိုက်ကြသည်။

ကိုနိုင်း (ချင်းတောင်)
(မြဝတီ၊အတွဲ ၅၄၊ အမှတ် ၉၊ ဇူလိုင် ၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com




## နှလုံးသွေးစက် ဤပန်းခက်ကို

''မင်းထင်နိုင်း မောင်က ဝိတိုရိယ တောင်ထိပ်ရှာသားဆိုတော့ ဘယ်တောင်ထိပ် ရောက်ရင် ဒေသဗဟုသုတ ဆွေးနွေးပေးပါ''

တောင်တက်အဖွဲ့ ခရီးတစ်ထောက် နားတော့ ဆရာကြီးက တာဝန်ပေးသည်။ ဆရာကြီးဦးစိုးညွန့်သည် ကျွန်တော် ဆော ထက်တန်း ကျောင်းသားတဝက ကျောင်းအုပ်ဆရာကြီးဖြစ်သည်။ ဆယ်တန်းအောင်ပြီး၍ ကန်ပက်လက်မြို့ ပြန်ရောက်သည့်နှစ်၌ပင် ဆရာကြီးသည် မြင်းခြံခရိုင် တောင်သာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ ကျေးဇူးရှင် ဆရာကြီး ဦးစိုးညွန့်ကား ချင်းတောင် နှင့် ချင်းတိုင်းရင်းသားများကိုများစွာ ချစ်ခင်သူဖြစ်၍ ကျွန်တော် အား လက်ရင်းတပည့် ဖြစ်ခဲ့ပါ၏။ ယခုလည်း သူ့အခေါက်ခေါက်

---

စိတ်ကူးသစ်ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့ပြီးသော ကနဲပက်လက်မြို့ အထက်ဗိတိုရိယ တောင်ထိပ်သို့ (နတ်မတောင်ထိပ်) တောင်သာ အထက်တန်းကျောင်းသားများကို ဦးစီး၍ တက်ရောက်လာခဲ့ပြန်သည်။

တောင်သာ အထက်တန်းကျောင်း ခြေလျင်နှင့် တောင်တက်အသင်း၏ အမျိုးသားခေါင်းဆောင်မှာ ကိုမောင်မောင်အေးဖြစ်၍ အမျိုးသမီးခေါင်းဆောင်မှာ မခင်ချိုလတ် ဖြစ်သည်။ အဖွဲ့ခေါင်းဆောင်နှစ်ဦးသည် လိုအပ်သည့် ကြိုတင်စီမံဆောင်ရွက်မှုများအတွက် ဒေသခံ ကျွန်တော်နှင့် ပူးပေါင်း ဆောင်ရွက်ရခြင်း၊ ကျွန်တော်သည် ဆရာကြီး၏ လက်ရင်းတပည့်ဖြစ်ခြင်းတို့ကြောင့် ပိုမိုရင်းနှီးကြသည်။ ဒုတိယတောင်ထိပ်အရောက်တွင် ကျွန်တော် စတင်မိတ်ဆက် စကားပြောဆိုရပါသည်။

"တောင်သာအထက်တန်းကျောင်း ခြေလျင်နဲ့ တောင်တက်အဖွဲ့ဝင်များ ခင်ဗျား။ ကျွန်တော်က ယခုဒုတိယတောင် အနီးဖြတ်လာခဲ့ကြတဲ့ လှလောင်းပန်ရွာကလေးဇာတိ ဖြစ်ပါတယ်၊ ဒီဒေသနဲ့ ပတ်သက်လို့ သိချင်တာလေးများရှိရင် မေးကြပါ"

ကျွန်တော့် စကားဆုံးသော် အမျိုးသမီးအသင်းခေါင်းဆောင် မခင်ချိုလတ်က မေးသည်။

" ကျွန်မတို့က အလွန်သာယာလှပတဲ့ ဗိတိုရိယ တောင်ထိပ်လို့ ပဲကြားဖူးကြတာပါ။ ကြားဖူးတဲ့အတိုင်းပါပဲ၊ တစ်တောတစ်တောင်လုံး တောင်ဇလပ်ပန်း၊ နီနီရဲရဲကြီးတွေ ဖုံးအုပ်ထားတာ ဘယ်မှာမှ မြင်နိုင်ခွင့်မရှိတဲ့ မြင်ကွင်းပဲရှင့်၊ ဘာဖြစ်လို့ ပထမတောင်၊ ဒုတိယတောင်လို့ ရှိနေရတာလဲ ကိုနိုင်း"

"ဒီလိုပါ မိချို" အများက သူမကိုခေါ်သည့် လေသံအတိုင်း ခေါ်ရှင်းပြလိုက်သည်။

"ဒုတိယ တောင်ထိပ်က မြေပြင်ပေါ်ကနေ ထူပါစေတီကြီးလို



အချိုးကျကျ လှလှပပထွက်လာပြီး ထီးထီးမားမား ရှိပါတယ်၊ ကျွန်တော်တို့ အဘိုးပြောပြတာကတော့ ဒီတောင်ထိပ်ကိုပဲ ရှေးမြန်မာဘုရင်အဆက်ဆက် အထောက်တော်တွေ နှစ်စဉ်မပျက် တက်ရောက်ခဲ့ကြတယ်လို့ ဆိုပါတယ်၊ တောင်ထိပ်ပေါ်မှာ ဇေယျပဗ္ဗတ တောင်အမည်နဲ့ ကြေးပြားပေါ်မှာရေးသားပြီး ကမ္ပည်းစိုက်ထူထားတယ်လို့ ဆိုပါတယ်၊ အင်္ဂလိပ်အုပ်ချုပ်မှု ရောက်လာပြီးနောက်မှာ ဒီကြေးပြားစာတန်းဆိုင်းဘုတ် မတွေ့ရတော့ဘူးလို့ ပြောပြဖူးပါတယ်၊ ဒီဒုတိယတောင်ကနေ အစ်မိုင်ခွဲလောက် ဆက်သွားလိုက်ရင် ကုန်းမြင့်ကလေးတစ်ခုကို ရောက်ပါမယ်၊ ဒီကုန်းမြင့်လေးကို အခုတော့ တောင်ထိပ်မကြီး ပထမတောင်လို့ ခေါ်ကြတာပါပဲ"

" ဟုတ်ကဲ့ရှင့်၊ ကျွန်မ မေးချင်တာက ပထမတွေ့တဲ့ တောင်က ဒုတိယ၊ ဒုတိယတွေ့ရမယ့်တောင်က ပထမခေါ်ရတာကိုပါ ရှင့်"

" ဟုတ်ကဲ့၊ အခု ကျွန်တော်တို့ ရောက်နေတဲ့ ဒုတိယတောင်ထိပ်ကမြန်မာမင်း အဆက်ဆက် အသိအမှတ်ပြု တက်ရောက်တဲ့ တောင်ထိပ်ဖြစ်ပါတယ်၊ ပထမတောင်ထိပ်ဆိုတာကတော့ တောင်ထိပ်နဲ့ မတူတဲ့ ကုန်းမြင့်လေးတစ်ခုနဲ့ တူပါတယ်၊ ဒါပေမယ့် ဒီကုန်းမြင့်လေးဟာ ပင်လယ်ပြင်မှ အမြင့်ပေပေါင်း ၁၀၅၀၀ ပေရှိပြီး ဒုတိယတောင်ထိပ်က ၁၀၂၀၀ ပေပဲမြင့်ပါတယ်၊ ဒီလိုပိုမြင့်နေတာကို အင်္ဂလိပ်မင်းမှုထမ်းတွေက တိုင်းတာတွေရှိခဲ့ပြီးတဲ့နောက် ဗိတိုရိယ တောင်ထိပ်လို့ သမုတ်ခေါ်ကြတာပါပဲ၊ ပထမတောင်ထိပ်လို့ ခေါ်ကြတာကတော့ အမြင့်ပေကြောင့်ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒေသစကားနဲ့တော့ ဒုတိယတောင်ထိပ်ကို 'ဆိပ်လီစုမ်'၊ ပထမတောင်ထိပ်ကို 'ခေါနုစုမ်'လို့ ခေါ်ကြပါတယ်၊ မြန်မာလို 'ခြောက်တောင်ထိပ်'နဲ့ 'မိခင်တောင်မကြီး' ဖြစ်ပါတယ်။

ကျွန်တော်၏ ရှင်းလင်းချက်ပြီးသော် ဆရာကြီးထံမှ ညွှန်ကြားချက်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပထမတောင်ထိပ်မှာ ခွေးနွေးပွဲတစ်ခုလုပ်မယ်၊ အဖွဲ့ ခေါင်းဆောင်တွေ ဆက်လုပ်"

ကိုမောင်မောင်အေး နှင့် မခင်ချိုလတ်တို့က မိမိအဖွဲ့လိုက်တန်းစီလူစစ်ပြီး ဒုတိယတောင်ထိပ်မှ ပြန်လည်ဆင်းသက်ကာ ပထမတောင်ထိပ်သို့ ဆက်လက်ထွာခွာခဲ့ကြသည်။

× × × × × ×

(၂)

ဒုတိယတောင်ထိပ်မှ တောင်ထိပ်မကြီးဖြစ်သည့် ပထမတောင်ထိပ်သို့ တက်ရခြင်းသည် တောင်တက်ရခြင်းနှင့်မတူ၊ အဆင်းခရီးသာဖြစ်သည်။ ထိုတောင်ထိပ်နှစ်ခုကြားတွင် ချင်းတိုင်းရင်းသားတို့၏ အမှတ်လက္ခဏာ ဖြစ်သော တောင်ဇလပ်ပန်းပွင့်နီကြီးများသည် မြေပြင်တစ်ခုလုံး ဖုံးအုပ်နီရဲလျက်ရှိသည်။

" ဟယ် ကြည့်စမ်း ကိုနိုင်း လမ်းဘေးကမ်းပါးက တောင်ဇလပ်ပွင့်ကြီးတွေက အရမ်းကြီးတာပဲ၊ လှမ်းချိုးပေးပါဦးဟယ် "

မခင်ချိုလတ်က ပန်းရူးခိုင်းတော့ အလိမ္မာနည်းဖြင့် ရှောင်လွှဲလိုက်သည်။

" ဒီအပွင့်တွေက သေးပါတယ် မိချို၊ တောင်ထိပ်မကြီးရောက်တော့မှ တကယ့်အကြီးကြီးအပွင့်တွေ၊ အပင်ကလဲ လူတစ်ရပ်စာတောင်မမြင့်ဘူး"

အမှန်တော့ ထိုနေရာရှိ တောင်ဇလပ်ပန်းပွင့်များ ထူးခြား





ထူးခြားလှသည်မဟုတ်ပါ။ ဒေသ၏ အယူအစွဲအရ တောင်ဇလပ်ပန်းကို ကျွန်တော် မကိုင်တွယ်လို၍ ရှောင်လွှဲပြောခြင်းသာ။ တောင်ထိပ်မကြီးတွင် ဆရာကြီး ဦးစိုးညွန့်က ဘာသာရပ်ဆိုင်ရာများ ခွေးနွေးပြီး ကျောင်းသားကျောင်းသူများက စာတမ်းပြန်လည်ပြုစုရေး ခွေးနွေးကြသည်။ ခွေးနွေးပြီးသော် ဆရာကြီးက ကျွန်တော့်ကို တာဝန်ပေးပြန်လေတော့သည်။

"မင်းထင်နိုင်။ ဆရာကြီးသိရသလောက် တောင်ဇလပ်ပန်းဆိုတာ မြန်မာပြည် တစ်ဝှမ်းလုံး ချင်းတောင်တန်းမှာပဲရှိတယ်၊ ဒီဒေသမှာရှိတဲ့ တချို့ချင်းမျိုးနွယ်စုတွေအတွက် ထူးခြားတဲ့အနက်အဓိပ္ပာယ်နဲ့ရှိတယ်လို့ သိရတယ်၊ ကျောင်းသားတွေ ဗဟုသုတဖြစ်အောင် ခွေးနွေးပေးပါဦး"

ဆရာကြီး ပြောသကဲ့သို့ပင် ချင်းတောင်တန်းရှိ လူမျိုးနွယ်အသီးသီးနှင့် တောင်ဇလပ်ပန်းသည် ဆန်းကြယ်သော အတိတ်ပုံပြင်များနှင့် ဆက်နွယ်လျက်ရှိသည်။ ကျွန်တော်ကား မှတ်မှတ်သားသားရှိသူတစ်ဦး မဟုတ်သဖြင့် ငယ်စဉ်က အဘွားပြောပြသမျှကိုသာ ပြောပြရပေတော့မည်။

"တောင်ဇလပ်ပန်းက ချင်းတောင်တန်းရဲ့ အမှတ်သင်္ကေတဖြစ်သေမယ့် ချင်းတောင်ရဲ့ နေရာတိုင်းမှာ မပေါက်ဘူးခင်ဗျ၊ စာအုပ်စာတမ်းတွေမှာ ကျွန်တော် ဖတ်ဖူးတာကတော့ ချင်းတောင်တန်းနဲ့ဆိုင်သောလန်ကုန်းမြင့်တွေမှာသာ ပေါက်ရောက်တယ်လို့ တွေ့ဖူးပါတယ်။ ချင်းတိုင်းရင်းသားတွေနဲ့ ဆက်ငေပ်နေပုံကတော့ ကျွန်တော် ချင်ရိုးရာပုံပြင်လေး တစ်ပုဒ်ကို ပြောပြမှာ ဖြစ်ပါတယ်"

တောင်တက်အဖွဲ့ဝင်များ အားလုံးကြားနာလိုကြဟန်ရှိသည်။ အထူးပို၍ စိတ်ဝင်စားပုံရသည်။

" ဖြည်းဖြည်း ပြောပေးနော်၊ ကျွန်မတို့က လိုက်မှတ်ချင်လို့"

" ချင်းပုံပြင်တွေက ချင်းတေးသီချင်းတွေနဲ့ပဲ ရှိနေတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပီပြင်အောင် ကျွန်တော် မြန်မာဘာသာ ပြန်ဆိုနိုင်မှာ မဟုတ်ပါဘူး အတိုချုံးအနှစ်ချုပ်ပြီး ပြောပါ့မယ်''

ဤတွင် ဆရာကြီး ဦးစိုးညွန့်က ပြောသည်။

''တပည့်ရေ မြေပြန့်က ကျောင်းသားတွေလဲ ကြားဖူးရအောင် ချင်းပုံပြင် သီချင်းကို ဆိုလိုက်၊ ဘာသာ ပြန်လိုက်လုပ်ပေးကွာ''

''ဟုတ်တယ်၊ ဟုတ်တယ်၊ သီချင်းပါ ဆိုပြနော်''

မိချိုတို့ အုပ်စုကလည်း တောင်းဆိုသည်။ အမှန်မှာလည်း ပုံပြင် အရှိအတိုင်း ပြောပြရမည်ဆိုလျှင် သီချင်းတစ်ပိုဒ်ချင်း သီဆိုသွားမှသာ အဆက်အစပ် မပြတ်ရှိပေလိမ့်မည်။ ကျွန်တော်ပုံပြင်ကို အရှိအတိုင်း စပါသည်။

''ရှေးရှေးတုန်းက ချင်းတောင်နယ်မှာ တောင်ပိုင်မင်းသားကလေး 'ခွေမင်းထင်' နဲ့ချစ်သူဖြစ်တဲ့ အခြားတောင်ပိုင် မင်းသမီးကလေး 'မြူလေးတမ်' ဆိုတာရှိပါသကဲ့၊ သူတို့ဖခင်တောင်ပိုင်ကြီးနှစ်ဦးဟာ နယ်မြေလု အားပြိုင်စစ်ခင်းနေကြသူတွေ ဖြစ်ပါတယ်၊ ချစ်သူနှစ်ဦးဖြစ်တဲ့ မင်းသားနဲ့ မင်းသမီးစစ်မြေပြင်မှာ တွေ့ဆုံတော့ မခွဲခွာနိုင်ကြတဲ့အတွက် တောတောင်တစ်နေရာကို ထွက်ပြေးလာကြတာအခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ ဗိတိုရိယတောင်ကျော တစ်နေရာကို ရောက်လာကြသတဲ့၊ ဒီနေရာမှာ အိုးအိမ်ထူထောင် တောင်ယာလုပ် အသက်မွေးနေကြခါစ ရှိပါတယ်၊ တစ်နေ့မှာ ချောင်းတစ်ဖက်ခြားတဲ့ တောင်ယာကို ကျွန်းခွေသွားမယ့် လင်တော်မောင်က မှာခဲ့တယ်၊ ''ကျွန်းခွေတယ်'' ဆိုတာကတော့ တောင်ယာ မီးရှို့ပြီး ကုန်စင်အောင်မလောင်တဲ့ သစ်တုံးသစ်ခက်တွေကို ကုန်စင်အောင် စုဆောင်းမီးရှို့တာကို ခေါ်တာဖြစ်ပါတယ် မင်းသားမှာခဲ့တာကတော့–

''ချစ်နှမလေး တို့နောက်ကို နှစ်ဖက်မိဘ စစ်သည်တွေ ရှာဖွေတွေ့ရှိသွားနိုင်တယ်၊ မောင်တော် မရောက်မချင်း ဘယ်သူ့ကို





တံခါးဖွင့်မပေးပါနဲ့ ချောင်းကြည့်ပေါက်က ကြည့်ပါ မောင်တော်သေချာမှ တံခါးဖွင့်ပေးပါ''

အဲဒီနေ့မှာ မိုးသက်လေပြင်းတွေကျပြီး မင်းသားက အအေးမိ ဖျားနာအသံဝင်၊ အဖျားရှိန်ကလဲ တက်နေသတဲ့၊ အိမ်ကလေးဆီ အသံအယှိုင် ပြန်လာပြီး၊

'' ချစ်နှမ၊ ဆာလောင်လှပြီ၊ဖျားလဲ ဖျားလာတယ်၊ တံခါးအမြန်ဖွင့်ပေးပါ အချိန်မကြာပါနဲ့' လို့ အော်ပါသတဲ့။

မင်းသမီး မြူလေးတမ်က ချောင်းကြည့်ပေါက်က ကြည့်ပြီး မီးသောက်ပေရေ မည်းတူးနေတဲ့လူကို ငါမမြင်ဖူးဘူး၊အသံကလည်း ကွဲအက်ရှတာနဲ့ ကြောက်စရာကြီး၊ရန်သူရောက်နေပြီဆိုပြီး အော်ဟစ်ငြင်းထုတ်ပါတယ်၊ ခင်ပွန်းသည်က တောင်းပန်လေ ဖနီးကအော်ဟစ်ငြင်းထုတ်လေ၊ ဒီလိုနဲ့သည်းမခံနိုင်တော့တဲ့ မင်းသားခွေမင်းထင်ဟာ ချိုင်ချိုးသန့်စင်၊ ဝတ်ကောင်းစားလှပြင်ဆင်ပြီး ချောင်းကြည့်ပေါက်ကနေ ပြကြိုမြင်စေပြီးမှ

''မြူလေးတမ်၊ ငါဆာလောင် မွတ်သိပ်လွန်းလို့ ဒီလောက်တောင်းပန်နေတာတောင်မှ အမှုမထားတော့ဘူးလား၊ကောင်းပြီ နင့်အရိပ် မခိုနိုင်ပါလဲငါ့အရိပ် ငါပြန်မယ်''

ဆိုပြီး လမ်းခွဲထွက်ခွာသွားပါတော့တယ်။

ကျွန်တော် နိဒါန်းချီပြီးစပင်ရှိသေးသည်။ ကျောင်းသားတစ်ယောက်က လှမ်းမေးသည်။

''ချင်းသီချင်းသံ မပါပါလား ကိုနိုင်း''

''ဒါက ပုံပြင်အစပါ၊ သီချင်းတွေက လွမ်းခန်းရောက်မှ လာမှာ''

''ချန်မထားနဲ့ ကျော်မသွားနဲ့နော်၊ ကျွန်မတို့က ကြားချင်လို့''

မိချိုကလည်း ပုံပြင်ကို စိတ်ဝင်တစားရှိပုံရသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကို ပြန်ဆက်သည်။

"ချစ်ခင်ပွန်းသည်ကို မြင်လိုက်ရတဲ့ တောင်ပိုင်းမင်းသမီးလေးဟာ တံခါးကို အပြေးအလွှား လာဖွင့်ရှာပါတယ်၊ ဒေါသတကြီး ထွက်ခွာသွားတဲ့မင်းသားကတော့ အတော်လေး အဝေးကိုရောက်နေပါပြီ မင်းသမီးကလဲ ခင်ပွန်းသည်နောက်ကို အပြေးလိုက်လာတာပါပဲ၊ ခြေလှမ်းချင်းကွာနေလို့ မမီနိုင်ဘူး၊ မြူလေးတမ်ဟာ သီချင်းဆိုသံ အလွန်ချိုအေးသယာသူဖြစ်လို့ ကြားရသူတိုင်း နားမဆင်ရ မနေနိုင်ရှိတယ်လို့ဆိုပါတယ်၊ ရှေ့ကထွက်သွားသူ ခြေလှမ်းနှေးစေဖို့ အပြေးလိုက်လာရင်း ဒီလိုသီချင်းဆို ပါသတဲ့။

" ( -------------- ) "

ချင်းဘာသာဖြင့် ဆိုပြပါသည်။

ချင်းသီချင်း ဝေါဟာရ တစ်ခုချင်းစီကို မြန်မာဘာသာ ပြန်ဖို့ ဝေါဟာရ မရှိပါဘူး၊ ကျွန်တော်ကိုယ်တိုင်ကလဲ မြန်မာစကား ကျွမ်းကျင်စွာမပြောတတ်ပါဘူး။ အဓိပ္ပါယ် ငုံမိအောင် လေးလုံးစပ် ကဗျာလက်သွားလေးနဲ့ ပြန်ဆိုပေးပါ့မယ်။

- *စစ်ဖျူဟာခင်း၊ စစ်တလင်း၌ပစ်ခွင်း လေးမြှားမိုးပေါက်လားကို၊ ရှုံ့ရှားမရှိ ရဲသတ္တိနှင့်၊ သူ၏ စစ်မြှားမရှောင်ရှားဘဲ၊ ပြေးလွှားရှောင်ပုန်း မဟုတ်ထုံးကို ချစ်ဆုံးတည်ခဲ့သည်တကား။*
- *ယခု ငါမြင်၊ ငါ့ချစ်လင်ကား၊ ပြိုင်ယှဉ်တုဖက်သူ့ရဲမက်ကို မဖက်ပြိုင်ဝံ့၊ သွေးလေဆွံ့၍ ကြောက်ရွံ့ရှောင်ရှား၊ ပြေးခုန်လွှားသည်၊ ယောကျ်ားမဟုတ်ယောင်တကား။*
- *နမငါကား၊ ရပ်မြေခြားမှ၊ ချစ်အားယိုဖိတ်၊ ကြင်ချင်စိတ်နှင့် အရိပ်ပမာ၊ သူ့နောက်ပါ၍၊ တစ်ရွာမှတ်ထင်*





*မြတ်နိုးကြင်လျက်၊ ညတွင်ရေပူ၊ နေ့မှရေချမ်း၊ မသွေကွက်တမ်း နေ့စဉ်ကမ်း၍၊ စိတ်ဝမ်းမငြူ၊ နှလုံးဖြူသည်၊ ရန်သူမဟုတ် ယောင်တကား။*

"ဒီလို အဓိပ္ပာယ်ရှိတဲ့ သီချင်းဆို သံကြားတော့ ခွေမင်းထင်ကနားထောင်ပါတယ်၊ မြူလေးတမ် မီလုမီခင်မှာပဲ ခြေကုန်သုတ်ပြေးခဲ့ပြန်တယ်၊ ဒီလိုပြေးရင်းလိုက်ရင်းနဲ့ မြွေနဂါးကြီး ပါးစပ်ဟခွေကြည်နေတဲ့ တွင်းဝကြီးနားကို ရောက်လာကြပါတယ်၊ အားကောင်းတဲ့ မင်းသားက တွင်းဝကို ခုန်ကျော်သွားနိုင်ပေမယ့် အားနွဲ့တဲ့လေးက ခုန်ကျော်နိုင်စွမ်းမရှိလို့ တွင်းဒီဘက်မှာပဲ ကြောက်ရွံ့တုန်ရပ်ကျန်နေခဲ့ရရှာပါတယ်၊ ဒီလိုနဲ့ မြွေနဂါးတွင်းကြီးရဲ့ ဟိုဘက်အော်ဟစ်ပြောဆိုကြပါသတဲ့။

"မြူလေးတမ်၊ မင်းဟာ ဆာလောင်မွတ်သိပ်နေတဲ့ ကိုယ့်ရဲ့ခင်ပွန်းကိုတော့ အိမ်ထဲမဝင်မခံ၊ ထမင်းတစ်နပ်လေး ထပ်ချက်အလွန်ကို ပျင်းရိညာဏ်များတဲ့ မိန်းမယုတ်၊ ဒီမြွေနဂါးကြီးရဲ့အဖြစ် ပစ်ကြွေးဖို့ပဲကောင်းတယ်"

"အမ်လေး မောင်တော်ရယ် ရန်သူအချိန်မရွေး ရောက်လာနိုင်ဘယ်သူ့ကိုမှ တံခါးမဖွင့်ပေးပါနဲ့လို့ မောင်တော်မှာခဲ့တာပဲ မီးလောင်တုံးမည်းတွေနဲ့ ပေရေမည်းသည်းနေလို့ ချက်ချင်း မမှတ်မိနိုင်တာ၊ တော်အသံဝင်နေလို့ အသံကိုချက်ချင်း မကျက်မိနိုင်တာ ခွင့်လွှတ်ကောင်းပါတယ်"

ဆိုပြီး ငိုယိုတောင်ပန်းရှာပါသတဲ့၊ တောင်ပိုင်းမင်းသားပြောတာက

"ဘယ်ရန်သူမှ ထမင်းကျွေးပါလို့ တစာစာ အော်နေမှာဘူး နင့်ရဲ့ယုတ်ညံ့တဲ့ စိတ်ဓာတ်ကို ငါသိခဲ့ပြီ၊ နင်နဲ့ငါ လမ်းခွဲပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့နောက်လိုက်ဖို့ မကြိုးစားပါနဲ့ ငါ လတ်တလော ထွက်လာရလို့ လေးမြား မပါနိုင်ခဲ့ဘူး။ ပါခဲ့ရင်ပစ်သတ်မိလိမ့်မယ်ပေါ့''

မင်းသမီးက

''အမလေး မော်တော်ရယ်၊ ရန်သူက ထမင်းဆာတဲ့ လူ့ဟန် ဆောင်ပြီး ဝင်လာရင် ဘယ်နှယ့်လုပ်မလဲဆိုပြီး အတွေးဝင် နေတုန်း''

မြူလေးတမ်းရဲ့ စကားမဆုံးမီမှာဘဲ ဆွေမင်းထင်ဟာ တောအုပ် ထဲကို ဝင်ရောက်ပျောက်ကွယ်သွားပါပြီ၊ အဲဒီတော့မှ ဖြေမဆည်နိုင်တဲ့ မင်းသမီးလေးဟာ ဒီလိုအလွမ်းသီချင်းကို ဖွဲ့နွဲ့သီဆိုပါတယ်. ခင်ဗျ။

''( — — — — — )''

အဓိပ္ပာယ်ကတော့

- *တောပန်းစုံစုံ၊ သင်းပျံ့ထုံသည့်၊ ရဂုံမြိုင်ဆန်း ဤတောင်တန်းဝယ်၊ ခွေဝန်းရစ်လည်၊ စမ်းရေကြည် လည်း။ မျက်ရည်နိမိတ်ပါတကား။*
- *နီမဲ့မြင့်ညီညီ၊ စီအရီနှင့်၊ နေခြည်မထိ။ အုပ်ဆိုင်းမှိုင်း သည့်၊ ပန်းမျိုးတစ်ရာ၊ တောသေလာ၍၊ ဝဲကာ ယှက်ပျံ၊ ငှက်မောင်နှံလည်း။ မပြန်မလာ၊ကြာတောင်း ကြာသည်။ ခွဲခွာနိမိတ်ပါတကား။*
- *တောင်မြင့်အထက်၊ နှင်းချုန်းယက်၍၊ ပွင့်ခက်ဖြူဖွေး မြူပန်းမွေးလည်း။ လုသွေးမလွင်၊ ညှိုးရိပ်ဆင်ခဲ့ ရင်ခွင် ဖျက်ချေနှလုံးကြေသည်၊ ကွဲကြေနိမိတ် ပါတကား။*

''မြူပန်းဆိုတာကတော့ ကျွန်တော် အခုကိုင်ပြတဲ့ တစ်တောလုံး ဖုံးနေအောင် ပွင့်တဲ့ ပန်းဖြူဖွေးလေးပဲ ဖြစ်ပါတယ်၊ ဒီလိုငိုကြွေးမြည် တမ်းရင်း တကြော်ကြော် အော်ခေါ်ပေမယ့် မင်းသားရဲ့ အရိပ်အယောင် မတွေ့ရတော့ပါဘူး''





ကျွန်တော် ပုံပြင်ကို ခေတ္တနားသည်။ အချို့မျက်နှာ ပြုံးယောင် [illegible]လျှက် အချို့မျက်နှာက ညှိုးဟန်ရှိသည်။ မိချိုမျက်နှာ ကြည့်လိုက် [illegible] အတွေးလွန်နေပုံရှိနေ၏။

''ဒီလိုနဲ့ နေလုံးကြီးလဲ တောင်စွယ်မှာ ကွယ်သွားခဲ့ပါပြီ၊ [illegible]ဆုံးမှာ အချစ်ကြီးတဲ့ မြူလေးတမ်းဟာ သူ့ရဲ့ ချွန်ထက်လှတဲ့ [illegible]နဲ့ သူ့ရင်ဝကို ထိုးခွဲချလိုက်ပါတယ်၊ ရဲရဲနီတဲ့ နှလုံးသွေးစက်တွေ [illegible]ပေါ်မှာ စီးဆင်းသွားချိန်မှပဲ ဆံထိုးရဲ့အသွားနဲ့ နှလုံးသားကို [illegible]စိတ် လှီးဖြတ်ပြီး မြေပြင်ပေါ်ကို ကျဲပက်ပါတော့တယ်၊ ဆံထိုးနဲ့ [illegible]ကို တူးဆွပြီး နှလုံးသားစတွေကိုလဲ မြှုပ်နှံရင်းဒီလို ကျိန်စာ [illegible]သီချင်းဆိုပါသတဲ့''

'' (—————————) ''

[illegible]ယ်ကတော့

- *နှလုံးသွေးခဲ နီနီရဲကို၊ ဖြန့်ကျဲမြေမြှုပ်၊ မျိုးစေ့လုပ်၍ ရွှေနှုတ်ချိုအီး၊ တေးချင်းသီအံ့၊ ချစ်ရည်ရွှန်းစိုးမြတ် နိုးပို၍၊ ဖကို ရှောင်လွှဲ၊ မိကိုရွဲ့ခဲ့၊ မိုကဲမေတ္တာ၊ မြတ်နိုးရှာသော။ မှန်စွာသစ္စာ၊ မယွင်းပါမူ၊ မြေမှာ အညွှောက်၊ အပင်ပေါက်၍၊ အံ့လောက်စဖွယ်၊ ချင်းတောင်နယ်၌၊ နယ်ပယ်နံ့စုံ၊ တောင်လုံးဖြူမွှား ပန်းငုံပျံ့မွှေး။ နှလုံးသွေးသည်၊ နီဝေးပန်းပွင့် ဖြစ်စေသော။*
- *နှလုံးသွေးစက်၊ ဤပန်းခက်ကို၊ ပင်ထက်ခူးခြွေ၊ ပန်းယပ်လေကာ၊ ဖြစ်တွေငါသို့ နှီစေသော။*

''ဒီလို မြူလေးတမ်းက သူ့နှလုံးသားကို လှီးဖြတ် ကျဲပက် [illegible]တဲ့ နေရာတိုင်းမှာ သွေးရောင်လွှမ်းတဲ့ တောင်ဖလံပန်းတွေ [illegible]ပေါက်လာတယ်လို့ ပုံပြင်က ဆိုပါတယ်၊ မြူလေးတမ်းကာလရှည်စွာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်လာနေတဲ့ နေရာတိုင်းမှာ တောင်ဇလပ်ပန်းပေါက်ရောက် ဖူးပွင့်ပါတယ်၊ ချင်းတောင်တန်းရဲ့ ဒေသတိုင်းမှာ တောင်ဇလပ်ပန်း မပေါက်ဘူးခင်ဗျ၊ ကျွန်တော်ဟာ မြူလေးတမ်ရဲ့ ခင်ပွန်း ခွေမင်းထင် ကနေ ဆင်းလာသူဖြစ်လို့ မြူလေးတမ်းရဲ့ ကျိန်စာဖြစ်တဲ့ "နှလုံးသွေးစက် ဤပန်းခက်ကို၊ ပင်ထက်ရှုးချွေ၊ ပန်းပန်လေက၊ ဖြစ်တွေ ငါသို့ရှိစေသား" ဆိုတဲ့အတိုင်း ကံဆိုးမိုးမှောင်ကျတတ်တဲ့ အယူအဆရှိလို့ ကျွန်တော်တို့ မျိုးနွယ်စုက တောင်ဇလပ်ပန်းကို မထိရ မကိုင်ရ၊ မရှုးရပါဘူး၊ ဒါကြောင့် ဒုတိယ တောင်ထိပ်ကနေ ပထမတောင်ထိပ်ကို တက်လာကြတုန်း မခင်ချိုလတ် တောင်ဇလပ်ပန်း ရှူးခိုင်းတာကို ကျွန်တော် မရှူးခဲ့တာ ဖြစ်ပါတယ်ခင်ဗျ"

ဤသို့ဖြင့် တောင်ဇလပ်ပန်း ပေါက်ရောက်မှုသမိုင်း ရိုးရာ ပုံပြင်ကို အဆုံးသတ်လိုက်ပါသည်။

"ကိုနိုင်းကိုယ်တိုင် ဒီအတိုင်း ယုံကြည်လက်ခံထားတယ်ပေါ့"

မိချိုက အယူသည်းရန်ကောဟု မေးမြန်းလိုဟန်ရှိသည်။

"ကျွန်တော် စာဖတ်တတ်တဲ့ အရွယ်ကစပြီး ပုံပြင်ဟာ ပုံပြင်ပဲလို့ သဘောထားပါတယ်၊ ဒါပေမယ့် ငယ်ငယ်ကတည်းက အဘိုး အဘွား၊ အဖေအမေက တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့တဲ့အတွက် အခုထိတော့ မထိဖူး မကိုင်ဖူးပါဘူး"

"နောင်ကိုလဲ မထိမကိုင်ဘူးလို့ ဆိုလိုတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး မိချို၊ အချို့နေရာတွေမှာ မျိုးပွား စိုက်ပျိုးဖို့တောင် ရည်ရွယ်ထားပါတယ်"

ဝိတိုရိယ တောင်ထိပ်မှ ပြန်ဆင်းသည့်ညက မီးပုံပွဲပြုလုပ်သည်။ တောင်ထိပ်ပေါ်တက်ကြစဉ်က မိချိုသည် တောင်တက်ဝတ်စုံနှင့် ဖြစ်သဖြင့် ပေါ်လွင်သော နှာတံနှင့် ထူကဲကွေးညွတ်သော မျက်ခုံးကိုသာ သတိထားမိခဲ့သည်။ မီးပုံပွဲ၌ အလှည့်ကျ ဖျော်ဖြေရန် ရိုးရှင်းစွာ ဝတ်ဆင်





ရောက်လာချိန်တွင်မှ ကျွန်တော်တွေ့မြင်ဖူးသည့် မိန်းကလေးများအနက် အထူးခြား အလှပဆုံး မိန်းကလေးဖြစ်ကြောင်း အခိုင်အမာတွေ့ရပေသည်။ ကျွန်တော်၏ တောင်ပေါ် သူငယ်ချင်းများကလည်း မိချိုကို ကြည့်၍ တအံ့တဩ ဖြစ်ကုန်ကြသည်။

× × × × × ×

(၃)

"မင်းထင်နိုင်၊ မင်း အားနေတာပဲကွာ၊ တောင်သာ လိုက်ခဲ့ဦး ..."

"ဟုတ်ကဲ့ပါ ဆရာကြီး"

တောင်တက်အဖွဲ့ တောင်သာအပြန်၌ လိုက်ပါလည်ပတ်ရန် ဆရာကြီး၏ ဖိတ်ကြားချက်ကို အလွယ်တကူ လက်ခံလိုက်သည်။ အကြောင်းမှာ မခင်ချိုလတ်၏ မျက်နှာလေးကို တစ်နည်းနည်းဖြင့် မြင်ခွင့် ရနေချင်၍ ဖြစ်သည်။

တောင်သာမြို့ ဈေးတောင်ဘက် လမ်းမကြီးပေါ်တွင် မခင်ချိုလတ် တို့အိမ်ရှိသည်။ မခင်ချိုလတ်ကိုယ်တိုင် ဆရာကြီးအိမ် ရောက်လာပြီး အလည်ခေါ်သဖြင့် ပထမဦးဆုံး ရောက်ဖူးချိန်ဖြစ်သည်။

"မေမေ ကိုမင်းထင်နိုင်က ပုံပြောအရမ်းကောင်းတာပဲ ... တောင်ထိပ်ပေါ်မှာ သူ့ပုံပြင်ပြောပြတာ သမီးဆိုရင် မျက်ရည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်သွားတာပဲ"

မခင်ချိုလတ်၏ မိခင် အမေသိန်းက နှစ်လိုဖွယ်ပြုံးသည်။

"ဟုတ်လား။ အမေ့လဲ ပြန်ပြောပြဦးကွဲ့ "

"မဟုတ်ပါဘူး၊ အမေရာ၊ ကျွန်တော်က မပြောတတ် မိချိုကရွဲ့ပြောတာနေမှာ"

"အဟုတ်ပဲ အမေ၊ သူပြောတဲ့ ပုံမြင်ထဲမှာ ဒီလိုက လက်ာတွေနဲ့"

ကျွန်တော်ပင် မမှတ်မိတော့။ ကြုံသလိုပြောခဲ့သော က လင်္ကာများကို မိချိုက အလွတ်ပြန်ဆိုပြသဖြင့် အံ့ဩပီတိ ဖြစ်ရသည်

"မိချိုရေ နင့်သူငယ်ချင်း ထမင်းကျွေးတော့၊ အဖော်ရအော နင်လဲ တစ်ခါတည်းစား "

အမေသိန်းက ပြောဆိုမှာ ကြားကာ ညွှေ့ခန်းရှိ အ ညှိသည်များနှင့် စကားသွားပြောသည်။

ထမင်းစားရင်း မိချိုက သူတို့မိသားစုအကြောင်း ပြောပြသည်

"မိချိုတို့အဖေ ဆုံးသွားတာ ငါးနှစ်ရှိပြီ၊ ကိုကိုကြီး ရှမ်းပြည်နယ်မှာ ဝန်ထမ်း၊ မမကြီးက မန္တလေးတက္ကသိုလ်မှာ နောက်ဆုံး နှစ်၊ အမေက ဒီတောင်သာဈေးမှာ ဆိုင်ထွက်တယ်၊ မိချိုတို့အမေ တောင်ပေါ်သားတွေကို အရမ်းခင်တတ်တာ၊ မပြန်ခင် ခဏခဏ လာလည်နော်"

"ဒီဖင်ဘာ ကျောင်းပြန်ဖွင့်မှ ပြန်မှာဆိုတော့ တစ်ပတ်လော နေရဦးမှာပါ"

တောင်သာမြို့၌ နေခဲ့ရသည့် ရက်သတ္တပတ်အတွင်း ညနေတိ မိချိုတို့ အိမ်ရောက်သည်။ မချို မရှိသည့်အခါများတွင်လည်း မိချို အမေ အမေသိန်းနှင့် စကားပြောသည်။ အမှန်တော့ မိချိုရှိနေသည့် တောင်သာမြို့မှ ပြန်လည်ထွက်ခွာ မသွားလိုခဲ့။ ကျောင်းတက်နေ





မိချိုကိုလည်း ရင်ထဲမှစကား မပြောကြားသော၊ ပြောကြားရန်လည်း မဝံ့ရဲ အချိန်တန်တော့လည်း တိတ်တခိုးအချစ်ကို မျိုသိပ်ရင်း အလွမ်းများစွာဖြင့် ချင်းတောင်ပြန်ရောက်ခဲ့ရသည်။

ကံကြမ္မာ အလှည့်အပြောင်းကား ဆန်းကြယ်ပေစွ၊ ချင်းတောင်ပြန်ရောက်၍ များမကြာမီ မိချို၏အစ်မ မမညွန့်သည် ကန်ပက်လက်မြို့ သစ်ဖွင့်လှစ်သည့် သမဝါယမရုံး အရာရှိအဖြစ် ကန်ပက်လက်သို့ ရောက်ရှိလာသည်။ ၁၀ တန်းဖြေထားပြီးသော မိချိုလည်း မမညွန့်နှင့် လိုက်ပါလာသဖြင့် ပြန်လည်ဆုံ တွေ့ကြရသည်။ မမညွန့်ရုံးသွားချိန်များတွင် မိချိုနှင့် ကျွန်တော် အိမ်စောင့်အဖြစ် ကျန်ကြသည်။ ကြာတော့ သည်သူငယ်ချင်းများက လက်ထပ်မည့်ရက်ကိုပင် မေးတတ်ကြသည်။ မိချိုက တက္ကသိုလ်တက်ရဦးမည်ဟူသော အကြောင်းများကိုသာ ကျွန်တော် လှီးလွှဲပြောတတ်သည်။ လက်တွေ့၌လည်း မိချိုနှင့် ကျွန်တော်မှာ ရင်ထဲမှာရှိနေသည့် ထိုထိုသော အကြောင်းများကို ပြောဆိုခြင်း မရှိကြ၊ မိချိုမျက်နှာ မြင်နေရလျှင် ကျွန်တော် ကျေနပ်သည်။ အပါးကမခွာ နေလေ့ရှိသည်။ ကျွန်တော် လည်ပတ်ကြွန့်ကြာနေလျှင် သည်း မိချိုမျက်နှာညှို၍ မျှော်တတ်သည်။

ကန်ပက်လက်မြို့သည် တောင်အောက်ရှိ သဘာဝ စမ်းချောင်း ရေကို ခပ်ယူသုံးစွဲရသည်ဖြစ်၍ ကျွန်တော်ကရေခပ် ထည့်မြဲ၊ မိချိုက ချက်ပြုတ်မြဲ ဤကား နိစ္စဓူဝတာဝန်၊ စမ်းချောင်းသို့ ရေချိုးဆင်းလျှင် သည်းနှစ်ယောက်အတူ၊ အအေးဓာတ်လွန်ကဲ၍ ရေချိုးဆင်းရန် နောက်ကျလျှင် မမညွန့်က နှစ်ယောက်စလုံး အတင်းမောင်းထုတ်တတ် သည်။ တစ်နေ့ ရေချိုးအသွားတွင် မိချိုကို ကျွန်တော်စသည်။

" မိချို၊ လူတိုင်းက မိချိုကို မိချိုပဲ ခေါ်ကြတာ၊ ကျွန်တော် သူများ ခေါ်သလို မခေါ်ချင်ဘူး "

" ဘယ်လို ခေါ်ချင်လို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



" အချစ်လို့ ခေါ်မယ် "

" လူရှေ့မှာ ခေါ်ရဲလို့လား "

" လူရှေ့မှာ ဘယ်ခေါ်မလဲ" ဟု နှစ်ယောက်တည်းရှိတဲ့ အချိန် တိုးတိုးလေးခေါ်မှာ "

" ခေါ်လိုက်ပေါ့၊ ပိုက်ဆံပေးရတာ မှတ်လို့"

" အချစ် "

ကျွန်တော်က ခေါ်ကြည့်သည်။ မိချိုက မထူးပါ။ ရယ်ချင်သလို အပြုံးမျိုး ပြုံးပြသည်။

" ရှင်ကို ရှင့်ညီမလေးတွေက ချင်းစကားနဲ့ ခေါ်ကြတာ ဗမာလိုဘာတဲ့လဲ"

" ကိုလေးတဲ့ "

" ကျွန်မလဲ သူတို့လို ခေါ်မယ်လေ"

ကျွန်တော် ခေါင်းညိတ်ပြသည်။ ဤသို့ဖြင့် ကျွန်တော်တို့နှစ်ဦး တည်းသာသိသည့် ကိုယ်ပိုင်ဝေါဟာရများလည်း ရှိလာခဲ့ကြသည်။ အောင်စာရင်းထွက်၍ မိချို ၁၀ တန်းအောင်လျှင် ကျွန်တော်အလုပ်လုပ်သည့် မြို့ပိုင်ရုံး၌လည်းကောင်း၊ မညွန့်အလုပ်လုပ်သည့် သမဝါယမ ရုံး၌လည်းကောင်း မိချို အလုပ်ဝင်လုပ်ရန် တိုင်ပင်ထားကြပြီး ဖြစ်သည်။

မျှော်လင့်ထားသလို ဖြစ်မလာတတ်သော လူ့ဘဝ။ ၁၀တန်း အောင် စာရင်းတွင် မိချိုအမည်မပါ။ သို့နှင့် မိချိုတောင်သာပြန်၍ ၁၀တန်းပြန်တက်ရန် မညွန့်က စီစဉ်သည်။ မိချိုတောင်သာပြန်ရန် တစ်ရက်အလိုတွင် မညွန့် ရုံးသွားသည်နှင့် မိချိုကို ကျွန်တော်ခေါ်သည်။

"မချိုမြို့ဟောင်းက တောင်ပေါ်ဘုရား သွားဖူးရအောင်"

ကန်ပက်လက်မြို့ တောင်ကုန်းထိပ် တောင်ပေါ်ဘုရားသို့ သွား၍ ဆုတောင်းကြရန် ခေါ်ခြင်းဖြစ်သည်။

"ကောင်းသားပဲ၊ သွားခါနီးဘုရားဖူး ဖြစ်တာပေါ့ "





ဘုရားရင်ပြင်သို့ ရောက်ကြသည့်အခါ ဒေါင်းချင်းယှဉ်ထိုင်၍ ဘုရားရှိခိုးကြသည်။ ချစ်သော မိချိုနှင့်ဘဝဆက်တိုင်း တွေ့ဆုံ ပေါင်းသင်း ကြရသူများဖြစ်ပါစေဟု ကျွန်တော်ဆုတောင်းသည်။ မိချိုဘာဆုတောင်း သည်ကိုတော့ ကျွန်တော်မမေးပါ။ ဘုရားရှိခိုး ဆုတောင်းပြီးသည်နှင့် ခွဲရတော့မည့် အတွေးကြီးစိုးလာချိန်တွင် တောင့်ခံနိုင်ခြင်းမရှိ စိတ်ထဲက အရှိအတိုင်း ပြောလိုက်သည်။

" မိချိုရယ်၊ ကျောင်းတက်မနေပါနဲ့တော့၊ ကျွန်တော့်ရွာကို လိုက်ပြေးရအောင်၊ နောက်ကိစ္စနောက်မှရှင်း"

" ဟယ် ဘယ်ဖြစ်မလဲ ကိုလေးရယ်၊ မိချို ၁၀တန်းအောင်ရဲ့ လောက်တော့ ကျောင်းပြန်တက်ခွင့် ပြုပါဦး၊ ဒီတစ်နှစ်လေးတောင် စောင့်နိုင်တော့ဘူးလား "

"စိတ်မချလို့ပါ အချစ်ရယ်"

" မိချိုက ကိုလေးတစ်ယောက်တည်းကို စချစ်ဖူးတာ၊ ကိုလေးနဲ့ သက်မထပ်ရရင်၊ ဘယ်ယောကျ်ားကိုမှ မယူတော့ဘူး၊ အဲဒါ မိချိုရဲ့ နိုင်ဟာတဲ့ကတိပဲ"

"တစ်နှစ်လုံး လွမ်းနေရတော့မှာပဲ အချစ်ရယ်၊ အဓိက အချက်က စိတ်မချတာ"

" စိတ်မချရင် လာ "

မိချိုက လက်ကိုဆွဲခေါ်သည်။

အလျှင်စလို မတ်တတ်ရပ်ပေးလိုက်ရ၏။

" မချိုအတွက် ကိုလေးကလွဲလို့ ဒီကမ္ဘာမြေပေါ်မှာ တခြား သူမရှိတော့ဘူးဆိုတာ ဒီကန်ပက်လက်တောင်တန်းကြီးကို သက်သေတည် ပြီးကတိသစ္စာဆိုပါတယ်။ ယုံကြည်ထားလိုက်စမ်းပါ"

သက်ပြင်းရှည်ကိုချရင်း ချိန်နဲ့စွာ ပြန်လည်ပြောဆိုခက်ခံလိုက် ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



" အေးလေး အချိန်ဆိုတာစောင့်ကြရတော့မှာပေါ့ အဖ
အရာရာ ကိုလေးစိတ်ချနေမယ်နော်"

ဘုရားကုန်းမှ ပြန်လည်ဆင်းသက်ကြချိန်၌ကား မိုးကောင်းကင်
မှကြယ်ဖြူ အပေါင်းက ညှိုးငယ်လှစွာ ငုံ့ကြည့်နေကြရှာပါ၏။

× × × × × ×

(၄)

တစ်နှစ် ပေါက်ခဲ့ပြန်လေပြီ။ ကျွန်တော်၏ မိခင်ဘက်မှ ဦးကြီး
သမီးမြှုရှင်းပါ သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး
သိပ္ပံမှ သင်တန်းပြီးဆုံး၍ ဇာတိရွာကလေးသို့ ကျောင်းဆရာမအဖြစ်
ပြန်လည် ရောက်ရှိသည်။ ယခင်ရှေးကပင် ချင်းရိုးရာ ဓလေ့ထုံးတမ်းအ
ကျွန်တော့်အတွက် မိဘများက မိန်းကလေးတန်ကြေး အပြီးအပြတ်
ပေးထားခဲ့ပြီးဖြစ်သည်။ နှစ်ယောက်စလုံး အလုပ်အကိုင်နှင့် ရှိကြပြီဖြစ်
လူကြီးမိဘများက လက်ထပ်ရက်ပင် ဆွေးနွေးခဲ့ကြပြီ။

" အဖေ ကျွန်တော့်မှာ ချစ်သူရှိပါတယ်၊ သူနဲ့မနေရရင်
ကျွန်တော်ရူးသေသွားနိုင်တယ်၊ အဲဒါ စဉ်းစားပေးပါ အဖေ "

" အေး မင်းချစ်သူကို ဒီတစ်လအတွင်း ခေါ်လာခဲ့၊ အဖ





လက်ထပ်ပေးမယ်၊ မခေါ်လာနိုင်ခဲ့ရင် လူမျိုးထုံးစံအတိုင်း နှင့်ဦးကြီးသမီး
မြှုရှင်းပါနဲ့ လက်ထပ်၊ ဒီစည်းကမ်းချက်ထက်တော့ အဖေ တပြားမှ
လျှော့ပေးနိုင်ဘူး "

" စိမ်လိုက်ပါ အဖေ၊ ကျွန်တော် ခေါ်လာခဲ့မယ် "

ကျွန်တော် တောင်သာမြို့သို့ ပြေးထွက်လာခဲ့သည်။ နွေကျောင်း
ပိတ်ရက်ဖြစ်၍ မိချိုတောင်သာတွင်ရှိနေလိမ့်မည်ဟု ယူဆခဲ့သည်။
တောင်သာရောက်တော့ အဒေါ်သိန်းက ဆီးပြောသည်။

"မိချိုက သူ့အစ်မ မညွန့်ဆီကန်ပက်လက်ကို တက်သွားတာပဲ၊
ကန်ပက်လက် မရောက်သေးဘူးလား"

ကျွန်တော် တုံ့ဆိုင်းမနေ ဝမ်းသာအားရ ကန်ပက်လက်သို့
ပြန်ပြေးခဲ့သည်။ သို့သော် မိချိုမရောက်ပါ။

"မညွန့် ကျွန်တော် တောင်သာက ပြန်လာတာ၊ အဒေါ်သိန်းက
မိချို ကန်ပက်လက်ကို လာတယ်လို့ ပြောလိုက်တယ်၊ ဘာဖြစ်လို့ ခုထိ
မရောက်သေးတာလဲမသိဘူး။ ကြာလှပြီ"

" ဟင် မင်းမသိဘူးလား။ မေမေတို့ကလဲလေ၊ အမှန်ကို
အမှန်အတိုင်း ပြောလိုက်တာ မဟုတ်ဘူး။ မင်းကိုအားနာလို့နေမှာ"

" ဘယ်လိုတွေဖြစ်နေလဲ မညွန့်ရယ်၊ မချိုဘယ်မှာရှိနေတယ်
ဆိုတာ ကျွန်တော်သိမှဖြစ်မယ်၊ အရမ်းကိုအရေးကြီးနေတယ်"

" ဖုံးထားလို့ မဖြစ်တဲ့အတူတူ မမကတော့ အမှန်ပြော
လိုက်ရမှာပဲ ၁၀တန်းစာမေးပွဲပြီးတဲ့နေ့ကပဲ သူနဲ့အတန်းတူ မောင်
ဆောင်အေးနဲ့ ခိုးရာလိုက်ပြေးသွားတယ်လေ၊ သူတို့ ဘယ်ရောက်နေမှန်း
တော့ မမမသိဘူး။ ဘယ်သူမှလဲ မသိကြဘူး "

" ဘုရား ဘုရား "

လောကကြီး မှောင်အတိ ကျသွားခဲ့ပေပြီ။ ထိုနေ့မှစ၍
ကျွန်တော်လည်း ဆောက်တည်ရာမရ လေလေလွင့်လွင့်၊ ခွင့်ရက်ကုန်၍



www.burmeseclassic.com

www.burmeseclassic.com



ရှုံးပြန်ဝင်ရမည်ဖြစ်၍ အိမ်သို့ပြန်ရောက်သော် မိဘနှစ်ပါးစလုံးက လက်တစ်ဖက်စီ ဆုပ်ကိုင်ပြောကြပြန်သည်။

"လူလေး၊ မြူရှင်းပါက မင်းဦးကြီးရဲ့သမီး၊ မင်းညီမလေး အမေတို့ထုံးစလေ့အရ မင်းယူရမယ့် တာဝန်ပဲ၊ မြူလေးဟာ ပြောစရာ မရှိအောင် လှတဲ့မိန်းကလေးပါ၊ ယဉ်ကျေးသိမ်မွေ့တဲ့နေရာမှာလဲ နှိုင်းစရာ မရှိဘူး၊ စာတတ်ပေတတ် ရှားပါးတဲ့ ချင်းတောင်နယ်မှာသူက ဆရာမလေး လဲဖြစ်တယ်၊ ဘာဖြစ်လို့သားက အငြင်းငြင်း လုပ်နေရတာလဲ"

"သား၊ မင်းညီမလေး မြူရှင်းပါအတွက် မိန်းကလေးကြေး အဖေက ရွှေနားကွင်း ၁၀ ကွင်းနဲ့ နွားနောက်မကြီး ၅ကောင် ပေးထားပြီးသား၊ ရွှေတစ်ကွင်း တင်သုံးကျပ်သားရှိတယ်၊ သားအတွက် ရည်ရွယ်ထားသူဖြစ်လို့ ဖွံ့ဖြိုးရေးသိပ္ပံတက်တဲ့ ၄ နှစ်ကာလလုံးလုံး အသုံးစရိတ်လဲ အဖေပဲ ပေးထားရတာ၊ သားဘက်ကပျက်ကွက်ရင် အဲဒါတွေ လျော်ပေးရတော့မယ်၊ဒါ့ထက် အရေးကြီးတာက တစ်သက်လုံး ဆွေမျိုးမျက်နှာမလု ဖြစ်ကြရတော့မယ်၊ အဖေပေးထားတဲ့ အချိန်တွေလဲကုန်ခဲ့ပြီ၊ ခေါင်းညိတ်လိုက်ပါသား"

လုံးဝ မတတ်နိုင်သည့် အဆုံး၌ ပုလောင်ရှုပ်ထွေး နောက်ကျိလွန်းသော ဦးနှောက်အစဉ်ကို မခံမရပ်နိုင်သဖြင့် ခေါင်းညိတ်မိခဲ့လေတော့သည်။ မြူရှင်းပါနှင့် လက်ထပ်ပြီးနောက် ပြောသမျှနာခံရှာသော သိမ်မွေ့လှသော ရိုးရိုးအေးလေးကြောင့် သနားညှာတာခဲ့ရပြီး လင့်ဝတ္တရားနှင့်အညီ ကျွန်တော်နေထိုင်ခဲ့ပါသည်။

သမီးဦးလေး မွေးဖွားသည့်နှစ်တွင် မမညွန့်သည်လည်း တောင်သာမြို့သို့ ပြန်လည်ပြောင်းရွှေ့ရသည်။ မထွက်ခွာမီ သွားရောက်နှုတ်ဆက်တော့ လုံးဝမထင်မှတ်သော စကားကို မမညွန့်က ပြောသည်။

"ငါ့မောင်လဲ ဘဝမှာ အနည်ထိုင်လို့ အေးချမ်းနေပါပြီ ဒါပေမယ့် မမက မင်းကိုဖွင့်ပြောပြရမှ အသေဖြောင့်မယ့်အထိ ခံစားရတဲ့





အကြောင်းတစ်ခုရှိခဲ့တယ်"

"အမလေး မမညွန့်ရယ်၊ မောင်နှမတွေပဲ၊ ဘာအကြောင်းတွေ ရှိနေလို့လဲ"

"ငါ့မောင် အိမ်ထောင်မကျခင် တောင်သာက မိချိုဆီ ပို့ခိုင်းသွားတာ မဟုတ်လား၊ မိချိုကနိပက်လက်ကို လိုက်လာတာအမှန်ပဲ၊ ကနိပက်လက်ကို မရောက်ခင် လမ်းတစ်ဝက်မှာပဲ ရှမ်းပြည်နယ်မှာရှိတဲ့ အစ်ကိုကြီး နေမကောင်းလို့ ငါလှည့်တက်ခိုင်းလိုက်တာ၊ မိချို ကိုမောင်အေးနဲ့ ခိုးရာလိုက်ပြေးတယ် ဆိုတာလဲ မင်းကို မညာပြောခဲ့တာပဲ"

"ခင်ဗျာ၊ မမညွန့်ညာပြောခဲ့တာ ဟုတ်လား"

"ဟုတ်တယ်ကွဲ့၊ အဲဒါလဲ မမက ကြားထဲမှာ ကိုယ့်အတတ်နဲ့ ကိုယ်ခလောက်ဆန်ပြီး ပြောခဲ့တာတော့ မဟုတ်ပါဘူး၊ ဒါတွေရှင်းနေဖို့လဲ မလိုတော့ပါဘူး ငါ့မောင်ရယ်၊ မမက အကြာကြီး မျိုသိပ်ထားခဲ့ရတဲ့ကိစ္စကို အခုဖွင့်ပြောလိုက်ရလို့ ရင်ထဲ ပေါ့သွားတာအမှန်ပဲ မချိုလဲ ဘယ်သူနဲ့မှ ခိုးရာမလိုက်ခဲ့ဘူး၊ မန္တလေးအဝင် ပလိပ်မှ ဥယျာဉ်ခြံလုပ်ငန်းလုပ်ပြီး အပျိုကြီးဘဝနဲ့ အရိုးထုတ်နေလေရဲ့၊ ဒီလိုညာပြောခဲ့တဲ့ မမကို ငါ့မောင်ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးဆိုပြီး ယုံကြည်နေခဲ့လို့ အခုမှ ပြောရတာ"

မိချို အိမ်ထောင်မပြုခဲ့ဆိုသောစကားသည် ကျွန်တော့်ရင်ကို နာကျင်စေလှသည်။ ဝေဒနာကြားမှ တည်ကြည်စွာပင် ပြောလိုက်ပါသည်။

"ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး၊ ကျွန်တော်နဲ့မချိုအတွက် ဒီဘဝပြီးရင် နောင်ဘဝဆိုတာ အမှန်တကယ် ရှိနေဦးမယ်"

"ဟင်း၊ နှင့်တို့ ဒီလိုစိတ်ဓာတ်တွေကြောင့် ငါနင့်နေအောင် ခံစားရတာ"



www.burmeseclassic.com

www.burmeseclassic.com



မမညွန့်က အမှန်ပြောပြချိန်တွင် ကျွန်တော်အေးဆေးစွာ ခံယူနိုင်ခဲ့ပါပြီ။

× × × × × ×

(၅)

သမီးကြီး၁၀တန်းအောင်ပြီး၍ မန္တလေးတက္ကသိုလ်တက်ရန် ကျွန်တော်ကိုယ်တိုင်ကားမောင်း၍ လိုက်ပို့သည်။ ပလိပ်မြို့အဝင် ကုက္ကိုပင်ကြီးများအောက်၌ ခြံထွက်သစ်သီးဆိုင်တန်းများ အစီအရီရှိသည်။ "မိချို့သစ်သီးဆိုင်" ဆိုင်းဘုတ်အောက်အရောက်၌ ကားကို ထိုးရပ်လိုက်သည်။ ဖြူသွယ်၍ ကျက်သရေရှိလှသော အမျိုးသမီးကြီး ဆိုင်ထဲမှ ထွက်လာသည်။

" မိချို "

အသံထွက်ရုံမျှ ခေါ်မိသည်။

" ဟင် အစ်ကိုလေး "

မမျှော်လင့်ဘဲတွေ့ရ၍ မိချိုက အံ့သြနေသည်။ ချက်ချင်း ကျွန်ဆည်ပြီး

" အထဲ ဝင်ကြပါဦး "

" မဝင်တော့ဘူး မိချို၊ သမီးကို မန္တလေးပို့ပြီးရင် ပြန်လည် လာမယ်၊ အပြန်ထမင်းဝင်စားမယ်နော်၊ မိချိုလက်ရာ မစားရတာ နှစ်ပေါင်း





[illegible]လောက်ကြာခဲ့မှန်းတောင် မသိတော့ဘူး ရှောင်မနေနဲ့ဦး"

"သေချာရဲ့လား၊ အသေးအဖွဲ့ကိစ္စလောက်တော့ ကတိတည် [illegible]ပါရဲ့ ကျွန်မဘယ်တုန်းကမှရှင့်ကို မရှောင်ခဲ့ဘူး"

စကားလုံးတိုင်းသည် ထိရောက်သော မြားစူးချက်များဖြစ်တော့ [illegible] သမီးရှေ့တွင် ထွေထွေရာရာ စကားပြောရန် အခြေအနေမပေး။ [illegible]ကို မန္တလေးပို့ပြီး နောက်နေ့ပြန်ဝင်ခဲ့သည်။ တည်ငြိမ် ကျက်သရေ [illegible]သော မိချိုကိုကြည့်၍ လိုရင်းကိုသာ တည့်တည့်မတ်မတ် ပြောချ [illegible]ရပေတော့သည်။

" မိချိုဘာပြုလို့ အိမ်ထောင်မပြုတာလဲဟင်၊ မိချိုကို ကြိုက်တဲ့ [illegible]ပိုင်းပိုင်းလည်း နေတာပဲဟာ၊ ကျွန်တော့်ကို တစ်သက်လုံး တခွေး [illegible]ဖြစ်အောင် ဒဏ်ခတ်ချင်လို့လား ဟင်"

"ရှင်ကပဲ ပြောရတယ်ရှိသေး ရှင်နဲ့ကျွန်မဟာ တစ်ယောက် [illegible]တစ်ယောက်သော့ကပြီး သစ္စာပြုထားကြတဲ့သူတွေပါ၊ ဒါကို ရှင့် [illegible]မှာ အလေးအနက်သာထားခဲ့မယ်ဆိုရင်၊ အို မလိုအပ်တဲ့ စကားတွေ [illegible]ကြတာအကောင်းဆုံးပါရှင်"

'မိချို ကိုမောင်မောင်အေးနဲ့ ခိုးရာလိုက်ပြေးသွားကြတယ် [illegible]က ကိုယ့်ကိုယ်ကိုယ် သတ်မသေရုံ တမည်ပါပဲ မချိုရယ်'

"ကျွန်မကလဲ ရှင့်ကို ဖြစ်ကြောင်းကုန်စင် ရှင်းပြချင်တာ [illegible] ဖြေရှင်းခွင့်လေးတောင် မရခဲ့ပါဘူး။ အဲဒီတုန်းက ကျွန်မ [illegible]ဝင်မဝင်ဘဲ ကနပက်လက်ကို တန်းတန်းမတ်မတ် လာခဲ့ရင်၊ [illegible]လေ၊ ပြီးခဲ့တာတွေပြီးခဲ့ပါပြီ၊ မမညွန့်ကလဲ ရှမ်းပြည်နယ်ကို [illegible]သွတ်ခဲ့တာ မဟုတ်ပါဘူး၊ ကိုကိုကြီး နေမကောင်းဘူးကြားလို့ [illegible]သွားစေချင်တယ်လောက်ပဲ ပြောတာ၊ ကြေးနန်းရုံးက [illegible]ပဲ [illegible]ပြောကြရတော့ ရှည်ရှည်ဝေးဝေး စကားမပြောနိုင်ခဲ့တာလဲ [illegible]ပါရှင် ကျောင်းဆရာမနဲ့ လက်ထပ်ဖို့ စကားရွှေပါလာတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်အေးနဲ့ နီးရာလိုက်သွားပြီးလို့ ကျွန်မပြောခိုင်းလိုက်တာ အဲဒီတုန်းက ရှင့်ရဲ့အချစ်နဲ့ ကတိသစ္စာကို ကျွန်မ အယုံအကြည်လွန် သွားခဲ့တယ်၊ ကိုမောင်မောင်အေးနဲ့ နီးရာလိုက်မလိုက် ရေဆုံးရေဖျား ရှင် လိုက်လံစုံစမ်းလိမ့်မယ်လို့ ကျွန်မထင်နေခဲ့တာ”

ရှေးဟောင်းနှောင်းဖြစ် ပြောကြသည်ဆိုသော်လည်း တစ်ခွန်း မဟနိုင်။ လိုရင်းကိုသာ အတင်းကောက်ရလေတော့သည်။

“မိချို အနောက်တိုင်းစကားမှာ အသက် ၄၀ မှ လူ့ဘဝစ သတဲ့ မိချိုက ငယ်ငယ်ကထက်တောင် အများကြီး ခံ့ညားလှပနေသေး ကျွန်တော့်ကို သနားရင် အိမ်ထောင်ပြုပါ အဲဒါပြောချင်လို့ ဝင်လာတာ”

ရှင့်ကို ပေးထားတဲ့ကတိအတိုင်း ကျွန်မနေတာပဲ ကိုယ့်ကတိပြ ဖျက်မယ့်အစားမဟုတ်ဘူး၊ ဒါကိုရှင်နားမလည်နိုင်တာ ကျွန်မ အံ့သြတယ်”

“အချစ်ရယ်၊ ကိုလေးထားခဲ့တဲ့ ကိုလေးကတိလဲ ရင်မှာ အမြဲရှိနေပါတယ်”

“ငယ်ငယ်က ဝေါဟာရတွေကို ဒီဘဝအတွက်တော့ ရင်ထဲက ဖယ်ရှားလိုက်ပါတော့၊ ရှင့်ရင်ထဲမှာ အမြဲရှိနေမယ့်အရာက ရှင့်မိသား အရေး၊ အဲဒါရှင့်ကိုတကယ်ချစ်ခဲ့လို့၊ ရှင့်မိသားစုကို ကိုယ်ချင်းစာလို့”

“တကယ်ချစ်တယ်ဆိုရင် အချိန်ရှိတုန်း အိမ်ထောင်ပြုပါလို့ ပြောပါရစေ”

“ကိုယ်မလုံတိုင်း သူများကို တွန်းပို့မနေပါနဲ့၊ မိချိုတို့ ဝိတိုရိ တောင်တက်လာတုန်းက ရှင်ပြောခဲ့တဲ့ပုံပြင်ထဲက ကဗျာလေ၊ နှလုံးသွေး ဤပန်းခက်ကို၊ ပင်ထက်ချူးချွေ၊ ပန်းပန်လေက ဆိုတာလေ၊ မိချိုဆို ပန်းခက်ကို တခြားသူ ပန်ခွင့်မရှိတော့ပါဘူး ပြောခဲ့ပြီးသားလေ၊ မိချိုကို ရှင်တို့ ချင်းတောင်က တောင်ဇလပ်ပန်းလိုပဲ သဘောထားပါရှင့် ဓလေ့ ထုံးစံအရ မထိမကိုင်ရမယ့်ပန်းကို မထိမကိုင်ချင်ပါနဲ့တော့၊ သွားတော့နော်





ပန်းဘာမဟုတ်ဘူး။ ရှင်သွားတော့”

**ကိုနိုင်း (ချင်းတောင်)**

မိသားစုမဂ္ဂဇင်း

(အမှတ် ၄၄၊ ၂၀၀၅၊ စက်တင်ဘာ)

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com




# နှလုံးသားတစ်ခွဲမှူး

'တပ်ဖွဲ့ ... ရှေ့ကြည့်၊ တပ်ဖွဲ့ . . . သတိ'

'တပ်ဖွဲ့ ... သေနတ်ထမ်း၊ အမြန်လျှောက် ... ဘယ်ညာ ဘယ်ညာ ဘယ်ညာ'

ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီးသင်တန်းကျောင်း အမှတ်(၁) စစ်ရေပြကွင်းမှ တပ်ခွဲမှူး၏ စစ်မိန့်ပေးသံသည် ယခင်အခြားသော တပ်ခွဲမှူးများ နှင့်မတူ၊အောင်မြင်ချို့မြစူးရှသော အသံဖြစ်သည်။

'တပ်ဖွဲ့ ... အမြန်လျှောက်၊ တပ်ဖွဲ့ ... နောက်လှည့် တပ်ဖွဲ့ရပ်''

အမျိုးသားတပ်ခွဲနှင့် အမျိုးသမီးတပ်ခွဲတို့ တစ်ပါတ်လျှင် ကြိမ်စုပေါင်း စစ်ရေးပြပွဲ၌ ဆုံကြရသည်။ စုပေါင်းတပ်ခွဲမှူးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားတစ်လှည့် အမျိုးသမီးတစ်လှည့် တာဝန်ယူကြရသည်၊ ထိုနေ့က အလှည့်ကျအမျိုးသမီး စုပေါင်းတပ်ခွဲမှူးမှာ နှာတံပေါ်ပေါ်၊ဖြူဖြူဝင်းဝင်း ဖွံ့ဖွံ့ထွားထွားနှင့် မြင့်မြင့်မားမား ရှိကာ စစ်ဝတ်စုံပြည့်ဝတ်ဆင်လိုက်သောအခါ အသံသာသလောက် ကြည့်၍မဝနိုင်အောင်ပင် ကြည့်ကောင်း၍ နေလေတော့သည်။

"ဟေ့ တပ်စု (၃) တပ်စုမှူး၊ ရပ်မိန့်ပေးနေတာမကြားဘူး လားရဲ့"

တပ်ခွဲမှူး၏ရပ်သံတွင် အာရုံဝင်စားနေသော ကျွန်တော်သည် ရပ်မိန့်သံကိုကြားလိုက်ပါသော်လည်း အတွေးလွန်နေသဖြင့် မရပ်မိ လှမ်းအော်မှတော့မှ ကပျာကယာရပ်လိုက်သည်။

'ဟား ခစ် ခက်'

တပ်စုအသီးသီးမှ ခပ်အုပ်အုပ်ရယ်သံများ ထွက်လာသည်။

'တပ်စု (၃)တပ်ခွဲမှူး သေနတ်မြှောက်၊ကွင်းသုံးပတ်ပတ်ပြေး'

တပ်ခွဲမှူး၏ အမိန့်သံထွက်လာသည်နှင့် တပြိုင်နက် လက်နှစ်ဖက်ဖြင့် ရိုင်ဖယ်သေနတ်ကို ကိုင်မြှောက်ကာကွင်းသုံးပတ် ပတ်ပြေးလိုက်သည်။ မိမိနေရာပြန့်ဝင်ချိန်တွင်ကွင်းပိုင်သင်တန်းမှူး၏ အနားပေးခရာသံ ထွက်လာသည်။

× × × × × ×





( ၂ )

'ဒါကို ကွင်းသုံးပတ် ပတ်ပြေးခိုင်းတဲ့ တပ်ခွဲမှူးနာမည် ဘယ်သူ လဲဟေ့'

အဆောင်ပြန်ရောက်တော့ အဖော်များကို လှမ်းအော် လိုက်သည်။ သင်တန်းကာလတွင် သင်တန်းသားနှင့် သင်တန်းသူတို့ တစ်ယောက်နှင့်တစ်ယောက် သိကြရန်မလွယ်ပါ။ သင်တန်းစည်းကမ်း အရ စကားပြောခွင့်မရှိကြ၊ ပိုင်နက်ကျူးလွန် သွားလာခွင့်လည်း မရှိကြချေ။ စနေနားရက်တွင် တက္ကသိုလ်ဝင်းထဲရှိ ဘုရားလေးဈေးသို့ အမျိုးသမီးတပ်ခွဲထွက်ပြီး တနင်္ဂနွေနားရက် ရောက်မှ အမျိုးသားတပ် ထွက်ခွင့်ရသည်။

'မင်းထင်နိုင်းတို့ လုလုပပခံလိုက်ရတယ်၊ တော်တော် သြဇာကောင်းတဲ့ မိန်းကလေးပဲ'

ခုတင်ချင်းကပ် ကိုဖိုးသန်းက ထောက်ခံသည်။

'ဟဲ ဟဲ ဟဲ ခြေလှမ်းမှားတဲ့ ခင်ဗျားမှာ အပြစ်မရှိဘူး၊ အာကြီးမှာ အပြစ်ရှိတယ်၊ဒီတော့ ဒီလိုရှိတယ်ကွ၊ အလိုရှိရင် အရင်း ပြောတယ်ကွဲ့'

တစ်ခုံကျော်က ကိုမြင့်ကိုက လှမ်းပြောသည်။ တပ်နယ်တည်း ကျောင်းသူနှင့် သိကျွမ်းသူဖြစ်ရာ၏။

'သိရင် ပြောလိုက်စမ်းပါဗျား၊ တနင်္ဂနွေရောက်ရင် ဘုရားလေး ဈေးမှာ လက်ဖက်ရည်တစ်ခွက် ခါဂျာတစ်ချပ်ပေါ့ဗျာ'

ထိုစဉ်က ဘုရားလေးဈေးမှာ ထိုမျှသာရပါသေးသည်။ သင်တန်းသို့ မည်သည့်အစားအစာမျှ ယူဆောင်စားသောက်ခွင့်မရှိ သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဖက်ရည်နှင့် ခါဂျာ သုံးဆောင်ရနေသည့်ပင် သင်တန်းသားတို့ နားရက်မျှော်လင့်ချက်ဖြစ်သည်။

ဘုရားလေးဈေးကအပြန် အကြောင်းသိ ကိုဖိုးသန်း ထောက်ပြသည်။

'သူငယ်ချင်း ကြည့်လဲလုပ်ဦး ခင်ဗျား ချင်းတောင်ကလာရော မိဘက ပိုက်ဆံပို့ပေးနိုင်တယ်ထားဦး၊ အချိန်နဲ့ ရောက်လာဖို့ မလွယ်တူး မိန်းကလေးတစ်ယောက်ရဲ့ နာမည်လေးတစ်လုံးသိရဖို့ ခင်ဗျားအရင်း မသေးဘူး ဒါကြောင့် အဆောင်က ခင်ဗျားပိုင်းချစ်ကြတာဗျ'

သူပြောသလိုပင် ထိုနေ့ကတပ်ခွဲမှူးမှာ နာမည်တစ်လုံးတည် နာမည်က 'မပွင့်'။

'ပရိသတ်ရှေ့မှာ အပြစ်ပေးခံရတော့ နည်းနည်းရှ တယ်ပေါ့ကွာ၊ ဒါနဲ့နာမည်သိချင်စိတ်များသွားတယ်''

'ခင်ဗျား အခုမသိလဲ နောက်သိရမှာပါပဲ၊ တစ်ရုံးထဲတော ပြန်ကျရင် ကျနေဦးမယ်၊ ဒါနဲ့ခင်ဗျား အရင်းလေးကာမိအောင် လာမ ဗုဒ္ဓဟူးပတ် စုပေါင်းစပါးစိုက်ပွဲနေ့ကျတော့ စကားလိုက်ပြော၊ တို့ သူတို့ကို စကားလိုက်ပြောချင်နေတယ် မထင်နဲ့သူတို့ကလဲ တို့ စကားပြောချင်နေတာ'

တပ်ခွဲစုပေါင်း ကောက်စိုက်ပွဲနေ့တွင် အကြံသမားကျွန်တော် သည် မျိုးစည်းသယ်ပို့ရန် တာဝန်ယူသည်။ တစ်နေရာတွင် စုပုံထား မျိုးစည်းများကို အမျိုးသမီးတပ်ခွဲသို့ သွားမို့လျှင် ခပ်သွက်သွ အမျိုးသား တပ်ခွဲသို့ကား ခပ်မှန်မှန်သာ။ ထိုသို့အမျိုးသမီး တပ်ခွဲ မျိုးစည်းသွားချပေးရင်း ယခင်အပတ် တပ်ခွဲမှူးကို သင်တန်းသား ထုံးစံအတိုင်းလက်တင် အလေးပြုလိုက်သည်။

'လေးစားပါတယ် တပ်ခွဲမှူး'

ယနေ့ သူတပ်ခွဲမှူး မဟုတ်သော်လည်း အပြစ်ပေးခဲ့ဖူး





သင်တန်းသားမှန်း မှတ်မိသဖြင့် လှပစွာပြုံးပြီး စစ်မိန့်သံဖြင့်မေးသည်။

'ကသ (၁၅၁)နာမည်ပြော'

တမင်တကာပင် ပုံမှန်အသံဖြင့် မေးဖြေပြန်ပြောလိုက်သည်။

'တပ်ခွဲမှူး နာမည်အရင်ပြော'

'မပွင့်'

' ဗြော - နာမည်တစ်လုံးနဲ့ပဲကိုး၊ ကျွန်တော့်နာမည် င်းထင်နိုင်း'

'ဟုတ်ကဲ့ရှင့်၊ မြန်မြန်သွား ရှင်အပြစ်ပေးခံနေရဦးမယ်'

ကျွန်တော် ဝမ်းသားအယ်ရဲ ပြန်လည်လှည့်ထွက်သည်။ ယ်ကန်သင်းတစ်ခုပေါ် အတက်ကျယ်လောင်စူးရှသော အော်သံ ထွက်လာသည်။

''အီး အီး ဟီးဟီးအမလေး သေပါပြီရှင့် ''

နောက်ပြန်လှည့်ကြည့်တော့ မပွင့်တစ်ယောက် ခုန်ဆွ ခုန်ဆွ နှင့် ကြောက်လန့်လွန်း၍ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော် လျက်ရှိ သည်။ ချက်ချင်းပင်နောက်ကျွမ်းပစ်၍ အပြေးပြန်လှည့်ခဲ့သည်။

'မပွင့် မပွင့် ဘာဖြစ်လဲ ဘာဖြစ်လဲလို့'

'' ဒီမှာ မျှော့ မျှော့ မျှော့လေ၊ အမလေးကြောက်စရာကြီး'

တုဆတ်ဆတ်တုန်နေသော ခြေတစ်ဖက်မှ ဘောင်းဘီကို ခဲ့မလိုက်သည်။ ရောမ မျှော့နက်မဲကြီးပါပေတည်း''။

'နေ နေ ကျွန်တော်ဆွဲခွာချလိုက်မယ် ခြေထောက်မခါနဲ့လေ'

ပြောမရအောင် အကြောက်လွန်နေသဖြင့် တုဆတ်ဆတ်တုန် ခါနေသော ခြေတစ်ဖက်ကို ဘယ်လက်ဖြင့် တင်းကြပ်စွာ ဖမ်းဆုပ်လိုက် သည်။ လက်တစ်ဖက်ဖြင့် မျှော့ကို ဆွဲဖမ်းလိုက်သော်လည်း မိန်းကလေး တစ်ဦး၏ ဤမျှလှပသော ခြေသလုံးသားကို မြင်ဖူးခြင်း ကိုင်ဖူးခြင်း မရှိခဲ့ဖူးသူဖြစ်၍ မိမိလက်ပင် တုန်ယင်နေလေရာ မျှော့ကို ဖမ်းမရ၊

www.burmeseclassic.com



ခြေသလုံးဆုပ်ကိုင်ထားသော လက်ကိုလွှတ်ပြီးလက်နှစ်ဖက်ဖြင့် ဆွဲမ[ည်] မှမိတော့သည်။

ကိုရွှေမျှော့ကလည်း လှပသော ခြေသလုံးသားမှ ခွါခွာလာချင် မရ၊ ဆွဲလိုက်တိုင်း ရှည်ထွက်လာပြီး ပြုတ်ထွက်မလာပေ။ နောက်ဆုံး သတိရသည်နှင့် ဘောင်းဘီအိတ်ထဲမှ ခဲတံချွန်တားကို ထုတ်ယူပြီး ဘယ်လက်ဖြင့် မျှော့ကိုဆွဲကာ ညာလက်ဖြင့် ဆွဲဖြတ်လိုက်သည်။

"အား"

အော်သံ နှင့်အတူ ကျွန်တော့်၏ ဘယ်လက်မှ သွေးများဖြာ ပန်းထွက်လာသည်။ နှလုံးတုန်ရင်ခုန် လက်တုန်သောအဖြစ်ကြောင့် လက်ဆမမှန်ခြင်းဖြစ်သည်။ ဒုတိယအကြိမ် မျှော့ကိုဆွဲဖြတ်လိုက်မှ ပြုတ်ထွက်သွားတော့သည်။

'ဟား ဟား ဟီး ဟီး ခစ် ခစ် ခစ်'

ဝိုင်းအုံကြည့်နေသူများထံမှ ကျိတ်၍ရယ်မောသံများထွက် လာသည်။ ထိုအချိန် အလုပ်နားခရာသံ ထွက်လာ၍ တော်ပါသေးသည်။

ညနေတန်းစီ လူစစ်ပြီးချိန်တွင် တပ်ခွဲ(၆)ရုံးမှ လှမ်းခေါ်သည်။

'ကသ. (၁၅၁) ပစ္စည်းလာယူ'

ချင်းတောင်က မိတများထံမှ မည်သည့်စားသောက်ဖွယ်ရာများ ပို့ပေးလိုက်ပါလိမ့်၊ အပြေးအလွှား ထွက်လာသည်။

'တပ်ခွဲ(၁)တပ်ခွဲရုံးကကာသ ( ) ပေးခိုင်းလိုက်တာ"

ပစ္စည်းမှာ အနာလိမ်းဆေးတောင့်နှင့် ပတ်တီးလိပ်သာ ဖြစ်သည်။ အဆောင်ထဲပြန်ဝင်တော့ ကိုဖိုးသန်းကပြောသည်။

'ဒီလို ဂရုစိုက်မယ်မှန်းသိရင် ပိုင်းပိုင်းပြတ်အောင်ဖြတ် သင့်တယ်'

× × × × × ×





(၃)

အခြေခံစစ်ရေးပြသင်တန်းပြီးဆုံးသော် တပ်ပြင်သို့ထွက်ခွင့်ရကြ သည်။ တက္ကသိုလ်သို့ ပြန်ရန်ဆုံရပ်သည် မြို့တော်ခန်းမဖြစ်သည်။

တက္ကသိုလ်ဝင်းအတွင်းစကားပြောခွင့်မကြုံနိုင်သူများ ဤဆုံရပ်၌ စကားဖောင်ဖွဲ့လေ့ရှိကြသည်။ စုရပ်သို့ ကျွန်တော်ပြန်ရောက်တော့ အလျင်ရောက်နှင့်သော မပွင့်က နှုတ်ဆက်သည်။

"ရှင့်လက် ဓားလှီးမိတာ ကျက်သွားပြီလား"

"ကောင်းနေပါပြီ မပွင့်ရဲ့၊ ဒီမှာကြည့်"

လက်မပေါ်၌ ကန့်လန့်ဖြတ် ထင်ကျန်နေသော အမာရွတ်ကို ထိုးပြလိုက်သည်။

" ဟယ် အမာရွတ်က အကြီးကြီးတော့၊ ကျွန်မစိတ်မကောင်း ဖြစ်လိုက်တာ"

"အမှတ်တရပေါ့ဗျာ ဟဲ ဟဲ ဟဲ "

ကျွန်တော်ရယ်ကျဲကျဲပြောတော့ သူကနှုတ်ခမ်းကိုစူ၍ ပြုံးရင်း ပြန်ပြောသည်။

"ဒါတော့ ရှင့်ကိုရှင်ပေးတဲ့ အမှတ်တရပဲ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က ဘယ်သူပေးတာ မပြောပါဘူး။ ဒါပေမဲ့ ဒီအမာရွတ်ကို မြင်တိုင်းအမြဲတမ်း သတိတရရှိနေမှာတော့ သေချာတယ်"

"ဟင်း ဟင်း ဒါနဲ့ သင်တန်းပြီးရင် ရှင် ချင်းပြည်နယ်ပဲ ပြန်လျှောက်မှာလား "

ရှေ့ဆက်လာနိုင်သည့် စကားကို ကြိုတင်တွက်ဆတတ်ဟန်တူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စကားလမ်းကြောင်းလွှဲမေးသည်။

"မပွင့်ကကော မွန်ပြည်နယ်ကို ပြန်လျှောက်မှာလား"

'ကိုယ့်ဒေသကိုယ်ပြန်နေချင်တာပေါ့၊ ဒါပေမဲ့ သင်တန်း[...] အမှတ်နဲ့ခွဲမှာဆိုတော့ ဘယ်ရောက်မယ် ဘယ်သိတတ်နိုင်မလဲရှင်"

"ကျွန်တော် မွန်ပြည်နယ်ကို ဦးစားပေး(၁)လျှောက်မလို့"

'ကောင်းတာပေါ့၊ သူငယ်ချင်းတွေ အတူတူအလုပ်လုပ်ကြတော[...] ပျော်စရာ ကောင်းတာပေါ့"

'အိုး'

ပြောလက်စ စကားမဆုံးကြခင် ကားပေါ်တက်ရန် ခရာသံထွက်[...] လာသည်။ အမျိုးသမီးတပ်ခွဲကား ထွက်သွားပြီးမှ အမျိုးသားတပ်ခွဲကား[...] စက်နိုးသည်။ အဆောင်ပြန်ရောက်တော့ တပ်ပြင်မထွက်သော ကိုဖိုးသ[...] ကို မပွင့်နှင့် စကားစမြီပြောခဲ့ရပုံများကို ထိဆုကြီးပေါက်သည့် လေသံနှ[...] ပြန်ပြောလိုက်သည်။

'ကိုနိုင်းရဲ့ နှလုံးသားတပ်ခွဲမှူးနဲ့ ပြေလည်သွားပြီပေါ့'

'မွှောခွာပေးတဲ့ကျေးဇူးကြောင့် နှုတ်ဆက်တဲ့ သဘော[...] လူချင်းပါ ရင်းနှီးစ ဆိုပါတော့'

'ကိုယ့်ကိုကိုယ် အမှတ်မလျှော့နဲ့လေကွာ၊ ကြာရင်နှလုံးသား[...] ချင်းပါ ရင်းနှီးသွားမယ်'

နောက်ပိုင်း၌ကား ကျွန်တော်သည် အချိန်ရောက်တိုင်း တပ်ပြင[...] ပုံမှန်ထွက်သူဖြစ်လာသည်။ ကားဂိတ်ဆုံရပ်သို့ တမင်စောစီးစွာပြန်ရောက်[...] လာကြသော ကျွန်တော်နှင့် မပွင့်သည် အနီးရှိဆွမ်းလေဘုရားပေါ်သို့ တက်ကာ ကားထွက်ချိန်ကို စောင့်ရင်း ရောက်တတ်ရာရာ ပြောဆို ကြမြဲ။

ရက်ကာလများ ကြာညောင်းလာသည်နှင့်အမျှ နှလုံးသားချင်း နားလည်ခဲ့ကြပြီ။ အချိန်ရတိုင်း ရွှေတိဂုံဘုရားသို့ တက်ရောက်၍





[...]နီးသီးကပ်၊ ရေသပ္ပာယ်ခြင်းကို အတူတကွပြုခဲ့ကြပြီး ကားဂိတ် [...]ပြန်ရောက်၍ သင်တန်းဆရာများရှေ့၌မှု တစ်ဦးကိုတစ်ဦးမြင်မှုခြင်းမှု [...]ကြသူများကဲ့သို့ ယောင်၍မှုပင် လှည့်ကြည့်မိကြခြင်းမရှိကြချေ။

× × × × × ×

(၄)

နှစ်တစ်ပတ်လည်ခဲ့ပြီ၊ စစ်မျှုပ်ပြာအကြိမ်ကြိမ်ဆင်း၍ ညတိုက်ပွဲ သည်အခါခါ သွားခဲ့ကြပြီ၊ ခရီးရှည်ခရီးတို ချီတက်ပွဲများလည်းပြီးခဲ့ပြီ၊ သင်တန်းဆင်း စစ်ရေးပြ အခမ်းအနားအတွက် လေ့ကျင့်ခန်းဆင်းဆဲ ရှိသည်။ ထိုကာလ၌တစ်နှစ်တာသင်ယူခဲ့ရသော ဘာသာရပ်များကို စာတမ်းရှည်ကြီး ရေးသားတင်ပြကြရမည်ဖြစ်သည်။

သင်တန်းသားများ၏လိပ်စာ စာအုပ်ချုပ်လုပ်ရန်ထွက်လာသော ကျွန်တော်သည် စာတမ်းမျက်နှာဖုံးများရိုက်နှိပ်ရန် ထွက်လာသည့် မပွင့်နှင့် မြို့တော်ခန်းမ၌ပြန်ဆုံသည်။

'မပွင့် ကုန်သွယ်ရေးလက်ဖက်ရည်ဆိုင်ထဲ လက်ဖက်ရည် သောက်ရင်း ခဏနားရအောင်'

'အေး ကောင်းတယ်၊ ကျွန်မလဲ ရှင့်ကိုဘယ်မှာတွေ့ရ ကောင်းမလဲ စဉ်းစားနေတာနဲ့ အတော်ပဲ'

ချောင်ကျကျထောင့်တစ်နေရာ၌ ထိုင်လိုက်မိကြသည်နှင့် [...]မီးလောင် လေတော့သည်။

'ရှင် တော်တော် လူပါးဝတဲ့ လူပါလား၊ ဒီကြင့် စေတနာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းကို ကြိုးစားပြီး ရေးပေးလိုက်ရတာ၊ဒါက ဘာသဘောလဲ'

မပွင့်က စာတမ်းတစ်စောင်ကို ကျွန်တော့်ရှေ့ ဘုန်းခနဲ ပစ်ချပြီး မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ကြည့်သည်။ နီရဲသော မျက်နှာပေါ်တွင် နှုတ်ခမ်းက တုံယင်လျက်ရှိပြီး လက်ချောင်းများက တဆတ်ဆတ်၊ ကျွန်တော်ချက်ချင်းသိလိုက်ပေပြီ။

'ကျွန်တော်က ရှင်းပြပါရစေ ဒီကိစ္စက . . . "

'ကျွန်မကို ရှင်းပြရအောင် ရှင့်တပည့်မဟုတ်ဘူး၊ မအေးနွဲ့က သူ့အဆက် ရေးပေးတာဆိုလို့ ဘယ်သူများလဲလို့၊ ဟင်းရှင်တော်တော် ယုတ်မာ၊ ရှင့်မျက်ခွက် လုံးဝမကြည့်ချင်ဘူး'

ပစ်ချခဲ့သော စာတမ်းကို ပြန်ကောက်ကာ မပွင့် တစ်ယောက် အရှိန်ဖြင့် ပြေးထွက်သွားသည်။ စားပွဲထိုးကို လက်ကာပြခဲ့ပြီး အပြေးလိုက် သွားပါသော်လည်း အမြီးသမီးသီးသန့် ကားပေါ်သို့ ပြန်တက်သွားခဲ့ပေပြီ အခေါင်ပြန်ရောက်တော့ နတင်ချင်းကပ် ကိုဖိုးသန်းကို ဖြစ်ကြောင်း ကုန်စင် ပြန်ပြောပြလိုက်သည်။

" ဒီမှာ သူငယ်ချင်းရေ ကိုယ့်နှလုံးသား တပ်ခွဲမှူးက ကိုယ်ကို ပယ်ပယ်နယ်နယ်နွှာသွားခဲ့ပြီ ဖြစ်ပုံက ဒီလိုဗျ"

စာတမ်းများ ပြုစုရမည့်အချိန်တွင် ကျောင်းဆင်းပဒေသာကပွဲ အတွက် ချင်းတိုင်းရင်းသား ရိုးရာအကကို သင်ကြားပေးနေရသဖြင့် ကိုယ်တိုင် ရေးချိန်မရခဲ့။ သို့ဖြစ်၍ မိမိတင်ပြမည့် စာတမ်းကို မပွင့်က ရေးသားပေးပါရန် အကူအညီတောင်းခံခဲ့သည်။ စာမျက်နှာ ၃၀ဝခန့် ရေးရသောစာတမ်းကို သူ့စာတမ်းနှင့်အတူ မပွင့်က မငြီးမငြူ အပတ် တကုတ် ကြိုးစားရေးသား ပေးခဲ့ရသည်။ ထိုအချိန်တွင် မိမိနှင့် တစ်နယ်တည်းမှ သင်တန်းလာတက်သူ မအေးနွဲ့က အရေးပေါ်ခွင့် ယူ ဆေးခန်းပြရန်ရှိ၍ သူ့စာတမ်းကို မဖြစ်ဖြစ်အောင် ရေးသားပေးပါရန် အပြင်းအထန် ပူဆာလေတော့သည်။ ကိုယ့်နယ်သူဖြစ်နေသည့်





[illegible]လျှက် အကတိုက်ရင်းစာတမ်းကို ဖြစ်သလိုရေးပေးခဲ့ခြင်း ဖြစ်သည်။ [illegible]တမ်းများကို ဖုံးအုပ်ချုပ်လုပ်ရန် တာဝန်ယူသောမပွင့်ဆီသို့ ထိုစာတမ်း [illegible]ဆိုက် မြိုက်မြိုက် ရောက်ရှိသည်။

'အဖြစ်ကတော့ အဲဒါပါပဲ ကိုဖိုးသန်း၊မအေးနွဲ့ကလဲ ဘာတွေ [illegible]ချောင်ထားမှန်း မသိပါဘူးကွာ'

ဖြစ်ကြောင်းကုန်စင်ရှင်းပြတော့ ကိုဖိုးသန်းက ချီးကျူးထောပ [illegible]ပြုသည်။

'ဟုတ်သားကွ၊ လူတကာ ကိုယ့်ကိစ္စအပူတပြင်း လုံးပမ်း [illegible]ချိန် သူများစာတမ်းရေးပေးတယ်ဆိုတာ နယ်နယ်ရရ စေတနာ [illegible]တ်ဘူး။ ကိုယ့်စာတမ်းကို မိန်းကလေးတစ်ယောက်ကို ရေးခိုင်း၊ [illegible]ကျတော့ တခြားမိန်းကလေးတစ်ယောက်ရဲ့ စာတမ်းကို ရေးပေး [illegible]တော့ မပွင့်မို့လို့ပေါ့ကွာ၊ မဖိုးသန်းသာ ဆိုရင် အသေရိုက်လွှတ်ထယ် [illegible] တဲ့ တဲ့ "

× × × × × ×

(၅)

သင်တန်းဆင်းသည့် နေ့တွင် သင်တန်းသားအများစုမှာ [illegible]များက ကားကြီးကားငယ်များဖြင့် အသီးသီးလာရောက် ခေါ်ယူ [illegible]သည်။ ကျွန်တော်ကား နာဂတောင်တန်း လဟယ်မြို့တွင် တာဝန် [illegible]ဖြင့် မိုးမကျမီ အမြန်ဆုံးထွက်ခွာရန် အထက်လူကြီးများက [illegible]ကြားသည်။ မိုးကျသည်နှင့် ခရီးလမ်းပြတ်တောက်သွားတော့မည်။ [illegible] ချက်ချင်းထွက်ခွာလာခဲ့သည်။ လဟယ်မြို့သို့ ရောက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပြန်တမ်းများကို ပြန်လည် လှန်လှောကြည့်ရှုရာ မပွင့်တစ်ယောက် မွန်ပြည်နယ်၌ တာဝန်ကျကြောင်းတွေ့ရသည်။ အဆက်အသွယ် မ နိုင်သောကာလဖြစ်၍ မည်သည့်မြို့၌ တာဝန်ကျသည်ကိုမသိနိုင်။

ဤသို့ဖြင့် နာဂတောင်တန်း၌ ၃ နှစ်ကျော်မျှ တာဝန်ကျခဲ့ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန် သတိရတတ်သကဲ့သို့ ယူကျုံးမရ အရှးတစ်ယောက်ပမာ တမ်းတလွမ်းမောခဲ့ရသည်များမှာလည်း အခါခါပင်၊ နှစ်ကာလများကြာလာသည်နှင့်အမျှ သူလည်း အိမ်ထောင် ကျလောက်ပေပြီ ဟူသောအသိဖြင့် မျှော်လင့်ချက်များ မှေးမှိန်ခဲ့ရသည်

ကြာတော့လည်း လွမ်းစရာများကို အလုပ်ဖြင့် ဖြေသိမ့်တ ခဲ့ပါပြီ။ နာဂတောင် တန်းမှတဖန် ပြန်လည်ထွက်ခွာခဲ့၍ စစ်ကိုင်းတို အထက် ချင်းတွင်းခရိုင်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့သို့ လှည့်လည် တာဝန်ထမ်းဆောင်လာခဲ့ပြီ။ အသက်အရွယ်ရ၍ ပင်စင်နီးကပ်လာသည် အားလျော်စွာ မိသားစုနှင့်နီးစပ်ရာ ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွေ့ တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ပါသည်။ ထိုစဉ်က ရုံးချုပ်သည် သမ္မတရုပ်ရှင်ရုံအနီး၌ရှိသဖြင့် ဆူးလေဘုရားမှသည် အေးအေးလူလူပင် သတင်းပို့ရန် လမ်းလျှောက် ရုံးထဲဝင်လာခဲ့သည်

"ရုံးချုပ်တာဝန်ကျ သတင်းပို့မယ့် ဦးစီးများ ညွှန်မှူးခန်း ဝင်ပါခင်ဗျာ"

ညွှန်ကြားရေးမှူး၏ ရုံးခန်းရှေ့ဝန်ထမ်း၏ ခေါ်သံကြောင့် ထိုင်ရာမှထလိုက်သည်။ ကပျာကယာ တိုက်ပုံအင်္ကျီ ထုတ်ဝတ် မိမိရှေ့က အမျိုးသမီးကြီးတစ်ဦး ဝင်ရောက်သွားသဖြင့် နောက်က ကပ်လိုက်သွားသည်။

" ဟင် မပွင့် "

" ဟယ် – ကိုမင်းထင်နိုင်'

ညွှန်ကြားရေးမှူးရှေ့တွင် တစ်ယောက်ကို တစ်ယောက်





အံ့တသြ နှုတ်ဆက်ကြသည်။

"ခင်ဗျားတို့က တစ်ပတ်စဉ်ထဲတွေလား"

ဟုတ်ကဲ့ ညွှန်မှူး

ညွှန်မှူး၏ အမေးကိုပြိုင်တူ ဖြေလိုက်ကြသည်။

"ရုံးချုပ်မှာ တာဝန်ကျတယ်ဆိုတော့ နေတော့ဘယ်မှာ နေကြလဲ"

"ကျွန်မက တစ်ယောက်ထဲ သမားဆိုတော့ မြို့ထဲမှာ အခန်းငှား နေပါတယ်ရှင့်"

"ကျွန်တော်က အင်းစိန်မိသားစု လိုင်းခန်းမှာပါ"

"တစ်ပတ်စဉ်ထဲ တွေဆိုတော့ ရဲဘော်ရင်းတွေပေါ့၊ ဒေါ်ပွင့်က ဌာနစိတ် (၁)နဲ့ဦးမင်းထင်နိုင်းက ဌာနစိတ် (၂)မှာ တာဝန်ပေးထားတယ်၊ တွေ့ရုံကျတီရိုပို့တင်ကြ၊ သွားနိုင်ကြပြီ"

ဌာနစိတ် (၁)နှင့် (၂)သည် တစ်ခန်းတည်းတွင် စားပွဲချင်းယှဉ် လျက်ရှိသည်။ စားပွဲပေါ် ထိုင်မိကြသည်နှင့် လှမ်းပြောလိုက်သည်။

" တပ်ခွဲမှူး မပွင့်တို့များ လွန်ခဲ့တဲ့အနှစ် ၂၀ က ဖောင်ကြီး စခန်းသူအတိုင်းပါပဲလား ချောလို့ လှလို့"

" ဟင်း ဟင်း ရှင့်မျက်မှန်ထူကြီးလို အတိတ်ကို ပြန်မြင် စေတဲ့ မှော်မျက်မှန်မျိုး ကျွန်မလဲ လိုချင်လိုက်တာ။ ကျွန်မမျက်မှန် ကတော့ ပလပ်စ်ရော မိုင်းနပ်စ်ပါ တွဲထည့်ထားရတယ်ရှင့်"

" ကျွန်တော် မြှောက်ပြောနေတာမဟုတ်ဘူး။ နှလုံးသားတပ်ခွဲမှူးရေ"

" ရှင်နော်၊ အပိုတွေပြောမနေနဲ့၊ ရှင်မျှော်ခွာပေးတုန်းက ကျွန်မခါးက ၂၆ လက်မ၊ အခုလက်မ ၆၀၊ ခေါင်းက ဆံပင်က ဖြူသွားပြီးထားတာ၊ အရင်က မျက်မှန်မတပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှလုံးသားထဲမှာတော့ စစ်ဝတ်စုံဝတ်နဲ့ လှပနေ
တပ်ခွဲမှူးရဲ့ ရုပ်သွင်ဟာ ခုလဲဒီအတိုင်းပါပဲ'

"ရှင် တော်ဓော် လေပေါနော်၊ ကိုယ့်အလုပ်ကို ကိုယ်မလုပ်
စကားများနေရင် ဟိုတုန်းက ရှင့်လက်ကိုရှင် ဓားနဲ့လှီးတာ သည်တစ်
တော့ ရှင့်ပါးစပ်ကို ကျွန်မဓားနဲ့လှီးပစ်လိုက်မယ် ကဲ"

ဒေါ်မွင့်က ခဲတံချွန်ဓားကို ဖြေထုတ်ပြီး အနီးကပ်ချိန်ရွယ်လိုက်
သဖြင့် လက်ကိုကာ၍ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

ကိုနိုင်း (ချင်းတောင်)
(လုံမလေး၊ အတွဲ ၂၁၊ အမှတ်-၂၄၄၊ နိုဝင်ဘာ ၂၀၀၅)

❧ ❧ ❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## ချင်းရိုးမ၏ချစ်ပုံပြင်

'မောင်နှမနှစ်ယောက် အတူသွား အတူလာကြ၊ ခွဲမသွားကြနဲ့

တောင်တက် တောင်ဆင်း ခရီးသွားလာနိုင်သည့် အရွယ် အရောက်တွင် ဇာတိကျေးရွာ လှလောင်းပန် ရွာကလေးမှ ကန်ပက်လက် မြို့သို့ ကျောင်းတက်သွားရသည်။ ထိုရွာ ကလေးအလွန် မင်းထင် တောင်ကြောဘက်ရှိ ခွဲလုံရွာသူကြီး ခွဲလုံရွှေ၏ သမီးမရွှေရှင်းပါလည်း ဝေးလံသော ကန်ပက်လက်မြို့သို့ လာရောက် ကျောင်းတက်ရသည်။ ကျွန်တော်၏ အဘိုးတောင်ပိုင်ဦးမင်းထင်နှင့် ခွဲလုံရွှေတို့သည် ငယ်ပေါင်း ရောင်းရင်း မဟာမိတ်များဖြစ်ကြရကား ရွှေရှင်းပါသည် မြို့နှင့်နီးသည့် လှလောင်းပန်ရွာ အဘိုးအိမ်၌ လာရောက်နေထိုင် ကျောင်းတက်ခြင်း





ဖြစ်သည်။

အမွေခံ မြေးဦးဖြစ်သူ ကျွန်တော်သည် အဘိုးအိမ်မှာပင် ...ယ်စဉ်ကတည်းက နေထိုင်ရသဖြင့် ရွှေရှင်းပါ နှင့် ကျောင်းသွားဖော် ...ဖြစ်လာကြရသည်။ ချိန်တန်ရွယ်ရောက်သော် ရွှေရှင်းပါနှင့် နေရာချ ...ပေးရန် စကားပြောဆိုထားကြသည်ဟု သိရသည်။ တိုင်းရင်းသား ...၌ ဓလေ့ယဉ်ကျေးမှုတစ်ရပ်မျှသာဖြစ်၍ မထူးဆန်းပါ။

သို့သော် ဤဓလေ့သည် ဆိုင်ရာ လူငယ်တို့၏ ဆက်ဆံရေးကို ...စွာ အရိပ်ထိုးနေတတ်သည်ဟု ကျွန်တော်ယူဆသည်။ ဤသို့ ...သား သွားအတူလာအတူဖြင့် မူလတန်းပညာ ကုန်ဆုံးခဲ့ကြပါသည်။ ...ဆက်အရွယ်လည်းရောက် အလယ်တန်း ကျောင်းသားကြီးများဖြစ်လာကြ ...သည့်အခါ သူကလေးသည် ဓါတ်ကိုင်းကဲ့သို့ အတူသွားအတူပြန်ခြင်း မရှိဘဲ ...၍သွားခြင်း၊နောက်ချန်ပြန်လာခြင်းတို့လာဖြစ်သည်။ ဤတွင် အဘိုး၏ ...ကြိမ်းမောင်းခြင်းကို ခံရသည်က ကျွန်တော် ဖြစ်သည်။

"မင်းထင်နိုင်း၊ မင်းကယောကျ်ားလေးလဲဖြစ်၊အသက်ပိုကြီး ...သူလဲဖြစ်၊ပြီးတော့ ဒါဟာ ယောကျ်ားညံ့တို့ရဲ့ တစ်ကိုယ်ကောင်း ...အမှုပဲ၊ သွားအတူ လာအတူ စောင့်ခေါ်မှပေါ့၊ နောင်ဒီလိုမလုပ်နဲ့ ...ကြားလား"

အမှန်က ရွှေရှင်းပါကသာကြိုသွားလိုက် နောက်ချန်လိုက် ...ပ်နေခြင်း ဖြစ်သည်။ ထို့ပြင်သာမက ဘွားဘွားသည် ရိုးရိုးပင် ...ပူတော့ဘဲ တတွတ်တွတ် ဖြစ်လာသည်။

"လူကလေးကလဲအေး၊ ကိုယ့်ညီမလေးပဲဟာ၊ နောင်တစ်ချိန် ...ရင် ကိုယ့်အိမ်ရာ ဥစ္စာပစ္စည်း ထိန်းသိမ်းစောင့်ရှောက်ပေးမယ့်သူ ...လာနိုင်တဲ့ဟာကို သူ့မိဘတွေသိရင် မကောင်းဘူး၊ သွားအတူ ...အတူမှပေါ့၊ စိတ်နှလုံးကောင်းလေးလဲ ထားဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆူပူကြိမ်းမောင်းခံရဖန်များလာသဖြင့် သတ္တမတန်း နှစ်ကုန်ခါနီး၊ ရွာပြန်ရမည့် တစ်ခုသော သောကြာနေ့ မနက်တွင် ကြိုတင်၍ ပြောထားလိုက်သည်။

"ရွှေရှင်းရေ့၊ ညနေ ရွာပြန်အတူတူ ပြန်ကြရအောင်၊ နင့်ကို ရှေ့ကသွားလိုက် နောက်ကကျန်လိုက်နဲ့"

"နင့်အဘိုးက ဆူလို့ အတူပြန်ဖို့ပြောနေတာ မဟုတ်လား"

"အေးပေါ့ဟ"

ထိုသို့ နံနက်ပိုင်းတွင် စကားပြောဆိုကြပြီးနောက် ရွှေရှင်းသည် ညနေပိုင်း ကျောင်းပင်မတက်တော့ဘဲ ရွာသို့ ကြိုတင်ပြန်သွား လေသည်။ အကယ်၍ သူသာ စောစွာမရောက်ဘဲ နောက်ချန်နေခဲ့ပါက ဆူပူကြိမ်းမောင်းခြင်းများစွာ ခံရဦးမည်ဖြစ်သည်။ သို့နှင့် ကာလအတန် ကြာပင် မခေါ်မပြောနေလိုက်သည်။

× × × × × ×

(၂)

တန်ပက်ရှိသက်မြို့၌ အလယ်တန်းပြီးဆုံးသော အထက်တန်း ကျောင်းရှိရာ မင်းတပ်မြို့သို့ ကျောင်းတက်သွားကြပြန်သည်။ ခွဲလုံရွာ ရွှေရှင်းပါ၏ မိဘများနေအိမ်သည် ကျွန်တော်၏ စခန်းတစ်ထောက်မှီရာ ဖြစ်ခဲ့ရပြန်သည်။ ဤသို့ဖြင့် ကျောင်းသွားကျောင်းပြန် အတူတွဲ ဖြစ်ခဲ့ပြန်သည်။ တက္ကသိုလ်ဝင်တန်းသို့ ရောက်လာသော ထိုသို့ အတူသွား





အတူပြန်ခြင်းကို အဓိပ္ပါယ်ရှိသော မျက်လုံးများဖြင့် အကြည့်ခံလာရသည်။ နွေရာသီနှင့် ကျောင်းပိတ်တိုင်း အတူလိုက်မပြန်တော့ဘဲ မင်းတပ်မြို့အနီးရှိ ဘုန်းကောင်းရွာ၊ ကျော့တော်ရွာတို့သို့ လည်ပတ်နေလိုက်သည်။ ရွာအတူ မပြန်ခဲ့လိုက်သည်မှာ ကြာပြီဖြစ်၍ တစ်နေ့တွင် ရွှေရှင်းပါက တခုတ်တရ လာပြောသည်။

" ဒီနှစ် ခွဲလုံရွာမှာ ရိုးရာကျောက်ပြင်ချိုနတ်ပွဲကြီး ရှိတယ်၊ နောက်တိုဘာကျောင်းပိတ်ရက်ဆိုတော့ ဆက်ဆက်သွားရအောင်"

ရိုးရာကျောက်ပြင် ချိုနတ်ပွဲကြီးမှာ (၇)ရက် (၇)လီ ကျင်းပသော ပွဲဖြစ်သည်။ ယောက်ျားလေးတို့ ကြင်နှောင်မိတ်ဆက်ရာ၊ ချစ်သူတို့ဘဝ ထူထောင်ရန်စည်းရေး တိုင်ပင်နှီးနှောရာ၊ လူကြီးသူကောင်းတို့၏ သမိုင်းရာဇဝင် ဖော်ပြနှောဖလှယ်ရာ ပွဲလည်းဖြစ်သည်။ ခေါင်ရည်ခွက်ချင်းလဲလှယ် သောက်သုံး၍ ရိုးရာတေးသီချင်းကို တစ်ဖုပ္ပတ္တိဉာဏ်ဖြင့် သီကျူး ဆိုရသည်။ သို့ဖြစ်၍ အလွန်စည်ကားသည်။

"မင်းထင်နိုင်း၊ နင်နဲ့ငါပွဲတော်မှာသီချင်းဆိုကြေး"

ရိုးရာပွဲတော်၏ သဘာဝအရသူနှင့် ရိုးရာသီချင်းဆိုရန် ရွှေရှင်းပါ ချိန်းခေါ်သည်။

'နဂိုကမှ နင်နဲ့ငါ့ကို သူများတွေက ဘာလိုလိုထင်နေတဲ့ အထဲမှာ'

"ဩော် . . . နင်က ငါနဲ့ အထင်မခံချင်ဘူးပေါ့လေ၊ ဒါတောင် ငါအတင်းခေါ်လို့ အားနာပါးနာ လိုက်လာမှာမဟုတ်လား၊ အဲဒီပွဲမှာ နင်ငါနဲ့ ရိုးရာသီချင်းအတူ ဆိုချင်စိတ်ရှိမရှိ သိရအောင် မေးကို ငါခေါ်တာပါ"

"အမလေး ရွှေရှင်းပါရယ်၊ သူများတွေက ရိုးရာသီချင်းဖွဲ့ပြီး ဆိုကြပြောတယ်ဆိုတာ ဆိုတတ်လို့ ဆိုကြတာကွ၊ ဘာတစ်လုံးမှမတတ် တဲ့ငါက ဘာကြီးသွားဆိုမှာလဲ၊ ရှေ့ကဆိုသွားတာတောင် ငါက နောက်က



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြောတတ်တာမဟုတ်ဘူး။ ပရိုသတ်အလယ်မှာ နေရင်းထိုင်ရင်း အရှက်မကွဲပါရစေနဲ့"

"ဒီမှာ မင်းထင်နိုင်။ ဆိုချင်စိတ်ရှိမရှိ အဓိကပဲ"

"ရွှေရှင်းပါရယ်၊ ဘာတစ်လုံးမှ မဆိုတတ်တဲ့ငါက ဘာကြီးသွား ဆိုချင်စိတ်ရှိနေမလဲ၊ ဆိုပါတော့ဟာ– နတ်ရှင်နောင်သီချင်းတို့ ဂုဏ်ပြု သူသီချင်းတို့ဆိုရင် ငါက အပြန်တစ်ထောင်ဆိုပြမယ် – ကဲ "

'နင်က ရိုးရာပွဲမှ ငါနဲ့စတီလောက်တောင် မဆိုချင်ဘူးပေါ့'

'အေး– လုံးဝမဆိုချင်ဘူး၊ ဖြစ်မှ မဖြစ်ဘဲ'

" ဟင်း – နင်ဟာလောကကြီးမှာ စိတ်ပျက်စရာ အကောင်း ဆုံးလူတစ်ယောက်ပဲ သိလား၊ ချင်းရိုးရာပွဲမှာ ချင်းရိုးရာသီချင်းမဆိုချင် ရင်သွားမနေပါနဲ့"

ထိုသို့သော အကြောင်းများကြောင့် ထိုပွဲသို့သွားရောက်ရန် အမှန်တကယ်ပင် ရှောင်တိမ်းပျက်ကွက်ခဲ့ပါသည်။

× × × × × ×

(၃)

အောက်တိုဘာကျောင်းပိတ်ရက်များ ကုန်ဆုံး၍ ကျောင်းပြန် ဖွင့်သော် ထိုစဉ်က မင်းတပ်ခရိုင်ဝန်ကတော်နှင့် မြန်မာစာပြ ဆရာ ဒေါ်ခင်မာမြ တို့ဦးစီးကာ မင်းတပ်ခရိုင်မယ်ရွေးပွဲပြုလုပ်သည်။ ယခုခေတ် ကာယအလှမယ် ရွေးပွဲနှင့် သဘောအတူတူဖြစ်ပါသည်။ ထိုမယ်ရွေးပွဲ





ရွှေရှင်းပါ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန်ပြင်းပြင်းထန်ထန် တားမြစ် သည်။ မည်သည့်အကြောင်းကြောင့်မှန်းတော့မသိ၊ မသိစိတ်၏ နက်ရှိုင်း တစ်စုံတစ်ရာကြောင့် ဖြစ်ပေလိမ့်မည်။ မယ်မယ်ရရ အကြောင်းမပြနိုင် သကဲ့သို့ ရွှေရှင်းပါကလည်း ပြိုင်ပွဲဝင်ဖြစ်အောင် ဝင်ခဲ့သည်။ ထို့နောက် ၌ကား ကျွန်တော့်၏ မကြည်လင်သော စိတ်ဓာတ်ကြောင့် ခေါ်ပြော ဆက်ဆံခြင်းမျှပင် မရှိတော့ပါ။

"ဒီနေ့ကျောင်းသားများကိုယ်စား မင်းထင်နိုင်၊ ကျောင်းသူများ ကိုယ်စား ရွှေရှင်းပါ မဲပေါက်ပါတယ်ခင်ဗျာ"

ထိုစဉ်က စာသင်ကြားရေးပုံစံအရ သောကြာနေ့တိုင်း ညနေပိုင်း အချိန်ကို အတွေ့တွေ့ဖွံ့ဖြိုးရေးချိန်ဟု သတ်မှတ်ကာ စကားရည် လုပွဲ ကျပန်းစကားပြောပြိုင်ပွဲ၊ ရိုးရာပုံဝတ္ထုပြောပွဲများ ကျင်းပလေ့ရှိသည်။ ထိုနေ့ပုံ ဝတ္ထုပြောပွဲအလှည့်တွင် ကျွန်တော်တို့နှစ်ဦး မဲပေါက်သည်။ ကျွန်တော်က ဦးစွာပြောရသည်။ ချင်းရိုးရာ ကြယ်မင်းသမီးပုံပြင်ကို သာရောက် ကောင်ရောက် ပြောပြသည်။ ကျွန်တော့်အလှည့်အပြီးတွင် ရွှေရှင်းပါ စင်ပေါ်တက်လာသည်။

" ကျွန်မတင်ပြမယ့်ပုံပြင်ကတော့ ချင်းရိုးရာ အချစ်ပုံပြင်လေး ဖြစ်ပြီး နိဂုံးပိုင်းကို ပုံပြင်ခေါင်းစဉ်နဲ့ ချုပ်ပါ့မယ်ရှင့်"

' ဖြောင်း ဖြောင်း ဖြောင်း '

လက်ခုပ်သံများ ညံသွားသည်။ အမှန်တီးသူရှိ၍ နောက်ပြောင် တီးသူလည်းရှိသည်။

'ရှေးတုန်းက ဒီမင်းတပ်နယ် တောင်ပိုင်ကြီးမင်းဟာရွှေမှာ သမီးတော်လေး ရွှေရှင်းပါဆိုတာ ရှိပါတယ်၊ ကျွန်မနဲ့ နာမည်တူပေါ့ရှင်း ရွှေရှင်းပါဟာ လှပတဲ့အပြင် သီချင်းဆိုသံ သာယာလွန်းလို့ ငှက် ကလေးများပင် လာရောက်စုဝေးနားဆင်လေ့ရှိပါသတဲ့၊ တောင်ပိုင်းမင်း ဟာရွှေကသမီးတော်လေးအတွက် ကြင်ရာတော်ရွေးဖို့စီစဉ်ရတာပေါ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ကြီးများရဲ့ သားတော်တောင်ပိုင်လေးတွေ ဓား၊ လှံ၊ လေးမြှား ကျွမ်းကျင်ယှဉ်ပြိုင်ပွဲကြီး ကျင်းပပြီး နောက်ဆုံးအနိုင်ရသူသာ ကြင်ရာတော်ဖြစ်ရပါမယ်ရှင့်၊ တောင်ပိုင်လေး ထစ်တောင်ကျော် လာရောက်ယှဉ်ပြိုင်တဲ့အနက် နောက်ဆုံးပြိုင်ဖို့ ဆန်ခါတင် လေးယောက်ပဲ ကျန်ရှိတော့တယ်"

"ဘယ်မြို့နယ်က တောင်ပိုင်တွေလဲ ဗျို့"

နောက်ဆုံးတန်းမှ ကျောင်းသားတစ်ယောက်က နောက်ပြောင် အော်ဟစ်သည်။ အခန်းအနားမှူးက လက်ကာပြသည်။ ရွှေရှင်းက ပုံပြင်ကိုဆက်သည်။

"တွန်းဇန်နယ် တောင့်ပိုင်လေး တွန်းခေါ်မန်းဟာ ဓါးရေးအရာမှာတော့ ပြိုင်စံရှားပါပဲတဲ့၊ ဓားခြောက်စင်းကို အရပ်ခြောက်မျက်နှာ တစ်ပြိုင်တည်း ပစ်လွှတ်လိုက်တာ ပစ်မှတ်ကိုတန်းခနဲပဲ၊ ဒါပေမယ့် ပြိုင်ပွဲနေ့ ဓါးရေးပြချိန်မှာ မင်းသမီးလေးရွှေရှင်းပါရဲ့ ခစ်ခနဲရယ်သံကြားလို့ လှည့်ကြည့်မိတာ ပစ်မှတ်တစ်ခုလွဲသွားတယ်၊ ဒါနဲ့တောင်ပိုင်ကြီး မင်းဟာရွှေက နွားနောက်ကလေးတစ်ကောင် လက်ဆောင်ပေးပြီး ပြန်လွှတ်လိုက်တယ်၊ ဟားခါးတောင်ပိုင်လေး ခါးလမောင်ကလဲ လှံအတတ်မှာ တစ်ဖက်ကမ်းခတ်ပါပဲတဲ့၊ အရပ်ခြောက်မျက်နှာကို လှံခြောက်စင်း တစ်ပြိုင်နက် ပစ်လွှတ်လိုက်တာ ပစ်မှတ်သစ်ပင်အားလုံး ထုတ်ချင်းခတ်ပဲ၊ ဒါပေမယ့် ပြိုင်ပွဲဝင်နေ့တုန်း မင်းသမီးက ဟက်ခနဲ ချောင်းဟန့်လိုက်တာ ပစ်မှတ်တွေ လွဲကုန်ရော၊ ဒါနဲ့တောင်ပိုင်းကြီးက ရွှေကွင်းတစ်ခု လက်ဆောင်ပေးပြီး ပြန်လွှတ်လိုက်တယ်တဲ့ရှင့်"

နားထောင်သူအားလုံး ငြိမ်ကျလျက်ရှိသည်။ ရွှေရှင်းပါလည်း ခေတ္တနားသည်။ အတန်းသားများ လှုပ်လှုပ်ရွရွဖြစ်လာတော့ ဆက်ပြောသည်။

" နောက်ဆုံး ဖိုင်နယ်ပိတ်ပွဲယှဉ်ပြိုင်ဖို့ မင်းတစ်တောင်ပိုင်လေး



မင်းရွှေမောင်းနဲ့ ကန်ပက်လက်တောင်လေးပဲ ကျန်ပါတော့တယ်၊ ပိတ်ပွဲဖြစ်တဲ့အတွက် နယ်သူနယ်သားအားလုံး စုံစုံညီညီလာကြည့်နိုင်အောင် ရက်သတ္တတစ်ပတ်အချိန် ရွှေ့ပါတယ်၊ ဒီကာလမှာပဲ ရွှေရှင်းပါက ကန်ပက်လက်မင်းသားလေးကို တိတ်တဆိတ်လာတွေ့သတဲ့၊ ပြိုင်ပွဲရှုံးသွားမှာ အရမ်းကို ပူပင်ကြောင့်ကြဖြစ်နေရတာပေါ့ရှင်၊ ကန်ပက်လက်တောင်ပိုင်းလေးကို မြင်ကတည်းချစ်နေတော့ တိုးတိုးတိတ်တိတ်လာမှာရတာပေါ့၊ တကယ်လို့ ပြိုင်ပွဲရှုံးသွားခဲ့ရင် မြင်းနဲ့တင်ပြီး ကန်ပက်လက်နယ်ရောက်အောင် ဒုန်းစိုင်းပေတော့ဆိုပြီး စီးတော်မြင်းကို လာပို့ပေးတယ်၊ ကန်ပက်လက်တောင်ပိုင်လေးက ခပ်ပြုတ်ပြုတ်ပဲ ပြောလိုက်ပါတယ်၊ ယောကျ်ားကောင်းတို့ မည်သည့် ယှဉ်ပြိုင်အနိုင်ယူမယ်၊ မပူပါနဲ့ နှမလေးဆိုပြီး မြင်းကို မောင်းလွှတ် လိုက်ပါသတဲ့"

ရွှေရှင်းပါစကားကို နားပြန်သည်။ ဆရာဆရာမများက ပြုံးလျက် နားထောင်ကြသည်။ "မြန်မြန်ဆက်ပြောပါဗျို့" ဟု အော်သံတစ်ခုထွက်လာသည်။

" ဒီလိုမင်းသားရွေးချယ်ပွဲရှိတယ်ဆိုတာကို အလွန်ဝေးလံလှတဲ့ တိန်စနူးဆိုတဲ့အရပ်က ငကျိုးနဲ့ ငကန်းက သတင်းကြားပါသတဲ့၊ ငကျိုးက ခြေထောက်ကျိုး၊ ငကန်းကစုံလုံးကန်း၊ အဲဒီပြိုင်ပွဲ ငါတို့ သွားကြည့်မယ်ဆိုပြီး နှာစီးမြင်တဲ့ငကျိုးက မျက်မမြင်ခြေသန်တဲ့ ငကန်းကိုစီးပြီး လာလိုက်ကြတာ မင်းတစ်အောက်နားကို ရောက်လာ ကြရောတဲ့၊ မင်းသမီးလေးဟာ ငကန်းကို ငကျိုးက ခိုစီးရင်း လမ်းညွှန်ရင်းနဲ့လာကြတဲ့တောထဲကို သွားကြည့်ပါသတဲ့၊ ငကျိုးနဲ့ ငကန်းကလဲ စကားတပြောပြောနဲ့ပေါ့လေ၊ ငကျိုးကပြောတယ်၊ တကယ်လို့ မင်းသမီးလေးက ငါနဲ့မင်းကို တစ်ယောက်ယောက်ရွေးကြေးဆိုရင် နေမြင်လမြင်ငါ့ကိုပဲ ရွေးမှာပဲတဲ့၊ ငကန်းကလဲ ခြေမစွမ်းလက်မသန်တဲ့ မင်းကိုရွေးမလားတဲ့၊ ငါ့လို ခွန်သန်မြန်တဲ့ လူကိုပဲ ရွေးမှာပေါ့လို့ ပြန်ပြောသတဲ့၊ ပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကို ရွေးမယ်ထင်ကြပါသလဲရှင်''

'' ရွှေရှင်းပါ၏ အမေးကို ငကျိုးဟု ဖြေသူလည်းရှိသည်။ ငကန်းဟု ဖြေသူလည်းရှိသည်။ အများစုက ဆက်ပြောပါဗျို့ဟု အော်ကြသည်။

''ပြိုင်ပွဲနောက်ဆုံးရက်မို့လို့ မင်းသမီးကလဲ သူတို့လာမယ့်လမ်းမှာ စောင့်ပြီးကြည့်နေတယ်တဲ့၊ ငကျိုးနဲ့ငကန်းကို သွားမကြည့်ရိုး အထိန်းတော်တွေက တားပေမဲ့မရပါဘူး။ ဒီအချိန်မှာပဲ မင်းတပ်တောင်ပိုင်လေးနဲ့ ကန်ပက်လက်တောင်ပိုင်းလေးတို့ နောက်ဆုံးပိတ်ပြိုင်ပွဲဝင်ကြတယ်၊ ဓားရေးလှံရေးစွမ်းရည်အတူတူ အတွေတွေပြိုင်ကြတာ လက်ရည်တူနေပါသတဲ့၊ နောက်ဆုံး တောင်ပိုင်ကြီးက အစီအစဉ်တစ်ခု လုပ်လိုက်တယ်၊ မင်းသမီးရဲ့ ပတ္တမြားလုံးဆွဲထားတဲ့ ဆံထိုးကို စွန့်တပ် အမြင့်မှာရှိတဲ့ ထင်းရှူးပင် ထိပ်ဖျားမှာ ချိတ်ဆွဲထားလိုက်တယ်၊ မင်းသားနှစ်ပါး လက်ကိုင်လေးနဲ့မြား သုံးချက်စီပစ်ခွင့်ရှိကြတယ်၊ မင်းတပ်တောင်ပိုင်လေးပစ်လိုက်တာ ပတ္တမြားလုံးကို လွှပ်ခနဲ မြားမီးရိုက်သွားတယ်၊ မထိတူး၊ ကန်ပက်လက်တောင်ပိုင်လေးပစ်လိုက်တော့ ပတ္တမြားလုံး၊ မြားထိပ်မှာတန်းပါသွားပြီး ဟိုဖက်တောင်ကျောအထိ တလက်လက်နဲ့ လှမ်းမြင်နေရပါသတဲ့၊ ကန်ပက်လက် တောင်ပိုင်လေးနိုင်ပြီပေါ့''

ပုံပြင်ဆရာမရေ''ငကျိုးနဲ့ ငကန်းပြိုင်ပွဲမပါလာဘူးလား'' ဟု တစ်ယောက်ဆီက အော်သံထွက်လာသည်။ ရွှေရှင်းပါက ပုံပြင်ကို ပြန်ကောက်သည်။

''ဒီမြားပစ်ပွဲမှာ ကန်ပက်လက် မင်းသားနိုင်မှာပဲလို့ စိတ်ချလက်ချနဲ့ ရှိနေတဲ့ မင်းသမီးဟာ သူ့အနား ရောက်လာတဲ့ ငကျိုးနဲ့ ငကန်းကို အံ့သြငေးမောကြည့်ရှုနေမိပါသတဲ့၊ ဒီချိန်မှာ ''ဝေါင်း'' ခနဲ ဟိန်းသံနက်ကြီးနဲ့ ကျားကြီးတစ်ကောင် ရုတ်တရက်ခုန်ထွက်လာ





ပါလေရော၊ မင်းသမီးလေးလဲ လှောခနဲ ငကန်းကျောပေါ်ကို တန်းရောက်သွားသတဲ့၊ ငကန်းလဲ ပြေးမိပြေးရာ စွတ်ပြေးလာလိုက်တာ တော်တော်နဲ့ကို ရှာမတွေ့နိုင်ကြတော့ပါဘူးရှင်''

ဟာင်သံဟယ်သံများနှင့်အတူ ရယ်သံများလည်း လျှံထွက်လာသည်။

''ကန်ပက်လက် မင်းသားလေးကလဲ မတွေ့တွေ့အောင်ရှာမယ်ဆိုပြီး တောတောင်အနှံ့လိုက်ရှာတော့တာပါပဲ၊ အခုမင်းတပ်ကျောက်ထု ကားလမ်းဘေးက လွှမ်းတက်တောင်ဟာ မင်းသားက မင်းသမီးကို လွမ်းလို့ တက်မျှော်တဲ့တောင်ပေါ့၊ တစ်ဖန် တောင်အောက်ကို ဆင်းပြီး ရှာပြန်ပါသတဲ့၊ တစ်နေ့မှာတော့ ချောင်းကမ်းစပ်မြေပျော့ တစ်နေရာမှာ မင်းသမီးလေးခြေရာထင်ကျန်ခဲ့တာ တွေ့ကြပြန်သတဲ့ အခုတော့ ဒီနေရာကို ထင်ချောင်းလို့ခေါ်ပါတယ်၊ ခြေရာသာ တွေ့ကြပေမယ့် မင်းသမီးကို တော့ တော်တော်နဲ့ရှာမတွေ့ နိုင်ကြပါဘူးတဲ့ရှင်''

''နောက်ဆုံး ဘယ်မှာတွေ့သလဲဆက်ပြောပါ'' ဟု နားထောင်သူအချို့အော်ကြသည်။

'' ဒီလိုနဲ့ တောင်ပိုင်ကြီးနဲ့ ကန်ပက်လက်မင်းသားလေးတို့ ရက်လရှည်ကြာရှာလိုက်ကြတာ နောက်ဆုံးအခု 'ခေါ်မ်ခွီးပန်း' ဆိုတဲ့ ဝက်ဂံ့ တစ်နေရာမှာ တစ်ယောက်နဲ့ တစ်ယောက် တောယန်းသီးလေးတွေ ခူးကျွေးနေကြတဲ့ ငကန်းနဲ့ ရွှေရှင်းပါကို ပြန်တွေ့ခဲ့ကြပါတော့တယ်၊ မင်းသမီးလေးကို ချော့မော့လိုက် ခြိမ်းခြောက်လိုက်နဲ့ ပြန်ခေါ်ကြပေမဲ့ ဘယ်လိုမှ ခေါ်လို့မရတော့ပါဘူး၊ မင်းသမီးလေးက ပြောတာပေါ့ ငကန်းက မျက်စိမရှိပေမဲ့ မေတ္တာရှိပါတယ်၊ ကျားလက်ထဲက ကယ်တဲ့ အသက်သခင် ကျေးဇူးရှင်လဲဖြစ်ပါတယ်၊ ငကန်းဟာ ကန်ပက်လက်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားလို ပစ္စည်းဥစ္စာမများပေမယ့် မိန်းမမများနိုင်ပါဘူး၊ တောင်ပိုင်သားများဆိုတာ အလွန်မှ မိန်းမများတတ်တဲ့ လူစားပါ၊ ကေန်းကို မခွဲနိုင်ပါဘူးဆိုပြီး ကေန်းရဲ့ ရင်ခွင်ထဲကို တိုးဝင်တွယ်ဖက်နေပါသတဲ့ ရှင်''

မှရိသတ်များက တသောသောရယ်မောကြသည်။ ရွှေရှင်းက ပုံပြင်ကို နိဂုံးချုပ်သည်။

''ခေါ်လို့မရတော့တဲ့အဆုံး ပြန်လှည့်လာကြရတာပေါ့ရှင်၊ ဝမ်းနည်းစိတ်ပျက်အားအင် ကုန်ခန်းနေတဲ့ ကန်ပက်လက်မင်းသားလေးကို တောင်ပိုင်ကြီးက ပြောရှာပါသတဲ့၊ အင်း – ကန်ပက်လက်တောင်ပိုင်လေးရေ ငါ့သမီးပြောသလိုပါပဲ၊ တောင်ပိုင်များမိန်းမ မရှားပါဘူး။ အချစ်မှာ မျက်စိမရှိပေဘူးကွဲ့တဲ့၊ အဲဒီကစ ချင်းတောင်နယ်မှာ 'အချစ်မှာ မျက်စိမရှိ' ဆိုတဲ့ စကားပေါ်ပေါက်လာခဲ့ပါတယ်၊ ပုံပြင်လေးကတော့ အဲဒါပါပဲရှင်''

သဘောကျရယ်မောသံများကြားမှ ကျယ်လောင်သော အော်သံတစ်ခုထွက်လာသည်။

'နေပါဦး ကန်ပက်လက် တောင်ပိုင်မင်းသားလေးနာမည် ပြောပါဦး'

''ကန်ပက်လက်တောင်ပိုင်လေး နာမည်က ''မင်းထင်နိုင်'' ပါတဲ့ ရှင် ''

'' ဝါး ဟား ဟား ဟား ဖြောင်း ဖြောင်း ဖြောင်း ''

ခန်းလုံးလျှံမျှ လက်ခုပ်တီးရယ်မောကြသည်။ ထိုစလေ့အရ ကျွန်တော်မင်းထင်နိုင်သည်ကား တောင်ပိုင်ကြီး၏ မြေးဖြစ်ခဲ့ရချေသည်တကား။

ရွှေရှင်းပါ ချင်းရိုးရာပုံပြင်ပြောပြီးသည့် နောက်ပိုင်းဖြစ်သည်။





မင်းတပ်မြို့အနီး ရွှေးကောင်းရွာသား လှအောင်ထန်းသည် ယခင်ကိုယ်လက်ကြံ့ခိုင်ရေးမှူး (ယခုအခေါ်အားကစားမှူး) သည် စာသင်ကျောင်းနှင့် လက်ပွန်းတတီးရှိသူဖြစ်သည်။ ယခင်က ပုံမှန်ပင်ဖြစ်သော်လည်း ယခုနောက်ပိုင်း ရွှေရှင်းပါထံသို့ ဝင်ထွက်မပြတ်ရှိသွားသည်။ တစ်ယောက်တစ်လှည့် ပုံပြင်ပြော၍ တခစ်ခစ်တခက်ခက်ရှိလာကြသည်။ မိမိတို့နှစ်ယောက် လူကြီးများက ရည်စူးထားသူများဖြစ်၍ အနေအထိုင်ဆင်ခြင်သမှုရှိရန် သတိပေးပြောဆိုမည်ဟု အကြိမ်ကြိမ်ကြံရွယ်ခဲ့သော်လည်း အခန့်မသင့်ခဲ့။

ယခု ကိုယ့်ရပ်ကိုယ့်ရွာပြန်ရောက်၍ လုပ်ငန်းခွင်ဝင်ကြရတော့သည်ဖြစ်ရာ ရွှေရှင်းပါနှင့် ပတ်သက်၍ ကြီးမားသော စိုးရိမ်ပူပန်မှုများ တစ်နေ့တခြား တိုးပွားခံစားလာရတော့သည်။ လှကောင်းရွာသည် အိမ်ရှာထက် ခွဲလုံရွာနှင့် ပိုမိုနီးကပ်သည်ဖြစ်ရာ အနည်းငယ်မျှပင် စိတ်ချနိုင်ခြင်းမရှိတော့။ မည်သည့်နည်းနှင့်မျှ ရွှေရှင်းပါနှင့် ဝေးကွာနိုင်ကြောင်း ကျောက်ဆက်တက်ရန် မရှိတော့မှ ကောင်းစွာ နားလည်လာခဲ့သည်။

သို့နှင့် အဘိုးနှင့်ကျွန်တော်သည် ရွှေနားကွင်း တစ်ရံကိုသည့်ပြီး နွားနောက်ကလေး တစ်ကောင်ကိုဆွဲကာ ခွဲလုံရွာကလေးသို့ ရောက်လာခဲ့ကြသည်။ ဓလေ့ထုံးတမ်းအရ ရွှေလမ်းငွေလမ်းဖောက်ခြင်း၏ ကနဦးအစဖြစ်၍ တစ်ရွာလုံး အုန်းအုန်းထ လာရောက်ကြိုဆိုကြသည်။ လူကြီးများစကားပြောဆိုပြီး၊ ပြင်းရှချိုမြိန်သော ခေါင်ရည်တန်ခိုးနှင့်အတူ အိပ်စက်နေကြသည့် ညနက်အချိန်တွင် ရွှေရှင်းပါက လာခေါ်သဖြင့်သူ့ သူငယ်ချင်းအိမ်သို့ လိုက်သွားရသည်။

'' ဒီမှာ မင်းထင်နိုင်း ရွှေရှင်းပါလို မိန်းကလေးတစ်ယောက်ကို သွားနဲ့ပေါက် အနိုင်ကျင့်ယူလို့ရမယ်မှတ်နေသလား၊ နင့်ကိုနင် တောင်ပိုင်သားဆိုပြီး ပဝေသဏီက ခေတ်အောက်ခေတ်ဆွေး အလေ့အခေါ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထင်တိုင်းလုပ်လို့ ရမယ်မှတ်နေသလားဟင်၊ ရွှေရှင်းပါလို နှလုံးသား... မိန်းကလေးကို ဒီလိုလုပ်လို့ ဘယ်တော့မှ မရဘူးမှတ်''

မမျှော်လင့်သောစကားကြောင့် အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ပြောမိသည်။

''ရွှေရှင်းရယ်၊ နင်နဲ့ငါက မွေးကတည်းက လူကြီးမိဘတွေ... ရည်စူးပြီးသားဆိုတာ နင့်သိပါတယ်၊ ငါက နင့်ကို တကယ်ချစ်... နင့်မိဘဆီ ထုံးတမ်းဓလေ့နဲ့အညီ ကြိုတင်လာတောင်းတာပါ၊ ဒါဟာ ငါတို့ထုံးစံပဲလေ''

''ဒီမှာ မင်းထင်နိုင်း နင်ဟာဘယ်တုန်းကမှ ငါ့ကိုစိတ်ဝင်စားပြီး အရေးစိုက်ခဲ့တာ မဟုတ်ဘူး၊ ငါ့မှာတော့ နင်ကို ငါ့နှလုံးသားရဲ့ အရှင်သခင်၊ ငါ့မိအိုဖအိုများ မျှော်လင့်ထားသူဆိုပြီး မျှော်လင့်ခဲ့ရတာ နင့်နှလုံးသားမှာ ငါ့ကို စူးစူးနစ်နစ်၊ နက်နက်ရှိုင်းရှိုင်း ချစ်ခင်တွယ်တာ မြတ်နိုးမှုဆိုတာ အရိပ်အယောင်တောင် မရှိခဲ့ဘူး၊ ငါသိတယ်၊ အခုဟာ နင့်အဘိုးအလိုကျ လိုက်ခဲ့ရတာမဟုတ်လား''

ရွှေရှင်းကား စကားပြောရင်း အသံကလေးများထွက်အောင်ပင် ငိုရှိုက်လေတော့သည်။

''နင်ထင်တာတွေပြောမနေပါနဲ့ ရွှေရှင်းပါရယ်၊ ငါက နင့်ကို ချစ်လွန်းလို့ နင်နဲ့ဝေးရမှာ ကြောက်လွန်းလို့ နင့်မိဘဆီ ထုံးစံအတိုင်း ကြိုတင်လာတောင်းတာပဲဟာ၊ ကုန်ဝယ်သလိုလာ ဝယ်တာမဟုတ်ဘူး ချစ်ကြောင်းလာပြောတာ''

'' နင် ငါ့ကိုချစ်လို့ချစ်ကြောင်း ပြောမယ်ဆိုရင် အချိန်တွေဘယ်... လောက်ရခဲ့သလဲ၊ နင့်ငါ့ကို ချစ်သူမိန်းကလေးလို သဘောထားဆက်ဆံ ခဲ့ဖူးတာရှိလို့လား၊ အချစ်စကား အကြင်နာစကားလေးတွေ တစ်ခွန်း... တလေလောက်မျှ ပြောခဲ့ဖူးရဲ့လား၊ အေးအခုတော့ ငါ့ကို တကယ်ချစ်... ချစ်ရေးဆိုတဲ့ ဓလေ့ကောင်းရှာသားလေ့အောင်ထန်းကို လက်ထပ်...



...ကတိပေးပြီးပြီ၊ ငါတို့အမျိုးက ကတိတစ်လုံးပဲဆိုတာ နင်အသိဆုံး၊ ...တော့ နင်ဆွဲလာတဲ့ နင့်နွားနောက်ကလေး နင့်ကိုစွနင့်ဟာနင်ရှင်း၊ ...ကျောင်းတုန်းက ငါပြောခဲ့တဲ့ ပုံပြင်ထဲက မင်းသမီးရွှေရှင်းပါဆိုတာ ...ဲ ကဲငါသွားပြီ။

ရွှေရှင်းပါ ပြန်ဆင်းသွားသည်ကို သတိမထားလိုက်မိ။ ...ထိရလာချိန်တွင်မူ ရှာလယ်ညောင်ပင်၌ ချီနှောင်ထားသည့် နွားနောက် ...လေး၏ ဘွတ်အဲဟူသော အော်သံတစ်ချက်ကြားရသည်။အရာအားလုံး ...ဆုံးခဲ့ပြီ၊ မျှော်လင့်ချက် လုံးဝမရှိတော့ပြီဖြစ်၍ အိမ်ကလေးပေါ်မှ ...ဆင်းကာ အမောင်ကိုတိုး၍ နောက်ကြောင်းပြန်လှည့် သုတ်ခြေ ...ခဲ့ရသည်တကား ။

**ကိုနိုင်း (ချင်းတောင်)**

လုံးမဲလေး၊ အတွဲ-၂၂၊ အမှတ် ၂၅၁၊ဇူလိုင် ၂၀၀၆

www.burmeseclassic.com




## ပါးမှာနံ့သာ

“ ဆင်မာလဲဘုရားပွဲ ဆင်းလာရင် ချင်းတောင်က တောင်
ဆင်တုံးတွေ တစ်နိုင်ကြီး ထမ်းခဲ့ဟာ၊ ဘုရားပွဲ သနပ်ခါးပါးတို့ပွဲ
အသွတ် ဝေချင်လို့ တကယ့်သနပ်ခါးခေါက်ထက် တောင်ဇလပ်ခေါက်က
မွှေးပြီး ပိုဝင်းတယ်”

ဆောမြို့ကျောင်းနေဘက် သူငယ်ချင်း မထားရီက မှာကြား
ချင်းဖြစ်၏။ ဆောမြို့နှင့် ကန်ပက်လက်မြို့သည် တောင်ပေါ်နှင့်
ာင်အောက်ဖြစ်၏။ နီးနီးကပ်ကပ်ရှိ၏။ ထိုစဉ်က ခြေကျင်ကူန်းကြောင်း
မ်းခိုးမှုသာ ရှိပါသေးသည်။ အနေနီး၍ တစ်သားတည်းရှိကြပါ၏။

“ထားရီတို့ သနပ်ခါးပါးတို့ပွဲသာပြောတယ်၊ မနှစ်က တန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပွဲမှာ လောင်းရှည်သူ မရွှေချောလေး ငါ့ကိုလိမ်းပေးလိုက်တာ မျက်နှာ လည်ပင်းနဲ့ နားရွက်အပြည့်ပဲ၊ အားနာလို့ နာမည်လေးတောင် မမေးလိုက် ရဘူး။ ဟို– ဖြူသွယ်လေးလေကွာ၊ ပထမညက အငြိမ့်ထွက်က တယ်လေ"

" အင်း – အင်း လေးနွယ်ကို ပြောတာထင်တယ်၊ တို့အ ဘက်ကအမျိုးဟဲ့၊ နင်က မချောလေးလိမ်းပေးတာ အကြာကြီး အလိမ်း ခံနေတာကိုး၊ ဒီလောက် ရာချီရှိတဲ့ မိန်းကလေးတွေ လိမ်းပေးနေတဲ့ သူများဆို တစ်တို့စီ ခံသွားတာနဲ့ ပါးပြည့်ရော၊ဒီလို နှံ့သာပါးတို့ပွဲ ယဉ်ကျေးမှုမှာ မိတ်ဆက်စကားပြောလို့ရတယ်၊ ရီသွဲ့သွဲ့စကား ပြော ကတော့ နင်အိုးမည်းနဲ့တိုးသွားမယ်မှတ်"

သောမြို့ ဆင်မာလဲဘုရားပွဲကြီးသည် တန်ဆောင်မုန်းလပြည့် ကို ဗဟိုပြု၍ ကျင်းပမြဲဖြစ်၏။ ပွဲတော်၏ ပျော်မွေ့ဖွယ်အကောင်း ဆုံး သနပ်ခါးပါးတို့ပွဲပင်။

ဘုရားပွဲလာ ကွမ်းတောင်ကိုင်တို့က ယောပဝါစ အသား သနပ်ခါးခွက်များကို ကိုယ်စီကိုင်ကာ ဝဲပါပတ်လမ်းအပြင်တန် တန်းစီစောင့် နေကြသည်။ အတီး၊ အမှုတ်၊ အဆို၊ အကဖြင့် ကိုလူ တို့ ဝဲပါအတွင်းလမ်းသို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ပျို တို့က နူးညံ့သော လက်ချောင်းဖျားများဖြင့် မွှေးကြိုင်သော သနပ်ခါး တို့ ညင်သာစွာလာရောက်လိမ်းခြယ်ကြ၏။

ဝဲပါလမ်းမှ အထွက်တွင် ပျိုမေတို့၏ အကြီးအကဲ ရပ်ကြီး မုန့်ချပ်ကိုင်တို့က မညီညာဖြစ်နေသော သနပ်ခါးဝက်တို့ကို ညီညွတ်အော ပြုပြင်ပေးလိုက်၏။ ထွက်လမ်းနှင့် တစ်ဆက်တည်းရှိ မုန့်စားတန် တန်းဝင်ရ၏ မုန့်အလှူပွဲဟုလည်း ခေါ်ကြသေး၏။

သနပ်ခါးပါးတို့ပွဲနှင့် မုန့်လှူပွဲကားပွဲစဉ်တစ်ဆက်တည်း ဖြစ် မုန့်စားတန်း၌ မုန့်ခွက်အတူနိုက်၍ မိတ်သဟာယ ဖွဲ့နိုင်ကြ၏။ နယ်ပ



တစ်ဝန်းလုံးရှိ ယေးရွယ်သူတို့၏ တွေ့ဆုံမိတ်ဆက်ပွဲဖြစ်၍ လက်လွတ် မခံနိုင်ကြသော ပွဲတော်ကြီးပေတည်း။ ဤပွဲမျိုးကား ဤဒေသတွင်သာ နှံ့ပြည့်ထင်သည်။

"မချောလေးနာမည်က လေးနွယ်တဲ့လား။ အကကလည်း ကောင်းလိုက်တာ၊ ငါ့ကိုအိုးမည်းသုတ်မလွှတ်တာတော်ပါသေး၊ နောင်နှစ် ခါလည်း လာလိမ်းပေးအုံးလို့ ငါပြောခဲ့တာ၊ ဒီနှစ်ဘုရားပွဲ လာအုံးမလား သိဘူး၊အခုဘုရားပွဲရက်ကပ်တော့မှ သတိရလိုက်တာ"

"လွမ်းမနေနဲ့သူငယ်ချင်းဆက်ဆက်တွေ့ရမှာပါ။ လေးနွယ် တို့ကဘုရားပွဲမစမီ ကြိုရောက်ကြမှာ ဒီနှစ်လောင်းရှည်က မီးကြာ တစ်ထောင်လာလှည့်မယ်လို့ စာရင်းပေးထားတယ်၊ ဒီနှစ်သနပ်ခါးပါး တို့ပွဲမှာ လေးနွယ်ကမုန့်အလှူပါချင်လို့တဲ့၊ ငါ့ကိုချင်းတောင်ယာက ဆပ်စီး ဆန်နှစ်ပြည့်လောက် မှာပေးပါတဲ့ အဲဒါပါဆက်ဆက်ထမ်းခဲ့"

ရောင်စုံစက္ကူကြာပွင့်ပုံထဲ၌ ဆီမီးထွန်းညှိထားသည့် မီးကြာပွင့် ကြီးများကို ယောသူကလေးများက ခေါင်းရွက်၍ မြို့တွင်းရှိ လမ်းကြီး သင်းငယ်မချန်လှည့်လည်ရသည်။ မီးကြာတန်းရှေ့ကအတီး၊ အမှုတ်၊ အဆိုအကအဖွဲ့က ဦးဆောင်သည်။

တစ်ရွာနှင့်တစ်ရွာ အပြိုင်ကြဲရခြင်းဖြစ်၍ မီးကြာလှည့်ပွဲသည် သောဆင်မာလဲ ဘုရားပွဲ၏ ထူးခြားလုပ်မှုဖြစ်၏။ ချင်းတိုင်းရင်းသား တို့ကလည်း တန်ဆောင်တိုင် ဆင်မာလဲဘုရားပွဲ ရောက်တိုင်း ရွာလုံး ကျွတ်ဆင်း၍ မုန့်အလှူပွဲကို လာရောက်ဆင်နွှဲကြမြဲဖြစ်၏။

"ပွဲက လဆန်း ၁၂ရက် စစ်မယ်၊ လပြည့်ကျော်တစ်ရက်နေ့ ပြီးမှာ၊ ဒီနှစ်ဝက်ပါ ၂၄ ပြည်ထောင်တောင်ရိုက်မှာနော်၊ တစ်ရက်ကြို ဆင်းခဲ့ကြ၊ခင်မောင်နဲ့လင်းအောင်ကို ငါမှာလိုက်တယ်လို့ ပြောလိုက်ပါ"

"လင်းအောင်က သင်တန်းသွားတက်နေတယ်ကွာ၊ ငါနဲ့ ခင်မောင်တစ်ရက်ကြိုဆင်းခဲ့ကြမယ်" ဘုရားပွဲနေ့ရက် အစီအစဉ်များ

www.burmeseclassic.com

www.burmeseclassic.com



သချာစုံစမ်းပြီးဆောမြို့မှ ကန်ပက်လက်မြို့သို့ ပြန်တက်ခဲ့၏။

× × × × × ×

(၂)

" ခင်မောင်ရေ - မနှစ်က ဆောဆင်မာလိုက်ဘုရားပွဲ
ငါ့ကို သနပ်ခါးလိမ်းပေးတဲ့ လောင်းရှည်ကေရိဘုရင်မလေး မှာလိုက်
တဲ့ကွာ၊ တောင်ယာမှာ ဆပ်စီးသွားယူလိုက်အုံးမယ်၊ ထားရီမှာလိုက်
တောင်ဖလပ်တုံးတွေ ခုတ်ထားနှင့်ပါ"

"မင်းပြောတဲ့ ကောင်မလေးက ကျောင်းတုန်းက မင်း
ရန်ဖြစ်ဖက် ညွှန့်မောင်တင်ရဲ့ ညီမလေး လေးနွယ်ပါ၊ ငါတို့ ကျောင်းထွ
ပြီးမှသူကရောက်လာတော့ မင်းသေချာမသိတာ၊ မလေးနွယ်မှာတာဆို
သနပ်ခါးပါးတို့ပွဲ မုန့်စားတန်းပို့ဖို့နေမှာ၊ ပိုပိုသာသာယူခဲ့ကွာ"

ခင်မောင်က တောင်ဖလပ်တုံးများကို အရှည်လိုက်ကြိုးချည်
ထမ်းခဲ့၏။ ကျွန်တော်က ဆပ်စီးဆန်ထမ်းခဲ့၏။ ဆောမြို့ရောက်သည်
ဆပ်စီးဆန်ထုပ်ကိုချရင်း ထားရီကို ပြောလိုက်၏။

"ထားရီရေ ဆပ်စီးဆန်တွေလောင်းရှည် ကေရိဘုရင်မ
ရောက်ရင်ပေးလိုက်တော့ ထမ်းလာရတာ ပခုံးကိုပွန်းရော"

ထားရီက ဆပ်စီးဆန်ကို စိတ်မဝင်စားဘဲ-

ဟဲ့ ဟဲ့ ဖိုးခင်မောင်၊ နှင့်ဖလပ်တုံးတွေ အထဲယူခဲ့တွေ
လူတွေသွားလို့ ပွဲအတွက် လိုနေအုံးမယ်" ဟု ခင်မောင်ကို လှမ်း
လိုက်၏။





ဖလပ်တုံးများအထဲသွင်းလိုက်ပြီး လေးနွယ်တို့စခန်းချရှာ
အိမ်းအိမ်သို့ ထားရီက ဦးဆောင်ထွက်ခဲ့ကြ၏။ ထားရီတို့အိမ်နှင့်
ကောင်းထိုး လမ်းတစ်ဖက်မှုဖြစ်၍ မဆိုစလောက်ဝေး၏။

"လေးနွယ်ရေဒီမှာ ချင်းမင်းသားတွေညဲဖို့ ဆပ်စီးဆန်လာ
သူတို့ကို ညဲမှတ်မိပါတယ်နော်"

ထားရီပြောနေချိန်တွင် ကျွန်တော်က ဆန်အိတ်အကာမ်းနှင့်
နွယ်ခေါင်း အညီတ်တို့ တစ်ပြိုင်တည်းဖြစ်၏။

"ကျေးဇူးတင်လိုက်တာ၊ ဆပ်စီးဆန်က ဝါဝင်းနေတာအော့
င်းလိုက်တာ၊ ဘယ်လောက်များ ကျပါသလဲ၊ ကျွန်မ ဆန်ဖိုး
ချင်လို့"

"မပေးရပါဘူးညီမလေးရဲ့၊ ညီမလေးက မုန့်လုပွဲမှာ မုန့်လုပ်ပို့
တဲ့လာ။ကိုကြီးတို့ ကုသိုလ်ပါဝင်တာပေါ့နော်"

လေးနွယ်မည်သို့ သဘောပေါက်သည်မသိ၊ ဖွေးလက်နေသော
နွယ်တန်းကလေးများ ပေါ်အောင် ပြုံးနေရာမှ ခေါင်းငုံ့သွားရှာ၏။
လျှာသွက်လက်သွက်လေးမှန်း သိသာ၏။

" ဟယ် - အားနာစရာ၊ ကျွန်မရွှေချီထိုးဖို့ တစ်ပြည်လောက်
အော့၊ လိုလိုမည်မည် နှစ်ပြည်လောက် မှာလိုက်တာ၊ အခုတော
ကြီးဖြစ်နေပါရောလား"

တစ်စုံတစ်ရာပြန်ပြောမည်ကြံစဉ်ထားရီ စကားက ဦးသွား၏။

"အစ်မ မှာလိုက်တုန်းကလဲနှစ်ပြည်ပါပဲ၊ ညဲ၊ မနှစ်က
ကြီးနိုင်းကို သနပ်ခါး အများကြီးလိမ်းပေးလိုက်တာ သဘောကျ
လို့ ဆပ်စီးဆန်အများကြီး ပြန်လာပေးတာနော်"

" မနက်ဖြန်ည မုန့်စလုပ်ကြမှာ မုန့်တဲတန်းတွေဘက် လာခဲ့ကြအုံးနော်"

ချိုလွင်သောရယ်သံလေးနှင့်အတူ ဖော်ရွေပျူငှာစွာ ဖိတ်ကြား



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သော၏။

မုန့်တဲတန်းမှာ မုန့်အလှူပွဲအတွက် မုန့်လုပ်ရန် ယာယီဆောက် ထားသော ဝါးသက်ကယ်တဲငယ်များဖြစ်၏။ အိမ်တိုင်းစေ့ပင် မုန့်အလှူ ပါဝင်နိုင်ရန် မုန့်လုပ်ဆင်းကြသည်ဖြစ်ရာ ဆောချောင်းတစ်လျှောက် သဲပြင်ဖွေးဖွေးပေါ်ရှိ မုန့်လုပ်တဲတန်းများမှာ မျှော်မဆုံးအောင် ရှိတော့ မုန့်ဦးမုန့်ဖျားကို အရက်ဆွမ်းကပ်ပို့ကြပြီးနောက် သနပ်ခါးပါးတို့ပွဲ မုန့်အလှူတန်းသို့ တောင်းကြီးတောင်းငယ် များဖြင့် ပို့ကြ၏။

မုန့်အမျိုးအစားများ လိုက်ကြည့်သလိုနှင့်တစ်တဲဝင် တစ် ထွက်ဖြင့် မုန့်လုပ်သည့် ယောသူချောကလေးများ ကိုလိုက်ကြည့် ကပင် ပွဲတော်၏ ပျော်ရွှင်ဖွယ် လက္ခဏာတစ်ရပ်ဖြစ်၏။

" ပွဲက မနက်ဖြန်မှ စဝင်မယ်၊ သနပ်ခါးပါးတို့ပွဲက နောက် တစ်နေ့မှ စမှာဆိုတော့ မလေးနွယ်တို့မုန့်လုပ်တာ စောမနေဘူးလား"

မုန့်လုပ်ရက်နှင့် နံ့သာတို့မည့်ရက်ကွာနေ၍ မေးလိုက်၏။

"စောစောလုပ်ဖြစ်မှ ပွဲကြည့်လာသူတွေ ကျွေးဖြစ်တာအော့"

မှန်လှပေ၏။ ပွဲမစမီညတွင် ဆောချောင်းလွင်ပြင် မုန့်လုပ် တန်း၌ပွဲတော်ထက်မကစည်ကား၏ ထိုနေ့ညက မလေးနွယ် မုန့်လုပ်နေးအတွက် ပြင်ဆင်ကူညီဖြစ်ကြ၏။

× × × × × ×





(၃)

ပွဲအဝင်ည၏ ပထမညတွင် ပွဲခင်း၌ လူသိပ်မစည်လှသေး။ မုန့်လုပ်တန်းဆောချောင်းပြင်၌ကား ဖွေးဖွေးလှုပ်မျှရှိ၏ မလေးနွယ်၏ မုန့်လုပ်တဲသို့ရောက် သွားကြချိန်တွင် လရောင်ဖြာစရှိပြီ။

"ကိုကြီးနိုင်းနဲ့ ကိုကြီးခင်မောင်တို့ ကြိုက်တဲ့မုန့် အဝ စားကြနော်၊ မမထားရီက တစ်ခါတည်း ပွဲဝင်ကြည့်တော့မလို့လား"

အစ်ကိုအရွယ်ဖြစ်၍ ကိုကြီးဟု ခေါ်ခြင်းသည် ယောမလေ့ယဉ် ကျေးမှုဖြစ်၏။ ထားရီ ဝတ်ကောင်းစားလှပြင်လာခြင်းကြောင့် မေးဟန် ရှိ၏။

"အင်းပေါ့၊ ညဲကိုကြီးနိုင်းက ပွဲကြည့်လာတာမဟုတ်ဘူးအော့၊ ပွဲလာသူကို ကြည့်ဖို့လာတာ၊ မမထားရီတို့ ပွဲဈေးတန်းဘက် အရင် လျှောက်ကြမှာ"

"ဒါဆိုရင်တော့ ကိုကြီးနိုင်းကို ရှာချင်ရင် ကျောက်ထုသူတွေ အတန်းဘက်ရှာရင် တွေ့လွယ်မှာပဲ ဟိ - ဟိ - ဟိ၊ ကျောက်ထုသူတွေ ချောတယ်နော့"

မိန်းကလေးကတော့ စလေပြီ။ ယောသူတို့သဘာဝ ခင်မင်ခြင်း သဘောပင်။ ပွဲတော်တွင် ဆောလောင်းရှုသည့် ကျောက်ထုမှ ကိုယ့်အစု နှင့်ကိုယ် ပွဲကြည့်တတ်ကြခြင်းကို ညွှန်းဟန်ရှိ၏။

စကားပြောကြရင်း မုန့်ဆီကြော် တစ်ဗန်းလည်း ပြောင်သွားခဲ့ သေး၏။

"လေးနွယ်ရေ၊ မုန့်လည်းပြောင်ပြီ၊ ဗိုက်လည်းကားပြီ၊ ဘယ်အချိန်လောက် ပွဲကြည့်သွားကြမလဲ၊ ကိုကြီးတို့ တစ်ခေါက်ပြန် လာခေါ်မယ်လေ".



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အဖွဲ့ ဦးလေးသိန်း အိမ်မှာဆုံပြီး တစ်စုထဲ သွားကြမှာပါ။ တစ်ခေါက်ပြန်လာခေါ်နေရရင် ကျောက်ထုသူတွေကို လူအုပ်ကြီးထဲ ရှာမတွေ့ဘဲ နေပါအုံးမယ်အော့"

"မလေးနွယ်တို့များ ကျောက်ထု သားတစ်ယောက်ယောက်နဲ့ တစ်နေရာရာမှာ ချိန်းဆိုထားတာ အရမ်းသေချာနေပြီ၊ ဒါကြောင့် ကျောက်ထုသူတွေကို နှုတ်က မချတော့တာ"

စကားတတ်သော မိန်းကလေးကို ပြောင်ကျကျပြန်ပြောလိုက်၏။

" ဟင်း ဟင်း ဟင်း ကိုကြီးနိုင်က စကားပြော အားကြီးလည်တယ်အော့"

နာရီငုံ့ကြည့်ရင်း ထားရီက စကားဖြတ်လိုက်၏။

"ကဲ- လေးနွယ်ရေ မမထားရီ သူငယ်ချင်းတွေကို လိုက်ပို့လိုက်အုံးမယ် တို့ဆရာတော်ဦးအာစိဏ္ဏကျောင်း ကုန်းထိပ်မှာရှိကြမှာနော်၊ အဲဒီဘက်ကိုလာခဲ့ကြ"

လမ်းမတန်းဦးကြီးမောင်ဆိုင်ရှေ့ ဖြတ်၍ မြောက်တိုက်ဘုရားနားအရောက် ကျောင်းနေဘက်သူငယ်ချင်း မင်းလယ်ရွာသားသန်းနိုင်နှင့်တွေ့၏။

"ဖိုးနိုင်းနဲ့ ဖိုးခင်မောင်၊တောင်ပေါ် ဆတ်သားခြောက်တွေ ထားရီကိုချည်း ကျွေးမနေကြနဲ့၊ ငါတို့လည်း ပေးအုံး၊ဒါနဲ့ ထားရီရွာက သူငယ်မတွေ မနက်ဖြန် ဝက်ပါဝင်ဖို့ သနပ်ခါမပါကြလို့တဲ့ကွဲ၊ ငါ သနပ်ခါးလှျောက်တောင်း ဖို့ထွက်လာတာ၊ ညဲသနပ်ခါးတုံး ရှိသလောက် ခွဲပေအုံးကွဲ့"

"အတော်ပဲ သန်းနိုင်၊ ကန်ပက်လက်က တောင်ဇလပ်တုံးတွေ ဖိုးခင်မောင်ထမ်းလာတာ မနည်းဘူး၊ လက်လှမ်းမီရာ ဝေပေးမလို့ပါ အော့"





"ဟန်ကျပဟ၊ အခုလိုက်ယူမယ်ထားရီ၊ မိန်းကလေးတွေက အိမ်တည်း။ ဒီအိမ်တည်းနဲ့ဆိုတော့ ပွဲခင်းထဲ လိုက်ပေးရမှာ၊ ဆတ်သားခြောက်ရော၊တောင်ဇလပ်တုံးပါ တစ်ခါ တည်းလိုက်ယူမဟာ"

သန်းနိုင်က ဝမ်းသာအားရဆို၏။ တောင်ပေါ်သားများ ဆောင်တိုင်ပွဲတော်၌ ဆောင်းဆတ်သားခြောက်များ လာရောက်ရောင်းချကြမြဲလည်း ဖြစ်၏။

ယောသူတို့ တောသနပ်ခါးထက် တောင်ပေါ်တောင်ဇလပ်ခေါက်ကို၌ နှစ်သက်ကြသည်ကိုလည်း သိပြီးဖြစ်၏။

"နင့်သူငယ်ချင်းတွေ ဆတ်သားခြောက် အားကြီးကြီးပါပါစို့မယ်၊ တောင်ဇလစ်တုံးတွေ တစ်ခါတည်း လိုက်ယူ၊ပွဲစဖို့ နီးပြီဟဲ့"။

အိမ်ပြန်လှည့်၍ တောင်ဇလပ်တုံးများ တစ်ထွာခန့်စီ ဖြတ်တောက်ကြ၏။ ထားရီကဇလပ်တုံးအချို့ သန်းနိုင်လက်ထဲသို့ ထည့်ပေးသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ်အတုံးလှလှတစ်တုံးထည့်ခဲ့၏။

ဦးအာစိဏ္ဏကျောင်းကုန်းထိပ်သို့အရောက် မလေးနွယ်တို့နှင့် ပြန်ဆုံတော့ ထုတ်ပေးလိုက်၏။

"မလေးနွယ် သနပ်ခါးပါးတို့ပွဲအတွက် ပေးတာနော်၊ နို့သာတို့ အနေကျရင် ကျောက်ထုသားတစ်ယောက်ကို ထူထူပျစ်ပျစ်လေး လိမ်းပေးလိုက်ပါနော့"

"ကျေးဇူးတင်လိုက်တာ အော့၊ကျောက်ထုသားကို မျက်လုံးဖွင့်မရအောင် လိမ်းပေးလိုက်မယ် ဟိ ဟိ ဟိ "

စကားပြောနေကြစဉ် သန်းနိုင်ပြန်ပေါ်လာ၏။

"ချာတိတ်တွေကို သနပ်ခါးတုံးတော့ ဝေခဲ့ပြီးပြီ၊ကိုနိုင်းနဲ့ တွေ့ရ တာကြာပြီ၊ ကျောင်းတုန်းက အကြောင်းတွေပြောကြမယ်၊ ငါတို့အဖွဲ့နဲ့ လာကြည့်"ဟု လက်ဆွဲခေါ်သွားသဖြင့် ပါသွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ပွဲတော်ကြီး၏ ဒုတိယနေ့၊ နံ့သာတို့ပွဲ ပထမရက်။

"ဆောင်းလောင်းရှည်၊ ကျောက်ထုမှ ကုမ္ပဏီအမျိုးသမီးများရှင် ယောမလေး နံ့သာပါးတို့ပွဲနှင့် မုန့်လှူပွဲစတင်တော့မည်ဖြစ်ပါသည်ရှင်။ မိမိတို့အဖွဲ့လိုက် သနပ်ခါးခွက်များယူဆောင်၍ ဝက်ပါပတ်လည် တစ်လျှောက် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ရှင့်"

ဗုံ၊ အသံချဲ့စက်မှ ဗိတ်ခေါ်သံဆုံးသည်နှင့် အိုးစည်ဒိုးပတ်သံတို့ ဘဝက်ညံသွား၏။ အလှဆုံးပြင်ထားသည့် ယောသူတို့ ယောပဝါ အသာချ၍ မဏ္ဍပ်ထဲ ဝင်သွားကြပြီ၊ ဆောသူတို့အတန်း၌ တစ်ချက် နှစ်ချက်အတို့ခံ၍ ခပ်သုတ်သုတ်ဖြတ်ခဲ့၏။ လောင်းရှည်သူတို့ အတန်း၌ ကား အကျအနအလိမ်းခံ၏။ အတန်းသာဆုံးသွားသည် မလေးနွယ်ကို မတွေ့ရ။ ရင်ထဲမောဟိုက်သွားရ၏။ ကျောက်ထုသူတို့ အတန်းသို့ ရောက်ချိန်တွင် လိမ်းကျံရန် နေရာမရှိတော့၍ နားရွက်၊ လည်ပင်းများ သာပွတ်ကြ၏။

မဏ္ဍပ်တစ်ခုလုံးပျော်ရွှင်ရယ်မောသံတို့ အုန်းအုန်းထ ကြားရ၏။ ကိုယ့်ရင်၌ကား ဟာလာဟင်းလင်းနှင့် ပျော်ရွှင်ခြင်းတို့ လွင့်ပျောက်ပြီ ဝက်ပါအထွက် လမ်းဝတွင် မုန့်ကိုင်သူတို့ ပြုပြင်ပေးခြင်းကိုပင်မခံ တော့။

အဆောတလျင်ပင် မုန့်စားတဲန်းသို့သာ ပြေးဝင်ခဲ့တော့၏ မုန့်စားတန်းရောက်သည်နှင့် ခင်မောင်ကိုပြောလိုက်၏။

"မလေးနွယ် သနပ်ခါးပါးတို့ပွဲ မလာပါလား၊ ဘာဖြစ်လို့လဲ





သိဘူး"

"အေးကွ၊ ငါလည်း သေချာကြည့်လာတာပဲ၊ ဦးလေးသိန်းတို့ အိမ်မှာ မရှိရင် ထားရီတို့အိမ်မှာရှိမှာပဲ၊ သွားပြန်ကြည့်ရအောင်ကွာ"

ထားရီတို့ အိမ်ပေါ်သို့ ရောက်သောအခါ လေးနွယ်ကို အသင့်တွေ့ရ၏။ သနပ်ခါးတုံးပေးထားမိသဖြင့် ရှောင်နေသည်ဟု ထင်ကာ မေးလိုက်၏။

'မလေးနွယ်၊ နံ့သာတို့ပွဲ ဘာလို့မလာတာလဲ၊ ကျွန်တော် သနပ်ခါးတုံးပေးတာနဲ့ ကျွန်တော့်ကို လိမ်းပေးရမှာစိုးလို့လား။ ညီမလေး ညိမ်းပေးချင်တဲ့လူ နစ်နာနေပါအုံးမယ်ဟာယ်"

"မဟုတ်ရပါဘူး အော့၊ ဒီညလောင်းရှည်အဖွဲ့က ပွဲထွက်မှာ အော့၊အဲဒါ ဝန်ကြီးအကျီမရှိလို့ မိုင်းကိုင်စက္ကူကို ဆေးမည်းဆိုးပြီး တစ်နေကုန်ချုပ်ပေးနေရတာအော့"

သည်တော့မှ ရင်ထဲဟာသမျှ ရှင်းရတော့၏။

" ညီမလေး လေးနွယ်ရေ၊ လှည်းပေါ်တက်ဟော့၊ အဘွားက အခုချက်ချင်း ခေါ်ပြန်လာခဲ့ပါအုံးတဲ့"

နောက်ကျောဘက် အသံလာရာသို့ လှည့်ကြည့်လိုက်၏။

"ဟော– ကိုညွန့်မောင်တင်၊ လောင်းရှည်က လာခဲ့တာလား" ဟု ပျာပျာသလဲ နှုတ်ဆက်ရ၏။

"ညပွဲအမီ အေးအေးဆေးဆေးလာမလို့ပါ။ အဘွားက လေးနွယ်အမြန်သွားခေါ်ပေး ဆိုလို့ပြေးလာရတာ၊ နောက်မှဆုံကြတာပေါ့။ ဘဲ – ညီမလေးလှည်းပေါ်တက်"

"ဒီအဘွားနဲ့တော့လေ၊ ပွဲလည်း ပြန်လာမနေတော့ပါဘူး"

ပြောဆိုရင်း လေးနွယ် လှည်းပေါ်ပြေးတက်သွား၏။ ခုင်ဝယ် ရွှင်မပျဖြစ်ရပြီ။ ကိုညွန့်မောင်တင် လှည်းမောင်းထွက်သွားမှ ထားရီကို သွမ်းပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထားရှိ ကိုညွန့်မောင်တင်က ကျောင်းတုန်းက ကျွန်တော်နဲ့ ရန်ဖြစ်ထားတာ တေးမှတ်ထားသလားပဲ၊ သူညီမလေးနွယ်နဲ့ စကားပြောနေတုန်း လောင်းရှည်ကို အတင်းပြန်ဆွဲခေါ်သွားတယ်များ"

"မဟုတ်လောက်ပါဘူးမှဲ့၊ သူ့အဘွားများ အသည်းအသန်ဖြစ်နေလားမသိ၊ တစ်ခုခုဖြစ်လို့ လေးနွယ်မရှိရင် သူ့အဘွားက နေတတ်တာ မဟုတ်ဘူး။ ကိုနိုင်းနဲ့ ဖိုးခင်မောင်တို့က လောင်းရှည်လိုက်သွားကြပါလား။ တစ်မနက်ပဲလျှောက်ရတာ၊ အေးအေး ဆေးဆေးဆိုရင် လေးနွယ်ကို တစ်ခါတည်း ရည်းစားစကားပြောခဲ့ပေါ့ဟယ် ပြီးတာပဲ"

မခံချင်စိတ်ကြောင့်ထင်၏၊ ပြောဖြစ်အောင် ပြောမည်ဟုစဉ်းစားကာလောင်းရှည်ကိုလိုက်သွားရန် ဆုံးဖြတ်လိုက်၏။

"ကဲ – ဖိုးခင်မောင် စကားပြောခွင့်မကြုံရင် စာပေးခဲ့မယ် သွားရအောင်"

"သွားလိုက်လေ ကြာသလားလို့"

× × × × × ×



(၅)

စလင်းချောင်းစပ်ရှိ လေးနွယ်တို့ အိမ်ပေါ်တက်သွားကြတော့ ကိုညွန့်မောင်တင်က အံ့ဩဝမ်းသာနှုတ်ဆက်၏။

"ကိုနိုင်းနဲ့ဖိုးခင်မောင်တို့ ညကပွဲမကြည့်ကြဘူးလား။ အစောကြီး လျှောက်လာမှ ဒီချိန်ရောက်မှာ"

"မနေ့ညနေက ကိုညွန့်မောင်တင်တို့ ရေကြီးသုတ်ပြာပြန်လာကြတော့ အဘွားများ နေမကောင်းဖြစ်သလားလို့ပါ၊ ထားရှိကသွားကြည့်ကြဆိုလို့"

"ဘာမှမဟုတ်ပါဘူး ကိုနိုင်းရေ၊ အဘွားမှုးနောက်ပြီး သတိမေ့သလိုဖြစ်နေတာ၊ လေးနွယ်ကိုခေါ်ပေး၊ ခေါ်ပေးဆိုပြီးအော်နေလို့ ပြေးခေါ်ရတာ၊ အခု ကောင်းသွားပါပြီ၊ ခုတော့လည်း သူမခေါ်ခိုင်းဘူး ဖြစ်ပြန်ရော"

စကားပြောနေကြစဉ် ရေအိုးရွက်ပြီး လေးနွယ်ပြန်တက်လာ၏။

"ဟယ် – ဘယ်အချိန်က ရောက်နေကြသလဲ၊ ဘာအကြောင်း ထူးများရှိကြလဲ အော့"

"နေ့ခင်းအားနေတာနဲ့ ညနေကျမှ ပွဲပြန်ကြည့်တော့မယ်ဆိုပြီး လည်သက်သက်ထွက်ခဲ့ကြတာပါ" ဟု အဆင်ပြေသလို ဖြေလိုက်၏။

စကားမဆုံးမီ ကိုညွန့်မောင်တင် က အစီအစဉ်ချ၏။

"ကိုနိုင်းက ထန်းရည်မသောက်ဘူး ဆိုတော့ စလင်းချောင်းနဲ့ရေ သွားချိုးရင်း စောင့်နေခဲ့အုံး၊ ဖိုးခင်မောင်ကို အနောက်ဘက် ထန်းတောမှာ ဆောင်းတွင်း ထန်းမထန်းရည်သွားတိုက် လိုက်အုံးမယ်၊ ပြီးတော့မှ ဆောင်းဖားခြောက်ကြော်နဲ့ ထမင်းစားကြတာပေါ့ လေးနွယ်ရေ

ကိုနိုင်းကို စိမ့်ရေ လိုက်ပြလိုက်ပါအုံး'' ဟု ပြောဆိုကာ ထွက်သွား
၏။

စိမ့်ရေမှာ ချောင်းစပ်သဲပြင် လက်ယက်တွင်းမှ သဲရေ
ဖလားနှစ်၍ စိမ့်ဝင်လာသောရေများ စုယူခြင်းဖြစ်၏။ လွန်စွာကြည်
အေးမြသည့် စိမ့်ရေတစ်ခွက်ချင်း ခပ်ထည့်ပေးနေသော မလေးနွယ်
ငေးကြည့်မိ၏။ သူမကမသိဟန်ဆောင်နေ၏။ ထို့ကြောင့် ရှာကြံစကား
လိုက်ရသည်။

''မနှစ်က ဒေသ ဆင်မာလဲဘုရားပွဲမှာ မလေးနွယ် ကျွန်တော်
ကို သနပ်ခါးလိမ်းပေးတာ ကျွန်တော်အမြဲအမှတ်ရ သတိရနေတယ်
ဒီနှစ်လည်း ကြုံအုံးမလားလို့ မျှော်နေတာ၊ တကယ်တော့ မလေးနွယ်
တမင်ရှောင်ပြေး လာတာပဲ''

''မဟုတ်ရပါဘူး အော့၊ အဘွားမူးလဲသွားလို့ လာပြန်ခေါ်
တာ၊ ဒီနှစ် သနပ်ခါးပွဲ မဆုံဖြစ်ကြတော့ပေမယ့် နောင်နှစ်ပွဲတွေ ဆုံအုံး
ပေါ့။ ကျွန်မ ဘုရားပွဲမလာတော့ပါဘူး၊ မုန့်ပွဲလှူခဲ့ပြီးပြီလေ။

''မလေးနွယ် ဘုရားပွဲမလာတော့ဘူးဆိုရင် ကျွန်တော်လည်း
ဘုရားပွဲ ပြန်မနေတော့ပါဘူး။ လောင်းရှည်ကနေရင်းကဲ လမ်း
ချင်းတောင်ပြန်တက်တော့မယ်၊ သနပ်ခါးပွဲမှာ လေးနွယ်နဲ့ဆုံဖို့ တစ်
လုံး မျှော်စောင့်လာခဲ့ရတာ လေးနွယ်ရဲ့''

''ဟင်း - ဟင်း - ဟင်း ကိုကြီးကတစ်မျိုးပဲ၊ အိမ်မှာ
လိမ်းပေးလိုက်မယ်လေ''

''အိမ်မှာ သနပ်ခါးလိမ်းလိုက ဘာမှပြောခွင့်ရမှာမှ မဟုတ်
''ဟင် - စကားပြောဖို့ကို ဘုရားပွဲသွားပြီး သနပ်ခါးလိမ်း
ရော့ဂျက်ယောကျာ်း ဘာများပြောစရာရှိနေရသေးလဲအော့''

စကားတန်ဆာဆင်ရန် အချိန်မရှိ မျက်စိရုံမိတ် ပြောချလိုက်





၏။

''ကိုကြီးလေ ဒီယောနယ်မှာ သူငယ်တန်းကနေ ဆယ်တန်း
အထိ စာသင်လာတာ၊ ဒီဒေသ ဓလေ့အတိုင်း ဆင်မာလဲဘုရားပွဲတော်
ပြီးရင် မထားရီတို့ အဖေကိုလွှတ်ပြီး မလေးနွယ်ကို လာတောင်းခိုင်း
တော့မယ်''

သီတင်းကျွတ်၊ တန်ဆောင်တိုင်ပြီးလျှင် တောင်းရမ်း
လက်ထပ်ခြင်း ဓလေ့ကို လေးနွယ်အသိ။ လုံးဝတုံ့ပြန် သံမလာတော့။
ခေါင်းထည့်ခြင်းလည်း မရှိတော့ချေ။

''ညီမလေး လေးနွယ်ရဲ့အဖြေကို တစ်ခါတည်းယူသွားမယ်
နော်၊ ဖြေချင်သလိုသာ ဖြေလိုက်ပါ''

အချိန်များစွာကြာမှ လေးနွယ် အသံထွက်လာ၏။

''ကျွန်မဘာမှ မစဉ်းစားတတ်ဘူး အော့၊ ဘယ်လိုမှလည်း
အဖြေပေးစရာမရှိတော့ဘူးနော့''

''ညီမလေးက ဘာအဖြေမှ မပေးဘူးဆိုရင် မထားရီတို့
အဖေနဲ့ ဦးလေးသိန်းတို့ကိုပဲ လူကြီးစကားပြောဖို့လွှတ်လိုက်တော့
မယ်နော်''

''ဟင့်အင်း - ဟင့်အင်း။ အဲလိုကြီးတော့ မလုပ်ကောင်းပါ
ဘူး ကိုကြီးရဲ့၊ ဟိုလေ ဘုရားပွဲတတိယနေ့ဆိုရင် သနပ်ခါးပွဲက နောက်
ဆုံးနေ့လေ၊ အဲဒီနေ့ပြန်လာခဲ့မယ်၊ ဒါပေမဲ့ ဘာမှမျှော်လင့် မထားနဲ့နော်၊
အဖြူအမည်း အဖြေတစ်ခုခုတော့ သနပ်ခါးပါတို့ပွဲမှာ ကျွန်မပေးနိုင်
ခဲလိမ့်မယ်၊ နံ့သာတို့ပွဲနောက်ဆုံးနေ့ ပြန်ဆုံရအောင်''

''မလေးနွယ်ရဲ့အဖြူအမည်း အဖြေကို ကိုကြီးကြောက်တယ်၊
သူ့ဝယ်မှာ အိုးမည်းနဲ့တော့ မတိုးပါရစေနဲ့ ညီမလေးရယ်၊ ကိုကြီးချစ်
ဘာမှန်ရင် မှန်သောအဖြေကိုပေးပါ ညီမလေးရယ်''

www.burmeseclassic.com



တစ်ချက်မော့ကြည့်ပြီး လှစ်ခနဲပြေးထွက်သွားလေပြီ။ မဇော်
တဏ်သော ဝေဒနာမျိုးစုံကို လွယ်ပိုးလျက် နောက်ကြောင်း ပြန်လှည့်
ခဲ့ရ၏။

× × × × × ×

(၆)

ဆင်မာလဲ ဘုရားပွဲ၏ တတိယနေ့ နံ့သာတို့ပွဲနောက်ဆုံးနေ့

"ရွှေပွဲလာ ကုမ္မာရီအမျိုးသမီး အပေါင်းတို့ရှင်၊ ဆော
ကျောက်ထု၊ လောင်းရှည်မှ ကုမ္မာရီ အမျိုးသမီးများရှင်၊ ဒီနေ့ဟာ
သနပ်ခါးပါးတို့၊ ယောမလေ့နံ့သာတို့ပွဲနောက်ဆုံးနေ့ ဖြစ်တယ်ရှင်
ကုမ္မာရီအမျိုးသမီးများ ပြန်လည်ထွက်ခွာခြင်း မပြုသေးဘဲ စုပေါင်းသိ
အကပွဲမှာ အားလုံးပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြပါရန် ကြိုတင်မေ
ရပ်ခံအပ်ပါတယ်ရှင်"

အသံချဲ့စက်မှ ဖိတ်ခေါ်သံက ကြည်လင်ချိုမြစွာ ထွက်လာ

အမျိုးသမီးများ ဝက်ပါပတ်လမ်းဘေးသို့ အစီအရီဝင်ရော
သွားကြပြီ။ အိုးစည်ဒိုးပတ်သံများ ထွက်လာသည်နှင့်ဖနောင့်ကို
ရင်ကိုမ နံ့သာတို့ပွဲသို့ ဝင်ခဲ့လေ၏။ ဆောသူများအတန်းတွင် အတို့
အဆောတလျင်ဖြစ်ခဲ့၏။ ကျောက်ထုသူများအတန်းကို မျက်နှာလွဲ
ရှောင်ဖယ်ခဲ့၏။ လောင်းရှည်သူများအတန်းရောက်မှ မျက်နှာကို
ပါးကိုဖော်လျက် ဖြည်းညင်းစွာလှမ်းခဲ့၏။

လေးနွယ်ရှေ့ရောက်လျှင် ရပ်လိုက်မည်။ သနပ်ခါးအလိမ်း



နစဉ့် ပြောရမည့်စကားက အသင့်။

"ခေါင်းညိတ်လိုက်ပါ ညီမလေးရယ်"

ခေါင်းတစ်ချက် ညိတ်ပြလိုက်ပါက ဆုတောင်းပြည့်မင်းသား
သေးသာဝကြိုတင်မျှော်တွေး ပျော်လိုက်ရ၏။ လေးနွယ်ရှေ့တည့်တည့်
ရောက်ခဲ့ပြီ။ လေးနွယ်က ဝက်ပါဝင်ပေါက်ဝသို့ လှမ်းမျှော်ကြည့်ကာ
ခေါင်းဟန်ဆွေ့ခွင်နေ၏။

"ညီမလေး လေးနွယ်၊ သနပ်ခါးလိမ်းပေးတော့လေ"

ဟု တိုးတိုး ပြောလိုက်၏။

မျက်နှာလွှဲသွားကာ မကြားသလို လုပ်နေ၏။ ခြုံထားသော
ပဝါစကိုမ၍ မျက်နှာပင် ကွယ်လိုက်သေး၏။ ဝက်ပါ လမ်းကျဉ်းထဲသို့
နောက်လူများ တွန်းထိုးဝင်ရောက်လာချေပြီ။ အသံကိုမြှင့် ထပ်ပြော
လိုက်၏။

" ဒီမှာ သနပ်ခါးလိမ်းပေးဖို့ စောင့်နေတယ် မလေးနွယ်"

တစ်ဖက်သို့ ချာခနဲပင် လှည့်၍ သွားတော့၏။ လူအုပ်ကြီးပြု
တိုးလာသဖြင့် ဖြတ်ကျော်သွားနိုင်ရန် ကိုယ်ကိုကျုံ့၍ ယိမ်းပေးလိုက်ရ၏။
ဝက်ပါဝါးစည်းတန်းကို ကျော်၍ ကိုယ်တစ်ဝက်က မလေးနွယ်ဘက်သို့
ငိုက်ကျလျက်ပင် ရှိ၏။

နောက်ထပ်ပို၍များသော လူအုပ်ကြီးပြုတိုးလာသဖြင့်
လေးနွယ်က သနပ်ခါးအပြည့် ကော်ထည့်ထားသည့် လက်ညှိုးသွယ်ဖြင့်
ပါးတစ်ဖက်စီကို တစ်ချက်စီပြင်းထန်စွာ ဆောင့်ဆွဲပစ်လိုက်၏။ နှုတ်က
အော်လွှတ်လိုက်သေး၏။

"မြန်မြန်သွားစမ်း"

အဖြေကို သိလိုက်ပါပြီ။ မျှော်လင့်ခြင်းအနန္တဖြင့် လျှောက်လှမ်း
လာခဲ့သော ဝက်ပါလမ်းတစ်ကွေ့ချိုး မရောက်မီပင် ပျော်ရွှင်မျှော်လင့်ခြင်း
တို့ရုတ်တရက် ခုန်ပျံပြေးထွက်သွားကြပြီ။ ဝမ်းနည်းရှက်ရွံ့ခြင်း မုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ဖြင့် ခါးလယ်အမြင့်ရိုက်ထားသည့် ဝက်ပါစည်းတန်းကို ခုန်ပျံ လွှားပြေးထွက်လာခဲ့မိ၏။

မထားရီတို့ အိမ်အရောက် အခန်းတံခါးကိုဆောင့်ပိတ် ခုတင်ပေါ်မှောက်နေလိုက်တော့၏။ ပွဲခင်းဆီမှတီးမှုတ်သံများ မ တစ်ချက် ကြားတစ်ချက်။ ရင်ခုန်သံက တဒိန်းဒိန်း မြည်ဟည်း မျက်စိကိုမှိတ်၊ နားကိုပိတ်၍ နေလိုက်သည်မှာ မည်မျှကြာသည် မသိ

"ဒုန်း ဒုန်း ဒုန်း ဟေ့ ကိုနိုင်၊ ဒီအချိန်က အိပ်ချိန်မ ဘူးအခန်းထဲမှာ ဘာလုပ်နေတာလဲ၊ ထွက်ခဲ့လေ၊ အပြင်သွားကြမယ်

အခန်းတံခါး တဒုန်းဒုန်းထု၍ ခေါ်နေသည့် ထားရီ စိတ်တိုစွာ အော်ဟစ်မိ၏။

"မနောင့်ယှက်နဲ့ ထားရီရေ၊ ဘယ်မှမထွက်ချင်ပါဘူး။ ည ပွဲကြည့်ထားတာ၊ ပြန်အိပ်လိုက်အုံးမယ်"

"ဟဲ့ ဟဲ့ နင့်ဦးလေးသိန်း ခေါ်နေတယ်လေ၊ လူကြီးခေါ် အိပ်နေလို့ ရမလား၊ အကြောင်းရှိလို့ ခေါ်တာနေမှာပေါ့၊ ငါသွားနှင့်ပြီ ချက်ချင်းလိုက်ခဲ့"

အချိန်အတော်ကြာအောင်ဆွဲဆန့်ပြီး မတတ်သာသည့်အ အခန်းထဲမှ ထွက်ခဲ့၏။ ဦးလေးသိန်း၏ အိမ်တံခါးစေ့ထားသ တွန်းဖွင့်ဝင်လိုက်သည်။ လူရိပ်လူယောင် မရှိ။ တစ်အိမ်လုံး တိတ် လျက်ရှိချေ၏။

"ဘယ်သူမှ မရှိကြပါလား ဘယ်သွားနေကြလဲ"

လှည့်ပတ်ကြည့်ရင်း စိတ်တိုတိုနှင့် အော်ပြောလိုက်၏။

"အပေါ်ထပ် တက်ခဲ့အော့၊ လက်ဖက်သုပ်နဲ့ ရေနွေး ရှိတယ်"

လေးနွယ်အသံကို ကြားရ၏ ရင်မှာဆို့နင့်တင်းကျပ်စွာ လျှော့ချပြောရပါ၏။



"ဦးလေးသိန်း ခေါ်တယ်ဆိုလို့ လာတာပါ။ ဒါ မထားရီက ကို သက်သက် အကြောင်းရိုက်လွှတ်တာပဲ၊ လုပ်ကြပါ၊ နိုင်ကြပါဗျာ၊ တို့ပြန်လာရင် ကျွန်တော် ချင်းတောင်ပြန်တက်သွားပြီးလို့ ပြောပေးပါ၊ ကျွန်တော်ပြန်သွားပါပြီ"

ပြောပြီးသည်နှင့် တံခါးဝသို့ နောက်ပြန်လှည့်လိုက်၏။

"နေပါဦးအော့၊ ကျွန်မအခုဆင်းခဲ့ပြီ"

ပြောသံနှင့်အတူ ခြေသံတရှပ်ရှပ်ကိုကြားရ၏။ တားပါလျက် ထွက်သွားပါက အသက်ပိုကြီးသူ မရင့်ကျက်ရာ ကျမည့်အပြင် သောဝေလေ့အရ ရိုင်းရာကျပေတော့မည်။ ထွက်သွားရန် လှမ်းသည့်ခြေ လှမ်းများ ပြန်လည်နောက်ဆုတ်လိုက်၏။ မျက်စိမှိတ်၍ နီးရာထိုင်ခုံတွင် ကျောမှီထိုင်ချလိုက်ရသည်။ မလေးနွယ်ခြေသံ အနားကပ်လာမှန်း သိလိုက်၏။ မျက်စိမဖွင့်ဘဲ မလှုပ်မယှက် ငြိမ်နေလိုက်မိသည်။

"ဟောတော်၊ ကိုကြီးခုထိ ရေချိုးမျက်နှာမသစ်ရသေးဘူးလား၊ အချိန်ထိ ဘာလုပ်နေလဲအော့"

ယဲ့ရွယ်သူမှိုအချိုသာဆုံး စကားလုံးကို ရွေး၍ ပြောလိုက်ပါ၏။

"ရက်စက်တဲ့နှလုံးသားပိုင်ရှင် မလေးနွယ်ရဲ့လက်နဲ့တို့တဲ့ ပါးနံ့သာကြောင့် မျှော်လင့်ထားခဲ့သမျှ အရာအားလုံး လက်မြှောက် အရှုံးပေးလိုက်ပါပြီဗျာ"

"ဟင် – ကိုကြီးပဲ မှန်သောအဖြေကိုလိုချင်တယ်လို့ လင်းချောင်းစပ်မှာ ပြောခဲ့ပြီးတော့၊ လာ လာ ဒီနားလိုက်ခဲ့"

မလေးနွယ်က နှုတ်မှပြော၍ လက်ကဆွဲကာ အခန်းထောင့်မှ ချိတ်ထားသည့် မှန်ချပ်ငယ်ရှေ့သို့ ဆွဲခေါ်သွားလေ၏။

"ကိုကြီးနော်၊ ကိုယ့်မျက်နှာကို သေသေချာချာပြန်ကြည့်၊ လေးကိုယ်တိုင် သနပ်ခါးတို့ပေးလိုက်တာ၊ ဒီအတိုင်းအကောင်းသားရှိနေ သနုံး" ပွဲထဲက မှန်မကြည့်ခဲ့ဘူးလားအော့" မှန်ကိုအကြည့် ပါးနှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ မလေးနွယ်ဆွဲခြစ်ခဲ့သည့် သနပ်ခါးစက်မှာ သူကလေး၏ လက်
ရာအတိုင်းထင်ကျန်ထင်ရှား ရှိနေချေ၏။

"''(✔)... (✔)"

" ဟိုက် အားပါးပါး ပါးမှာနံ့သာပါလား"

ပါးနှစ်ဖက်ပေါ်မှ (✔)အဖြေမှန်က တအံ့တသြ အော်
စေ၏။ ရင်ထဲမှ အပျော်လှိုင်း၏ ရိုက်ခတ်မှု အရှိန်က မလေးနွယ်
ရင်ခွင်ထဲသို့ ရုတ်တရက် ဆွဲသွင်းမိစေခဲ့တော့၏။

ကိုနိုင်း (ချင်းတော

(မြဝတီအတွဲ ၅၄၊ အမှတ် ၃ ဇန္နဝါရီ ၂၀

✤ ✤ ✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# နွေးသောရင်ခွင်

ချင်းတောင်တန်း ကန်ပက်လက်မြို့သည် ကိုလိုနီခေတ်မှ
လွတ်လပ်ရေးရပြီး(၁၀)နှစ်ကျော်အထိ ခရိုင်ရုံးစိုက်ရာ တောင်စခန်းသာ
ဖြစ်၍ စည်ပင်ခဲ့၏။ ခရိုင်ဝန်ရုံးပြောင်းရွှေ့သွားပြီးနောက် မြို့ပျက်ဘ
လုံးလုံးကျရောက်ခဲ့၏။ ခေတ်စနစ်တို့ ပြောင်းလဲ၍ လုံခြုံရေးနှင့် အုပ်ချ
ကော်မတီများ ဖွဲ့စည်းလာသည့်အခါ မြို့အဖြစ်ပြန်လည် သတ်မှ
ရုံးဌာနများ ပြန်ဖွင့်သည်။ ကျွန်တော်သည် ထိုမြို့နယ်ရုံး၏ ပထမ
သော ဒေသခံစာရေးကလေး ဖြစ်လာခဲ့၏။ မူလကပင်ရှိခဲ့
အလယ်တန်းကျောင်း၌ ဆရာမပြည့်မစုံ ဖြစ်နေခဲ့သည်မှာ ကြာခဲ့
ဆရာရှားပါးလှသည့် ချင်းတောင်တန်းအတွက် ဆိုင်ရာဒေသအကြီး
များကပင် ရှာဖွေခဲ့ရ၏။ ကန်ပက်လက် အလယ်တန်းကျောင်းအ
ဆက်သွယ်ခေါ်ယူထားသည့် ဆရာနှင့် ဆရာမကို ကျောက်ထုလေ





ရောက်ကြိုဆိုခေါ်ယူရန် နလက ဥက္ကဋ္ဌက တာဝန်ပေးခဲ့၏။

"ကိုယ်မှာထားပြီးပြီ၊ မောင်နိုင်းကို လေဆိပ်ဦးချစ်ထွေး
ဆိုင်မှာ သူတို့ လာရှာလိမ့်မယ်၊ လေယာဉ်ဆိုက်ချိန် ဆိုင်ထဲမှာပဲ
င့်နေပေါ့"

တာဝန်ပေးချက်အရ ဦးချစ်ထွေး ထမင်းဆိုင်၌ တစ်ညကြို၍
က်ခဲ့၏။ ထိုစဉ်က ဦးချစ်ထွေးဆိုင်သာရှိ၍ ကန်ပက်လက်၊ မင်းတပ်၊
ပီတောင်ပေါ်သားခရီးသွားတို့၏ တည်းခိုရာဖြစ်၏။

" ဦးကြီးဦးချစ်ထွေး ကန်ပက်လက် စာသင်ကျောင်းအတွက်
ရာနဲ့ဆရာမ လေယာဉ်နဲ့ပါလာမှာ ၊လေယာဉ်နေ့လယ်ဆိုက်မယ်၊
တင်းတွေရှိလဲ"

" မောင်ရင်လေး ကံကောင်းတယ်ဟေ့၊ တောင်ပေါ်ဆတ်သား
ခြောက်တွေ မနက်ကပဲ ရောက်လာတာ၊ ဆရာနဲ့ ဆရာမက ဘယ်အရပ်
သားတဲ့"

"ဆရာမက ရန်ကုန်ကလို့ ပြောပါတယ်၊ ဆရာက ပခုက္ကူကတဲ့
သူတို့ချင်းချိတ်ပြီး အတူလာကြမယ်တဲ့"

" အောက်သူ အောက်သားတွေ ဆတ်သားခြောက်နဲ့ တောဝက်
နဲ့တန်းတိုးတာပေါ့မောင်၊ သုံးလေးမျိုးလောက် လုပ်ပေးလိုက်ပါ့မယ်"

ယောဒေသ၌ ပုံတောင်ပုံညာ ကျော်သွားလျှင် အောက်အရပ်ဟု
ကြ၏။ စကားပြောနေကြစဉ် လေယာဉ်သံ ဝေါခနဲကြားရ၏။ လေဆိပ်
ပြင်သို့ပြေးထွက်ကာ ကွင်းစည်းသစ်သားတန်းကို ကိုင်စောင့်
လိုက်၏။ ဒါကိုတာ လေယာဉ်ကြီး ကွင်းတစ်ပတ် ပတ်၍ ငြိမ့်ခနဲရပ်
က်လျှင် ကောဘာဆံရှည်ကို ရှေ့ချ၍ ဖြူနုသွယ်လျ ပြေပြစ်လှသည့်
ကလေးသည် ခရီးဆောင်အိတ်ကို မနိုင့်တနိုင်ဆွဲရှေ့ကထွက်လာ၏။
စောင့်ရှာနေသူပီပီ နှုတ်အာသွက်လက် နှုတ်ဆက်လိုက်၏။

"ဘယ်သွားမလို့ပါလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကန်ပက်လက်သွားမလို့ ပါရှင့်၊ ကန့်ပက်လက် နလကဗိုလ်ကြီးက လေဆိပ်ဦးချစ်ထွေးထမင်းဆိုင်မှာ အကြိုလွှတ်ထားပေးမယ်တော့ ပြောတာပဲ"

"အတော်ပဲ ဆရာမလေး၊ အဲဒါ ကျွန်တော်ပါပဲ၊ ပေး ပေး ဆရာမလက်ဆွဲအိတ်"

"ဟယ် – – – ဝမ်းသာလိုက်တာရှင်၊ တွေ့မှတွေ့ပါမလားလို့ တွေးပူနေတာ၊ ဒီမှာကိုစိုးရေ ကျွန်မတို့ကို ကြိုတဲ့လူရောက်နေပြီ"

ဆရာမလေး လှမ်းအော်လိုက်လျှင် ဆရာက ရှေ့လူများကို ဖြတ်ကျော်၍ လာရောက်လက်ဆွဲနှုတ်ဆက်သည်။ ကျွန်တော်နှင့် သက်တူရွယ်တူမျှ ရှိလိမ့်မည်။ ပုပုနွေးနွေးဘွဲ့ရခဲ့သော ဆရာမလေးက နုချောလွန်းနေ၍လား၊ ချစ်စဖွယ်မိန်းကလေးငယ်အရွယ် ထင်မိ၏။ ဆရာက မိတ်ဆက်သည်။

" ကျွန်တော့်နာမည် ကိုစိုးလင်းပါ၊ ပခုက္ကူစွန့်သိုက်ရပ်ကပါ၊ ဆရာမလေး နာမည်က အေးအေးအောင်တဲ့၊ ကျွန်တော်နဲ့ ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်အတူဆင်းတွေပေါ့၊ နွေရာသီ အသုံးလုံး လုပ်အားပေးဆရာမလုပ်ရင်းနဲ့ တကယ့်ဆရာမလုပ်ချင်လို့ ချင်းတောင်တက်လာတာ၊ ရန်ကုန်မြေနီကုန်းက"

အသုံးလုံးဆရာမနှင့် နာမည်လိုက်ဖက်၍ ပြုံးမိ၏။ မိမိကိုယ်ကို ပြန်လည်မိတ်ဆက်ပြီး ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ဦးချစ်ထွေး ထမင်းဆိုင်၌ နေ့လယ်စာကျွေးသည်။

"ဆရာနဲ့ ဆရာမလေး ဒီကထမင်းဆိုင်တွေက ပွဲနဲ့မဟုတ်ဘူးနော်၊ ထည့်ပေးတာ အကုန်မစားရင် စိတ်ဆိုးလိမ့်မယ်၊ လက်ကျန်မချန်ကြေးစားကြနော်"

ပြောရင်း ဆရာမပန်းကန်ထဲသို့ ဟင်းဖတ်များ ခပ်ထည့်ပေးလိုက်၏။ အမှန်ပင် ဦးချစ်ထွေး ထမင်းဆိုင်သည် ပွဲတန်သင့်ရုံ ကျွေးခြင်း





ဟုတ်၊ ဆွေမျိုးဟောင်းကို ကျွေးမွေးဘိသို့ ဟင်းခွက် အခါခါလိုက်၍ စားနိုင်အဆုံး ကျွေးမွေးခြင်းဖြစ်၏။

" ဆရာမလေး ဘယ်လိုမှစားလို့ မကုန်နိုင်ရင် ရှိသမျှဟင်း အကုန်ထည့် ယူသွား လို့ရတယ်နော်"

" ကျွန်မ အဲဒီလောက် အစားမကြီးဘူးရှင့် "

ဟင်းဖတ်ဖယ်ရင်း ဆရာမလေးမျက်နှာက ပြုံးချိုနေ၏။

" စေတနာနဲ့ ကျွေးတာ ချန်လှပ်မထားကောင်းဘူး ဆရာမ လေးရေ ဟင်းခွက်ပြောင်အောင်စား"

ဆရာမလေးက တခစ်ခစ်ရယ်မောသည်။ အမှန်ပြောပြခြင်းကို ကြည်လိုဟန် ရှိပုံပင်မရ စားသောက်ပြီး တောင်တန်းဗိုလ် အမည်ရှိ ကားဗလက်ကားကြီးဖြင့် လိုက်ပါလာခဲ့ကြ၏။

× × × × × ×

( ၂ )

" မပိုလေးရွှေ ဆရာမ အေးအေးအောင်နဲ့ ညဘက်သွားအိပ် ပေးလိုက်ပါအုံး၊ သူ့ခေါ်အိပ်နေကျ ကျောင်းသူလေးတွေ တောင်ယာတဲ ပြောင်းကုန်ပြီ၊ အဲဒါနင့်ကို သူမှာလိုက်လို့ ညီမရေ"

မပိုလေးရွှေမှာ ကျွန်တော့်မိခင်၏ အစ်ကိုကြီး ဦးကြိုင် ဦးရွှေလော၏ သမီးကြီးဖြစ်၏။ မြန်မာဆွေမျိုးစပ်ပုံအရ ကျွန်တော် နှင့် မောင်နှမဝမ်းကွဲဟု ဆိုရန်ရှိ၏။ ချင်းတိုင်းရင်းသားတို့၏ ဆွေမျိုးထုံး ဖွဲ့ပုံစံအရမူ ကျွန်တော်နှင့် ပြန်လည်လက်ထပ်ခွင့်ရှိသူဖြစ်၏။ ဖခင်



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေလော ယမန်နှစ်က ကွယ်လွန်သွားခဲ့၏။ ယခုနှစ် (၁၀)တန်း (ခ)ဖြင့် အောင်မြင်၍ နလကရုံး၌ပင် စာရေးဝန်ထမ်း ဝင်ရောက်ခဲ့ရသဖြင့် ဇာတိ ရွာကလေးမှ မြို့သို့ပြောင်းရွှေ့ ရောက်ရှိခဲ့သည်မှာ မကြာလှသေး ဝန်ထမ်းအနည်းငယ်မျှသာ ရှိသေးသော မြို့ကလေး၌ ဝန်ထမ်းအားလုံး ချစ်ခင်ရင်းနှီးမှု ရှိကြ၏။

"အစ်ကိုမင်းထင်နိုင်။ ကျွန်မတို့အိမ်က ရွာကလူတွေလာ တုန်းလောက်ပဲ စည်တာ။ သားအမိနှစ်ယောက်ထဲပဲ ရှိကြတာလေ ဆရာမလေးကို ကျွန်မနဲ့အတူ လာနေနိုင်းလိုက်ပါလား။ စာသင်ကျောင်း က အိမ်နဲ့တောင်ကုန်းအပေါ်အောက်ဆိုတော့ သူကျောင်းသွားရလည်း ပိုလွယ်တာပေါ့"

" အေးပါ၊ ငါလည်း သူ့ကိုဒီလိုပဲပြောမလို့ပါ။ ဒါပေမဲ့ သူနဲ့အတူ တက်လာတဲ့ ဆရာကိုစိုးလင်းက ဘယ်လို ဆန္ဒရှိမယ် မဆိုနိုင်ဘူး သူတို့က အတွဲမပျက်ရှိနေတာလေ"

ထိုစဉ်က ကန်ပက်လက်မြို့တွင်ခရိုင်ဝန်ခေတ် လက်ကျန် အိမ်အိုကြီးနှစ်လုံးရှိခဲ့၏။ တစ်လုံးတွင် ဆရာများကို စုနေစေပြီး တစ်လုံးတွင် တစ်ဦးတည်းသာရှိသော ဆရာမလေး နေရ၏။ ဆရာမလေး နေအိမ်သည် ဝန်ထမ်းလူပျိုတို့၏ ဆုံစည်းရာဖြစ်၏။ ဝိုင်းဖွဲ့မီးလှုံ သီချင်းဆို၊ လက်ဖက်စားပြီးက လူစုကွဲသွားမြဲ၊ အလျဉ်းသင့်သော ကျောင်းသူကို အဖော်ခေါ်နေရသည့် ဆရာမလေးမှာ အဖော်လိုခဲ့ပြီ။

နောက်နေ့တွင် ဆရာစိုးကို အကျိုးအကြောင်းပြောပြလိုက်၏။

"ဆရာစိုးရေ ဒီချိန်က ကျောင်းသူလေးတွေ တောင်ယာတဲက လာတက်ကြမှာ ဆရာမလေးကို စာရေးမလေးနဲ့အတူ လိုက်နေနိုင်းရင် မကောင်းဘူးလား"

" သိပ်ကောင်းတာပေါ့ ကိုနိုင်းရာ၊ သီတင်းကျွတ်ပြီးရင် ကိုနိုင်းနဲ့ ပြောပြီး စာရေးမလေးနဲ့အတူ သွားနေချင်တယ် ပြောတာပဲ၊ စာရေးမလေး





က သူ့ခေါ်နေတာကြာပြီတဲ့၊ အဲဒါသူက ကိုနိုင်းသဘောကျပါ့မလား လို့မှုနေတာ"

"ဘာဖြစ်လို့ ကျွန်တော်သဘော မကျရမှာလဲဗျာ၊ အခု သီတင်းကျွတ်ဖို့က လိုသေးတယ်လေ၊ အဲဒီချိန်ရောက်မှတော့ ကျောင်းသူ လေးတွေ တောင်ယာကပြန်ရောက်နေပါပြီဗျ"

"ဆရာမ အေးအေးအောင်ပဲ သူတို့ကျောင်းက ကြားခဲ့တယ် ပြောတာပဲ. ကိုနိုင်းနဲ့ မပိုလေးရွှေက လက်ထပ်ကြတော့မယ်လိုလို ဘာလိုလိုဆိုပဲ ဒါကြောင့် ကိုနိုင်း သဘောကျပါ့မလားမသိဘူး သူပြော နေတာ"

"အမယ်လေးဗျာ၊ လက်ထပ်ကြတော့မယ်ဆိုတာတော့ ဟုတ်ပါဘူးဗျာ၊ ဒီလိုတော့ရှိတယ် ဆရာရေ၊ ကျွန်တော်တို့ ချင်းတိုင်း ရင်းသားတွေမှာ လက်ထပ်ရမယ့်အမျိုးနဲ့ လက်မထပ်ရမယ့် အမျိုးဆိုပြီး သဘောသတ်မှတ်ချက် ရှိကြတယ်ဗျ၊ ကျွန်တော်နဲ့ မပိုလေးရွှေက လက်ထပ် နိုင်ကြတဲ့ အမျိုးတွေပေါ့၊ လက်ထပ်ကြမယ့်သူတွေလို့ မဆိုလိုပါဘူးဗျာ၊ တစ်ရုံးထဲ တက်ကြတော့ ပိုထင်ကြတာပေါ့လေ"

"ဟုတ်ကဲ့ ကျင်ခွေးကျောင်းက ဆရာကို မင်းဟာန်ကလည်း ဒီလိုပဲပြောပြောဖူးပါတယ်၊ စာရေးမလေးက ဖြူနုချောလှနေတာဆိုတော့ လက်ထပ်ကြမယ့်သူတွေ ဆိုတဲ့ဘက် ကျွန်တော်တို့ ပိုယုံကြတယ်"

" ဒီလိုပေါ့ ဆရာရယ်၊ ဒီမှာအနေကြာလာရင် တောင်ပေါ်ထုံး လေ့တွေ ဆရာနားလည်သွားမှာပါ။ နောင်ဆို လူမျိုးနွယ်တွေနာမည် ကြားရုံနဲ့ ဆရာအလိုလိုခွဲခြားတတ်ပြီ"

နောက်တစ်နေ့မှာပင် ဆရာမလေးက မပိုလေးရွှေထံအိမ်ပြောင်း သွားခဲ့၏။ ဝန်ထမ်းလူပျိုများ၏ စုရပ်ဆုံရပ်သည် စာရေးမလေးနေအိမ် ဖြစ်သွားခဲ့ပြန်၏။ ဆရာကို စိုးလင်းမှာ ဂစ်တာအတီးကောင်း၍ ဆရာမလေး မှာလည်း အဆိုကောင်းပင် ဖြစ်၏။ ကျွန်တော်တို့ လည်းအဆိုအတီး



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာရှင်များဖြစ်၍ မြိုင်မြိုင်ဆိုင်ဆိုင် ရှိခဲ့ကြမြဲ ဖြစ်၏။

× × × × × ×

(၃)

မိုးဦးကရောက်ခဲ့သော ဆရာမလေးတို့ကို မိုးကုန်၍ ဆောင်းဦး ကကြိုခဲ့ပြီ။ ကန်ပက်လက်ဒေသ ဝန်းကျင်တစ်ခို တောင်စွယ် တောင်တန်း တောင်ထိပ်ချွန်များက ရောင်စုံချယ်ရီပွင့်များ ခေါင်းလုံးပြည့် ပန်ဆင်ထားကြပြီ။ မြေဝပ်တောင်ကြာပန်းပွင့်နီကြီးများက မြေပြင် တစ်ခုလုံး ကမ္ဗလာဖုံးထား၏။ ချင်းတိုင်းရင်းသားရိုးရာ ကွမ်စီပွဲတော် ကျင်းပချိန် သင်္ကေတဖြစ်၏။ကွမ်စီပွဲတော်မှာ နှစ်သစ်ကြိုပွဲတော် တစ်မျိုးဖြစ်သည်။ ပြန်လည်ထူထောင်စမြို့ကလေး၌ ရိုးရာပွဲကို သက်ဆိုင်ရာတို့က အထူး အားပေးလေ၏။ ကျွန်တော်က တိုင်းရင်းသား ရိုးရာ ကပွဲများအတွက် တာဝန်ခံ။ မြန်မာသံစဉ် သီဆိုဖျော်ဖြေရေး အတွက် ဆရာကိုစိုးလင်းကိုသာ လုံးလုံးလျားလျားအားထားရလေတော့၏။

" ကိုနိုင်းတို့ ပိုင်းဖွဲ့သီဆိုလေ့ရှိတဲ့ တောင်ဖလပ်ပန်းနာမည်ပါ တဲ့ ချင်းရိုးရာ သီချင်းရှိပါတယ်၊ အဲဒါ မြန်မာပြန်ပြည့်ပြည့်စုံစုံ ရေးပေး ပါအုံး၊ ချင်းသံစဉ်အတိုင်း မြန်မာစာသား သွင်းရအောင်"

" ဒီသီချင်းက အချစ်ဖွဲ့သီချင်းလေးပါ ဆရာစိုး၊ မြန်မာသံစဉ် ပြန်ဆိုထားရင် အများခံစားနိုင်တာပေါ့ ဆရာရယ်၊ မြန်မာသံစဉ်နဲ့ မဖြစ်ဖြစ်အောင် ကြိုးစားပေးပါဆရာ "

" ကြိုးစားမယ်ဗျာ၊ ဒီလိုလုပ်ရအောင် ကိုနိုင်း၊ ကွမ်စီပွဲနေ့ကျရင်





ကိုနိုင်းက ချင်းဘာသာသံနဲ့ ဆရာမအေးအောင်က မြန်မာသံနဲ့ တစ်တွဲ ထွက်ဆို၊ ဒီသီချင်းကိုပဲ စာရေးမလေးပိုလေးရွှေက ချင်းသံနဲ့ ကျွန်တော်က မြန်မာသံနဲ့ ထွက်ဆိုကြမယ်ဗျာ" ဟုပြောဆိုပြီး ချင်းရိုးရာသီချင်းကို မြန်မာပြန် အဓိပ္ပါယ်ရေးပေးလိုက်၏။ ဆရာကိုစိုးလင်းက ချင်းသံမှ မြန်မာသံကော်ပီလုပ် တီးကွက်ရှာသည်။ မူရင်းဘာသာပြန်မှ အပိုဒ် တစ်ခုကို အခါခါထပ်ကျော့သီဆိုရန် ဆရာကိုစိုးလင်းက မြန်မာစာသား ခြင်း ဖွဲ့စည်းထားလေ၏။

"နေရောင်ခြည်အရောင် မပြောင်းခင် ××× တောင်ပြာတွေ တိမ်မဖုံးခင် ××× တောင်ဖလပ်ပန်းကြွေမနွမ်းခင် ××× ကြင်နာစွာ ငြိမ်းလိုက်သခင် ××× စခန်းမဝေးတဲ့ တောင်တန်းတစ်ခွင်××× အလွမ်းမပေးနဲ့ မဝေးပါချင် ××× နေခြည်ဝေး၍ မနွေးခဲ့ရင် ××× သာစဉ် နွေးတဲ့မောင့်ရင်ခွင် ×××

တသွင်သွင်စီးကျ စမ်းရေ အလျဉ် ××× နှလုံးသားက ချစ်ရေစင် ××× မောင့်ရေ အလွမ်းအဆွေးမပေးနဲ့ရှင်××× အလွမ်းတေးလည်း မရေးဖွဲ့ချင် ××× ချင်းတောင်တန်း၏ ရင်ခွင် ××× ထာဝစဉ် ငြိမ်းချမ်းဖြူစင် ××× လန်းဆန်း ကြည်လင် ××× နွေးတဲ့ရင်ခွင် ××× ချစ်သူ့ရင်ခွင် ××× "

သီချင်းတိုက်ကြတော့ ဆရာကိုမင်းဟန်က အကြံပြု၏။

"ဆရာကိုစိုးလင်းက ချင်းတိုင်းရင်းသားဝတ်စုံပြည့်နဲ့ ချင်း သား မပိုလေးရွှေက မြန်မာဟန်ဝတ်စုံပြည့်နဲ့ တစ်တွဲ၊ ကိုနိုင်းက မြန်မာအမျိုးသားဝတ်စုံနဲ့ ဆရာမလေးအေးအောင်က ချင်းအမျိုးသမီး ဝတ်စုံပြည့်နဲ့ တစ်တွဲထွက်ဆိုကြ၊ ပိုကြည့်ကောင်းသွားတော့ပေါ့"

ဆရာကိုမင်းဟန်၏ အဆိုကို အားလုံးသဘောတူ လက်ခံလိုက် ကြ၏။

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကန်ပက်လက်မြို့၏ ကွမ်းစီပွဲတော်နေ့ စာသင်ကျောင်းကြီး မျက်နှာချင်းဆိုင် ကွင်းပြင်၌ လွှတ်လပ်ရေးကျောက်တိုင်ရှိ၏။ လွှတ်လပ်ရေး ကျောက်တိုင်ကွင်းမှ တိုင်းရင်းသားတို့၏ မောင်းကြီးထုသံတဒူဒူ ထွက်လာ ပြီး တီးမှုတ်သံများ လွှင့်ပျံလာ၏။

"ဆရာစိုးရေ ပစ္စည်းကတော့စုံပြီ၊ ဝတ်ဆင်တော့မော့၊ ဆရာ လေးကိုတော့ စာရေးမလေးနဲ့အဖွဲ့က ဝတ်ဆင်ပေးကြလိမ့်မယ်၊ သူ ဆံထုံးထုံးပြီး ဝတ်စုံဝတ် ပုတီးဆွဲရုံပဲ၊ ဆရာက အများကြီးဝတ်ဆင်ရ

ဆရာစိုးကို ချင်းရိုးရာသိုင်းစောင်ကို ခြုံသိုင်းပေးလိုက်ကြ ခေါင်းပေါင်းစ၌ ငှက်တောင်မွေးရှည်များ ထိုးပန်ပေးလိုက်ပြီး ဓားလွယ ပလိုင်းနှင့် ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ရ၏။ ရောမလက်ကောက်ကွင်း ကြီးများ ဘယ်ညာအပြည့်ဝတ်ဆင်ပြီး ရိုးရာရွှေနားကွင်းကြီးကို ဟန်ပြ ချည်ဆွဲရ၏။ နားပေါက်မရှိသဖြင့် ဝတ်ဆင်မရ၍ဖြစ်၏။ အစီအစဉ် တိုင်းရင်းသားတို့၏ စစ်ချီအောင်ပွဲအက ပြီးဆုံးသည်နှင့် အစီအစဉ် ကြေညာသူ၏အသံ ထွက်လာ၏။

"ယခုတစ်ကြိမ် အလှည့်ကျဖျော်ဖြေမှာကတော့ 'နွေးသော ခွင်အမည်ရှိ ချင်းရိုးရာတေးသီချင်းကို မြန်မာသံတစ်လှည့် ချင်းသံ လှည့်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်၊ နားသောတဆင်ရင်း ဘယ်သူ ဖျော်ဖြေသလဲဆိုတာ စင်မြင့်ပေါ်မှာရှုစားကြပါရှင် "

ဆရာကိုစိုးလင်းနှင့် မပိုလေးရွှေတို့ လက်ချင်းချိတ် စင်ပေါ်တ သွားကြ၏။ လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်လာ၏။ ဆရာ ချင်းဝတ်စုံပြည့်၊ စာရေးမလေးက ပုစွန်ဆီရောင် ချိတ်ထဘီနှင့် ပဝါ ချ၍ ချယ်ရီပန်းများ တစ်ခေါင်းလုံး ဝေနေ၏။ ဝတ်စားပုံချင်း လိုက်





မရှိလှသော်လည်း အရွယ်အစုံ လိုက်ဖက်ညီလျက် ရှိတော့၏။ ဂီတသံစဉ် ထွက်လာသည်နှင့် တစ်လှည့်စီ သီဆိုသရုပ်ဆောင်သွားကြသည်မှာ ကိုယ့်ဆိုင်ရာ စာသားနှင့်ကိုယ် အဆင်ပြေလှ၏။ သီချင်းအံအဆုံးချလေပြီ၊

"ချင်းတောင်တန်း၏ ရင်ခွင် . . . ထာဝစဉ်ငြိမ်းချမ်းဖြူစင် . . . နွေးတဲ့ရင်ခွင် . . . ချစ်သူ့ရင်ခွင် "

ချမ်းအေးသောရာသီနှင့် လိုက်ဖက်သောသီချင်းကို ဆရာနှင့် စာရေးမလေးတို့ သီဆိုသရုပ်ဆောင်သွားပုံ ကောင်းလှသဖြင့် အနီးရှိ ဆရာမလေးကို ပြောလိုက်၏။

"ညီမလေး ပိုလေးရွှေက ဘယ်ဆိုးလို့လဲ၊ လုပ်တတ်သားပဲ၊ အသံကလည်းအကောင်းသား"

" အရမ်းကောင်းတာပဲ ကိုနိုင်းရဲ့၊ ကိုနိုင်းနဲ့ မပိုလေးရွှေတို့ ကိုယ်တိုင် စုံတွဲပြန်ဆိုကြဖို့ကောင်းတာ"

ဆရာမလေး၏ ဆိုလိုရင်းကို ရိပ်စားမိသဖြင့် ရှောင်လွှဲလိုက်၏။

" ကျွန်တော်တို့ အချင်းချင်းကျတော့ မြန်မာသံစဉ်ရောက်ရင် သီမသဖြစ်နေကြမှာပေါ့"

စကားပြောနေကြစဉ် သီချင်းနှစ်ကျော့ပြီးသွား၏။ လက်ခုပ်သံ များ ဘဝဲညံသွား၏။ ပရိသတ်ကို ခေါင်းငုံ့အလေးပြု နှုတ်ဆက်ကြစဉ် ဖွဲတောင်းသံများ ထွက်လာ၏။

" ထပ်ဆိုပေးပါအုံးဗျို့"

ပရိသတ်၏ ဖွဲတောင်းလက်ခုပ်သံက ဖြောင်းဖြောင်းညံလျက် ရှိလေ၏။

ပရိသတ်အသံဆုံးလျှင် အစီအစဉ်ကြေညာသူ အသံ ထွက်လာ၏။

" ဟုတ်ကဲ့ပါရှင်၊ ဒီသီချင်းကိုပဲ နောက်ထပ်စုံတွဲတစ်တွဲက

www.burmeseclassic.com

www.burmeseclassic.com



ချင်းသံ မြန်မာသံတစ်လှည့်စီနဲ့ ထပ်မံဖျော်ဖြေပါအုံးမယ်ရှင်၊ နားသော ဆင်ကြပါရန်နှင့် ဘယ်ချစ်သူစုံတွဲတွေ ဖြစ်မယ်ဆိုတာ စင်ပေါ် ရှု့စားကြပါရှင်''

ကြေညာသူက အဆံစ်ပင်ထည့်လိုက်သေး၏။ ဆရာမလေး လှည့်ကြည့်မိတော့ ချင်းရိုးရာဝတ်စုံပြည့်နှင့် အေးချမ်းသောအပြုံး ကျက်သရေရှိလှပေ၏။ ကျွန်တော်ကား နေ့စဉ်ဝတ်စားနေကျထ ကျက်သရေ ခေါင်းပေါင်းတိုးလာခြင်းမျှသာ ရှိသည်။ ဖိတ်ခေါ်သံဆုံးသ နှင့် စင်ပေါ်သုတ်သုတ်တက်ပြီး ဆရာမလေးကို စောင့်နေ၏။ ဆရာမ တက်အလာလက်ခုပ်သံတို့ ညံသွား၏။ ချင်းဝတ်စုံပြည့် ဆရာမလေ ပွဲကြည့်လာသူ များက ဘယ်ရွာက ဘယ်သူ့သမီးလဲဟု မေးသံကြား မိန်းမချောလေး နှင့် လက်ချင်းချိတ်၍ တူယှဉ်သီဆိုဖူးခြင်းမရှိသေ ကျွန်တော်ကား ဒူးများပင် တဆတ်ဆတ်တုန်လျက် သီချင်းစာသားမျှ မေ့လျော့နေရှချေ၏။ ချင်းရိုးရာ သီချင်းစုံတွဲသီဆိုပုံ ့ သဘာဝ လက်ချင်းချိတ်သီဆိုရသည်ဖြစ်၍ ဆရာမလေး လက်ကိုလာဆောင့်ဆွဲ အနားကပ်သွားရ၏။ တီးဝိုင်းက တစ်ဖန် အစပြန်ပျိုးပေးရသည် သည်တစ်ကြိမ်တွင်ကား ဆရာမလေး လက်ကို တင်းကျပ်စွာဆုပ်ကိုင် လိုက်လှဲသော ခံစားမှုများနှင့်အတူ အားပါးတရ ဟစ်ကြွေးသီ လိုက်လေ၏။

'' နေခြည်ဝေး၍ မနွေးခဲ့ရင် ××× ထာဝစဉ်နွေးတဲ့မောင့်ရင် ××× ချင်းတောင်တန်း၏ရင်ခွင် ××× ထာဝစဉ် ငြိမ်းချမ်းဖြူ လန်းဆန်းကြည်လင် နွေးတဲ့ရင်ခွင်××× ချစ်သူ့ရင်ခွင် ××× အချစ်ဆုံး ရင်ခွင် ×××

× × × × × ×





(၅)

နွေဦးရောက်ခဲ့ပြီ။ စာသင်ကျောင်းများ ပိတ်ပြီ။ ဆရာ ကိုစိုးလင်းနှင့် ဆရာမလေးတို့ နွေရက်အား မိဘရပ်ထံပြန်ကြမည်။ အောက်ထု လေဆိပ်မှလေယာဉ်စီးပြန်ကြရမည်ဖြစ်၍ ဆောမြို့အထိ ပြန်လည်လိုက်ပို့ကြ၏။ ဆရာကိုစိုးလင်းကား လမ်းတစ်လျှောက် ဆောင်စုံသစ်ခွအုံများကို လိုက်လံခွာယူနေသဖြင့် ဟိုရောက်သည်ရောက်၊ ဆရာမလေးနှင့် လမ်းမကြီးအတိုင်း လျှောက်ခဲ့ကြ၏။

'' ဆရာမရေ တောင်ပေါ်မိုးက စောစောကျတတ်တယ်၊ ရောကျ ဆောင်ပြီလမ်းပိတ်ဖြစ်တတ်တယ်၊ စောနိုင်သမျှ စောအောင် ပြန်လာခဲ့ပါ၊ ဆရာကိုစိုးလင်းနဲ့ ရက်ချိန်းပြီး ပြန်လာကြမှာ မဟုတ်လား''

''အင်း . . . ဒီလိုပဲ ချိတ်ဆက်ပြန်ကြရမှာပေါ့၊ ရက်မကြို သည်းကျောက်ထုကနေ ဆောအထိတော့ ကိစ္စမရှိပါဘူး ဆောကနေ ကန်ပက်လက်ကို ကုန်းကြောင်း ပြန်တက်ရမှာဆိုတော့ ကျောင်းသူတစ် ယောက်ယောက် အကြိုလွှတ်ပေးပါအုံးနော်၊ ရောက်မယ့်ရက် သံကြိုး ပို့ပါမယ်''

''ကျွန်တော်ကိုယ်တိုင် လာကြိုမှာပေါ့ ဆရာမလေးရယ်၊ ဆရာမလေး ကျောင်းပိတ်ပြန်နေတုန်း အမြဲသတိရနေတော့မှာ ဆရာမလေးရဲ့''

ရင်ထဲကအရှိ အသိမဲ့ဖွင့်ဟသွားခဲ့၏။ ဆရာမလေး တအံ့တသြ ဖြစ်သွားရပုံကို ဖုံးကွယ်ထားဟန်ရှိ၏။

''ဟယ် ကိုနိုင်းကလည်း ကိုယ်တိုင်တော့ ဆင်းမကြို လိုက်ပါ နဲ့နော် မပိုလေးရှေ့ တစ်မျိုးမြင်နေပါအုံးမယ်၊ ကျွန်မတကယ် ပြောတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ရှင်တို့နှစ်ယောက် တစ်ယောက်အပေါ်တစ်ယော[က်] တာဝန်ရှိကြသူတွေပဲလေ။ အဲဒါ ကျွန်မနားလည်သလောက် ကလေးပ[ါ]

"ဟာ. ဆရာမလေးကလဲ ကျွန်တော်တို့နှစ်ယောက်[...] သိမ်းရည်းစားမှတ်နေပုံရတယ်၊ ဆရာကိုစိုးလင်းနဲ့ ဆရာမလေးပဲ ဘယ်[နေ့] လက်ထပ်ကြမလဲ လူတွေစောင့်ကြည့်နေကြတာ"

" အင်း ... ကိုနိုင်းတို့ တောင်ပေါ်သားတွေ ရိုးရှင်းပွင့်လင်း တယ်နော်၊ တချို့ခင်မင်သူတွေက ဘယ်နေ့လက်ထပ်ကြမလဲတော[င်] မေးကြတယ်၊ ဆရာနဲ့ကျွန်မက နောက်ဆုံးနှစ် အသုံးလုံးလုပ်အား[ပေး] သွားကြရာက သိကျွမ်းကြတာပါ။ သူ ကျွန်မကို ကမ်းလှမ်းတာ အဲဒီနှ[စ်] ကတည်းကဆိုပါတော့၊ ကျွန်မဒါတွေ မစဉ်းစားသေးဘူးလို့ သူ့[ကို] နောက်ဆုံးပြောခဲ့တာကတော့ ကိုနိုင်းတို့ ကွမ်းစီပွဲပြီးလောက်က[ပဲ] အလုပ်သဘောအရတော့ အတူသွား အတူလာပဲပေါ့နော်" ဟုပြောသည်။

ကျွန်တော်က တစ်စုံတစ်ရာ မပြောခဲ့မိ။ မဖော်ပြတတ်သော ဝေဒနာများနှင့်အတူ ခြေလှမ်းကျဲသာ လှမ်းမိ၏။

"ဖြည်းဖြည်းလျှောက်ပါ ကိုနိုင်းရယ်၊ ကျွန်မအဲဒီလောက် မြန်မြန်မလျှောက်နိုင်ဘူးရှင့်"

ခြေစုံရပ်စောင့်နေလိုက်၏။ အနားရောက်သည်နှင့် စကား စလေပြီ။

"ကိုနိုင်းနဲ့ မပိုလေးရွှေတို့က လက်ထပ်ကြမယ့်သူတွေ[ဆို] အားလုံးသိထားကြတာပဲ၊ သိပ်လည်းအချိန်ဆွဲ မနေနဲ့ မပိုလေးရွှေ[က] အရမ်းချောတယ်နော်၊ သူများနောက်ပါသွားမယ်"

"ဆရာမလေးကလည်း မပိုလေးရွှေမပါရင် စကားမပြော[...] တတ်တော့သလောက်ပဲ၊ ဆရာမလေးနဲ့ ကွမ်းစီပွဲတုန်းက ကျွန်တော် ဆိုပြခဲ့တဲ့ သီချင်းဟာ ဆရာမလေးကို ကျွန်တော်ပြောလိုက်တဲ့ ရင်ထဲ[က]





[စ]ကားပါ၊ မပိုလေးရွှေနဲ့ ကျွန်တော်က လူမျိုးထုံးဓလေ့နဲ့ သူ့မိသားစု အခြေအနေအရ ပြန်လက်ထပ်သင့်တယ်၊ စောင့်ရှောက်သင့်တယ် ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါကထုံးဓလေ့ ကျင့်ဝတ်ပိုင်းကပေါ့နော်၊ သူ့ရင်ထဲမှာလည်း သူ့ရင်ခုန်နေတဲ့သူရှိရင်ရှိနေမှာပေါ့၊ သူနဲ့ ကျွန်တော်က အနှောင်အဖွဲ့မရှိကြပါဘူး။ ကျွန်တော့်ရင်ထဲကစကားကို ဆရာမလေး နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ခွဲခွာရတော့မည်ဟူသော အသိသည် ရင်ထဲရှိသမျှ စကားလုံးကို [...]င်အန်သွားစေခဲ့လေပြီ။ ဆရာမလေးမျက်နှာကတည်ငြိမ်အေးချမ်းစွာ [...]နေသည်။ကြိုတင်သိရှိဆုံးဖြတ်ထားပြီး ဟန်လည်းရှိနေ၏။

" အို ကိုနိုင်းရယ် ကိုနိုင်းမှာလည်း လက်ထပ်သင့်တဲ့ မိန်းမချော [...]သားရှိနေပြီးမှပဲ၊ တကယ်လို့ ကိုနိုင်းပြောတာကို ကျွန်မလက်ခံလိုက်သည် ဆိုအုံးတော့ မပိုလေးရွှေက ကျွန်မပေါ်ဘယ်လိုမြင်မလဲ၊ ကိုနိုင်းတို့ [...]သူတစ်ရွာလုံးကတော့ ဘယ်လိုမြင်မလဲ၊ မိတ်ဆွေလိုပဲခင်ပါနော် ကိုနိုင်း"

" ဒါကတော့ ဆရာမလေးရယ်၊ကျွန်တော်နဲ့ မပိုလေးရွှေက [...]တစ်ယောက်ရဲ့အချစ်ရေး၊ အိမ်ထောင်ရေးတွေ တစ်ယောက်က စွက်ဖက် [ခွ]င့်ရှိကြတာမှမဟုတ်ဘဲ"

"ဒါက ရှင့်ဘက်ကအမြင်လေ၊ ကျွန်မရောက်လာလို့ ရှင်တို့ချင်း [...]သွားရတဲ့အဖြစ်မျိုး မပိုလေးရွှေရင်ထဲ ခံစားရမှာမျိုးကို ကျွန်မလုံးဝ [...]ဖြစ်မခံနိုင်ဘူး ရှင့်ကို အပြတ်သားဆုံးအဖြေ ကျွန်မပေးခဲ့ပြီနော်၊ [...]င်သဘောပေါက်မှာပါ"

ဆရာမလေး၏ စကားအဆုံးသောမြို့ကုန်းထိပ် စာတိုက်ရှေ့သို့ [...]ဘွားခနဲ့တွေ့ရ၏၊ ဆောမြို့ဝင်ခဲ့ပြီ၊ကျောက်ထုသို့ ထွက်ခွာသွားသည့် [...]ဘောင်တန်းဗိုလ်အမည်ရှိ ချက်ဗလက်ကားကြီးပေါ်သို့ ပြုံးရွှင်စွာ ယှဉ်တွဲ [...]တက်ရောက်သွားကြသည့် ဆရာနှင့် ဆရာမလေးကို မျှော်ကြည့်ငေးငိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ခဲ့သည်။ ဆော ကန်ပက်လက်အပြေးတက်လျှင် ခဏသာကြာသည့် ခရီးကို တစ်နေကုန် ပင်ပန်းကြီးစွာ ပြန်လည်တက်ရောက်ခဲ့ရပါ၏။

× × × × × ×

(၆)

မိုးဦးကျ၍ ကျောင်းများပြန်ဖွင့်ပြီ ဆရာကိုစိုးလင်း ပြန်ရော ခဲ့လာသည်မှာ နှစ်ပတ်မျှကြာခဲ့ပြီ။ ဆရာမလေး မရောက်သေး။လာ လာပါဦးမည်းလား ရင်ထဲပူလောင်ခဲ့ရပြီ၊ ဆရာမလေးနှင့် ပတ်သက် ဆရာစိုးထံ စာစ်စုံတစ်ရာပြောဆိုလိုခြင်း မရှိသော်လည်း ခြေလှမ်းမှ အလိုလိုရောက်ခဲ့ပြီ။

"အတော်ပဲ ကိုနိုင်းရေ ညနေ ခင်ဗျားဆီလာမလို့၊ ဆရာ အေးအောင် ဆောပြန်ရောက်နေပြီ၊ သွားကြိုပေးဖို့စီစဉ်ပေးပါအုံး၊ ဒီတ ပြန်လာရင် သူ့အိမ်ပဲ သုံ့အမြဲနေတော့မယ်ဖြော်တယ်"

" ကျွန်တော်က ပြန်တောင်မလာတော့ဘူး ထင်နေတာ သွားတုန်းကတော့ ရောက်မယ့်ရက် သံကြိုးပို့မယ်ပြောတာပဲ၊ ဘာ မဆက်သွယ်သလဲတော့မသိဘူး။ မနက်ဖြန် စနေနေ့ဝက် ဆင်းတာ ကျွန်တော် သွားကြိုလိုက်ပါ့မယ်"

ကန်ပက်လက်သားတို့၏ တည်းခိုရိပ်သာ ဆောမြို့ ဦးလေးသ အိမ်၌ ဆရာမလေးကို အသင့်တွေ့ရ၏။

"ဘာလို့ သံကြိုးမပို့တာလဲ ဆရာမ၊ ကျွန်တော်ကြိုသ အချိန်မပုပ်ဘူးပေါ့ ဆရာမရယ်"



" ကျွန်မ ကိုနိုင်းကို ဒုက္ခပေးတာများနေပါပြီ၊ ဆောရောက်မှ ဘော့ ကန်ပက်လက်လူကြုံ မပြတ်ရှိတတ်တာပဲဆိုပြီး အကြောင်းမကြား သော့တာ"

"ဆရာမကလည်း ကျောင်းနှစ်လလေးပိတ်တာနဲ့ အတော်စိမ်း ဘားသွားခဲ့ပြီးပဲ"

" မဟုတ်ရပါဘူး ကိုနိုင်းရယ်၊ ကျွန်မတကယ်အားနာလို့ပါရှင်"

မျက်နှာလေးက ရှင်ပျနေသည်။ လာကြိုခြင်းကို ကျေနပ်သည့် အသေချာ၏။ နောက်တစ်နေ့ပင် ဆောမြို့မှ ကန်ပက်လက် ပြန်တက်မည့် လူအုပ်နှင့်အတူ ပြန်ထွက်ခဲ့ကြ၏။ တစုတဝေး ထွက်ခဲ့ကြသော်လည်း အတက်ကြမ်းကြမ်း၌ ခြေလှမ်းမတူကြ။ ကိုယ်အဖွဲ့နှင့်ကိုယ် ဖြစ်သွား ကြ၏။

" ဆရာမရေ ရွှေတောင်ထိပ် ရှုခင်းသာမှာ ခဏနားရအောင် ဘောင်ပေါ်သားတွေ ခြေလှမ်း ကျွန်တော်တို့ မီမှာမဟုတ်ဘူး"

"အေးဟယ် ချွေးထွက်များနေပြီ နားရအောင် ရွှေတောင်ထိပ်က နေယောနယ်ဘက် ပြန်မျှော်ကြည့်ရတာ သိပ်လှတာပဲ"

" ကန်ပက်လက်ကနေ မြန်မာပြည်အောက်ပိုင်းတစ်ခုလုံး မြင်ခြုံကြည့်ရတာမှ အလှဆုံး ဆရာမရဲ့နေမထွက်မီ မနက်စောစောနဲ့ ဘက်တွေမှာ မြန်မာပြည်ကြီး လှမ်းမျှော်ကြည့်ရတာ ဘယ်လောက်လှ သလဲလို့ ဒီလိုမြင်ကွင်းကျယ်မြို့မျိုးက ဒီတစ်မြို့ပဲရှိတယ်"

"ဟုတ်ပါရဲ့ရှင်၊ ကန်ပက်လက် အိမ်ပြတင်းဝကနေ ညညကျရင် ဆာဝတီမြစ်ပြင်ပေါ်က စုန်၊ ဆန်သွားတဲ့ ရေယာဉ်မီးဆလိုက်ရောင်တွေ၊ မြှိန်မြို့ရွာအနှံ့က ရောင်စုံမီးတွေ ကြည့်ရတာသီတင်းကျွတ် မီးထွန်းပွဲ တစ်ခု ကြည့်ရသလို အရမ်းလှတာပဲ၊ ကျွန်မအရမ်းလွမ်းတာပဲ"

"အခု မလွမ်းရတော့ပါဘူး ဆရာမလေး၊ ဆရာစိုးတို့ ကန်ပက်လက် ပြန်ရောက်နေတာကြာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



" ဟင်း . . . ဟင်း . . . ဟင်း . . .

ကျွန်မ ရှမျှော်ခင်းကိုလွမ်းတာ၊ လူကိုလွမ်းတာ မဟုတ်ဘူးရှင်"

" ကျွန်တော်ကတော့ လူကိုအရမ်း လွမ်းတာသိလား။ အဲ့ ဆရာနဲ့ ဆရာမလေးတို့ ဘာလို့အတူမပြန်ကြတာလဲ၊ ဆရာ စောင့်မခေါ်ချင်တာတော့ မဟုတ်လောက်ဘူး"

" ဆရာနဲ့အတူ မပြန်ဖြစ်ကြတာက သူ့အကြောင်းနဲ့သူ ကိုယ့် အကြောင်းနဲ့ကိုယ်ပေါ့ရှင်၊ ရှင်က လူကိုအရမ်းလွမ်းနေရအောင် မပိုလေးရွှေ ဘယ်သွားနေရလို့လဲ"

အဓိပ္ပာယ်ရှိသော လေသံချိုလေးက ရင်ကိုလှိုင်းခတ်သွားစေ ဆရာမလေးနှလုံးသားထဲ၌ ဆရာစိုးရှိမနေဟု နားလည်ရ၏။

" ကျွန်တော်လွမ်းနေတဲ့လူက ဆရာမလေး အေးအေးအောင် ပါတဲ့သိရဲ့လား"

"ဘာဖြစ်လို့ လွမ်းရတာလဲ"

ပြီးစလွယ်ပြန်ပြောရင်း ဆရာမလေး ဆောချောင်းပြင် ငေးကြည့်နေ၏။ ဖြေတတ်သလိုသာ ဖြေလိုက်ရတော့၏။

" လွမ်းလို့လွမ်းတယ်ပဲ ပြောရတော့မှာပဲ ဆရာမလေးရေ တ မပြောတတ်တော့ဘူး"

"မဖြစ်နိုင်တာကို အတင်းဖြစ်စေချင်လို့ မဖြစ်ပါဘူးရှင်၊ ရှင်တို့ နေမှုထုံးဓလေ့တစ်ခု ကျွန်မဆန္ဒတစ်ခုကြောင့် ယိမ်းယိုင်သွားရတယ် အမြင်အထင်ခံရမှာမျိုး ကျွန်မဘယ်တော့မှ အဖြစ်မခံနိုင်ဘူး ပြောခဲ့ပြီးပါပြီ"

"ဆရာမလေးက ကိုယ်ထင်တဲ့ဘက်ကပဲ အတင်းတွန်း နေတာပဲ၊ ညီမလေး ပိုလေးရွှေကိုယ်တိုင် ဆရာမလေးကို လာ ပန်ခဲ့ရင်ကော"

"မထင်ပါဘူးရှင်၊ သူက ရှင့်ကိုသံယောဇဉ်ရှိနေမယ်လို့ ကျွ





ဆတယ်၊ အတူနေလာတာပဲလေ"

ဆရာမလေးအဖြေကို သဘောပေါက်ခဲ့ပြီ။ ညီမလေး ပိုလေးရွှေ သူနှင့်ကိုယ် နှလုံးသားရေးရာ ဆွေးနွေးဖူးသည်မဟုတ်။ ပညာတတ် ၍ အသိခေါက်ခက် မရှိတန်ရာ၊ ဆရာမလေးကို အိမ်ပြန်ပို့ချိန် ချုပ်ခဲ့ပြီ။ နောက်တစ်နေ့ ရုံးစောစောထွက်လာခဲ့၏။ ဆရာမလေးကို ရုံးပေးရန် ညီမလေးကို ပြောကြားဖို့ပင်၊ ရုံးချိန်ရောက်ခဲ့ပြီ။ ရုံးအကူ ထင်က မပိုလေးရွှေ၏ ခွင့်စာနှင့် စာရွက်ခေါက်ကို လာပေးသည်။ ရွက်ခေါက်ကို ဖြန့်လိုက်၏။

ကိုမင်းထင်နိုင်း

ဆရာကိုစိုးလင်းက မနှစ်က ကွမ်စီပွဲပြီးကတည်းက ညီမလေးကို ရေးဆိုနေခဲ့တာ။ သူနဲ့ ဆရာမလေး အခြေအနေကို အကဲခတ်ရင်း ဒီလောက်ကြာသွားတာ။ သူ့အချစ်ကိုလက်ခံရင် ညီမလေးတို့ တောင် မှာ ညီမလေးတို့နဲ့အတူ တစ်သက်လုံးနေသွားမယ်ဆိုလို့ ခံလိုက်ပြီ။ အစ်ကို့ကို ကြိုမပြောနိုင်ခဲ့တာ ခွင့်လွှတ်ပါနော်။ ကိုလည်း ဆရာမလေးကို သံယောဇဉ်ရှိနေတာ ညီမလေး သိပါတယ်။ မလေးလည်း ချင်းတောင်တန်း၏ ရင်ခွင်သီချင်းကို အရမ်းကြိုက် တယ်တဲ့။ ကျွန်မတို့ ခွင့်တစ်ပတ်စီယူပြီး ရွာကမိဘဆွေမျိုးတွေကို ကြောင်းပြောဖို့ သွားကြတယ်။ ဆရာမလေးကို သေချာရှင်းပြပေး နော်။

ညီမလေးပိုလေးရွှေ

စာရွက်ခေါက်ကို တရိုတသေအိတ်ထဲ ထည့်လိုက်၏။ င်ပေါ်မိုးက တစ်နေ့ကုန် ဖွဲဖွဲကျ၍ အေးစက်လှသည်။ ရုံးဆင်းချိန် ာက် မြူမှုန်နှင်းမိုးများကို တိုးဝှေ့ကာ ဆရာမလေး အိမ်ပေါ်ပြေး ခဲ့၏။တောင်ကျလေကြမ်း ဝှေ့ယမ်းသဖြင့် ဆရာမလေး အိမ်ပြတင်း ဆွဲပိတ်နေဆဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မပေါ်လာရင် မိုးစဲသွားတာနဲ့ ကျွန်မလာခဲ့မလို့ပါ။ မပိုလေး ရွှေတို့အိမ် တစ်ခုခုသွားလုပ်စားရ ကောင်းမလားလို့၊ ရာသီဥတုက အရမ်းကိုအေးစက်နေတော့တာပဲ၊ မီးလှုံကြရအောင်နော်၊ မီးထည့်လိုက် အုံးမယ်"

"ဘယ်အရာကမှ ချစ်သူ့ရင်ခွင်လောက် မနွေးနိုင်ပါဘူး အချစ်ရယ်"

ရင်ထဲကလာသည့် စကားနှင့်အတူ စာရွက်ခေါက်ကို လှမ်းပေး လိုက်၏၊ ဖျတ်ခနဲ ဆွဲယူကြည့်ပြီး တည်ငြိမ်သော အပြုံးဖြင့်ဆို၏။

"ဟယ် – အံ့ရော . . . အံ့ရော၊ ဒီလောက်မြန်ကြမယ် မထင်ဘူးနော်၊ ကျွန်မ ဆောကို ပြန်ရောက်တဲ့ညကပဲ ကျင်ခွေးကျောင်း ပြန်တဲ့ ဆရာကိုမင်းဟန်နဲ့ဆုံလို့ ပြောပြတော့ ကျွန်မမယုံချင်ဘူး ခုတော့ အားလုံးအမြင်ရှင်းသွားပြီပေါ့၊ သူတို့ပြန်လာမယ့်ရက် သွားကြိုရ အောင်နော်"

"စောစောကတော့ ပြန်ပြောပြတာ မဟုတ်ဘူး၊ မီးလည်းထည့် မနေပါနဲ့တော့၊ ဘယ်အရာမှ ချစ်သူ့ရင်ခွင်လောက် မနွေးနိုင်ပါဘူး အနွေးဆုံးရင်ခွင်ထဲမှာ နေလိုက်ပါတော့"

"အို ရှင်ကလည်း . . ."

သိုင်းဖက်ထားသော လက်ကို ဆရာမလေးက တင်းကျပ်စွာ လာရောက်ဆုပ်ကိုင်သည်။ အပြင်ဘက်၌ကား တောင်ပေါ်မိုးသည် သည်းကြီးမည်းကြီး ရွာသွန်းဖြိုးလျက်ရှိချေ၏။

ကိုနိုင်း (ချင်းတောင်

(ငွေတာရီ၊ အမှတ် ၅၄၇၊ ဖေဖော်ဝါရီ ၂၀၀၆



www.burmeseclassic.com

## စာလွှာရှင်

ချင်းတောင်တန်း၊ ကန်ပက်လက်မြို့မှ ဆောမြို့အထက်တန်းကျောင်းသို့ ကျောင်းသွားတက်ရသည့် ကာလသည် ခြေကျင်တောင်တက်တောင်ဆင်းလမ်းသာ ရှိသေးသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျွန်တော် ကျရှုံးသည်။ ၁၀ တန်းအောင်လျှင် 'စာရေးဝန်ထမ်းဝင်ရောက်လုပ်ကိုင် ရန်ရှိသော်လည်း ကျရှုံးခဲ့သဖြင့် မိဘများနှင့် ရင်မဆိုင်လို၍ တစ်ခန်းတည်းနေခဲ့သူ ဆောသား ကိုသိုင်းအောင်ထံ ထွက်လာခဲ့သည်။ သိုင်းအောင်က ထိုနှစ် ၁၀ တန်းစာမေးပွဲ အောင်သည်။

" သိုင်းရေ ကန်ပက်လက်မြို့ပိုင်ရုံးမှာ စာရေးခန့်ဖို့ ဆယ်တန်း ၁၀တန်းအောင်မရှိလို့ လူနေတယ်၊ မှာ်သွားလုပ်ပါလားကွာ"

"အေးကွာ၊ ငါ့အမေနဲ့ ညီနဲ့ သုံးယောက်ထဲရှိကြတာ၊ တက္ကသိုလ်ဆက်မတက်နိုင်တဲ့အတူတူ ရရာအလုပ်လုပ်ဖို့' ဆုံးဖြတ်ထားတယ် မင်းငါ့ကို မြို့ပိုင်ကြီးဆီ ခေါ်သွားပေးပါကွာ"



ထိုစဉ်က မြို့ပိုင်ကြီးမှာ ကျွန်တော်နှင့် စကားချင်းတူသည့် ချင်းအမျိုးသားဖြစ်၍ အလွယ်တကူ တွေ့ဆုံပေးလိုက်သည်။ မြို့ပိုင်ကြီးက အားရဝမ်းသာရှိပါသည်။

"အေးကွ၊ မောင်သိုင်းအောင်က ၁၀တန်းအောင်ပြီးသား ဆိုတော့ အလားအလာအများကြီးရှိတာပေါ့ကွာ၊ ကြိုးစားရင်ကြိုးစားသလောက် စာရေးကြီး၊ ရုံးအုပ်ကြီး၊ မြို့ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးအထိ ဖြစ်နိုင်တာပဲ မင်းထင်နိုင်းကကျောင်းပြန်တက်မှာလား"

"မိဘတွေက တောင်ယာခုတ်စား ရတာဆိုတော့ နေ့ကျောင်း ဆက်စောဲ့ပါဘူး။ ညကျောင်းတက်ပြီး ဒီကျောင်းကဆရာကြီးဆီ အသင်ပြီးတော့ ကြိုးစားပြန်ဖြေမယ်လို့ စိတ်ကူးပါတယ် ခင်ဗျ"

" ဒါဆို အတော်ပဲကွာ၊ ငါတို့နယ်ကလဲ မြန်မာစာ ရေးတတ်ဖတ်တတ်တဲ့လူက ရှားပါးနေတော့ ရုံးအလုပ်လုပ်ရတာ သိပ်ခဲယဉ်းတာပဲ ကွာ၊ မင်းဒီလိုလုပ်ပါလား၊ အခုငါ့ပြာတာကြီး (ယခုခေတ်ရုံးအကူ) သက် ၅၅ နှစ်ပြည့်လို့ ပင်စင်တင်ထားတာ လကုန်ရင် စေ့တော့မယ်၊ ပြာတာလုပ်ချင်လို့ လာပြောတဲ့လူကတော့ အများကြီးပဲ၊ ဒါပေမယ့် ငါကတော့ ရုံးအလုပ်လည်း ကူလုပ်ပေးနိုင်လောက်အောင် စာတတ်တဲ့ သူပဲ လိုချင်တယ်၊ မင်းက ၁၀တန်းကျဆိုတော့ စာရေးအလုပ်လည်း ကောင်းကောင်းဝင်ကူလို့ရတယ်၊ ပြာတာလုပ်မလား၊ အလုပ်လုပ်ရင်း စာပြန်ဖြေပေါ့ကွာ"

မြို့ပိုင်ကြီး၏ မမျှော်လင့်သော စကားကြောင့် ထိုစဉ်က အမြင့်ဆုံးဖွင့်သည့် ထီဆုကြီးတစ်သိန်းပေါက်သည်ထက် အဆတစ်သိန်း မျှပင် ဝမ်းမြောက်ရပါသည်။

" ကျွန်တော် အလုပ်ကို ကြိုးကြိုးစားစားလုပ်ပါမယ်၊ မြို့ပိုင်ကြီးခင်ဗျား"

" ကဲ ~ ဒီလိုဆိုရင် မင်းထင်နိုင်းကို ပြာတာခန့်မှာ ငါကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အခုခန့်လိုက်လို့ရတယ်၊ သိုင်းအောင်ကို စာရေးခန့်ဖို့တော့ စာရွက်စာတမ်းတွေနဲ့အထက်ကို ပို့ရအုံးမယ်၊ ဒါပေမဲ့ ခန့်ပြီးသားလို့ မှတ်ကြ၊ အခုဆေးရုံသွားပြီး ကျန်းမာကြောင်း ဆေးထောက်ခံစာ သွားယူကြ ”

သူငယ်ချင်းနှစ်ယောက် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ဆေးစာယူရန် ဆေးရုံသို့အပြေးအလွှား ထွက်လာခဲ့ကြသည်။

ထိုစဉ်က ကန်ပက်လက်ဆေးရုံ ဆရာဝန်ကြီးမှာ မစ္စတာပီဆွာရန်ဆင်းခ်အမည်ရှိ ဝန်ချာပီကြီးဖြစ်သည်။ ထိုစဉ်က ဆရာဝန်ရှားပါး၍ နိုင်ငံတော်က အိန္ဒိယမှ ငှားရမ်းထားရသူဟု ပြောကြသည်။ သူလည်း ခေါင်းပေါင်းနှင့် ချင်းတိုင်းရင်းသားတို့ကလည်း ခေါင်းပေါင်းနှင့်ဝင် ဖြစ်သော်လည်း ပေါင်းပုံချင်းမတူကြပါ။ သူကတစ်ခေါင်းလုံးပတ်၍ ပေါင်းသည်။ မုတ်ဆိတ်မွေး ဖားလျားချကြသည့်ချင်း တူသော်လည်း ကျွန်တော်တို့နယ်၏ မုတ်ဆိတ်အရှည်ဆုံးဟု သတ်မှတ်ခံရသူ အဘိုးဖိုးထင်ထွန်းထက်ပင် သူ့မုတ်ဆိတ်မွေးက ပို၍များပြားရှည်လျားနေသေးတော့သည်။

“ ဆရာမကြီး မုတ်ဆိတ်ကြီး မရှိဘူးလား”

အခန်းထဲဝင်လာသူများကို လှည့်၍သော်မျှမကြည့်၊ ဆေးစားပွဲထဲရှိ ဆေးပုလင်းများကို ကိုင်လိုက်ပြန်ချလိုက်နှင့် အချိန်ကြာမြင့်စွာ လုပ်နေသော သူနာပြု ဆရာမကြီးကို မေးလိုက်သည်။

“ဘာမုတ်ဆိတ်ကြီးလဲ၊ ဘာကိစ္စလဲ ”

ဆရာမကြီး၏ အသံကား ကျယ်လောင်စူးရှလှသည်။ အသံရှုသလောက် အရပ်လည်းရှည်ပါပေသည်။ တိုင်းရင်းသူတော့ မဟုတ်နိုင်သွားကအလွန်ခေါသည်။ နာရိုးအလယ်တွင် ချိုင့်ဝင်နေပြီး နှာခေါင်းပေါက်တစ်ဖက်က ပြားကပ်နေသည်။ အတော်ပင် ကြည့်၍မကောင်းချေ။ ထိုစဉ် ဆရာမလေး ပြန်ဝင်လာသည်။

“ဘာကိစ္စများရှိကြပါသလဲရှင်၊ ထိုင်ကြပါအုံးရှင့် ”





သိုင်းအောင်နှင့် ကျွန်တော် နှစ်ယောက်စလုံး မျက်လုံးများပြူး ကျယ်သွားကြသည်။ ဆရာမလေးကား လုံးဝန်းသွယ်လျ၍ ဖူးနုနေသည့် ဖြစ်ရာတလေးမလေးဟုသာ ထင်ရသည်။ ဖြူနုဖောင်းမို့သော ပါးကလေးနှစ်ဖက်မှာ နီထွေးနေသည်။ မျက်လုံးဝိုင်းကလေးများ အလွန်တရာဝင်းထက်ကာတောက်ပြောင်လျက်ရှိသည်။ စောစောက ဆရာမကြီးနှင့် သားအမိအရွယ်မျှ ရှိလိမ့်မည်။ သို့သော် လက်တွေ့မြင်ကွင်းအရ အရပ်စကားနှင့် ဆိုရသော် တစ္ဆေမနှင့် နတ်မိမယ်တို့ လာရောက်ယှဉ်တွဲနေသလိုပင်။

“ဆရာမလေး၊ ဒီလူနှစ်ယောက်ကို မေးထားလိုက်၊ ဆရာဝန်ကြီး လာခါနီးပြီ ”

ဆရာမကြီးက ဆရာမလေးကိုမှာကြားထွက်ခွာသွားသည်။

“ကျွန်တော်တို့ ကျန်းမာကြောင်းဆေးထောက်ခံစာလိုချင်လို့ပါ ဆရာမလေး”

“ဘယ်ရုံးမှာ လုပ်ကြမှာပါလဲရှင်”

“မြို့ပိုင်ကြီးရုံးမှာပါ”

“ဟယ် ကောင်းလိုက်တာ၊ မြို့ပိုင်ကြီးက ကျွန်မမိဘတွေနဲ့ခင်ဆွေရှင့်၊ ကျွန်မကျောက်ထုကလေ၊ မင်းတပ်မှာကျောင်းသွားနေရတာ ရှာန်းအောင်တော့ မြို့ပိုင်ကြီးက ဝမ်းဆွဲသင်တန်း တက်ဖို့ထည့်ပေးတာ၊ ကျွန်မက ဝမ်းဆွဲဆရာမ မခင်နှင်းဆွေပါ”

ထိုစဉ်က ကျွန်တော်တို့အရပ်တွင် ယခုသားဖွားဆရာမကို ဝမ်းဆွဲဟု ခေါ်ကြပါသည်။

“ကျွန်တော်က သိုင်းအောင်၊ ခေါသားခင်ဗျ”

ခော နှင့် ကျောက်ထုသည် တစ်နယ်တည်းဖြစ်သည်။ သို့သော် ခေါသားနှင့် ကျောက်ထုသားတို့ စကားသံ မတူကြ ရုံးသုံးမြန်မာစကား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပင် ပြောကြရပါသည်။ မိန်းမချောလေးရှေ့တွင် တစ်နယ်တည်းသားဟူသော အမှတ်တစ်မှတ် သွားသည့်အတွက် မခံချင်၊ ကြံဖန် အမှတ်ယူ၍ မိတ်ဆက်လိုက်ပါသည်။

"ကျွန်တော် မှင်းထင်နိုင်းပါ ဆရာမလေး မြို့ပိုင်ကြီးနဲ့ မျိုးနွယ်တူ စကားတူတွေပါ"

"ဟုတ်ကဲ့၊ ဝမ်းသာလိုက်တာရှင် မြို့ပိုင်ကြီးက ကျွန်မ ကျေးဇူးရှင်ရှင့်"

ထိုသို့ စကားပြောနေကြစဉ် ဆရာဝန်ကြီး ပြန်ရောက်လာသည်။ သိုင်းအောင်ကို နားကြပ်ဖြင့် တစ်ချက်နှစ်ချက် ထောက်၍ ပုံစံစာရွက်၌ ရေးခြစ်သည်။ ကျွန်တော့်အလှည့်တွင် ကားနားကြပ်ကို ရင်ဘတ်နားသို့ ထိလုနီးပါးမျှသာ ရွယ်လိုက်ပြီး စာကရေးပြီးနေပြီ။ ဤသို့ဖြင့် လူသားတို့ ဖတ်ရှုရန်ဖြစ်နိုင်ဖွယ်မရှိသော ဆရာဝန်ကြီးပေးသည့် လက်ရေးဆေးစာကို ယူ၍ ပြန်လာခဲ့ကြသည်။

× × × × × ×

(၂)

သိုင်းအောင် နှင့် ကျွန်တော် မြို့ပိုင်ရုံး၌ အလုပ်ဝင်ရောက်လုပ်ကြချိန်တွင် အစိုးရရုံးဟူ၍ များများမရှိပါ။ မြို့ပိုင်ရုံး၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ရဲစခန်းမျှသာ ရှိသည်။ မြို့ပိုင်ရုံးတွင် ဝန်ထမ်း ၅ဦး ရှိသကဲ့သို့ ဆေးရုံတွင်လည်း ဆရာဝန်၊ သူနာပြုဆရာမ၊ ဝမ်းဆွဲဆရာမနှင့် ကွန်ပေါင်ဒါဆိုသူသာရှိသည်။ ရှိသမျှဝန်ထမ်းများ ချစ်ကြည်စည်းလုံးကြသည်။ မြို့ပိုင်ရုံးသို့ အလုပ်ဝင်လိုက်သည်နှင့်





သိုင်းအောင်မှာ အခွန်တော်စာရေးဖြစ်၍ ရုံး၌စွဲမြဲစွာထိုင်ရသည်။ စာပို့ဝန်ထမ်း ရှာထူးမရှိသဖြင့် ပြာတာဖြစ်သူ ကျွန်တော်ကမြို့တွင်းစာဖြန့်ခြင်း၊ နယ်ပို့မည့်စာများလူကြုံရှာပါးခြင်းတို့ကို လုပ်ရ၍ အသွားအလာများသည်။ များသောအားဖြင့် ဆေးရုံဘက်သို့ အရောက်များကာ ဆရာမလေးကို ရှာကြံစကားပြောနေတတ်သည်။ တစ်နေ့တွင် ဆရာမလေး မခင်နှင်းဆွေက သိုင်းအောင်ကိုမှာသည်။

" ကိုနိုင်းရေ ကိုသိုင်းအောင်ကြီးဆောပြန်အုံးမလားမသိဘူး။ ညနေရုံးဆင်းတော့ လှည့်ဝင်ခဲ့ဖို့ ပြောပေးစမ်းပါလို့" ဆရာမလေးက သိုင်းအောင်ကိုသာ ကွက်မှာသဖြင့် အတွင်းစိတ်က မနာလိုတိုရှည်ဖြစ်မိသည်။ သူတို့ရင်းနှီးချစ်ခင်သွားမည်ကို မလိုလားနိုင်။

"တစ်လတစ်ကြိမ်တော့ ပြန်နေကျပဲ၊ သူ့မိဘတွေမိန်းမတောင်းပေးဖို့ ရှိတယ်ဆိုလား ဘာလားပဲ"

လတ်တလော တီထွင်ပြောလိုက်ခြင်းသာဖြစ်သည်။ အမှန်က မိခင်နှင့်ညီကို ပြန်ကြည့်ရခြင်းဖြစ်သည်။ ရုံးပြန်ရောက်သည်နှင့် သိုင်းအောင်ကို ပြောပြလိုက်သည်။

"မခင်နှင်းဆွေကညနေဆက်ဆက်လာခဲ့ပါတဲ့ သိုင်းအောင်မင်းကိုမှာလိုက်တာ"

"သွားကြတာပေါ့ကွာ"

"မင်းပဲသွားလိုက်ပါ။ မင်းကိုပဲမှာလိုက်တာ၊ ငါမပါဘူးဟာ"

အသိမပေးဘဲ ထွက်သွားမည်ကို စိုးရိမ်သဖြင့် မာယာဖြင့် ပြောခြင်းသာဖြစ်သည်။

"မဟုတ်ဘူးလေ၊ မိန်းကလေး တစ်ယောက်တည်းနေတဲ့ အိမ်ကို ညဘက် ယောကျ်ားလေး တစ်ယောက်တည်းသွားလို့ မသင့်ဘူးလေ၊ လိုက်ခဲ့ကွာ"

"လိုက်ဆိုလည်း လိုက်ရတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ညနေရုံးဆင်းသည်နှင့် ရေမိုးချိုးပြီး ထွက်လာခဲ့ကြသည်။ အိမ်ကလေးက တံခါးဖွင့်ထားသည်။ လူရိပ်မမြင်ရ၊ အိမ်ထဲသို့ ခြေ ဖော့၍ အသာဝင်သွားကြသည်။ စားပွဲငယ်လေးပေါ်တွင် လက်ဖက်သုပ်နှင့် ထန်းလျက်ခဲဘူးတင်ထားသည်။ အနီးရှိခုံတွင် ဝင်ထိုင်လိုက်ပြီးမှ အော် ပြောလိုက်သည်။

"ဆရာမ မှာထားတဲ့လူ ရောက်ပြီဗျို့"

" ဟုတ်ကဲ့ရှင့် အသံလေးဘာလေးပေးပြီး ဝင်လာကြရောပေါ့ လက်ဖက်သုပ်စားကြအုံး"

ခန်းဆီးစကိုဖယ်၍ ဆရာမလေးထွက်လာသည်။ ယခင်က လုံချည်နီနီ အင်္ကျီဖြူဖြူ၊ ခေါင်းဆောင်းဖြူဖြူနှင့် ကျက်သရေရှိလှသည်ဟု ထင်ခဲ့သည်။ ယခု ပွင့်ရိုက်လုံချည်၊ ရင်စေ့အင်္ကျီတိုလေးနှင့် မြင်လိုက် ရသောအခါ ယခင်အမှတ် ၁၀၀ ပေးထားသောလှပယဉ်ချောခြင်းသည် အမှတ် ၃၀၀ သို့ ခုန်တက်သွားရလေတော့သည်။

"ဒီတစ်ပတ် ကိုသိုင်းအောင်ကြီး ဆောပြန်အုံးမလားလို့ ကျောက်ထုကို ပါးဖို့ ဦးလေးသိန်းတို့ဆီ စာပေးခိုင်းလိုက်ချင်လို့"

အထူးတလည်ပြန်ဖို့တော့ မရှိသေးပါဘူး သိပ်အရေးကြီးနေရင် ရုံးပိတ်ရက် ကျွန်တော်သွားပို့ပေးမယ်လေ "

ဤကား သိုင်းအောင်တစ်ယောက် သက်သက်မဲ့ အမှတ်ရ လိုခြင်းသာဖြစ်သည်ဟု ယူဆကာ စိတ်ထဲ၌ ကျိတ်၍ ကျိန်ဆဲလိုက် ရသည်။

"ဒီလောက်လည်း အရေးမကြီးပါဘူးရှင့်၊ ကြုံမှပါ။ အဲ့ ကိုသိုင်းအောင်ကြီးက မိန်းမတောင်းဖို့ကိစ္စ ခဏခဏပြန်ရတယ်ဆို"

ဤတွင် သိုင်းအောင် တအံ့တသြဖြစ်သွားသည်။

"ဟာ မဟုတ်တာဘဲ မခင်နှင်းဆွေရယ်၊ ကျွန်တော်တို့က အမေနဲ့ ညီငယ်နဲ့ သုံးယောက်တည်း ရှိကြတာပါ။ ဘယ်သူမှ သွားတောင်





ချိုသည်း မရှိပါဘူး။ မခင်နှင်းဆွေကို ဘယ်သူပြောတာလဲဟင်"

"ရှင့်သူငယ်ချင်း ကိုနိုင်းပြောတာလေ၊ ဟုတ်ဟုတ် မဟုတ် ဟုတ်ပါရှင် ရှင်ဆင်းဖြစ်ရင် စာပါးလိုက်ချင်လို့ အားလုံးရေး ထားပြီး အဆင်သင့်ပါပဲ"

သိုင်းအောင် မကျေမချမ်း ဖြစ်နေစဉ် ရုတ်တရက် အသံမထွက် နိုင်အောင်ကြိုးတင် စကားထွက်လိုက်ရသည်။

"သေိုင်းရယ် မင်းလစဉ်ပြန်နေကျပဲ မခင်နှင်းဆွေ စာယူ သွားပေးရင်း ပြန်လိုက်ပေါ့။ အခုရုံးပိတ်ရက်က စနေ၊ တနင်္ဂနွေ၊ လပြည့်နဲ့ သုံးရက်ဆက်ပဲ၊ အချိန်ရတာပေါ့"

ဤသို့ တိုက်တွန်းရခြင်းမှာလည်း ရည်ရွယ်ချက်နှင့်ဖြစ်သည်။ ရုံးပိတ်ရက်များတွင် မခင်နှင်းဆွေသည် မြို့ပိုင်မင်းအိမ်၌ ဗာဟီရကိစ္စများ သာရောက် လုပ်ကိုင်ပေးမြဲဖြစ်သည်။

ကျွန်တော်လည်း မြို့ပိုင်ကြီးအိမ်သို့ အိမ်မှုကိစ္စ၊ ခြံကိစ္စကူညီ သူလုပ်ကိုင်သလိုနှင့် ရောက်မည်။ ဤသို့ မကြာခဏတွေ့ဆုံနီးစပ် ခြင်းသည်သာ ရေ့ခရီးလမ်းအတွက် ပွင့်လန်းစေနိုင်မည် မဟုတ်ပါလား။

"အေးဟ ဟုတ်သား သုံးရက်ပိတ်တာပဲ၊ စနေနေ့ကျတော့ မြို့ပိုင်ကြီးပြောသွားလိုက်မယ်၊ အိမ်ခြံစည်းရိုးပြန်ပြင်ဖို့ရှိတယ်၊ ခင်နှင်းဆွေရဲ့စာပေးထား"

လက်ဖက်ကို အကုန်စား ရေနွေးကြမ်း အကုန်သောက်ပြီး၍ ခင်နှင်းဆွေ၏ စာအိတ်ကို သိုင်းအောင်က ထည့်ယူလာပြီး ပြန်ထွက် လာကြသည်။ လေးငါးလှမ်း လှမ်းလိုက်သည်နှင့်ပင် သိုင်းအောင်က ဟန့်မဲလေတော့သည်။

"ဟေ့ကောင်ငနိုင်း၊ မင်းငါ့ကို မိန်းမတောင်းဖို့ ရှိသလေဘာ လေးနဲ့ မဟုတ်မဟာတ်တွေ မခင်နှင်းဆွေကို ဘာလို့ပြောရတာလဲ"

ကျွန်တော် မခင်နှင်းဆွေကို ချစ်နေသကဲ့သို့ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေရှာသည့်သာ ဖြစ်သည်။ ထိုသို့သာမက တစ်မြို့လုံးရှိ လူပျိုကာလသားအားလုံး အရာရှိကြီးငယ်များပါမကျန် မခင်နှင်းခွေကို နှုတ်ကနေ တဖွဖွဖြစ်နေတတ်ကြသည်ကို ကျွန်တော်သိပြီးဖြစ်သည်။ သို့နှင့် ဉာဏ်ကို လွှာ၍ ဖြေလိုက်ရသည်။

" ဒါက ဒီလိုရှိတယ်သေိုင်း၊ မင်းကိုပဲ ခင်နှင်းခွေက တဖွဖွ နေတော့ မင်းအပေါ်မှာ တိမ်းညွတ်စိတ်ကလေးရှိနေတယ်လို့ ယူဆရတယ် အဲဒါ စိတ်ပညာနည်းအရ သူ့ရဲ့ စိတ်ခံစားချက်ကို ငါပုံဖော်ကြည့်လိုက် တာပဲ၊ မင်းက မိန်းမတောင်းဖို့ ရှိသလိုလို ဘာလိုလို ငါပြောလိုက်တော့ သူမျက်နှာညှိုးကျသွားတာပဲ မင်းတို့ တစ်နယ်သားချင်းတွေပဲကွာ သဘော ပေါက်လိုက်ပေါ့"

ကျွန်တော်၏ စိတ်ကူးပုံဖော်အဆိုကို သိုင်းအောင်က ယုံကြည် သွားဟန်ရှိသည်။ အတန်ကြာအောင် စဉ်းစားပြီးမှ ပြန်ပြောသည်။

"အေးကွ၊ မင်းက ဒီလိုပြောလိုက်တော့ မျက်နှာညှိုးသွားတယ် ဟုတ်လား"

" ညှိုရုံတင် ဘယ်ကမလဲမောင် မျက်နှာပါပျက်သွားတာ"

"စဉ်းစားစရာပဲ ငါကသူ့ကို စမပြောရဲဘူးဟ ထင်သလို မဟုတ်ခဲ့ရင်သူက မြို့ပိုင်ကြီးနဲ့ရင်းနှီးနေတာ၊ တိုင်လားတောလား လုပ်မှအခက်"

"မင်းကလည်းကွာ လိုက်မပြောရဲရင် စာပေးပေါ့ကွ၊ ငါနေ့တိုင်း စာပို့နေရတာပဲ "

" ဟုတ်သားကွ၊ ညကျရင် ငါအကြံကုန်ဉာဏ်ကုန်ထုတ် ရေးလိုက်အုံးမယ်"

အကယ်၍ စာပေးခဲ့သော် အခြေအနေကို ကြည့်၍ပေးပေးရန် ကြံရွယ်ပြီးဖြစ်သည်။ ခုမှာ အဆန်းလူမှာအကြံနှင့်ပေတကား။





(၃)

နောက်တစ်နေ့ ရုံးချိန်၌ ပြန်ဆုံတော့ သိုင်းအောင်ကို တိုးတိုး မေးလိုက်သည်။

" ဟေ့ - - သေိုင်း စာရေးပြီးပြီလားကွ"

" တစ်ညလုံး ရေးလိုက်ဖျက်လိုက်နဲ့ အဆုံးမသတ်နိုင်ပါဘူးကွာ၊ အဆုံးမပြောနဲ့ ဘယ်လိုစရမှန်းတောင် မသိပါဘူးကွာ"

" ဟေ့လူ မင်းဘာမှ ရှုပ်ရှုပ်ဝေးဝေး ရေးမနေနဲ့၊ မေတ္တာ ဆောင်ထုကို စကြဝဠာတို့၊ မြင့်မိုရ်တောင်တို့၊ သမုဒ္ဒရာကြီး၊ ကောင်းကင် ကြီးဆိုတာတွေက မင်းဘိုးအေတွေ မမွေးခင်ကတည်းက သူများတွေရေးခဲ့ ပြောခဲ့ကြလို့ ရိုးသွားပြီး အရိုးဆုံးက အကောင်းဆုံးကွ၊ မင်းကို ငါအမှန်အကန် ချစ်တယ်၊ မှန်သောစကားဖြစ်၍ ပြန်လည် စဉ်းစားပေးပါ ပါပဲတော်ပြီပေါ့"

" အေးပါကွာ၊ မင်းပြောသလိုက ပိုရှင်းပါတယ်"

ဤသို့ ပြောဆိုကြပြီး သိုင်းအောင်က စာမျက်နှာတစ်ဝက်ခန့် သာရေးသည်။ ကျွန်တော်ဖတ်ကြည့်သော် အလွန်ရိုးရှင်းသော မေတ္တာစာ ဖြစ်၍ နှစ်လိုဖွယ်ရှိလှသည်။ ကျွန်တော်ဆိုလျှင်ကား ဤသို့ရေးတတ် နိုင်လိမ့်မည်မဟုတ်ချေ။

" ဒါဟာ အရိုးရှင်းဆုံးနဲ့ အကောင်းမွန်ဆုံး ရည်းစားစာပဲ သိုင်းအောင်၊ နာမည်ရေးလက်မှတ်ထိုး စာအိတ်ပိတ်ကွာ"

" ဟာ နာမည်ရေးလို့တော့ ဘယ်ဖြစ်မလဲ၊ ဟိုလူပြ ဒီလူပြနဲ့ ရှက်စရာကြီးဖြစ်အုံးမယ်၊ သိုင်းအောင်ပေးလိုက်တယ်ဆိုတာ မင်းပြောလိုက် ပေါ့"

www.burmeseclassic.com



" ကောင်းပါ့ဗျာ"

ထိုစဉ်က ရုံးများတွင် အတွေတွေ အရပ်ရပ် (၅)ဟု ပုံနှိပ်ထား သော စာအိတ်ပြားကလေးများရှိသည်။ သိုင်းအောင်က သေချာ ထည့်ပြီးစာအိတ်ကို ကော်ကပ်ပိတ်ပေးလိုက်သည်။ လိပ်စာရှင်နေရာတွ "မခင်နှင်းဆွေ"ဟူ၍သာ ရေးထားသည်။ ဆေးရုံသို့ ရောက်သော စာအိတ်ကို သေချာစွာစစ်ဆေးသည်။ ပေးပို့သူလိပ်စာနေရာဖြစ်သည့် စာအိတ်လက်ဝဲဘက်အောက်ထောင့် နေရာ၌ 'မင်းထင်နိုင်း'ဟ ရေးဖြည့်ကာ အခြားရုံးစာများနှင့်ရောနှော၍ မခင်နှင်းဆွေလက်ထဲ ပို့အပ်ခဲ့လေသည်။ ထိုနောက် ရက်သတ္တပတ် တစ်ပတ်လုံးလုံး ထိုအရပ် ခြေဦးမလှည့်ခဲ့ကြချေ။ သို့နှင့် အခြေအနေသိနိုင်အောင် သိုင်းအောင် တစ်နေ့တွင် တိုက်တွန်းလိုက်သည်။

"ဟေ့ သေိုင်း ညနေ ၂ နာရီဆိုရင် ဆေးရုံကဆရာမလေး နားပြီ၊ အခြေအနေ သွားအကဲခတ်ရအောင်၊ တကယ်လို့ မင်းပေး စာနဲ့ ပတ်သက်လို့ လက်မခံချင်သေးရင် မျက်နှာတင်းနေမှာပဲ၊ ဒီတော့ သွေသဘောကို သိနိုင်တာပေါ့"

"ဟုတ်တာပေါ့ကွာ၊ သူ့ဘက်က မျက်နှာတင်းနေရင် ကိုယ့်ဘက် က ဆက်ကြိုးစားရမှာပေါ့ဗျာ"

အကြောင်းကိစ္စတစ်ခုဖြင့် လာခဲ့ကြသလို ဟန်လုပ်၍ စာရွက် ခေါက်များကို ကိုင်ကာ ဆေးရုံထဲသို့ ဝင်သွားကြသည်။ လူနာခန်းများသို့ ဟိုဝင်သည်ထွက်နှင့် လူနာကြည့်သလို လုပ်ကာ ဆေးရုံရှေ့ ပန်းခင်းဘက် သို့ ဖြတ်ထွက် လာကြသည်။ ဆရာမလေးနှင့် မိန်းကလေး ဝန်ထမ်းတစ်ဦးတို့ မုန်းပင်ရင်းကို ပေါင်းသင် မြေရှင်းနေကြသည် ရှေ့တည့်တည့်တွင် ဘွားခနဲ တွေ့လိုက်ကြသည်နှင့် ဆရာမလေးက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။ သိုင်းအောင် မြင်လိုက်သည်နှင့် ပြေးထွက်သွားပြီး ဝမ်းသာအားရ နှုတ်ဆက်လေ





သော့သည်။

" ဟယ် ကိုသိုင်းအောင်ကြီးတို့ခုမှ ပေါ်တော်မူကြီးတွေ၊ ရှင်တို့ အားရုံရပ်ကွက်လှည့်မလာကြတာ ကြာလှပေါ့"

သိုင်းအောင်က ဝင်းထိန်ပြောင်လက်သော မျက်နှာနှင့် ပြန်နှုတ် ဆက်သည်။

" အခု အခွန်တော်စာရင်းတွေ ပိတ်နေရလို့ မခင်နှင်းဆွေရေ ကိုမင်းထင်နိုင်းနဲ့ လိုတာမှာလိုက်ပေါ့၊သူက မကြာမကြာရောက်မှာပါ"

မခင်နှင်းဆွေက တစ်ချက်ကလေးမျှပင် လှည့်မကြည့်ဘဲ ခပ်ပြောသည်။

" သူမှ ပေါ်မလာဘဲ"

" ကျွန်တော် မကြာမကြာ ရောက်ပါတယ် မခင်နှင်းဆွေ၊ စာပေးဖို့မရှိလို့ ရုံးခန်းဘက် ဝင်မလာတာနဲ့ မခင်နှင်းဆွေ မမြင်တာနေ မှာပါ"

" စာပေးဖို့ရှိမှ လာမှာပေါ့"

ဆရာမလေး နှုတ်ခမ်းကိုစေ့၍ မျက်နှာတည်ထားသည်။

" ဟိုရုံးစာပြောတာပါ။ အဲ ဟိုဒီလိုတော့ မဟုတ်ပါဘူး "

ထိုသို့ ယောင်နန ပြန်ပြောနေစဉ် သူတို့ကလည်း အလုပ်သိမ်း၍ ရုံးပေါ်ပြန်တက်သွားကြသည်။ အပြန်လမ်းတွင် သိုင်းအောင်ကို ထပ်မံတိုက်တွန်းလိုက်သည်။

" ဟေ့ သေိုင်း အခြေအနေကတော့ ကောင်းမှကောင်း၊ မြင်တဲ့ အတိုင်းပဲ၊ တကယ်လို့ မင်းစာကိုလက်မခံဘူးဆိုရင် ပါးတောင် ရိုက်လွှတ်လိုက်အုံးမယ်၊ အခုဟာက လူရှေ့မို့လို့သာ ပါးမနမ်းလိုက်ရ သေးစမည်ပဲ၊ မြန်မြန်အဖြေရချင်ရင် မြန်မြန်ထပ်ပေးကွာ"

ဤသို့ဖြင့် ရက်များမကြာမီသိုင်းအောင်က ထပ်မံရေးသည်။ ယခင်အတိုင်းကဲ့သို့ပင် စာအိတ်ပိတ်၍ လိပ်စာရှင် နာမည်ကိုသာ ရေးပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ စာအိတ်ပေါ်ရှိ ပို့သူလိပ်စာနေရာတွင် မင်းထင်နိုင်း ဖ
ဖြည့်စွက်ကာ မခင်နှင်းဆွေ လက်ထဲအရောက် ထပ်မံပေးပို့ခဲ့ လေသည်။

× × × × × ×

(၄)

သိုင်းအောင်၏ လက်ရေးနှင့် မင်းထင်နိုင်း၏ လိပ်စာဖြင့် ဆရာမလေး မခင်နှင်းဆွေလည်း စာနှစ်စောင် ဖတ်ရှုပြီးခဲ့ပြီ။ အချိန်ကာလ အားဖြင့်လည်း နှစ်တစ်ဝက်ပင်ရှိခဲ့ပြီ။ တစ်စုံတစ်ရာ ထူးခြားမှုတော့ ဖြစ်မလာခဲ့ပါ။ လက်ချိုးရေတွက်၍ရသော ဝန်ထမ်းဦးရေ သာရှိသည့် ဤမြို့ကလေးတွင် ခင့်မင်ရင်းနှီးမပျက်၊ သွားလာစားသောက် မပျက် ရှိနေကြသာဖြစ်ပါသည်။ မခင်နှင်းဆွေ အနေဖြင့် သိုင်းအောင် လက်ရေးဖြစ်၍ တပ်အပ်သိလေမလား၊ မင်းထင်နိုင်း လိပ်စာဖြစ်နေ၍ ဝေဝါးနေမလား၊ ထိုတစ်ခုသာ စဉ်းစားစရာရှိသည်။ သေချာအောင် စူးစမ်းရတော့မည်ဟု ပိုင်းဖြတ်လိုက်သည်။ ယခုအပတ် မြို့ပိုင်ကြီးအိမ်တွင် ဇာပဲရိရလုပ်ရန် ဆုံကြပြန်သည်။ အလုပ်ကနည်းနည်း၊ အပျော်အပါး ချက်ပြုတ်စားသောက်ကြသည်က များပါသည်။ သိုင်းအောင်တစ်ယောက် သာမိခင်နှင့် ညီထံ ပြန်လည်ကြည့်ရှုရသည်ဖြစ်၍ အရောက်အပေါက် နည်းရသည်။ အိမ်ပေါ်ရောက်သွားချိန်တွင် မြို့ပိုင်ကြီးတစ်ဦးတည်းသာ ရှိနေသည်။

" မင်းထင်နိုင်းနဲ့ ခင်နှင်းဆွေတို့ရေ၊ ဒီနေ့ မင်းတို့အဒေါ်က သူ့အမျိုးအိမ်အလှူမှာ တစ်နေကုန်နေရမှာကွဲ့၊"မင်းထင်နိုင်းက မြေဘောင်ဟောင်းတွေ ပြန်ပြင်ပြီး ဒီတောင်းထဲက သစ္စာပန်းဥတွေသာ



မြုပ်နှင့်ကြ၊ ပြီးရင် မီးဖိုချောင်ထဲ ဝင်ကြည့် စားသွားကြ"

မြို့ပိုင်ကြီးမှာကြားထွက်သွားသည်။ ကျွန်တော် မြေဘောင်ပြု ပြင်နေစဉ် ခင်နှင်းဆွေက မီးဖိုချောင်ဝင်နေသည် မြေပြုပြင်ပြီးသည်နှင့် သုံးအော်လိုက်သည်။

" ဆရာမလေးရေ၊ သစ္စာပန်းဥတွေထည့်တဲ့ တောင်းကြီး ခဲ့တော့ဟေ့၊ မြေဘောင်ပြင်လို့ ပြီးနေပြီ"

မြေဘောင်၏ တစ်ဖက်စီမှ မျက်နှာချင်းဆိုင်ထိုင်၍ ပန်းဥများကို စိုက်ကြသည်။ မျက်နှာချင်းဆိုင်အနီးကပ်ဖြစ်၍ လှပသော မျက်နှာလေးကို ငေးစိုက်စိုက် ကြည့်မိသည်။ သူလေးကတော့ မြေကြီးကိုသာ ခေါင်းငုံ့ ကြည့်နေသည်။ ကြာတော့ မနေတတ်ဟန်ရှိသည်။ စကားရှာကြ၍ ပြောတော့သည်။

" ကိုနိုင် ၁၀ တန်းပြန်ဖြေဖို့နီးနေပြီနော်၊ စာတွေအကုန်ကျက် ပြီးပြီလား"

စကားမစတတ်သူ ကျွန်တော့်အတွက် အကွက်ဝင်သွားလေပြီ၊

" ကျွန်တော် မခင်နှင်းဆွေဆီကိုပဲ စိတ်ရောက်ရောက်နေလို့ စာမကျက်နိုင်ပါဘူးဗျာ"

" ရှင်တကယ်လား၊ ရှင်ကျွန်မကို ပေးတဲ့စာက ရှင်ကိုယ်တိုင် ရေးတာလား၊ ကိုသိုင်းအောင်ကို ရေးခိုင်းတာလား"

" ဒီလိုပဲ အကူအညီတောင်း ရေးခိုင်းရတာပေါ့ဗျာ၊ ကျွန်တော် အဖြေမရမချင်း စာဆက်ပေးနေရမှာပဲ "

" ဟော့တော် ၊ ရှင့်မှာ ပါးစပ်မပါဘူးလား၊ စကားမပြော တတ်ဘူးလား"

သူ့စကားကြောင့် ဉာဏ်အလင်းရောင်တို့ လင်းလက်သွားကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မခင်နှင်းဆွေကို ဘယ်လောက်ချစ်တယ်ဆိုတာ ချစ်တဲ့အကြောင်းတွေ ပြောမလို့ပါပဲဗျာ၊ နှုတ်ထွက်စကားဟာ လေနဲ့ပြေးပြီးလေထဲပျောက်သွားတဲ့သဘော၊ စာနဲ့ရေးပြောတော့ အခိုင်အမာမှတ်တမ်းကျန်ခဲ့တာပေါ့ မခင်နှင်းဆွေရယ်၊ လေသက်သက်မဟုတ်ဘူးဆိုတဲ့ သက်သေအနေနဲ့ပါ"

သူကလေးက အတန်ကြာအောင် စဉ်းစားသည်။ ဟုတ်လေရာ၏ဟု လက်ခံပုံရသည်။ စကားပြောရင်း ပန်းညှပ်များကို စိုက်ပျိုးသွားကြသည်ဖြစ်ရာ ရင်ခုန်မြန်နှုန်းနှင့်အတူ လက်ကပါ လိုက်မြန်နေသဖြင့် ခဏချင်းစိုက်၍ ပြီးသွားသည်။

"ကဲ လာ လာ ရေတိုင်ကီမှာ လက်ဆေးရအောင်"

သူကလေးက ဇရေဖလားဖြင့် လောင်းချပေးသည်။ ကျွန်တော့်အလှည့်တွင်မူ လက်တစ်ဖက်ဖြင့် ရေလောင်းချပြီး လက်တစ်ဖက်ဖြင့် သူ၏ လက်ချောင်း သွယ်ကလေးများတွင် ကပ်နေသော ရွှံ့မြေများကို ဆုပ်ကိုင်ဖယ်ရှား ပွတ်တိုက်ဆေးကြော ပေးလိုက်သည်။ ထိုသောအခါ လည်တိုင်ကလေးကို ငုံ့၍ ချိုအေးစွာပြုံးပြရှာသည်။ အိမ်ပေါ်ပြန်ရောက်သည်နှင့် မီးဖိုချောင်ထဲ တန်းဝင်ခဲ့ကြသည်။

"ရှင် ထမင်းစားတော့မလား၊ စောသေးတော့ ကော်ဖီပဲ သောက်မလား"

"အနှင်းလေးနားမှာ နေရရင် ဘာမှစားသောက်ဖို့ မလိုတော့ပါဘူး။ ကြည်နူးချမ်းမြေ့မှုတွေနဲ့ ဝနေပါပြီဆိုတာ ယုံလိုက်နော်အနှင်း"

"ဟင်း ဟင်း မဆာသေးလို့ပေါ့ရှင် ကော်ဖီပဲ ဖျော်လိုက်ပါ့မယ်"

သူကလေးကော်ဖီခွက် လာကမ်းတော့ နွဲ့လိုက်ရသေးသည်။

"ကိုကိုရေသောက်လို့ပြောမှ သောက်မယ်၊ မဟုတ်ရင် အပြင်ကို သွန်ပစ်လိုက်မယ်"



"သောက်စရာ အရင်သောက်ပါဟယ်၊ နောင်တော့ ပြောမှာပေါ့"

ကြည်နူးကျေနပ်လက်ခံလိုက်ရသည်။ စိတ်ထဲက အကြံကိုလည်း မချင့်မချိန်ပြောပြလိုက်သည်။

"အခု စာမေးပွဲရက်နီးနေပြီ၊ စာမေးပွဲဖြေပြီးရင် လက်ထပ်ကြရအောင်နော်"

"ဟာ ဘယ်နှယ့်ဟာလဲ စာမေးပွဲအောင်ပြီးရင်လို့ ပြောပါကိုရဲ့"

အခေါ်အဝေါ်လေးများပင် ပြောင်းလဲသွားပြီဖြစ်ခြင်း၊ စာမေးပွဲအတွက်လည်း ကောင်းစွာပြင်ဆင်ထားပြီးဖြစ်၍ အားပါးတရပင် ပြောပြလိုက်ပါသည်။

"ဟုတ်သားပဲ၊ စာမေးပွဲအောင်ပြီးရင် ရာထူးလည်းတက်မှာပဲ အဲဒီတော့ လက်ထပ်ကြမယ်နော် အချစ်"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ အဲဒီလို မလုပ်ကောင်းဘူးနော် သိလား"

"စာမေးပွဲအောင်ပြီးရင် မြို့ပိုင်ကြီးကို ဖေဖေနဲ့မေမေတို့ဆီ သွားပြောဖို့ ပြော"

"အေး မှာတ်သားပဲဟ" ပြောပြောဆိုဆို ဖြူဖြူသွယ်သွယ် ခါးကျဉ်ကျဉ်ကလေးကို တင်းကျပ်စွာ သိုင်းဖက်ထားမိလေတော့သည်။

ကန့်ပက်လက်မှ မင်းတပ် စာစစ်ဌာနသို့ စာမေးပွဲသွားရောက်ဖြေဆိုရသည်။ အပြန်တွင် အနှင်းက ဆောမြို့အထိ ပြန်လာကြိုသည်။

"ကိုရေ ကိုစာမေးပွဲသွားဖြေနေတုန်းလေ၊ ကို့သူငယ်ချင်း သိုင်းအောင်က ပြဿနာလာရှာလို့ ရန်ဖြစ်လိုက်ရတာ"

"ဘယ်လိုဖြစ်ကြတာလဲ"

"သူက ကိုမင်းထင်နိုင်းနဲ့ အနှင်းကို စာပေးနိုင်းတာ နှစ်ခါ

www.burmeseclassic.com



သုံးခါရှိပြီ၊ အဖြေပေးပါတော့တဲ့၊ ကိုမင်းထင်နိုင်းက အနွင်းကို မပေးဘူးလားဘာညာမေးတယ်ပေါ့ဟာ''

'' ဘယ်လိုပြန်ပြောလိုက်သလဲ''

''ကိုမင်းထင်နိုင်းက စာပေးတယ်လေလို့၊ သူပေးတဲ့စာမှာ ရှင့်ကိုစွတစ်စက်မှမပါဘူး။ ကျွန်မကိုချစ်တဲ့အကြောင်း ရိုးရိုးသားသား ရေးထားတာလို့၊သူများချစ်သူတွေကြားမှာ ဘာမှ မနာလိုတိုရှည် ဖြစ်မနေနဲ့ ပြောလွှတ်လိုက်တာပဲ၊ အဲဒါတောင် သူကအဲဒီစာဟာ သူကကျွန်မကို ပေးတဲ့စာပါတဲ့၊ ရန်ဖြစ်လိုက်ရတာ ကိုရယ်''

နိုင်မာသော ချစ်ခြင်းကို တည်ဆောက်ခဲ့ပြီဖြစ်၍ အမှန်အတိုင်း ပြောပြလိုက်ပါသည်။

'' အဲဒီစာဟာ သူရေးတာလည်း အမှန်ပါပဲ၊ ကျွန်တော် ပေးတာလည်းအမှန်ပါပဲ''

''အေးပါ ကိုရယ်၊ ဘယ်သူပဲရေးရေး၊ ရေးတဲ့အတိုင်း ကတိမြဲ ရမယ်နော် ဒါပဲ''

နောက်ဆုံးစာကို မဖတ်လိုက်ရသည့်အတွက် မည်သည့် ကတိ တွေပေးထားသည်မသိနိုင်၊ အလိမ္မာနည်းနှင့် မေးရပေတော့သည်။

'' အဲဒီ ကတိတွေထဲက အဓိက အကျဆုံးကို ပြန်ပြောစမ်းပါဦး အမြဲမှတ်မိနေအောင်လို့''

'' တခြားမိန်းကလေးများ လှည့်မကြည့်ပါ။ အရက်မသောက်ပါ၊ ဖဲမရိုက်ပါ၊ တစ်သက်လုံး ယုယကြင်နာမယ် ဆိုတာတွေလေ မှတ်မိပြီ လား''

''အသက်တစ်ခါရှူလိုက်တိုင်း ကတိတစ်ခါထပ်ပေးပါတယ် လို့နော်အနွင်း''

ဆောမှ ကန်ပက်လက်သို့ ခြေကျင်တောင်တက် ပြန်ထွက်လာ ခဲ့ကြသည်။ ယခင်က မတ်စောက်လှသော တောင်တက်လမ်းများသည်



ချစ်သူနှစ်ဦး၏ ခြေဖဝါးအောက်တွင် နိမ့်ဝင်သွားကြရသည်သာ ဖြစ်သည်။ တစ်ယောက်လက်တစ်ယောက်တွဲ၍ တက်လာကြသည်မှာ ကန်ပက်လက် မြို့သို့ အချိန်တိုအတွင်းပြန်လည် ရောက်ရှိလာကြသည်။ ဆရာမ လေးအနွင်းနှင့် လက်ချင်းချိတ်၍ မြို့ပိုင်ရုံးထဲ ပြန်ဝင်လာကြချိန်တွင် အရေးကိုသိုင်းအောင်မှာ နောက်ဖေးတံခါးမှ လှစ်ခနဲပြေးဆင်းသွားတော့ သည်။

အနွင်းကလေးကို အိပ်ပြန်ပို့ပြီး နေအိမ်ပြန်ရောက်ချိန်တွင် ညှို့အတော်နက်နေပါပြီ၊ ညည့်ခန်းထိုင်ခုံရှည်၌ စိတ်လက်ရွှင်ပျ နားနေရ၍ မကြာသေး။

ကိုသိုင်းအောင်ကား၊ အလွန်ပင်မူးယစ်ရီဝေစွာဖြင့် နံ့က အဖော် နှစ်ယောက်တွဲလျက်ဝင်လာသည်။

'' ဟေ့လူ မင်းထင်နိုင်း လူလည်ကောင်၊ လူလည်ကောင် မင်းထင်နိုင်း၊ မင်းငါ့ကို သက်သက်လူလည်ကျတာပဲ''

''ဘာလူလည်ကောင်လဲ သူငယ်ချင်းရာ အေးအေးဆေးဆေး ထိုင်စမ်းပါအုံး''

'' မင်းဟာ လူလည်ကျတဲ့ အချစ်တလှာရှင်ကြီးပေါ့လေ''

သိုင်းအောင်က လက်ညှိုး ငေါက်ငေါက်ထိုးကာ အော်ဟစ် ပြောဆိုပြီး ပြန်ထွက်သွားသည်။ ထိုနေ့ ထိုအချိန်မှစ၍ အတွင်းသိများက တလှာရှင်ဟု သာခေါ်ကြလေတော့သည်။

● ကိုနိုင်း (ချင်းတောင်)

(ငွေတာရီ ၊ အမှတ် (၅၅၀)၊ မေ ၂၀၀၆)

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com




# အမုန်းမရှိတဲ့မုန်း

စစ်တောင်းမြစ်ကိုဖြတ်ကူး နတ်သံကွင်းရွာကို ဖြတ်ထွက်တောင်နှယ်တစ်ခုကိုချိုးကွေ့လိုက်လျှင် "ကျောက်ကြီးမြို့မှ ကြိုဆိုပါ၏။" မြို့ဝင်ဆိုင်းဘုတ်ကိုဘွားခနဲတွေ့ရ၏။ မြို့အထက်ထိပ်ရှိ ကျောက်တောင်မြင့်ကြီးနှင့်သစ်တောအုပ်မှာ ချင်းတောင်တန်း (ဝိတိုရိယ) နတ်မတောင်ခြေရှိ မိမိဇာတိ "လှလောင်းပန်" ရွာအထက်ရှိ ကျောက်တောင်ထိပ်တောအုပ်နှင့် တူလွန်းလှပေရာ၊ ဇာတိရွာကလေးသို့ ပြန်ရောက်နေပြီထင်မိ၏။ ရောက်ရောက်ချင်းပင် မေတ္တာရပ်ကွက်လူကြီး ဦးစောအားလောလာက ဖော်ရွေလှစွာလာရောက်နှုတ်ဆက်ပါ၏။

"ဗိုးခွား ဘာလို့ တစ်ယောက်ထဲ လာတာလဲ"

---

စိတ်ကူးသစ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ထဲသမား ဆိုတော့ တစ်ယောက်ထဲလာ ရတာပေါ့ ဖထီး"

"ယောကျ်ားဆိုတာ မိန်းမရှိရတာပါမောင်၊ ဘယ်သူထမင်းချက် ကျွေးမလဲ"

"ဖထီးအိမ်မှာပဲ လာစားလိုက်တော့မယ်"

"အေးအေး အလွန်ကောင်းတယ်၊ အမြဲတမ်းလာစားရမယ် နော်၊ ဖထီးတို့ကအမြဲတမ်း ဟာလပေါဟင်းပဲ"

"ကျွန်တော်တို့ ချင်းတောင်တန်းမှာလဲ ဟာလပေါဟင်း ပါပဲဖထီး ချင်းစကားနဲ့ "အမ်ဘောက်ဟင်း" ခေါ်ပါတယ်၊ ချက်ပုံက အတူတူပါပဲ"

"အေးအေး ဝမ်းသာတယ်၊ ဖထီးတစ်လှည့်မိုးခွား တစ်လှည့် ချက်ကြတာပေါ့"

ဖထီး စောဖား လောလောကား ကျောက်ကြီးမြို့၌ ဦးစွာ ခင်မင်ရင်းနှီးရသူဖြစ်၍ကြသော် စားအိမ်သောက်အိမ်နှင့် အမိအဖ သဖွယ်လည်း ဖြစ်ခဲ့ရပါ၏။

× × × × × ×

(၂)

ကျောက်ကြီးမြို့သည် ရှင်သီဝလိရဟန္တာခြေတော်ရာ တောင်ခြေ ရင်း၌ ရှိသည်။ တောင်ထိပ်ကို ကွေ့ပတ်စီးဆင်းလာသော ကျောက်ကြီး ချောင်းသည် မြို့ကို အလယ်ဗဟိုမှအညီအမျှပိုင်းခြားထား၏။ ချောင်းကူး တံတားထိပ်မှ ခွဲထွက်လာသည့် အတက်လမ်းသည် ခေါ်ပိုထန်းတောင်မှ





အလွန်၌ မတ်စောက်မြင့်တက်သွားသည်။ ကျောက်တောင်ထိပ်အတက် သမ်း၏ ချောင်းဘက်အကွေ့တွင် ကြီးမားသော နတ်ကွန်းတစ်ခုရှိသည်။ နတ်ကွန်းမှ လူသွားလမ်းခွဲသည် ရှင်သီဝလိရဟန္တာခြေတော်ရာကိန်း ဝပ်သည့်အမြွာကျောက်တောင်မြင့်ကြီးသို့ ပေါက်သည်။ ကျောက်ကြီးရုံး၌ သုပ်ငန်းမဝင်ခင်ဦးစွာပင် ခြေတော်ရာတောင်ထိပ်တောရ ကျောင်းဆရာ တော်ဦးဝိစာရကို သွားရောက်ဖူးမြော်ကန်တော့သည်။ ရှေးပဌာန်းဆက် ကြောင့်ပင် ဆရာတကာရင်းအဖြစ် ချက်ချင်းရင်းနှီးသွားခဲ့ကြသည်။

"ဦးဖင်းလီ ချင်းတိုင်းရင်းသားအတော်များများနဲ့ ဆုံခဲ့ဖူး တယ်၊ ဒကာလေးလိုဗုဒ္ဓဘာသာဝင်တော့မဟုတ်ကြဘူးကွယ့်"

"မှန်ပါအရှင်ဘုရား၊ တပည့်တော်တို့ချင်းတောင်တန်းမှာ မြောက်ပိုင်းတောင်တန်းများနဲ့ တောင်ပိုင်းတောင်တန်းများဆိုပြီး အဆက် သွယ်ခက်ခဲ့တဲ့ တောင်တန်းများပေါ်မှာ နေကြပါတယ်ဘုရား၊ စကားချင်း တူကြပေမယ့် ယဉ်ကျေးမှု ထုံးဓလေ့တွေ အတူတူပါပဲဘုရား၊ အယူ ဘာသာမှာတော့ အနည်းနဲ့အများ ကွဲပြားသွားကြပါတယ်ဘုရား"

"ဘယ်လိုကြောင့်တုံး ဒကာလေးရဲ့"

"ဒီလိုပါဘုရား၊ သီပေါမင်းတရားကြီးပါတော်မူသွားပြီးတဲ့ နောက်မှာ နယ်ချဲ့ကို တောင်ပိုင်းရောမြောက်ပိုင်းပါ အပြင်းအထန်ခုခံ တိုက်ခိုက်ခဲ့ကြပါတယ်ဘုရား၊ တိုက်ခိုက်မှုတွေပြီးဆုံးသွားတဲ့အချိန်မှာ မြောက်ပိုင်းဒေသနဲ့ ပြေလည်မှုရပြီး ခရစ်ယာန်သာသနာပြုနိုင်ခဲ့ပါတယ်။ တောင်ပိုင်းကျတော့ လွတ်လပ်ရေးရသည်အထိ ကြိုကြား ကြိုကြား တိုက်ခိုက်နေကြတော့ ခရစ်ယာန်သာသနာ ပြုချိန်နည်းပါးခဲ့သလို အင်္ဂလိပ်နယ်ချဲ့အုပ်စိုးမှုအောက်မှာ ဗုဒ္ဓဘာသာ သာသနာပြုလဲ မရောက် နိုင်ခဲ့ပါဘူး ဘုရား"

"ဒကာလေး မိဘဆွေမျိုးတွေကျတော့ကော"

"တပည့်တော်မိဘဆွေမျိုးများက စာရေးစာဖတ်တတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သူမရှိပါဘူးဘုရား၊ ရိုးရာတောနတ်တောင်နတ်ပဲကိုးကွယ်ကြပါတယ် အခုကာလမှာတော့ သာသနာပြုတွေရောက်ရှိနေကြပါပြီဘုရား တပည့်တော်ဆိုရင် ကန်ပက်လက်တောင်တန်း သာသနာပြု ဆရာတော် ကျောင်းကိုမှီပြီး ကျောင်းစာသင်ခဲ့ရတာပါ အရှင်ဘုရား"

"သာဓုပါဒကာလေး၊ ဒကာလေးတစ်ယောက်ထဲသမားပဲ ကျောင်းမှာနေ ကျောင်းမှာစား၊ အလုပ်ချိန်အလုပ်သွားပေါ့"

"တင်ပါ့ဘုရား"

ကျောက်ကြီးမြို့၌ တာဝန်ထမ်းဆောင်ခဲ့ရစဉ် ကာလ တစ်လျှောက်လုံး ခြေနှတော်ရာတောင် ဆရာတော်ဘုရား၏ အရိပ်အာ ဝါသအောက်၌ မပူမပင်မကြောင့်မကျနေထိုင်ခဲ့ရပါ၏။

× × × × × ×

(၃)

ကျောက်ကြီးမြို့၌ ရောက်ရှိတာဝန်ထမ်း ဆောင်ခဲ့သည်မှာ နှစ်တစ်ပတ်လည်ခဲ့ပြီ။ အားလပ်သောအချိန်များကို ဝါသနာပါရာ ချီဆွဲခြင်းဖြင့် ကုန်လွန်စေသည်ကများသည်။ ယနေ့တပေါင်းလ အင် ရာသီကြည်လင်ချိန်ရုံးပိတ်ရက်ဖြစ်၍ အလင်းရောင်မှလာမီ ခြေတော်ရာ တောင်ထိပ်တက်ခဲ့သည်။ တောင်ထိပ်မြင်ကွင်း မရောင်ခြည် ဦးအစ၊ တောအလှတောင်အလှကို အမိအရ ဖမ်းယူနိုင်ရန်ဖြစ်၏ ဆေးဗူး၊ စုတ်တံ၊ စာအုပ်များ အသာချကာ အလင်းရောင် မှုန်





အောက် နတ်ကွန်း စကြံ၌ ခေတ္တအနားယူ၏။ မိမိတက်ရောက်မည့် ခြေတော်ရာ ကျောက်တောင်ထိပ်သို့ လှမ်းမျှော်ကြည့်လိုက်ရာ၊ ညောင်မှတ်ဆိတ်ပင်ကြီး အောက်မှ မိန်းကလေးတစ်ယောက် လှစ်ခနဲ ပြေးထွက်သွားသည်ကို လှမ်းမြင်လိုက်သည်။ ရှည်သွယ်သော ကိုယ်ဟန် ရှိ၍ နက်မှောင်ရှည်လျားသော ဆံကေသာတို့ တင်ပါးဖုံးလျက်ရှိရာမှ မိန်းကလေးပြေးအထွက် လေတွင်လွင့်၍ ပါသွား၏။ ဤတောနက် တောင်နက် ဝေလီဝေလင်း အချိန်၌ ကျောက်ကြီးမြို့သူတို့ ရောက်ရှိ နေတန်ရာ၊ သို့သော် သေချာသောအမြင်ဖြစ်၏။ ဤမြို့ကျဉ်းကလေး တွင် မသိကျွမ်းသူ မရှိသလောက်ဖြစ်ရာ အသိဖြစ်က နှုတ်ဆက်ရန် ပြေးလိုက်သွားခဲ့၏၊ သစ်ပင်ကြီးအကွယ်၌ လှစ်ခနဲတစ်ချက်သာ ထပ်မြင် လိုက်ရပြီးလုံးဝ ပျောက်ကွယ်သွားတော့သည်။ သူ့ယောင်မယ်များ ပေလော၊ နတ်သမီးအရောင်ပြလေသလော၊ ခြေတော်ရာ ဘုရားအဖူး အမြော်ရောက်သည့် ပရလောကသူပင်လော၊ တွေးတောစိတ်ကူး၍ မြင်ရလေနိုး လှည့်ပတ်ရှာဖွေကြည့်ရှုသေး၏။ အရိပ်အယောင်မျှ မတွေ့ တော့သဖြင့် နေထွက်ချိန်အမိအရ ကြည့်နိုင်ရန်ကျောက်တောင်မြင့် ထက်သို့တက်ခဲ့လေ၏။

မကြာမီ အရှေ့လောကဓာတ် တစ်ခွင်မှ ဝါရွှေခရမ်း ရောင်စုံ တန်းများ တစ်စတစ်စ အက်ကွဲပြိုကျလာခဲ့၏။ အရှေ့တောင်တန်းဝက် ခင်းညီနောင်ကျောက်ဂူထိပ်မှသည် အနောက်မြောက် ကောင်းကင်သို့ ထိုးဝင်သွားသော စေးဒေးမောဒေး တောင်တန်းများ ဆီသို့ဆွဲယူကြည့် သည်။ တောင်တန်းထိပ်မှသည် တောင်ကိုကွေ့ပတ်ခဲ့လျက် ကျောက်ကြီး သွင်ပြင်သံဘိုရပ်ကွက် တောင်တန်းများ နှင့် ချိတ်ဆက်ကြည့်ရှု စိတ်ကူး ပုံဖော်အာရုံဝင် စားနေစဉ် သစ်တစ်ပင်မှ တစ်ပင်သို့ ပုန်းကွယ်ပြေး ဝင်သွားသည့် ဆံရှည်မိန်းကလေးကိုရိပ်ခနဲ တစ်ချက်မြင်လိုက်ပြန်သည်။ ကြည့်ရှုသည် စဉ်းစားမနေဘဲ ဆရာတော်ဘုရားကျောင်းပေါ်သို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်လာခဲ့၏။

" ဆရာတော်ဘုရား၊ တပည့်တော် နေထွက်ပန်းချီခွဲမည့် အစောကြီး တက်လာခဲ့တာ ဘုရား နတ်ကွန်းရှေ့မှာ မိန်းကလေး တစ်ယောက် ဖျပ်ခနဲ တွေ့လိုက်ရတယ်၊ ခြေတော်ရာဘက်ထွက် သွားတာ တွေ့လိုက်လို့အသိဖြစ်ရင် နှုတ်ဆက်ဖို့ လိုက်သွားတာ မျက်စိ ရှေ့မှာ ပျောကသွားတယ်ဘုရား၊ အဲဒါ ကျောက်တောင်ပေါ်တက် ပန်းချီကောင်း ကြောင်းခြစ်နေတုံး သံဘိုဘက်မှာ ရိပ်ခနဲလှမ်းမြင်လိုက်ရပြန်တယ်ဘုရား ဆရာတော့်နေရာက တန်ခိုးကြီးဘုရားနေရာ၊ တောအုပ်အလွန်ကြီး တဲ့နေရာဆိုတော့ နတ်သမီး မဟုတ်ရင် သူယောင်မယ်၊ ဒါမှမဟုတ်ရင် သိုက်နန်းရှင်မ တို့လိုဟာမျိုး ဘုရားဖူး အရောက်နဲ့ ပြန်အထွက်မှာ တပည့်တော် မြင်လိုက်ရတယ်ထင်တယ်ဘုရား"

ကျွန်တော့်၏ ရှင်းပြချက်ကို ဆရာတော်က သဘောကျစွာပြုံး ရီမောလိုက်သေး၏။

"ဟား လူပျိုဒကာလေးနဲ့တော့ တွေ့နေပြီ၊ ဘယ်နတ်သမီး သူယောင်မယ်မှ ဦးဇင်းကျောင်းနားကို မလာဖူးပါဘူးကွယ်၊ အနီးအပါး လယ်သမီး ယာသမီးတစ်ယောက်ယောက် ဖြစ်မှာပါ ဒကာလေး"

"မဟုတ်လောက်ဘူးနော်ဘုရား၊ တပည့်တော် နတ်ကွန်းရှေ့ ရောက်တော့ မနက် (၅)နာရီမထိုး သေးဘူးဘုရား၊ အဲဒီမှာ စတွေ့တာ"

"အမလေး ဒကာလေး၊ ဒီနယ်သူတွေက မနက် (၄)နာရီ မထိုးမီတောထဲ မှိုချိုး၊မျှစ်ချိုး ဟင်းရွက်ကောက် တောထဲရောက်ကြပြီး မိုးလင်းတာနဲ့ ဈေးရောက်ကုန်ရော၊ ဒကာလေးနတ်သမီး တွေ့တယ်ဆိုရင်နောက်တစ်ခါ ဒီချိန်လာစောင့်နော်၊ ထပ်တွေ့ရနိုင်တယ်၊ နတ်သမီးနဲ့ သူယောင်မယ်တို့ဆိုတာတွေကော အရင်က ဒကာလေးတွေ့ဖူးရဲ့လား"

"မတွေ့ဖူးပါဘူးဘုရား၊ ထင်တာပါအရှင်ဘုရား"

"မတွေ့ဖူးတာကို အထင်နဲ့စွဲပြီး၊ မျှော်မနေပါနဲ့ နေ့ခွင်း





စားပြီးမှ ပြန်ဆင်း၊ ခါတိုင်းလိုပဲ ကပ္ပိယကြီးနဲ့ ဝိုင်းကူလုပ်ပေးလိုက်ပါအုံး"

"တင့်ပါ့ အရှင်ဘုရား"

× × × × × ×

(၄)

ကပ္ပိယကြီး ကိုဖိုးထော်နှင့် အတူကျောင်းဆောင်အောက် မီးဖိုဆောင်၌ ပန်းကန်ခွက်ယောက်များ ဆေးကြောနေကြစဉ် ဖြူသွယ် ကြော့ရှင်း၍ နတ်မှောင်ရှည်လျား သောဆံကေသာပိုင်ရှင် မိန်းကလေး သည် ငှက်ပျောသီးတစ်ဖွဲ့တစ်ပိုက်နှင့် ကျောင်းပေါ်တက်လာလေ၏။ ဆရာတော်နှင့် ကရင်ဘာသာ စကားဖြင့် ပြောဆိုကြပုံကို မြန်မာပြန်ဖော် ပြလိုက်ပါ၏။

"ဒကာမလေး ညကမှကျောင်းကြီး ရောက်တယ်ပေါ့"

"တင့်ပါဘုရား ညကမိုးချုပ်မှ ရောက်တော့ မနက်အစောကြီး ခြေတော်ရာဘုရား ဝင်ဖူးဘုရားရှိခိုးပြီးမှ ကျောင်းကို လာမလို့ဘုရား ကုန်းလမ်းက တက်လာတာဘုရား၊ မှောင်ရီဝိုးဝါးကြီးအချိန် နတ်ကွန်း ရှေ့မှာ လူတစ်ယောက် ငုတ်တုတ်ကြီးထိုင်နေတာ တွေ့လို့ သူခိုးလား သူရဲလား ထင်ပြီးတအားပြေးတာဘုရား"

"အင်း ဟုတ်တော့နေပြီ၊ ဘယ်ဘက်ကို ပြေးလဲ"

"ခြေတော်ရာဘက်ပြေးတာပေါ့ဘုရား၊ ပြန်လှည့်ကြည့်လိုက် တော့အဲဒီလူ နောက်ကလိုက်လာလို့ သံဘိုဘက်ကိုတအားကြောက်တ



www.burmeseclassic.com

www.burmeseclassic.com



အားပြေးတာ မောနေတာပဲဘုရား"

"ဟား ဟုတ်တော့နေဗြို့ ဒကာမလေး သံဘိုဘက်ပြေးပြီး ဘာလုပ်လဲ"

"ညောင်မုတ်ဆိတ်ပင်ကြီးနဲ့ ကွယ်ပြီးအဲဒီလူကို ပြန်ချောင်းကြည့်တာဘုရား။ အဲဒီလူက ခြေတော်ရာတောင်ပေါ်တက်ပြီး ဟိုကြည့် ဒီကြည့်နဲ့ ပြီးတော့စာရေးသလားဘာလား မသိ၊ အဲဒီလူဆင်းသွားတော့မှ တပည့်တော်မ ပြေးရင်း ငှက်ပျောသီးပြစ်ချခဲ့တဲ့ နေရာကို မမှတ်မိလို့ မနည်းလိုက်ရှာရတာဘုရား၊ တပည့်တော်မလဲ ကြောက်ပြီး ခြေတော်ရာ ဝင်တော့ဘဲ ဒီဘက်ကကွေ့ပြီး ကျောင်းပေါ်တက်လာခဲ့တာ ဘုရား မောကိုနေတာပဲ"

"အေး အေး အနားယူ ရေသောက်အုံး"

ကျွန်တော်လည်း ဂရုတစိုက်နားထောင်နေခဲ့၏။ ဆရာတော်နှင့် ဒကာမလေးတို့ စကားပြောသံခေတ္တရပ်သွား၏။ မိန်းကလေး အမောပြေ ရေသောက်နေသည်ဖြစ်လိမ့်မည်။ နားရွက်ကိုထောင် ထွက်လာမည့်အသံကို နားစွင့်နေလိုက်၏။

"ဒါနဲ့ ဒကာမလေးက အဲဒီလူကိုတွေ့ရင် မှတ်မိမလား"

"မှတ်မိမလား မသိဘုရား၊ မှတ်မိနိုင်ကောင်းလောက်နဲ့ ထင်တယ် ဘုရား"

ပြောဆိုကြပြီး ဆရာတော့် ခေါ်သံထွက်လာ၏။

"ဒကာလေး မောင်နိုင်၊ ကျောင်းပေါ်တက်ခဲ့အုံးဗျာ"

ကျောင်းပေါ်တက်လိုက်သည်နှင့် ဆရာတော်က မေးမြန်းလေ၏။

"ဒီဒကာမလေးကို ဒကာလေးမြင်ဖူးလား"

"မမြင်ဖူးဘူးဘုရား စောစောက ခြေတော်ရာတောင်မှာ တွေ့လိုက်တဲ့ မိန်းကလေးနဲ့တော့ ခပ်ဆင်ဆင်ပဲဘုရား"



မိန်းကလေးက ဆရာတော်ဘက် လက်အုပ်ချီကျောပေး လျက် ထည်ငြိမ်စွာရှိနေသဖြင့် မျက်နှာချင်း မမြင်ကြရသော်လည်း သူကလေးပင် ဖြစ်လိမ့်မည်မှာ သေချာပေ၏။

"ကဲ ဒကာမလေး ဒီဒကာလေးကို မြင်ဖူးလား"

မရဲတရဲလည်ပြန်လှည့်ကြည့်သော မိန်းကလေး၏ မျက်လုံးများ ဒိမိုဝိုင်းစက်သွားကြ၏။

"သူ သူ တပည့်တော်မ နောက်ကိုလိုက်တာ သူနဲ့တူတယ် ဘုရား"

"ကဲ ဒကာလေး၊ ဒကာလေး တွေ့ခဲ့တယ်ဆိုတဲ့ နတ်သမီးလေး ဆိုတာသူပဲ၊ နော်ကေးပလူဖောတဲ့၊ သူတို့ဇာတိကတော့ ထီးမူခီး ဆိုတဲ့ တောင်ပေါ်ကရင်ရွာပေါ့၊ ဒကာလေးတို့ ငယ်ငယ်လေးပဲရှိအုံးမယ်၊ နယ်မြေ မအေးချမ်းသေးတော့ ဟိုပြေးဒီလွှားနဲ့ သူတို့မိသားစုကို ဆရာတော်ပဲ ကြည့်ရှုစောင့်ရှောက်ထားရတော့တာပေါ့၊ ဒါနဲ့သူတို့လဲ ဗုဒ္ဓဘာသာဝင် တွေဖြစ်လာပြီး ဆရာတော်နဲ့ အဆက်မပြတ်ကြဘူးကွယ့်၊ သူ့မိဘတွေ မှန်းမှာ အခြေပြန်ချကြတော့ သူလဲ မုန်းနဲ့ကျောက်ကြီးကူးချည်သန်း ချည်ပေါ့"

"တင့်ပါဘုရား"

"ငယ်ငယ်ကတည်းကကျောင်း မနေရတော့ အတန်းတွေအောင် အောင်ကျောင်းမနေလိုက်ရဘူး အရေးအဖတ်ကိုတော့ ကောင်းကောင်း တတ်ပါတယ်၊ ဗမာစကားကတော့ ပြောနေကျမဟုတ်လို့ ရေရေလည် လည်မရှိဘူးပေါ့၊ ဖြည့်ယူရတာပေါ့ကွယ်"

"အရှင်ဘုရား၊ တပည့်တော်လဲ ချင်းတောင်တန်းမှာ မွေးပြီး ကြီးပြင်လာတာ၊ ဗမာစကားရည်ရည်လည်လည် မရှိလှပါဘူးဘုရား၊ အတူတူ လောက်ပဲရှိကြမှာပါဘုရား"

"အေးကွယ့် တောင်ပေါ်သား တွေပွင့်လင်းကြတာချင်းတော့



www.burmeseclassic.com

www.burmeseclassic.com



တူကြတာပေါ့ကွယ်၊ ဒကာလေးကမင်းမှူထမ်းဆိုတော့ ဘယ်ရုံးမှာ ဘာလုပ်ရမယ်နားလည်တာတာပေါ့၊ သူမှာအမျိုးသားမှတ်ပုံတင်မရှိလို့ လာလုပ်တာတဲ့ ဒကာလေးကြည့်လုပ်ပေးလိုက်အုံး"

"တင့်ပါဘုရား "

ဆရာတော်က မိတ်ဆက်ပေးပြီးဖြစ်သော်လည်း ပိုမိုရင်းနှီးမှု ရှိစေရန်ရှာကြံပြောဆိုရ၏။

"ကျွန်တော့်နာမည် "ကိုနိုင်း" ခေါ်ပါတယ်၊ အရင်တွေ့တဲ့ လူကအရင်ခေါ်ကြေးနော် "

"ဟုတ်ကဲ့ရှင့် ကျွန်မနော်ကေးပလူဖောပါ၊ နော်ဖောလို့ ခေါ်ကြတယ်ရှင့်"

ဤကားနတ်သမီး သို့မဟုတ် သူယောင်မယ်ဟု ထင်သူနှင့် သူခိုးသို့မဟုတ် သရဲဟုထင်သူတို့၏ တွေ့ဆုံကျွမ်းဝင်မှုအစဖြစ်ပါ၏။

× × × × × ×

(၅)

ညကအိပ်ပျော်နေကျ အချိန်အိပ်၍ မပျော်ခဲ့။ နော်ဖော၏ ဖြူဥသွယ်သော မျက်နှာလှကလေးက နေရာတိုင်းတွင်ရှိနေ၏။ အချိန်လွန်မှ အိပ်ပျော် ခဲ့သဖြင့် နေမြင့်မှနိုးခဲ့၏။ ရုံးစားပွဲပေါ်ရောက်ရှိတော့ ရုံးစာများက တစ်ပုံတစ်ပင်၊ ခေါင်းပင်မဖော်နိုင်။

"ကျွန်မ အမျိုးသားလိုချင်လို့"

အလန့်တကြား မော့ကြည့်မိ၏၊ အိပ်မက်ထဲနတ်မိမယ်ကလေး နော်ဖောပေတည်း။





"ဪ နော်ဖော လာလာထိုင် "

အထက်အရာရှိ ချုပ်ဝင်လာလျှင်သော်မျှ ဤသို့ ပျာလောင်မခတ်စဖူး၊ ပျာပျာသလဲနေရာ ချထား စကားပြောဆိုရလေ၏။

"အမျိုးသားမှတ်ပုံတင်လုပ်ဖို့ ဆရာတော်အမိန့်ရှိတဲ့ဟာနော်"

"ဟုတ် ဟုတ်ကဲ့ရှင့်၊ အမျိုးသားမှတ်ပုံတင် ဟုတ်တယ်ရှင့် ဟိဟိဟိ"

သူ့စကားသူ့သဘော ပေါက်ဟန်ရှိသည်။ စကားကို ရယ်မောပြောဆိုတတ်ဟန်လည်းရှိပါ၏။

"နော်ဖော ဓာတ်ပုံပါရဲ့လား"

"မရှိဘူး ရှင့်"

"ဓာတ်ပုံအရင်ရိုက်ရမယ်၊ ကျွန်တော်လိုက်ပို့ပေးပါမယ်"

သိန်တန်းရပ်ကွက် ကိုမောင်ဝင်းဓာတ်ပုံဆိုင်သို့ ခေါ်လာခဲ့၏။ ဓာတ်ပုံခကျသင့်ငွေများ ရှင်းပေးပြီး အပိုပုံများကိုထည့်ယူထားလိုက်၏။ ဓာတ်ပုံဆိုင်မှ အပြန်လဝကရုံး လှည့်ဝင်ကာ လဝကမှူး သူငယ်ချင်းကိုလွှင်ဦးအား တွန်းတွန်းထိုးထိုးဖြင့် ရေးခြစ်ကြရာမိနစ်ပိုင်း အတွင်း၌ပင်ပြီးစီးသွားလေ၏။ လဝကရုံးမှ ပြန်အထွက်လမ်းမပေါ် ပြန်ရောက်ကြလျှင်နော် ဖောကနှုတ်ဆက်လေ၏။

"ကျေးဇူးတင်ပါတယ်ရှင့် ၊ ကျွန်မပြန်အုံးမယ်နော်"

"လဝကရုံးထဲက လက်မှတ်ထိုးပေးတဲ့ လူကို ကျေးဇူးတင်ရမှာနော်ဖောရဲ့၊ အခုဘယ်ကို ပြန်မှာလဲ၊ မုန်းကိုပြန်မှာလား"

"မဟုတ်ဘူးရှင့်၊ ကျွန်မ ကျောက်ကြီးက ဦးကြီးဖထီးဖား လောလာဆီမှာ အတော်ကြာကြာ နေရအုံးမှာရှင့် သူတို့အလုပ် မအားလို့ ကျွန်မကိုမှာလို့လာနေရတာ"

ဆုံချင်တော့လည်း တိုက်တိုက်ဆိုင်ဆိုင်ပင်။ နော်ဖော်သည် ဖထီးစောဖားလောလာ၏ နှမဝမ်းကွဲနော်အယ်ဖောမှ မွေးသည့်တူမ

www.burmeseclassic.com



ကလေးဖြစ်ကြောင်း သိရ၏။ မိန်းကလေးမရှိသည့် ဖထီးအိမ်တွင် နော်ဖောက အိမ်မှုကိစ္စများ လာရောက်လုပ်ကိုင်ရလေ့ရှိပြီး ဝါ ကြလုပ်ငန်း ချိန်များ၌သာ ရာသီကုန်မှန်း၌ ပြန်နေရခြင်းဖြစ်၏။ ယခုနော်ဖော တစ်လှည့် နေထိုင်ရန် ပြန်ရောက်လာသဖြင့် ပျော်ရွှင်မဆုံးရှိ ရပြန်တော့၏။ ထိုနေ့က နော်ဖောနှင့်အတူ ဖထီးဖော်ဖားလောလာ အိမ်သို့ အိမ်သား ဟောင်းများ ပမာပြန်လည် ဝင်ရောက်လာခဲ့ကြ၏။ ဖထီးကလည်း ကျွန်တော်နှင့် နော်ဖောကို မောင်နှမများအဖြစ်ပြောဆို သတ်မှတ်ခဲ့လေ၏။ ဖထီး အိမ်၌ ကျွန်တော်နှင့်နော်ဖောလည်း မောင်နှမရင်း ခြာပမာ ဖြစ်ကြရပါ၏။ ဖထီးကလည်း သားအမှတ်နှင့်ပင် "စောနန်း" ဟု ချစ်ခြင်းဖြင့် ကရင်ဓာတ်သွင်းနာမည် သီးခြားပေး ထားလိုက်သေး၏။ အချိန်ကာလတို့ တရွေ့ရွေ့လွင့်မျော၍ ရာသီလုပ်ငန်းများ ပေါ်ပေါက်ကာ နော်ဖော မုန်းသို့ ပြန်ရချိန်များတွင် ကျွန်တော် လွမ်းရှုမဆုံး ရှိလာ တတ်သည်။ ရင်ထဲကထုတည်ကြီးမားစွာရှိနေသော နော်ဖောကို ချစ်သည့် အချစ်ကို ဖွင့်မပြောခဲ့ပါ။ ပွင့်လင်းလှသော တောင်ပေါ်ကရင်မလေး နော်ဖောသည် ကျွန်တော်ပြောသမျှ တစ်ခွန်း မကျန်ဖထီးသို့ပြန်လည် ဖေါက်သည်ချတတ်သည်။ တစ်ခါတစ်ရံ ကျွန်တော် ပြောဆိုသမျှကို သူနားလည်သဘောပေါက်သလို ပြန်ဆိုပြောပြတတ်သဖြင့် ကိုယ့်ကိုယ့် ကားယားဖြစ်ခဲ့ရသည်များလည်း အကြိမ်ကြိမ်ရှိခဲ့၏။ အကယ်၍ ချစ်ရေးဆိုမှုမပြေလည်ခဲ့သော် တွဲလက်စမခွဲနိုင်သကဲ့သို့ ဖထီးတို့ကို အဘယ်မှာလျှင် မျက်နှာပြပံ့ပါမည်နည်း။ ရင်ထဲကစကား ရင်မှာထား၍ အတူတကွ သွားလာနေခဲ့ကြသည်သာ ဖြစ်၏။

ဤသို့နှင့်ပင် တစ်နေ့ရောက်ခဲ့ပြန်လေ၏။ ကျောက်ကြီး ဒေသရောကျချိန် ရောက်လျှင် စစ်တောင်းမြစ်ကူးယာယီ သစ်သားတံတား နှစ်နေရာတည်ဆောက်ရသည်။ တစ်နေ့ရာမှာ နတ်သံကွင်းနှင့်ကွင်း ချောင်းကြားဖြစ်၍ ပဲနွယ်ကုန်းသို့ပေါက်သည်။ တစ်နေရာကားမုန်း





ညှောင်ပင်သာတံတားဖြစ်၍ ဖြူးမြို့သို့ ပေါက်သည်။ ထိုတံတားများမှ န်းကျောက်ကြီးထွက် ကြံများကိုဖေယျဝတီသံကြားစက်သို့ ပို့ဆောင် ရသည်။ ယခုနှစ်မုန်းစစ်တောင်းမြစ်ကို တံတားတည်ဆောက်ရေး တာဝန်ကျခဲ့သည်။ နော်ဖော၏ မိဘများဖြစ်သော ဦးဖစောသာဂေးနော် အယ်ဖောတို့နှင့် ချစ်ကြည်ကျွမ်းဝင်နိုင်ရေး ကံကောင်းခြင်းလက်ဆောင် ဖြစ်ခဲ့၏။ ထို့ထက်ပို၍ ကားနော်ဖောသည် တံတားတည်ဆောက်ရေး အဖွဲ့ကို ချက်ပြုတ် ကျွေးမွေးရသည့်အဖွဲ့ခေါင်းဆောင်ဖြစ်လာခြင်းပင်။

တံတားတည်ဆောက်သည့် နေရာသည် မြို့ရွာနှင့် အလှမ်းကွာ သဖြင့် စခန်းချလုပ်ငန်းဝင်ကြရသည်။ လုပ်ငန်းခွင်ရောက် သူငယ်ချင်း များကလည်း နော်ဖောကိုသာခေါ်ချင်ပြောချင်သူများ ချည်းဖြစ်နေခြင်း ကလည်း အလျင်စလိုချစ်ရေးဆိုရန်တွန်းပို့ခဲ့ခြင်းဖြစ်ချေ၏။ တစ်နေ့ ဖြူးသို့ ရိက္ခာဝယ်အလာကို အချိန်ချွဲ၍ နှစ်ဦးသားနောက်ကျ ပြန်ရန် နှိုက်၏။ အခွင့်ရသည်နှင့် ကောက်ကာငင်ကာ ပြောဆိုရလေ၏။

"နော်ဖော၊ စောနန်းကလေ နော်ဖောကိုခြေတော်ရာတော်မှာ တွေ့တွေ့ ချင်းချစ်နေတာသိလား၊ နော်ဖောကို ချစ်တဲ့အကြောင်း ချစ် စကားပြောဖို့ကြံစည်နေခဲ့တာကြာပြီ၊ နော်ဖောကပြန်မချစ်မှာစိုးလို့ ပြောရဲခဲ့ဘူး၊ စောနန်းကနော်ဖောကို တကယ်ချစ်တယ်ဆို ယုံနော်"

ကျွန်တော့်၏အဆိုနှင့် ပွင့်ပွင့်လင်းရိုးသားလှသည့်နော်ဖော ၏ အဖြေက မနီးစပ်။

"အားလေး ဒီစောနန်းကလဲ စကားပြောရင် တခြစ်ခြစ်နဲ့ ဘာကိုခြစ်တာလဲ၊ ငါသိတဲ့ခြစ်တယ်ဆိုတာလယ်ပေါ်ပြုတ်ဖို့မှစ်ကိုခြစ်တာ၊ အာလူးအခွံကိုခြစ်တာ၊ နင်ကဘာကိုပြုတ်မလို့တခြစ်ခြစ် ခြစ်နေတာလဲ ဟီ ဟီ ဟီ"

"စကားအကောင်းပြောနေတာနော် နော်ဖောရဲ့ စောနန်းက နော်ဖောတစ်ယောက်ထဲကိုပဲ အရှုံးအမူးချစ်ဖူးတာ သိပ်ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"လာပြန်ပြီ တစ်ခြစ်ခြစ်နဲ့ ဘာလဲ နင်က ငါ့ကိုလိုချင်တယ် ဒီလိုလား"

"အေးအေး ဟုတ်တယ် ဟုတ်တယ်၊ တကယ်လိုချင်တယ် မရရင်သေမှာပဲ"

"အမလေးစောနန်းရယ်၊ ဒီကမ္ဘာမြေပြင်ပေါ်မှာ မိန်းမ မရလို့ သေတဲ့ယောကျ်ားတစ်ယောက်မှ မရှိသေးဘူး၊ နင်ငါ့ကိုမရလဲ မိန်းမ တစ်ယောက်နဲ့ရမှာပဲ"

"ဒီမှာအသည်းနှလုံးထဲပြောနေတာ နော်ဖော‌ရဲ့"

"လာပြန်ပြီ၊ ဘာအသည်းနှလုံးက စကားပြောမလဲ၊ ဒီမှာ နင့်ပါးစပ်ကပြောနေတာ"

"အေး ငါ့ပါးစပ်ကပြောနေတာ၊ နင့်ကိုငါချစ်တယ် လိုချင်တယ် ယူမယ်ဒါပဲ"

"အားလေး စောနန်းရေ လူဟာကြက်ဥဘဲဥ မဟုတ်ဘူး အလကားယူသွားလို့မရဘူးလေ"

"ဒီလောက်တောင်စကားများလှတဲ့ နှုတ်ခမ်းနီလေး၊ စကား မပြောနိုင်အောင်ပိတ် ထားပေးလိုက်မယ် ရော့"

သူကလေး၏ လက်ဖဝါးနုကလေးများက နှုတ်ခမ်းပြင်ကို ခပ်ဖွဖွ လာထိမှ လွှတ်ပေးလိုက်သည်။ သည်တော့မှ တည်ကြည်စွာ ပြောရှာပါ၏

"စောနန်းနော် နော်ဖော‌ကို မလိမ်ရဘူး၊ မညာရဘူး၊ အမှန် အမှန်အတိုင်းပဲပြောရမယ်၊ ယောကျ်ားတွေက မိန်းမတွေကို လိမ်ညာ ပြောကြတာများတယ်"

"ယုံပါနော်ဖော‌ရယ်၊ စောနန်းက နော်ဖော‌ကို ဘယ်တော့မှ လိမ်ညာမပြောဘူး။"

"စောနန်းက ငါ့ကိုလိုချင်တာတကယ်နော်"



"တကယ်မကဘူး၊ ဆယ်ကယ်"

"ဒီလိုဆိုရင် နော်ဖော‌ပြောမယ်လေ၊ စောနန်းက ဖထီးဖား လောလာကို ပြောထား သူကငါ့အမိုးအပါးကို ပြောပေးလိမ့်မယ်၊ ဒါပေမယ့် ဒီနှစ်ကြံသိမ်းပြီးမှ ပြောရမှာနော်၊ ငါတို့ကရင်က အလုပ်ပူချိန် မှာ အဲဒါတွေမပြောရဘူးရှင့်"

"အေးပါ အချစ်ရယ်၊ ကြံသိမ်းပြီးရင် မြန်မြန်ပြောဆို စီမံကြ ရအောင်နော်"

လုပ်ငန်းခွင်သို့ နောက်ကျပြန်ရောက်လာသော ကျွန်တော်တို့ နှစ်ယောက်ကို အပေါင်းအသင်းများက ပြောင်ကျကျပင် လက်ခုပ်တီး အားပေးကြိုဆိုကြရှာ၏။

တံတားတည်ဆောက်ရေး လုပ်ငန်းပြီးစီး၍ ကျောက်ကြီး ပြန်ရောက်လျှင် ဖခင်ထံမှပေးပို့သည့်စာအိတ်ငယ်က အဆင်သင့်ရောက်ရှိ နေ၏။ ရောက်ရှိရက် အတော်ပင်ကြာခဲ့ပြီ။

" သား "

ဒီလခွင့်ယူပြီး ခဏပြန်လာပါ၊ သားရဲ့ဦးကြီးဦးထင်ဆော နေမကောင်းဖြစ်တာကြာပြီ။ သားတို့ငယ်ကတည်းက ဦးကြီးသမီး ထိန်စောကလေးနဲ့ စေ့စပ်ထားခဲ့တာရှိတယ်၊ ထိန်စောကျောင်းပြီးလို့ ရွာပြန်ရောက်တုန်း၊ သူ့အဖေရှိနေတုန်းမှာပဲ သားတို့ကိုစွပြီးပြတ်ကြမှ ဖြစ်မယ်၊ ပြန်လာရင် အမေအတွက် ပတ္တမြားသွေးဆေးဝယ်ခဲ့ပါ။ အရေးကြီးကိစ္စဆက်ဆက် ပြန်လာပါ။

" အဖေ "

အဖေ့စာကို ဖတ်၍ သဘောကျစွာပြုံးမိရသည်။ ချင်းတိုင်းရင်း သားတို့ မွေးကင်းစကလေးငယ်များကို စေ့စပ်ကြောင်းလမ်းပေးခြင်းသည် ဆွေမျိုးဖြစ်တည်မှု ခိုင်မာပုံကိုပြသည့်ယဉ်ကျေးမှု တစ်ရပ်သာဖြစ်သည်။ ချင်းတိုင်းရင်းသားတို့တွင် သမီးပေးသည့်အမျိုးကို "အပူ" ဟုခေါ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ခမမျိုးဟု အဓိပ္ပါယ်ထွက်သည်။ သမီးရယူသည့်အမျိုးကို "အကွေ"ဟုခေါ်ကြ၏။ သားမက်မျိုးဖြစ်၏။ ထုံးစလေ့အရ "အကွေ" ခေါ်သားမက်မျိုးနွယ်သည်၊ သမီးပေးရသော "အပူး"ခေါ် ယောက်ခမ မျိုးနွယ်ကိုမည်မျှပင် ငယ်ရွယ်စေကာမူ ရိုသေသမှုအထူးပြုရသည်။

"အပူး" မျိုးမှသမီးငယ်ဖွားမြင်ချိန်တွင် "အကွေ"မျိုး၌ သားငယ်ရှိပါက ခေါင်အိုးထမ်း၍ ရွှေရေးကိုမျှော်ချက်ချင်း စေ့စပ်ကြောင်း လမ်းလေ့ရှိကြသည်။ မွေးကင်းစ စေ့စပ်ထားသူများကြီးပြင်လာ သော် လက်ထပ်ဖြစ်သူများလည်းရှိသည်။ တစ်ယောက်နှင့်တစ်ယောက် ကြည့်မရဖြစ်ကြသူများလည်း ရှိတတ်၏။ ငယ်ရွယ်စဉ် ဆုံးပါးသွားသူလည်း ရှိနိုင်သည်။ အရွယ်ရောက်လာ၍ လက်မထပ်နိုင်ခဲ့ကြလျှင် အမှတ်တရ ပျော်ရွှင်ဖွယ် စားသောက်ပွဲတစ်ခုလုပ်၍ ဆွေမျိုးများပျော်ရွှင်စွာစား သောက်ချစ်ကြည်စွာ နေမြဲနေကြသည်သာဖြစ်၏။

ကျွန်တော် (၂)နှစ်သားခန့် အရွယ်က ထိန်စောကလေး မွေးဖွား လာခဲ့သည်။ ထိုနေ့တွင်ပင် မိဘများက သူတို့သမီးလောင်း ပေါ်လာပြီဟု ဝမ်းသာအားရစေ့စပ်ကြောင်းလမ်းခြင်း ပြုကြသည်။ ယင်းကိစ္စသည် ဘဝအတွက် တစ်စုံတစ်ရာ အနှောက်အယှက်ဖြစ်ရန် မရှိပါ။ ထိန်စော ကလေး ကိုယ်တိုင် ပညာတတ်ဖြစ်၍ အစစအရာရာ နားလည်လက်ခံ သဘောပေါက်မည်သာဖြစ်၏။ သူလည်း သူချစ်သူနှင့် ငြိမ့်ချင်ငြိမ့်နေ ပေလိမ့်မည်။ မည်သို့ဆိုစေ ထိန်စောကလေး ကျောင်းပြီး ခဲ့ပြီးဖြစ်၍ စကားပြီးပြတ်ရန် အချိန်စေ့ရောက်ခဲ့သည်ကအမှန်၊ ထို့ထက်ပို၍ သူဖခင် ကြီးဆုံးပါးမသွားခင် ထုံးစလေ့အရ ပြီးပြတ်ထားရန် အရေးတကြီး ဖြစ်နေပါ၏။ ဖခင်၏ စာလက်ခံရရှိသည်မှာ နောက်ကျခဲ့၍ အချိန်မရှိတော့ ခြင်း၊ အမြန်ပြန်လည်သွားရောက်နိုင်မှသာ နော်ဖောနှင့် ကိစ္စကို အပြန်ဆုံး စီစဉ်နိုင်မည်ဖြစ်ခြင်းကြောင့် နော်ဖောနှင့် ချစ်ခြင်းညီမျှရှိနေကြသည်ကို ဖထီးအား အသိပေးလိုက်ပါ၏။



"ဖထီး ကျွန်တော်ခွင့်နှစ်ပတ်ယူပြီး ချင်းတောင်အမြန်ပြန်၊ ရှင်းလင်းစရာရှိတာ ရှင်းလင်း၊ စီစဉ်စရာရှိတာသွား စီစဉ်လိုက်အုံးမယ်၊ ကျွန်တော့် မိဘတွေ အိုမင်းလှပြီ၊ လိုက်လာနိုင်မှာမဟုတ်ဘူး၊ ဖထီးပဲ မိဘနေရာကနေ ဆောင်ရွက်ပေးပါ၊ နော်ဖောကတော့ ကြုလုပ်ငန်း သိမ်းပြီးမှ လို့ပြောပါတယ်"

"အေးပါ့ကွယ်၊ စောနန်းက ဖထီးရဲ့တူသားဖြစ်နေမှပဲ၊ နော်ဖောခေါင်းညိတ်ပြီးရင်တော့ ဖထီးတို့ကရင်က သားသမီးဆန္ဒ မချုပ် ချယ်ကြပါဘူးကွယ်၊ ကျွန်တာဖထီးတာဝန်ထား။ အခု ချင်းတောင်အပြန် မုန်းဘက်လှည့်ဝင်ပြီး နော်ဖောဆန္ဒကိုသိအောင်ယူသွားအုန်းပေါ့ ဒါမှမိဘ တွေနဲ့တိုင်ပင်လာနိုင်မှာ မဟုတ်လား၊ အခုနော်ဖောတို့ ဝါကောက် တုန်းရယ်"

ဖထီး၏ အကြံပေးချက်အရ မုန်းသို့လှည့်ဝင်ကာ နော်ဖော နှင့်တိုင်ပင်ရဦးမည်ဖြစ်ရာ မိတ်ဆွေ စက်ဘီး ကယ်ရီယာသမား ကိုတင်လှိုင်က အားတက်သရောနင်း ပို့ပေးရှာသည်။ နော်ဖောနှင့် တွေ့တွေ့ချင်း စိတ်အကြံ၌ ပေါ်လာသမျှ ဖွင့်ဟလိုက်လေ၏။

"နော်ဖော ငါက အခုချင်းတောင်ခဏပြန်ပြီး စီစဉ်စရာရှိတာ သွားစီစဉ်တော့မယ်၊ ဖနီးလောင်းလေး ဘယ်လောက်ချောတယ် လှတယ် ဆိုတာ မိဘများနဲ့ရွာကို ကြွားပြချင်လို့ တစ်ခါထဲ လိုက်ခဲ့နော်"

'ဟဲ့ စောနန်းရဲ့ ခွေးကလေးကြောင်ကလေးမှ မဟုတ်ဘဲ မိန်းကလေး တစ်ယောက်က ယောကျ်ားလေး နောက်ရုတ်တရက် ထလိုက် သွားလို့ဖြစ်မလားဟဲ့ နင်သာမြန်မြန်ပြန်လာခဲ့'

" ဒီလိုဆိုရင် နော်ဖောမိဘများဆီခွင့်ပန်သွားမယ်လေ"

" နင်အရူးလားတဲ့၊ နင့်မိန်းမ မဟုတ်သေးဘဲ ငါ့ကိုခေါ်သွားဖို့ အမိုးအပါးတို့ဆီ သွားမပြောနဲ့ဦးနော်၊ နင်နဲ့ငါတစ်သက်လုံး မတွေ့ရဘဲ နေတော့မယ်၊ ဖထီးတို့ကဘာမှ ပြောသေးတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်လှိုင်ကို တိုင်ပင်ကြည့်ရာ ခေါ်မသွားသင့်ကြောင်း အဖြေပေးသဖြင့် လွယ်လွယ်တွေးခဲ့ခြင်းကား မိမိ၏ ညံ့ဖျင်းချက်သာ ဖြစ်တော့သည်။ ခေါ်ယူယူသွားလိုသည့် ဆန္ဒကိုချိုးနှိမ်လိုက်ရ၏။

“ဒီလိုဆိုရင်နော်ဖော ကျောက်ကြီးမှာ ပြန်စောင့်နေပါ။ ပြန်ရောက်တော့မှ ဖထီး စောဖားလောလာတို့နဲ့တိုင်ပင်ပြီး မုန်းနဲ့ ကျောက်ကြီးမှာ မင်္ဂလာဆည့်ခံပွဲကိုစွစီစဉ်ကြတာပေါ့”

“နောက်(၃)ရက်ဆိုရင် ကျောက်ကြီးပြန်မှာ၊ မြန်မြန်ပြန်လာခဲ့နော်၊ စောနန်းက နော်ဖောမျက်စိထဲမှာအမြဲရှိနေတယ် သိလား”

“စောနန်းကလဲ အမြဲသတိရနေတာပါနော်ဖောရယ်၊ ဒီမှာ အိမ်သော့ယူသွားနော်၊ စားစရာရှိတာ စားလိုက်ကြ၊ လိုတာလဲကြည့်ယူ ထားလိုက်ပေါ့၊ ကိုတင်လှိုင်စက်ဘီးကို တစ်ယောက်ယောက်နဲ့ ပြန်စီးခိုင်း သွားဟုတ်လား၊ သူကတောင်ငူဘူတာထိ လိုက်ပို့မှာ ”

“အများကြီးစုပြန်ကြမယ်ဆိုတော့ စက်ဘီးလိုတာနဲ့ အတော်ပဲ ဒါနဲ့ညရထားမှာ ထမင်း ဝယ်မစားနဲ့နော်၊ ဗိုက်နာမှာစိုးလို့ နော်ဖော ထမင်းထုပ်ထည့်ပေးလိုက်မယ်”

မုန်းမြို့အထွက်ကုန်းတန်းလမ်း ခွဲအထိ နော်ဖောကပို့ဆောင်လျက် ကိုတင်လှိုင်နှင့်အတူ ထွက်လာခဲ့ကြ၏ ညဥ့်သန်းခေါင်ရောက်မှ တောင်ငူဘူတာ၌ အာစုန်အဆန်လမ်းခွဲလိုက်ကြသည်။

× × × × × ×





(၆)

လှလောင်းပန်ရွာကလေးရှိ ဦးကြီးအိမ်၌ ထုံးမလေ့ထက်ပင် ကျော်လွန်၍ ပျော်ရွှင်စားသောက်ပွဲဖြင့် အချိန်ကုန်နေခဲ့ကြသည်မှာ ရသမျှခွင့်ရက် လေးပင်စေ့ရောက်ခဲ့ပြီ။ ကျောက်ကြီးပြန်ခါနီး၌ မိခင်အိုကြီးက တဖွဖွမှာရှာလေ၏။

“သားလေး မိန်းကလေးက တစ်နယ်တစ်ကျေး အဝေးကြီး ကဆိုတော့ ချက်ချင်းခေါ်လာပြီး မိဆိုင်ဖဆိုင် တောင်ပိုင်တောင်ပိုင်နတ် ပြထားဖို့အရေးကြီးတယ်နော်၊ ကိုယ့်နယ်နတ်ကသိထားမှ ကိုယ့်အတွက် အဆင်ပြေမှာ ဟိုမှာကိစ္စပြီးပြီးချင်း ချက်ချင်းခေါ်လာခဲ့”

“အမေကလဲဗျာ၊ သားကနိုင်ငံ့ဝန်ထမ်း၊ ဘယ်လိုလုပ်ချက်ချင်းကြီးခေါ်လာနိုင်မလဲ၊ အမေ့နတ်တွေတန်ခိုးသြဇာရှိကြမှာပေါ့၊ ဟိုမြန်မာပြည်အရှေ့တောင်ဘက် ဒေါနတောင်တန်းဘက်ကိုသာ လှမ်းကြည့်ခိုင်းလိုက်ပါအမေ၊ သူတို့မြင်ရင်သဘောကျလွန်းလို့ အမေ့ကို တောင်ကံကောင်းခြင်း ဆုလာဘ်တွေမစ ကြလိမ့်အုံးမယ်”

“ဟုတ်ပါရဲ့အရီးကြီးကလဲ ကိုနိုင်းကအမှုထမ်း ချက်ချင်းကြီး တော့ဘယ်ခေါ်လာနိုင်ပါ့မလဲ”

ထိန်စောကလေးကလည်း တက်မတတ်ချက်မတက် ရယ်မော ပြောဆိုထောက်ခံလေ၏။ ထိန်စောကလေး ကိုယ်တိုင်ရွာအထွက် ထိ လိုက်လံပို့ဆောင်လျက် ကျောက်ကြီးမြို့သို့ ပြန်လည်ထွက်ခွာ လာခဲ့ သည်။ မိဘများမှာတောင်မြင့်ခေါင်ခေါင်၌ တောင်သူယာခုတ်အရိုးထုတ် ကြသူများဖြစ်၍ ငွေစကြေးစမရှိကြ။ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာသော ချင်းနားဘက်ခေါ် ရွှေပြားကွင်းတစ်ကွင်းကို နမျောလွန်း၍ တန်ခိုးရှိသော လက်အစုံဖြင့် သက်မအခါခါချကာ ဖခင်က ထုတ်ပေးရှာ၏။ ရွှေစင်

www.burmeseclassic.com

www.burmeseclassic.com



သုံးကျပ်သားဖြစ်၍ ပေါက်ဈေးဖြင့်ရောင်းချရသမျှနှင့်ပင် ဖြစ်အောင် စီစဥ်ရပေတော့မည်။ ခရီးလမ်း၌ ပြန်လည်စီးနင်းလာခဲ့ရသမျှသော ယာဥ်ရထားတို့လည်း နှေးကွေးလွန်းလှသည်ထင်မိ၏။ ရင်ထဲ၌မှုမိုးမမြင် လေမမြင်မျော်ရွှင်တက်ကြွစွာဖြင့်ဖထီးစောဖား လောလာတို့အိမ်သို့ အပြေး ပြန်လည်တက်ရောက်ခဲ့လေ၏။ ဖထီးတို့တစ်အိမ်သားလုံးမရှိကြဘဲ ဖထီး ညီဖလေး စောဒီမူးသာအိမ်စောင့်အဖြစ်ကျန်ရစ်တွေ့ရှိရတော့၏။

"ဖလေးဒီမူး၊ ဖထီးတို့နော်ဖောတို့ကော"

"ဖားလောလာတို့ တစ်အိမ်သားလုံး မုန်းကိုသွားကြရတယ်လေ ပြောစရာရှိတယ် အိမ်မှာ အေးအေးဆေးဆေး ထိုင်အုံး"

"မုန်းကို ဘယ်တုံးကသွားကြတာလဲ၊ ဘယ်တော့ပြန်လာကြမှာလဲ ဘာကိစ္စသွားကြတာလဲ"

"နေစမ်းပါအုံးစောနန်းရဲ့ နင်ချင်းတောင်ကို မိန်းမ အယူ ပြန်တယ်ဆို၊ တစ်ခါထဲ မခေါ်ခဲ့ဘူးလားဟေ"

"ဘာတွေမဦးမချွတ် လာပြောနေတာလဲ ဖလေးဒီမူးရဲ့"

"နင်က စေ့စပ်ထားတဲ့ ကိုယ့်အမျိုး ချင်း မိန်းကလေးနဲ့ လက်ထပ်ဖို့ပြန်တယ်ကြားတာပဲ"

"ဟာ မဟုတ်မဟတ် ဖလေးဒီမူးရာ၊ ဖလေးကိုဘယ်သူ ပြောတာလဲ"

"နင်က မဟုတ်လို့လား။ နော်ဖော်ကိုယ်တိုင် ပြောတယ်လေ ရောဒီမှာ နင့်အဖေရေးလိုက်တဲ့စာတဲ့၊ နင့်ကိုပြန်ပေးဖို့ နော်ဖောထားခဲ့တာ နင့်စေ့စပ်ထားတဲ့ မိန်းကလေး ရှိမရှိနင်တို့ ချင်းအမျိုးစိုက်မျိုးရေးဖို့ ကို နော်ဖောသွားမေးတော့ ဟုတ်တယ်ပြောတာပဲတဲ့၊ အဲ့ဒါနင်ချင်းတောင် ပြန်တဲ့ရက်တွေကစပြီး နော်ဖောလဲမအိပ်မစားနဲ့ သူ့ကိုယ်သူ သတ် သေမယ်တွေဖြစ်၊ ဆရာတော်ဘုရားရှိနေလို့ပေါ့ မနည်းဟောပြောလိုက်





ရတယ်၊ ဖားလောလာတို့ တစ်အိမ်သားလုံးလဲ စိတ်မကောင်းတွေဖြစ်၊ အခုတစ်အိမ်သားလုံး နော်ဖောကို မုန်းလိုက်ပို့သွားကြတယ်လေ"

"ဘုရား ဘုရား ဖြစ်မှ ဖြစ်ရလေ"

စာအိတ်ကလေးမှာ ချင်းတောင်သို့ခွင့်ခဏပြန်ရန် ဖခင်က ရေးလိုက်သည့်စာဖြစ်သည်။ ချင်းတိုင်းရင်းသားတို့၏ မွေးကင်းစကလေးများစေ့စပ်ကြောင်းလမ်းသည့် ပျော်ရွှင်ဖွယ် ထုံးဓလေ့အကြောင်းများကို ဖလေးစောဒီမူးအား ရှည်လျားကျယ်ပြန့်စွာ အသေးစိပ်ရှင်းလင်းပြော ပြလိုက်ရ၏။

"ကျွန်တော်မုန်းကို အခုချက်ချင်းလိုက်သွားမှ ဖြစ်မယ်"

"မလိုက်နဲ့ မလိုက်နဲ့ ခရီးကနီးတာမဟုတ်ဘူး။ လမ်းကြောင်း ကလဲ ခုနေမကောင်းလှဘူး။ အောက်လမ်းကပြန်လာကြမလား၊ မြို့လမ်း ကပြန်လာကြမလား မသေချာဘူး။ လွဲကုန်ကြမယ်၊ဖားလောလာတို့ ဒီနေ့ မနက်ဖန်ပြန်လာကြမှာ၊ ဒီကပဲစောင့်"

"ဖလေး။ စောဒီမူးကတားမြစ် စကားဆိုပြီး၊ အိမ်တံခါး ပိတ်ကာဆင်းသွား လေတော့သည်။ "

မုန်းသို့ အဆောတလျှင်လိုက်ပါသွားလိုသော်လည်း စိတ်သွား တိုင်းကိုယ်ပါနိုင်သည်မဟုတ်၊ ခရီးလမ်းကြောင်းကလည်း အလွယ်တကူ ထသွား၍ မရသည့်အပြင် ပုံမှန်ယာဥ်ရထားမရှိ။ရုံးတာဝန်ကလည်း တစ်ဖက်ကရှိသေးသည်။ အချိန်နာရီတို့ ကုန်လွန်ခဲလှ၏။ ဖထီးတို့ကို မျှော်စောင့်နေရသည်မှာနေ့နှင့်ညပင် မသဲကွဲနိုင်တော့။ ပူလောင်ပြင်းပြ စွာမျှော်စောင့်နေရဆဲကာလ သာယာဝတီမြို့နယ်ရုံးသို့ (၁၅)ရက်အတွင်း ရောက်ရှိတာဝန်ထမ်းဆောင်ရန် ပဲခူးတိုင်းရုံး၏ အမိန့်ညွှန်ကြားချက် ရောက်ရှိလာ၏။ ခြေမကိုင်မိ လက်မကိုင်မိနှင့် အိပ်၍မပျော်နိုင်သော အခါများစွာပင် ရှုပ်ထွေးပူလောင်ခြင်းများစွာဖြင့် မိုးစင်စင်လင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော် သွားခဲ့ရသည်။

"ဖိုးခွား ဖိုးခွား စောနန်း ဟော့ စောနန်း "

ခေါ်သံကြောင့် လူးလဲထ၊ တံခါးဖွင့်လိုက်တော့ဖထီး စောအ… လောလာဝင်လာ၏။

"နော်ဖောတစ်ယောက်ကောဖထီး၊ ကျွန်တော်အမြန်ဆုံးတွေ့ ချင်ပါတယ်၊ အိမ်မှာရှိတယ် မဟုတ်လား၊ ဘာလို့လိုက်မလာတာ… ဖထီးအိမ်သွားကြရအောင်"

"အဲဒါပြောမလို့ပါမောင်၊ ဘယ်ကစပြောရမှန်း မသိတော့ဘူး ဖထီးတို့ အလျင်စလိုနဲ့ အမှားကြီးမှားခဲ့ကြပြီ"

"ဖထီး ဘာတွေဘယ်လိုဖြစ်နေလို့လဲ" နော်ဖောပြန်လာတာ… မဟုတ်လား၊ တွေ့ချင်လှပြီ။"

"ဖိုးခွားလေး၊ ဖိုးခွားက ချင်းတောင်မှာ စေ့စပ်ထား… မိန်းကလေးရှိတယ်ဆိုတဲ့ စာဖတ်လိုက်ရကတည်းက နော်ဖော… သူ့ကိုယ်သူ သတ်သေမယ်ထိဖြစ်သွားရှာတာကွယ့်၊ ဖိုးခွား ပြန်ရော… အောင်စောင့်ပြီး စကားရှင်းကြဖို့ ပြောပေမဲ့မရနိုင်တော့ဘူး၊ ဖထီး… စိုက်ပျိုးရေးက ချင်းဗိုးမြကို သွားမေးတော့ ဟုတ်တယ် ပြော… ဘာလိုလိုဖြစ်ကုန်ကြတော့တာပေါ့ကွယ်၊ စောနန်းမှာ စေ့စပ်ထား… မိန်းကလေးရှိရက်သားနဲ့လိမ်တာဟာ လိမ်တာပဲ၊ ညာတာဟာညာ… ဆိုပြီးနော်ဖောလဲ ငိုယိုမဆုံးနဲ့လေ၊ တောထဲတောင်ထဲတွေ အချိန်… မရှိသွားလိုသွားနဲ့၊ စစ်တောင်းမြစ်ထဲခုန်ချမှာလဲ ဖထီးတို့ကစိုးရသေးတယ်… အဲဒါဖထီးတို့က နော်ဖောကိုမုန်းခေါ်သွားပြီး ပိုင်းဝန်းနားချပြီးတော့ မှ… စောအယ်ဒီနဲ့ နေရာချထား ပေးလိုက်ကြတယ်"

လောကကြီးတစ်ခုလုံး လွင့်စင်ကျပျောက်မှောင်အထိ ဖုံးခဲ့… ဖထီး၏လက်အစုံ၌ မျက်နှာအပ်၍ အသိမဲ့ပျောက်ရှိနေခဲ့သည်မှာ … ကြာသည်မသိနိုင်၊ ဖထီးကလူကိုကိုင်လှုပ် ပြောဆိုရသည်အထိပင်





"စောနန်း ဖိုးခွား၊ ဖထီးတို့က လက်လွန်သွားခဲ့ပြီပဲ၊ အဲဒါ တစ်ညလုံးတိုင်ပင်ခဲ့ကြတယ်လေ၊ နော်ဖောလဲ ဖထီးတူမ၊ သံဘိုကျောင်း ကဆရာမလေး နော်အက်စ်သာလဲ ဖထီးတူမပဲ၊ ဖိုးခွားနဲ့လဲခင်ပါတယ်၊ ဖိုးခွားနဲ့နော်အက်စ်သာနဲ့ နေရာပြန်ချထားပေးကြဖို့ပါ တိုင်ပင်ထားကြပြီးပြီ ဖိုးခွားသဘောက"

"ဖထီး နော်ဖောကလက်ထပ်ပြီးစ ပူပူနွေးနွေး ကာလမှာ ကျွန်တော်တို့ တစ်ခုခုလုပ်ရင် သူစိတ်ရှုပ်ထွေးမှာစိုးရိမ်ရပါတယ်၊ ဒီအတိုင်းပဲ ငြိမ်းငြိမ်းချမ်းချမ်းရှိနေပါစေ၊ တခြားကျန်တဲ့ကိစ္စတွေလဲ ဘာမှအပင်ပန်းမခံပါနဲ့တော့ ဖထီးရယ် မဖြစ်နိုင်လို့ပါ။

ဖထီးလည်း အချိန်များစွာ စကားမဆိုနိုင် နှုတ်ဆိတ်နေရာ မှ တစ်ခွန်းချင်းဆိုရှာပါ၏။

"မုန်းက နော်ဖောက ဖိုးခွားအပေါ်မှာ အမုန်းမရှိဘူး ဆိုတာကို တော့ယုံပါဖိုးခွား"

"အမုန်းမရှိတဲ့မုန်းက နော်ဖောအပေါ်ကျွန်တော်လည်း အမုန်း တစ်စိုးတစ်စေ့မှ မရှိပါဘူး၊ ကြုံခဲ့ရင်လာဖြစ်သည့်အကြောင်းစုံကို နော်ဖော သဘောပေါက်အောင် ရှင်းပြချိန်ရောက်ရင်ရှင်းပြပေးပါဖထီး၊ ဖထီးလဲ ပင်ပန်းလှပြီ၊ အိမ်ပြန်အနားယူပါတော့ဖထီး"

"သက်ကြီးရွယ်အိုဖထီး တစ်ယောက်ခေါင်းငိုက်စိုက်ချ ပြန်ခဲ့ပြင်း သွားရှာသည်။ ကျွန်တော်လည်း ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည့် သာယာဝတီမြို့သို့ တိတ်တဆိတ် ထွက်ခွာလာခဲ့၏။"

ကိုနိုင်း (ချင်းတောင်)

(လုံမလေး ၊နိုဝင်ဘာ ၂၀၀၅)

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com




# ရတနာ၏အနှစ်

"သွေးသောက်ရေ – ကျုပ်သားက အဘပေါ်ကြီးအိမ်မှာနေပြီး ...ဆက်သင်မယ်ဆိုလို့ သွေးသောက်ကြီးဆီ ပို့ထားလိုက်ရတာပ၊ ...ကသင့်တန် ရိုက်၊ကြည့်ဆုံးမပါဗျား"

ကန့်ပက်လက် အလယ်တန်းကျောင်း၌ သတ္တမတန်းပြီးဆုံး ...သော် အထက်တန်းကျောင်းရှိရာ ဆောမြို့နေ သွေးသောက်မိတ်ဆွေကြီး ...သူ အဘပေါ်ကြီးထံသို့ ဖခင်က သွားရောက်အပ်နှံပေးလိုက်သည်။ ...ဘပေါ်ကြီးကလည်း ဝမ်းပန်းတသာပင် ပြောဆိုလက်ခံပါ၏။

"သွေးသောက်ကြီး သိတဲ့အတိုင်းပ၊ ကျုပ်မှာလည်း သားတစ် ...ယောက်ရှိတာ လမ်းဘက်မှာ၊ ယောက်ဖကလည်း လမ်းဘက်မှာ လုပ်တော့ ...အတစ်စက်မှ ကျုပ်ကို မကူအားကြဘူးကွဲ့၊ ကျုပ်ညီမ မြကြည်ကလေးတဲ့ ...ခဲ့တာလေးကပဲ အိမ်မှုကိစ္စလာလုပ်နေရတာပ၊ သွေးသောက်ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



မောင်နိုင်းနဲ့ တစ်တန်းတည်းဆိုတော့ အဖော် ရတာပေါ့ကွယ်''

ဆောချောင်းကမ်းစပ် သန်းပင်ခုံရပ်ကွက်၌ အဘပေါ်ကြီးအိမ် ရှိသည်။ ဒေါ်လေးမြကြည်နှင့် သမီးမြနှစ်တို့သည် ထိုခြံထဲရှိ အိမ်ကလေးတွင် သီးခြားနေကြသော်လည်း အဘပေါ်တို့နှင့် တစ်အိုးတည်းချက် စားကြပါ၏။

မြနှစ်၏ ဖခင် ဦးလေးလှဆောင်မှာလည်း လမ်းဌာနလုပ်သား ကြီးဖြစ်၍ အိမ်၌နေရသည်မရှိချေ။

ကျွန်တော်နှင့် မြနှစ်မှာ အတန်းချင်းတူကြသော်လည်း ကျွန်တော်ကား ချင်းတောင်တောနက် လှလောင်းပန်ရွာတွင် အရွယ်ကြီး ပြီးမှသာ ကန်ပက်လက်မြို့သို့ လာရောက်ကာ စတင်ကျောင်းတက် ရသူဖြစ်၍ အသက်ချင်းကွာကြသည်။

ကျောင်းတက်ရက်များ ရှည်ကြာလာခဲ့သည့်တိုင် မြနှစ်နှင့်အတူ ကျောင်းသွား ကျောင်းပြန် လုပ်လေ့မရှိပေ၊ အိမ်မှုလုပ်ငန်းများကိုသာ အတူတကွ ဝိုင်းဝန်းလုပ်ကိုင်ကြရမြဲ ဖြစ်သည်။

ထိုစဉ်က ယောခလေ့အရ တစ်နေ့တာတစ်နေ့ စပါးကြိတ်ရ ရသည်။ နေ့စဉ် နံနက်စောစောထ၍ ကျွန်တော် စပါးကြိတ်ထိုးလျှင် မြနှစ်က ပြာတီးရမြဲဖြစ်၏။

တစ်နေ့ နံနက် ကျွန်တော် စပါးကြိတ်ထိုးနေစဉ် ပြာတီး နေသော မြနှစ်က မထင်မှတ်သော စကားကို ဆိုလေ၏။

''ဟဲ့ ကိုနိုင်ငြိ နင့်နာမည်ကို အသံပြင်းကြီးနဲ့ခေါ်ရတာဆောင့်ကြီး အောင့်ကြီးနိုင်လှပါတယ်၊ ရှစ်တန်းစာမေးပွဲအတွက် ဖောင်မတင်ခင်မှာ နာမည်ပြောင်းလို့ရတယ်လေ၊ ကိုနိုင်လို့ပြောင်းလိုက် ပါလား၊ ခေါ်ရတာ အဆင်ပြေတာပေါ့ ၊နင့်ကိုနိုင်းက ဘာအဓိပ္ပါယ်တဲ့လဲ''

''ဟာ နင်ကလည်း ငါ့အဖေက ဝက်တောင်းကြီးတစ်ကောင် ကြက်ဖကြီးသုံးကောင်၊ ခေါင်အိုးကြီးနှစ်လုံးနဲ့ နတ်တင်ပြီးမှ မှည့်



ချင်းစကား ချင်းနာမည်ကွ၊ ပြောင်းပစ်လို့ ဘယ်ရမလဲ ကဲ နင့်နာမည် မြနှစ်ဆိုတာကကော ဘာဓိအဓိပ္ပာယ်လဲ''

''မသိရင်မှတ်ထား၊ မြဆိုတာ အဖိုးတန် ရတနာ၊မြနှစ်ဆိုတာ အဖိုးတန်ရတနာရဲ့အနှစ်''

''ရတနာရဲ့အနှစ်တဲ့၊ရယ်ချင်လိုက်တာ၊ လူညှစ်နဲ့ ကျောက် အနှစ်နဲ့ တခြားစီပါကွာ''

ညှစ်ဆိုသည်မှာ ဆန်ပြာရသဖြင့် ဆန်မှုန့်၊ဆန်ဖွဲတို့ဖြင့် အလိမ်းလိမ်း ဖြစ်နေခြင်းကိုဆိုလို ပါ၏။

''အမယ်-နင်က ငါ့ကို ညှစ်လို့ပြောရအောင် ငါ ထုထည့် လိုက်လို့၊ နင် ကိုနိုင်း ဆိုတာကကော ဘာလဲပြောစမ်း''

''အေး - ငါပြောပြမယ် ကိုနိုင်းဆိုတာ အဖိုးတန် ကျောက်သံ ပတ္တမြား၊ နီလာ၊မြတွေရှိတဲ့ မြေအထုကို ပိုင်သူလို့ အဓိပ္ပာယ်ရှိတယ်ကွ''

ရမ်းသမ်းပြောလိုက်ခြင်းသာဖြစ်သော်လည်း မြနှစ်ကလေးက အတော်လိမ့်နိုး ထင်ပုံရ၏။

''နင်တို့ချင်းတောင်မှာ ဘယ်မှာ ကျောက်တွင်းတွေရှိလို့လဲ''

''နင်မသိရင်မှတ်ထား-ငါတို့အရှင် သီပေါဘုရင်ကြီး ပါတော်မူတဲ့ နောက ကာနယ်စလေဒင် ရှုံးသလိုပေါ်သလိုနဲ့ အကြောင်းရိုက်မိုးယူ သွားတဲ့ ပတ္တမြားမှော်ဆိုတာ ငါ့ရဲ့အဘိုးမျိုးဆက် မှော်က ကုန်းဘောင် အရှင်ကိုဆက်တာကြောင့် မှော်ပတ္တမြားလို့ ခေါ်တာတဲ့ ကွ၊အခုလည်း လှလောင်းပန်ရွာက ငါ့ဦးလေးမှော်တို့၊မောင်းတို့ မင်းတို့ နင်တို့ အိမ်ခေါ၊ ခဏလာနေတာ မတွေ့ဘူးလား''

လှလောင်းပန်ရွာသားတို့ ပုံပြင်ဆန်ဆန် ပြောဆိုသော အစဉ် အဆက် ရှေးစကားကို အတည်ပေါက်ယူဟန် လုပ်ပြောပြလိုက်လေ၏။ မြနှစ်ကလေးက အလွယ်ပင် လက်ခံလိုက်ပုံရပါ၏။

''အင်း - အင်း - ဒါကြောင့် နင်တို့ကို ဟောင်ပိုင်ကြီးမျိုးရိုး

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောကြတာကိုး"

"အေး ငါ့နာမည်ကို ရတနာအနှစ်တို့ တည်ရာမြေကြီးရှင်လို့သာ မှတ်လိုက်တော့"

"ဟီ – ဟီ – ဟီ၊ ခစ် ခစ် ခစ်"

"ရတနာမြေကြီးရှင်ရေ လောလောဆယ်တော့ ကြိတ်ဆုံထဲမှာ မြန်မြန်လောင်းထည့်လိုက် ပါအုံး။ နှစ်ရက်စာလောက်ထိုးထားရအောင် ငါမြန်မာစာအိမ်စာ မလုပ်ရသေးဘူးဟ"

ထိုစဉ်က မြန်မာစာဘာသာရပ်၌ ဦးကြင်ဥ၏ သီချင်းပဒေသာ စာအုပ် ပြဋ္ဌာန်းပါရှိသည်။

မြန်မာစာသင်သော ဆရာသက်သည် မြန်မာကဗျာသင်ကြားရာ၌ အသံနေအသံထားဖြင့် အားရပါးရ သင်ကြားတတ်၏။ ပုံစံတူကဗျာ ရေးသားခဲ့ရန်လည်း အိမ်စာပေးတတ်၏။

"ဆရာသက်က ကိုယ်ရေးချင်သလို ရေးခဲ့ကြလို့ ပြောတာပဲ ရေးချင်သလို ရေးလိုက်ပေါ့ဟာ"

"ငါက ကာရန်တွေ မချိတ်ဆက်တတ်ပါဘူးဟယ်၊ ငါ့ဖို့ပါ နင်ရေးပေး"

"အေး ငါ ရေးကြည့်မယ်၊မကောင်းရင်ဘာမှမပြောနဲ့နော်"

"မပြောပါဘူးဟာ"

ထိုနေ့နံနက် အလုပ်သိမ်း၍ မြနှစ်က ဆောချောင်းထဲ ရေချိုးဆင်းချိန် ကျွန်တော်က မြန်မာစာ ကဗျာအိမ်စာနှစ်ယောက်စာကို ဖျက်လိုက်၊ပြင်လိုက်နှင့် ရေးသားခဲ့လေ၏။

× × × × × ×



(၂)

ယနေ့နံနက်ပိုင်း နောက်ဆုံး နှစ်ချိန်သည် မြန်မာစာချိန် ဖြစ်သည်။ ဆရာသက်သည် ပထမတစ်ချိန်၌ ရာသီဘွဲ့များကို အသေးစိတ် ရှင်းပြ၏။ နောက်ဆုံးအချိန်၌ အိမ်စာရေးလာခဲ့ရသော ကဗျာကို တစ်တန်းလုံးကြားအောင် ဖတ်နိုင်း၏။ တစ်ယောက်တစ်လှည့် ကိုယ့်ကဗျာကိုယ် ဖတ်ပြရခြင်းဖြစ်၏။

"ကဲ – မမြနှစ် ဘယ်လိုကဗျာမျိုးရေးခဲ့လဲ၊ အသံနေအသံထားနဲ့ ဖတ်ပြ"

မြနှစ်သည် ကျွန်တော် မနက်ကမှ စိတ်ကူးပေါက်သလို ရေးခြစ်ပေးသော ကဗျာကို ဖတ်လေ၏။

"မှိုင်းရီမှုန်ပျ၊ ချင်းရိုးမသို့
မျှော်တလေလေတိုင်းတိမ်ညိုခိုင်း၍ အုံမှိုင်းရီမှောင်၊
တောင်မြင့်ခေါင်၌ နေရောင်ကွယ်စ၊ ဆည်းဆာလှကို
မြင်ရလေတိုင်း လွမ်းတကာ။"

" မမြနှစ်ကဗျာက ဆရာထင်ထားတာထက် ပိုပြီးလှပ သေသပ်တာပဲ၊ မပြတ်ရေးပေးကြားလား ဒီကဗျာဖြစ်လာအောင် ဘယ်လို အတွေးရလာတယ်ဆိုတာ ကျောင်းသားတွေ နည်းယူရအောင် ရှင်းပြပေးအုံး"

မြနှစ်က ခေသူတော့မဟုတ်၊ လျင်သည် ဟုဆိုရပေမည်။ ချက်ကျလက်ကျပင် ရှင်းပြလိုက်၏။

"ဒီဆောမြို့ကနေပြီးနေဝင်ချိန် ကန်ပက်လက် အနောက် တောင်တန်းကြီးကို လှမ်းကြည့်လိုက်ရင် တိမ်ညိုတွေ အုံမှိုင်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်းတောင်တန်းကြီးပေါ်က တိမ်ညိုတွေကြားမှာ ဝင်လုလုနေလုံးနီကြီး မေးတင်နေတာ လှလည်းလှတယ်၊ လွမ်းစရာလို့လည်း ကျွန်မထင်ပါတယ်။ အဲဒါ ကျွန်မထင်သလို ရေးလိုက်တာပါ ဆရာ''

တစ်တန်းလုံး မြနှစ်ကို အထင်တကြီး မော့ကြည့်ကြသည်။ ဆရာက ချီးကျူးစကားဆိုရင်း နောက်တစ်ယောက်ကို ဖတ်ခိုင်းပြန်၏။

''ကဲ – – ဒီတစ်ခါ မောင်နိုင်းအလှည့် အားလုံးကြားအောင် ဖတ်ပြစမ်းကွာ''

ကျွန်တော်လည်း ကပျာကသီ ရေးခြစ်လာသော ကဗျာကို အသံမြှင့်၍ အော်ဖတ်လိုက်၏။

''ငါ၏ အချစ်၊ မြအနှစ်နှင့် ငှက်ဖြစ်သော်ငြား၊ ကိုင်းမခြားဘဲ
ခိုနားပင်ထက်၊ တောင်ပံယှက်လျက် ဝက်ဖြစ်ပါမူ၊
ဝပ်ကျင်းတူ၍ ကြည်ဖြူပျော်မွေ့၊ နွတ်သီးတော့ကာ
ဓလေ့ဘာသာ၊ သံသရာ၌ ရည်ကြာနိုင်မြဲ၊ ရွှေလည်တွဲဖို့
ရင်ထဲသစ္စာ ဆိုတကား''

''ဟား ဟား မား''

ကဗျာရွတ်သံဆုံးသော တစ်တန်းလုံးပွဲကျ သွား၏။ ဆရာသက်ကိုယ်တိုင် ရယ်မောပြောဆို၏။

''မင်း ဒီကဗျာရေးဖို့ ဘယ်လိုအတွေးရလာတယ်ဆိုတာ ရှင်းပြအုံး''

''ဒီလိုပါဆရာ ၊ ကျွန်တော် မနက်အစောကြီး စပါးကြိတ်ထိုးနေတုန်း ဘုန်းကြီးကျောင်းကဖွင့်တဲ့ ဓာတ်စက်သီချင်းထဲမှာ ငှက်ဖြစ်ရင်လည် တစ်ကိုင်းတည်း နားချင်တယ်ဆိုတာ ကြားမိပါတယ်၊ ဝက်ဖြစ်ရင်လည်း တစ်ကျင်းတည်း လူးဖို့ ခွေးဖြစ်ရင်လည်း တစ်ခွက်တည်း စားဖို့ အဲဒါမျိုး ကျွန်တော်ဆက်တွေးပါတယ်၊ ဒါပေမဲ့ ခွေးအထိ မရေးတတ်လို့ ဝက်နဲ့တင် ဆုံးသွားပါတယ်ဆရာ''



တစ်တန်းလုံး တသောသော ရယ်မောကြသည်။ ဆရာသက်ကလည်း ရယ်မောရင်းတစ်တန်းလုံးကို လွှမ်းခြုံပြောကြားလေ၏။

''အားလုံးမှတ်ထားကြ အတွေးတစ်ခုကို မောင်နိုင်းလို မင်းတို့ ဖြန့်ထွက်ပြီးတွေးရမယ်၊ စာတစ်ကြောင်းတွေ့ရင် အတွေးတစ်သောင်း ဖြန့်ထွက်တွေးတတ်ကြရမယ်၊ ဒီအတွေးကို စာစည်းကမ်း၊ ကဗျာစည်းကမ်းနဲ့ မင်းတို့ မှတ်တမ်းတင်ထားနိုင်ရင် စာဆိုတော်ကောင်း တွေ ဖြစ်မှာ မလွဲဘူး''

ဆရာ့စကား မဆုံးမီ ကျောင်းဆင်းခေါင်းလောင်းထိုးသည်။ အတန်းထဲမှ ဆရာထွက်ခွာသွားသောအခါ ဆူညံသောအသံများဖြင့် ပြေးထွက်လာခဲ့ကြ၏။

ထိုအိမ်စာကဗျာကို ရွတ်ဆိုပြီးသည့်နောက်ပိုင်း မြနှစ်ကလေးသည် မိမိအားဖက်လဲတကင်း ဆက်ဆံခြင်းမရှိတော့ချေ။

သူ့ကို ရည်ရွယ်ခြင်းမဟုတ်၊ မရေးတတ်၍ဖြစ်ရခြင်းကို သိပါလျက် အရောတဝင်မရှိခြင်းအတွက် ထိုနှစ်တစ်နှစ်လုံး ခပ်တင်းတင်း ပင်နေခဲ့၏။ ဤသို့ဖြင့် စာမေးပွဲကြီးပြီးဆုံး၍ ကျောင်းပိတ်သွားခဲ့၏။

× × × × × ×

(၃)

ကျောင်းပြန်ဖွင့်သော် ဦးလေးလှဆောင်၏ လမ်းဈာ။အလုပ် ပခုက္ကူသို့ ပြောင်းရွှေ့ရသဖြင့်မြနှစ်လည်း ပခုက္ကူ အမှတ်(၁)ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောင်းရွှေ့သွားခဲ့ရ၏။

ထိုနှစ်တွင် တုံကြီးရွာနေ ညီဝမ်းကွဲဖြစ်သူ မောင်အောင် ရှစ်တန်းတက်ရန် ရောက်ရှိလာသဖြင့် နေပျော်သွားခဲ့၏။ စာသင်နှစ် တစ်ဝက်ခန့်အရောက် မြနှစ်ကလေးက စာတစ်စောင်ပေးပို့ခဲ့သည်။

စာကြိုးစားရန်၊ အဘတို့ကို ဂရုစိုက်ရန်၊ ကိုစောဖေနှင့်လိုက်၍ ကြက်ပစ်၊ ငှက်ပစ်မလုပ်ရန် ဆယ်တန်းဖြေပြီးပြီးချင်း ဆောသို့ အပြီးပြန် လာတော့မည်အကြောင်းများဖြစ်၏။

ကိုကြီး ညီမလေးစသည့် ယောလေ့အခေါ်အတိုင်း ယဉ်ကျေး စွာ ရေးသားထား၏။ ထိုစာရပြီးသည့်နောက်ပိုင်း အတိတ်က သူစိမ်း ဆန်ဆန် ဆက်ဆံခဲ့ခြင်းများအတွက် နေ့စဉ် နောင်တရနေမိတော့၏။

အမှန်တော့ နေ့စဉ်နှင့်အမျှ သတိရနေခဲ့ခြင်းဖြစ်ပါ၏။ ကိုးတန်း၊ ဆယ်တန်းနှစ်များ၌ လူချင်းဆုံတွေ့နိုင်ခြင်းလည်း မရှိကြတော့ ချေ။

ဆယ်တန်းဖြေပြီး၍ မြနှစ်ကလေးဆောသို့ ပြန်လာရက်ကို သိရလျှင် ချင်းတောင်သို့ မပြန်သေးဘဲ စောင့်ဆိုင်းနေလိုက်၏။

ပခုက္ကူမှ ကျောက်ထုသို့ ပြန်ရောက်သည့် နေ့တွင် သွားရောက် ကြိုခဲ့သည်။

"ဟယ် ကိုကြီးနိုင်း အရင်ကလို ဖြူပိန်လေးမဟုတ်တော့ပါလား ညိုထွားကြီးဖြစ်နေပါလား"

မြနှစ်ကလေး ဝမ်းသာရွှင်ပျစွာ နှုတ်ဆက်သည်။ ယခင်လို နှင် ငါစသည့် အခေါ်အဝေါ်များနှင့် ပြောဆိုခြင်းမရှိတော့။

သူကလေးကား လွန်ခဲ့သော ၂၊ နှစ်ကနှင့် အကွာကြီးကွာ သွားခဲ့ပြီး ဆံရစ်ဝိုင်းကလေးလည်း မရှိတော့၊ ထူထဲအုံ့ခဲသော ဆံနွယ် များက ပခုံးပေါ် ဝဲကျနေ၏။





ဖြူနုလှသော ယောသူမလေးသည် ပခုက္ကူ၏ နေပူအထဲကြောင့် ညိုချောကြီးဖြစ်သွားခဲ့ရသည်ထင်မိ၏။

"ညီမလေး မြနှစ်ကို လမ်းမှာ ရုတ်တရက်တွေ့ရင် အစ်ကို မှတ်မိမှာ မဟုတ်ဘူးဟဲ့၊ ညီမလေးက တကယ့်ကို ညိုချောကြီးဖြစ် လာတယ်၊ အများကြီးလည်း ရင့်ကျက်လာတာပဲ"

"ဒီအတိုင်းပါပဲဟယ် မတွေ့တာကြာလို့ ကိုကြီးစိတ်ထဲ ထင်နေတာ ဖြစ်မှာ ဒါနဲ့ကိုကြီးစာမေးပွဲကော ကောင်းကောင်းဖြေနိုင် ရဲ့လား ညီမလေးက အင်္ဂလိပ်စာ သိပ်အားမရပါဘူးဟယ်"

"ကိုကြီးလည်း ဖြေနိုင်တယ်လို့တော့ ထင်တာပဲ ညီမလေး"

နွေရက်ဖြစ်၍ ထိုနေ့က ညဘက်ထွက်သည့် ရွှေပြည်စိုးကားဖြင့် ကျောက်ထုမှ ဆောသို့ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ညဦးသန်းခေါင်ကျော်မှ အဘပေါ်ကြီး၏ အိမ်သို့ ပြန်လည် ရောက်ရှိကြ၏။

တစ်ညလုံး စကားပြော၍ မကုန်နိုင်ကြ။

"မောင် ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်မှာ မဟုတ် လားကွဲ့"

အဘပေါ်၏ အမေးကို အမှန်အတိုင်းပင် ပြန်ကြားလိုက်၏။

"ကျွန်တော့်အဖေက တောင်ယာခုတ်ဖို့ ဓားမောက်ကလေး တောင်မှ မဝယ်နိုင်တာ၊ ဘယ်ကျောင်းဆက်ထားနိုင်မလဲ အဘရယ်၊ ဆယ်တန်းအောင်ရင် ကန်ပက်လက်မြို့ပိုင်ကြီးက စာရေးခန့်ဖို့ ထုပ်ပေးမယ် ပြောတယ်၊ အဲဒါပဲလုပ်တော့မယ်လေ"

ထိုအလုပ်မှလွဲ၍ အခြားရွေးချယ်ရန်လည်းမရှိခဲ့ချေ။

"မြနှစ်လည်း စာမေးပွဲအောင်ရင် ရရာ အလုပ်လုပ်တော့မယ် အဘ အဖေ့လမ်းလုပ်သား အလုပ်က ပင်ပန်းလှပါတယ်အဘရယ်၊ မြနှစ်အလုပ်ရတာနဲ့ ချက်ချင်းထွက်ခိုင်းမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်–စာမေးပွဲအောင်စာရင်းက ဘယ်တော့ထွက်ကြမှာလဲ"

"ကဆုန် – နယုန်လောက် ထွက်မှာပါ အဘ"

စကားပြောကောင်းနေကြသော်လည်း ကြက်တွန်သံများ ရှေး ဝါးဝါး ထွက်လာသဖြင့် အိပ်ရာဝင်လိုက်ကြသည်။

မိုးလင်းသည်နှင့် မိဘများ၏ ယာစပါးမျိုးချချိန်ကို ကူညီလုပ်ကိုင်နိုင်ရန် လှလောင်းပန်းရွာကလေးသို့ ပြန်ထွက်လာခဲ့၏။

ဆောမြို့အထွက် ကန်ပက်လက်ကျောက်ထု လမ်းခွဲအထိ မြနှစ်ကလေး ပြန်လိုက်ပို့၏။ အနေဝေးကွာသွားခဲ့ကြခြင်းကြောင့် ရင်ထဲ၌ ပိုမိုနက်ရှိုင်းစွာ နားလည်ရင်းနှီးသွားခဲ့ကြပါ၏။

× × × × × ×

(၄)

ဆယ်တန်းအောင်စာရင်းထွက်၍ မကြာမီ ကန်ပက်လက်မြို့ပိုင်ရုံး၌ စာရေးအလုပ်ဝင်ရောက်ခဲ့၏။ ဆယ်တန်းအောင်ထားသော မြနှစ်လည်း ယာယီအားဖြင့် ဆောမြို့လမ်းဌာနရုံး၌ နေ့စားဝင်အလုပ်စောင့်မျှော်နေဆဲရှိ၏။

ထိုနှစ်အတွင်းမှာပင် ကန်ပက်လက်မြို့ပိုင်ရုံးလည်း မြို့နယ်ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်မှုကော်မတီရုံးဖြစ်လာ၏။ မကြာမီ ကျွန်တော်ဇာတိဖြစ်သော လှလောင်းပန်းရွာကလေး၌ အစိုးရမူလတန်းကျောင်း ဖွင့်လှစ်ခွင့်ရခဲ့သည်။





တုံကြီးရွာမှ ညီဝမ်းကွဲမောင်အောင်လည်း တာဝန်ခံကျောင်းအုပ်ဖြစ်လာခဲ့၏။ နောက်ထပ်လိုအပ်နေသော ဆရာရရှိရေးအတွက် ညီမလေးမြနှစ်ထံသို့ အပြေးလာခဲ့လေ၏။

"ညီမလေးမြနှစ် အခု ကိုကြီးတို့ ကန်ပက်လက်နယ်မှာ မူလတန်းကျောင်းတွေ ချပေးတာ အများကြီးပဲ ဆရာ မရှိလို့ တချို့ကျောင်းတွေ မဖွင့်နိုင်ဘူး၊ အဲဒီမှာ ညီမလေးဆရာမ လာလုပ်ပါလား"

"ညီမလေးကတော့ ဘယ်ရောက်ရောက် လုပ်ချင်တာပဲ၊ အဘတို့ အဖေတို့ ဘာပြောမလဲမသိဘူး၊ အဘက လွှတ်လိမ့်မယ် မထင်ဘူး"

"အဘက လွှတ်ရင်ညီမလေးက ချင်းတောင်မှာဆရာမသွားလုပ်မှာ သေချာတယ်နော်"

ညီမလေးခေါင်းညိတ်သောအခါ အဘပေါကြီးကို ကျွန်တော်အချိန်ယူစည်းရုံးရသည်။ ဘေးအန္တရာယ်အပေါင်းမှ အသက်နှင့်လဲ၍ တာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း အတန်တန်ပြောဆိုတော့မှ အင်တင်တင်နှင့်ခွင့်ပြုလိုက်လေ၏။

"မောင့်ဇာတိ လှလောင်းပန်းမှာပဲ လုပ်ရမယ်ဆိုရင် အဘထည့်လိုက်မယ်၊ လှလောင်းပန်းက အဘတို့နဲ့ အမျိုးလိုနေကြတာပဲ၊ မောင့်ဦးလေး ငမောက်တို့၊ ငမောင်းတို့နဲ့ အခေါ်လွှတ်လိုက်ပါကွယ်"

အဘပေါကြီး သဘောတူသွားပြီးဖြစ်၍ မြနှစ်ကလေးအား လှလောင်းပန်းရွာတွင်ပင် ခန့်ထားပေးရေးပြောဆိုပေးပါရန် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ လူကြီးများကို တောင်းပန်ထားခဲ့၏။ သေချာသည်နှင့် ဦးလေး ငမောက်၊ ငမောင်းတို့နှင့်အတူ သွားရောက်ခေါ်ယူခဲ့လေ၏။

တစ်ရွာလုံး၌ သွပ်မိုးတစ်လုံးတည်းသာရှိသော ရွာကျောင်းတလေးသည် စာသင်ကျောင်းဖြစ်သလို ဆရာမ နေအိမ်လည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးသို့ ပြန်ရောက်လေတိုင်း ကလေးငယ်များနှင့် လုံးထွေးပျော်ရွှင်နေသော ဆရာမလေးကို မြင်ရတိုင်း လွမ်းစရာပင် ဖြစ်ရပါ၏။

ညီဖြစ်သူ တာဝန်ခံကျောင်းအုပ် မောင်အောင်ကို အထပ်ထပ် အခါခါ မှာကြားရ၏။

"ညီလေးမောင်အောင် ဆရာမလေးရဲ့ စားသောက်ရေး ဘာမှ မပြတ်လပ်စေနဲ့ အစ်ကိုကျောင်းနေတုန်းက မှီခိုခဲ့ရတဲ့ ကျေးဇူးရှင်တွေ ဆိုတာ ညီလေးအသိပဲ လိုအပ်တာရှိရင် ညီလေးကိုယ်တိုင် အစ်ကို့ဆီ လိုက်လာခဲ့"

"မပူနဲ့ကိုကြီး။ ဆရာမလေးကို တို့မျိုးနွယ်ထုံးစံအတိုင်း ရွာရဲ့ မျိုးနွယ်မိသားစု အိမ်ထောင်စာရင်းထဲ ထည့်ထားကြတယ်၊ ဘာပဲရရ သူ့ကိုအရင်မပို့ဘဲ စားတဲ့လူမရှိဘူး အကိုစိတ်ချ"

ချင်းဓလေ့အရ အမဲလိုက်၍ သားကောင်ရလျှင် အိမ်တိုင်းဝေ အညီအမျှ ခွဲဝေရ၏။ နတ်ပွဲကြီးများ၌ ဆရာမလေးလည်း ခွဲတမ်း အပြည့်ရသည်။

ပေါ်ဦးပေါ်ဖျားသီးနှံများကိုလည်း ဆရာမလေးကိုသာ အလျှင် ကျွေးကြလေ့ရှိ၏။

ရွာဘုံနတ်ပွဲကြီးများ၌ ရွာရှိလူကုန်ပါဝင်ရသည်ဖြစ်ရာ ဆရာမ လေးကိုလည်း ပါဝင်စေကြသည်ဟူ၏။ အလိုက်အထိုက် နေတတ်သော ဆရာမလေးနှင့် အဆင်ပြေပြေရှိလှ၏။ မည်ဖျှကြာလိုက်သည် မထင်ရ ထိုတစ်နှစ်ကုန်ဆုံးသွားခဲ့၏။

နောက်နှစ်တွင်ကား ရွာကလေးသို့ အခါအားလျော်စွာ ကျွန်တော် မရောက်ရှိနိုင်တော့ပါ။ စနစ်သစ်အုပ်ချုပ်ရေး အပြောင်းအလဲ ကာလ၌ရုံးလုပ်ငန်းကို နေ့နေ့ညည အချိန်ပြည့်လုပ်ကြရသည်။ ထိုနှစ်ယော ဓလေ့၊ ဆောမြို့ တန်ဆောင်တိုင်ဆင်မာလိုက် ဘုရားပွဲနှင့် သနပ်ခါးပါး





တို့ပွဲရှိမှသာ နေရာဟောင်းသို့ ပြန်လည်လာရောက်ဆုံတွေ့ကြရ၏။

ဘုရားပွဲ အပြန်လမ်းခရီး၌သာ အချိန်ယူ စကားပြောခွင့် ကြုံကြသည်။

"ညီမလေး အခု ကျေးရွာတွေမှာ ရွာစာရေးတွေ ခန့်တော့မယ် တဲ့ ကိုကြီးလည်း ကျေးရွာလုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ စာရေးအဖြစ် ရွာကို ပြန်ပြောင်းလာရမလားလို့ ကိုကြီးလေ ညီမလေးနားမှာပဲ နေချင် တယ်၊ အခုတော့ ညီမလေးနဲ့ ဝေးနေရသလိုပဲ"

အနှစ်နှစ်အလလက ရင်၌ သန္နိတည်ထားခဲ့သော စကားလုံး တို့ကို တစ်ချိန်တည်းနှင့် အကုန်စင် ဖွင့်ဟလိုက်ခြင်းပင် ဖြစ်ပါ၏။

ငယ်ရွယ်သော်လည်း ပိုရှိရင့်ကျက်သော ညီမလေးစကားက တည်ငြိမ်လှ၏။

"ဟယ် ကိုကြီးကလည်း ကိုကြီးကို စံအိမ်ရွာက ဆရာမလေး မအွယ်လေးနဲ့ 'လက်ထပ်ပြီးပြီလို့ ရွာကလူတွေပြောနေကြတယ်"

"ဟာ ညီမလေးကလည်း ချင်းဓလေ့တွေ ညီမလေးသိသင့် သလောက် သိနေတဲ့ဟာပဲ၊ ဒီလိုကွဲ့ ညီမလေးရဲ့ စံအိမ်ရွာက မအွယ်လေး က အစ်ကိုကြီးဦးကြီးရဲ့သမီးလေ ကိုကြီးနဲ့က ယူသင့်ကြတဲ့ အမျိုးကွဲ့။

ကြိုက်ပေမယ့် မယူသင့်တဲ့အမျိုးဆို ရှိတယ်လေ၊ အဲဒီယူသင့် တဲ့အမျိုးထဲက မွေးကင်းစကလေးငယ်တွေကို မိဘတွေက ခင်မင်ခြင်း သဘောနဲ့ လက်ထပ်ပေးတယ်၊ ပြီးတော့ မင်္ဂလာပွဲဆိုပြီး စားကြသောက် ကြတဲ့ပွဲပါ

အဲဒါ မအွယ်လေးမွေးတုန်းက အစ်ကိုကြီးနဲ့ လက်ထပ်ပွဲဆိုပြီး ယဉ်ကျေးမှုထုံးဓလေ့အရ လုပ်ကြတာပါ။ တချို့လည်း ကြီးလာရင် လက်ထပ်ဖြစ်တဲ့သူတွေရှိသလို တချို့လည်းမယူကြပါဘူး ညီမလေး သဘောပေါက်ပါတယ်နော်"

"အင်း ဘာပဲပြောပြော ကိုကြီးရယ် ညီမလေးချင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှ ကိုကြီးတို့ ထုံးစလေ့တစ်ခု ချည့်နဲ့သွားသလိုမျိုး အမြင်ခံ
ညီမလေး မလိုလားပါဘူး။ ဆရာမလေး မအွယ်လေးကလေ ကိုကြီး
သံယောဇဉ်သိပ်ကြီးပုံရတယ်''

''ဘယ်လိုကြောင့် ပြောနိုင်တာလဲ ညီမလေး''

''ဟိုလေ မနှစ်ကရော၊ ဒီနှစ်ဦးကရောပေါ့၊ သင်္ကြန်
တက်ကြတော့ သူ့စာအုပ်ကြားထဲမှာ ကိုကြီး ဓာတ်ပုံတွေ့ဖူးတယ်

''ဩော် ဒါက ဒီလိုကွဲ့ ညီမလေးရဲ့ ကိုကြီးတို့က မိသား
မျိုးနွယ်တူတွေလေ၊ တစ်ယောက်ယောက်က ခရီးရှည်သွားပြီးအကြာ
ခွဲကြရမယ်ဆိုရင် လက်ကောက်တို့၊ ပုတီးတို့ပေးပြီး နှုတ်ဆက်ခဲ့
တယ်လေ အဲဒါကိုကြီး ဆောကျောင်းပြောင်းလာရတော့မယ်
လက်ကောက်အစား ဓာတ်ပုံပေးပြီး နှုတ်ဆက်ခဲ့တာပါ။ဟို ညီမလေး
သလို ချစ်လက်ဆောင်ပေးတာမျိုးမဟုတ်ဘူး''

''ဒါဆို နှစ်ပေါင်းကြာလှပြီပဲ၊ သူ့အမြတ်တနိုးသိမ်း
တာပဲလေ''

တစ်မျိုးတစ်မည် ထင်နေပြီဖြစ်ကြောင်း ရိပ်စားမိလိုက်သ
အပွင့်လင်းဆုံးပင် ပြောကြားလိုက်ရပါ၏။

''ညီမလေးကို ကိုကြီးဘယ်လောက်တွယ်တာပြီး သံယော
ကြီးတယ်ဆိုတာတော့ ညီမလေးငြင်းလို့မရနိုင်ပါဘူး။ ကိုကြီးတို့တစ်
လည်း အလုပ်အကိုင်နဲ့ ဖြစ်ကြပြီဆိုတော့ ဖွင့်ပြောဖို့အချိန်တန်ပြီ
ကိုကြီးခံယူထားတယ်''

''မငြင်းပါဘူးကိုကြီးရယ်၊ ညီမလေးလည်း ကိုကြီးကို တွယ်
စိတ်နဲ့ ကိုကြီးရဲ့ဇာတိရွာကို ရောက်လာတာပဲလေ၊ ရင်ထဲက သံယော
တွေကို မပြောဘဲလည်း သိနေကြပါတယ်။

ဒါပေမဲ့ ညီမလေးက ခုမှအလုပ်ဝင်စဆိုတော့ ဘဝအတွ
အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဝေခွဲဆုံးဖြတ်ထားနိုင်တဲ့ အခြေအ





မှာ အခုထိသင့်မရှိသေးပါဘူး၊ ဒီနှစ်နွေရာသီကျောင်းပိတ်ရင် ဆော
ပြန်မယ်၊ ကျောင်းဖွင့်ရက်ရောက်တော့ လာကြိုပေးအုံးနော်၊ ဒီချိန်ကျရင်
ညီမလေးနဲ့ကိုကြီး တိုင်ပင်ဆွေးနွေးကြဖို့ လမ်းစတစ်ခုတော့ ရနိုင်ကောင်းရဲ့
လို့ ညီမလေး ထင်ပါတယ်''

ပြီးပြည့်စုံသောအဖြေဖြစ်ဟုပင် မှတ်ယူပါ၏။ တိုင်ပင်သင့်သူတို့နှင့်
တိုင်ပင်လိုသေးဟန်ရှိသည်ဟုလည်း ထင်မိ၏။

ထိုနေ့က ညီမလေးကို လှလောင်ပန်းရွာသို့ အရောက်ပြန်ပို့ခဲ့
ပြီးလေးလံသောခြေလှမ်းများဖြင့် ကန်ပက်လက်မြို့သို့ ပြန်လာခဲ့လေ၏။
ထိုနှစ်တစ်နှစ်လည်း လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ပြန်လေ၏။

× × × × × ×

(၅)

ကျောင်းဖွင့်ရက်ရောက်လျှင် ညီမလေးမြနှစ်ကို ဆောမြို့သို့
သွားရောက်ကြိုခဲ့၏။ ဆောမြို့မှ အညာကတင်းရွာကို ဖြတ်၍ တောလမ်း
အတိုင်းလှလောင်းပန်ရွာသို့ ပြန်တက်ခဲ့ကြ၏။ စင်းယုန်တောင်ထိပ်သို့
ပြန်ရောက်ကြလျှင် အချိန်ယူအမောဖြေနားကြ၏။

စင်းယုန်တောင်ထိပ်သည် လှလောင်းပန်ရွာ၊ စံအိုးရွာ၊
ဘုံကြီးရွာ အညာကတင်းရွာသွား လမ်းဆုံဖြစ်သည်။ ထိုရွာကလေးများကို
တောင်ထိပ်မှ ပတ်ချာလည် လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှလောင်းပန်းရွာနှင့် ခရီးပို၍ နီးကပ်ခဲ့ပြီးရွာကလေးမှ လူ ခွေးသံ၊ ကြက်သံများ ကြားရနိုင်သည်။ အမောပြေလောက်သည် စကားစလိုက်၏။

"ညီမလေးအဘတို့ဆီ လူကြီးစကားပြောဆို ပေးဖို့ ကိုကြီး ဆရာမြို့ပိုင်ကြီးက သူ့တာဝန်ထားပါလို့ ပြောတယ်၊ အဲဒါ ညီမ အဆုံးအဖြတ်ပေးတဲ့အချိန် မြို့ပိုင်ကြီးက အဘတို့ဆီသွား ဒီဝါကျွတ် ကျောင်းပိတ်ချိန်လောက်ဆိုရင် ညီမလေး အဆင်သင့် မလား"

"ညီမလေးနဲ့ကိုကြီးက တစ်အိမ်တည်းကြီးလာကြသူတွေပဲ အပွင့်လင်းဆုံး တိုင်ပင်ကြရမှာပေါ့။ စံအိမ်ရွာက ဆရာမလေး လေးဟာ ကိုကြီးတို့နှစ်ဖက်မိဘတွေ ရည်စူးထားသူပါ ရုပ်လှသလော နှလုံးသားကလည်း အင်မတန်ယဉ်ကျေးသိမ်မွေ့ပါတယ်၊ ညီမ ကတော့ ဒီလိုမိန်းကလေးမျိုးကို ကိုကြီးရဲ့အိမ်ထောင်ထိန်းသိမ်းသူ ဖြစ် ချင်တာပဲ"

"ဟာ ညီမလေးက မဆိုင်တာတွေ ထည့်ပြောနေပြန် ကိုကြီးက ညီမလေးကို မခွဲနိုင်အောင်ချစ်တယ်၊ ညီမလေးကလည်း ကိုကြီးကို သံယောဇဉ်ရှိတယ်၊ ဒီနှစ်ယောက်ပေါင်းစည်းနိုင်ကြမယ့် အ အခါနေ့ရက်ကိုပဲ တိုင်ပင်ကြရမှာပါ"

"ညီမလေးကလည်း ကိုကြီးနဲ့ အချိန်ယူဆွေးနွေးတိုင်ပင် စိတ်ကူးလာခဲ့တာ ကြာပါပြီ၊ဘဝမှာ အဖြစ်ချင်ဆုံးထက် အဖြစ်သင့် ကိုပဲ ဆုပ်ကိုင်ကြရမှာပါ။ ဒါကိုလည်း ကိုကြီးပဲ အဆုံးအဖြတ်ပေး ညီမလေးက ဦးနှောက်ပေါက်ကွဲမတတ် အကြိမ်ကြိမ်စဉ်းစားခဲ့ရ အကြောင်းကိုပဲ ထပ်ပြီးပြောပြရအုံးမှာပေါ့ ညီမလေးက ကိုယ့်စိတ် အလိုလိုက်ပြီး ကိုကြီးနဲ့အလိုတူ ဖြစ်ခဲ့ရင် ညီမလေးတစ်ယောက်တည်း



ရမှာပေါ့ မွေးကတည်းက အရှည်ကို မျှော်တွေးပြီး ရည်စူးလာခဲ့တဲ့ ကြီးတို့နှစ်ဖက် မိဘတွေ ဘဝတစ်သက်လုံးမှာ တနုံ့နုံ့ခံစားနေရမှာ မဖြစ်စေချင်သလို ညီမလေးကြောင့် သိမ်မွေ့လှတဲ့ ဆရာမလေး အွယ်လေးရဲ့ ရင်ထဲမှာ တနင့်နင့်ခံစားသွားရမယ့်အဖြစ်မျိုးကိုလည်း အောက်ကျင်းကတက်လာတဲ့ ကျွန်မဗမာမလေးတစ်ယောက်အနေနဲ့ ယ်လိုမှ အဖြစ်မခံချင်ပါဘူးကိုကြီးရယ်"

အောက်ကျင်းဆိုသည်မှာ တောင်ပေါ်သားတို့က ယောဒယကို သောစကားဖြစ်၏။ ညီမလေးလည်း စကားကို လက်စသတ်ပြီး င်းမဖော်တမ်း တောင်အောက်သို့ ငုံ့ကြည့်လျက်ရှိ၏။

တစ်ချက်တစ်ချက် လှလောင်းပန်းရွာမှ ကလေးများအသံနှင့် အိမ်ရွာမှ ကြက်တွန်သံများကို ကြားရ၏။

"ဒီမှာ ညီမလေး ကိုယ်တို့ရှေ့ခရီးကိစ္စကိုပဲ ပြောကြပါစို့၊ အွယ်လေးနဲ့ကိုကြီးက ဘာမှပြောဆိုဖူးကြတာ မဟုတ်ပါဘူး၊ ထုံးမလေ့ ရ ယူသင့်တဲ့အမျိုးတွေလောက်ပဲဖြစ်တယ် ဒီဝါကျွတ်ပြီးရင် မြို့ပိုင်ကြီး ကို ညီမလေးမိဘတွေဆီ ကိုကြီးလွှတ်ချင်ပြီ ဒီဝါကျွတ်မှာ ညီမလေး အဆင်သင့် မဖြစ်သေးဘူးဆိုရင် နွေကျောင်းပိတ်လောက် ဖြစ်မလား၊ ညီမလေးဖြစ်ချင်တဲ့ရက်ကို ပြောဖို့ပါပဲ"

"ပြောရရင်တော့ ကိုကြီးရယ် ညီမလေးကလည်း လှလောင်း န်ရွာနဲ့ ခွဲလို့မရသလောက် ဖြစ်နေတော့တာ၊ ကျောင်းပိတ်တုန်း ဘာခဏပြန်တာတောင် လက်ဆွဲပြီးငိုတဲ့ကလေးမလေးတွေရှိတယ် ပြီးတော့ ညီမလေးက ရွာရဲ့နေ့ကလေးထိန်းဆရာမလည်း အလိုလို ဖြစ်နေရတာ ကိုကြီးရဲ့၊ နို့စို့ကလေးတွေကအစ ညီမလေးနဲ့ အိပ်ခဲ့ပြီး ကိုနားဒီနား အလုပ်သွားကြရတာ တစ်ရွာလုံးကလည်း ညီမလေးကို ရွာမှာပဲ အမြဲရှိနေစေ ချင်ကြတာကိုကြီးရဲ့၊ ညီမလေးကို ရွာမှာအမြဲနေဖို့

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပြီးနားချ နေတာ ကြာပြီ''

''သိပ်ကောင်းတာပေါ့ ညီမလေးရယ် ရှာနဲ့ ကန်ပက်လက် ဒီလောက်ဝေးတာမှ မဟုတ်ဘဲ ကိုကြီးလည်း သွားလိုက်လာလိုက် နေသို့ အဆင်ပြေတာပေါ့''

''အင်းလေ အဲဒါကြောင့် ကိုကြီးပဲ အဆုံးအဖြတ် ပေးရမှာ ညီမလေးစကားခံထားတာပဲ၊ တစ်ရွာလုံးပိုင်းပြီး နားချနေကြတယ် ဆိုတာ ကတော့ ကိုကြီးညီ ဆရာလေးကိုအောင်နဲ့ လက်ထပ်ဖို့ ပြောကြတာပဲ ဆရာမ မအွယ်လေးက ကိုကြီးကို ချစ်တယ်ဆိုတာ သေချာသလို ဆရာလေး ကိုအောင်ကလည်း ကျွန်မကို ချစ်တယ်ဆိုတာ ကျွန်မ အသေအချာသိတယ်၊ သူကျွန်မကို ကမ်းလှမ်းထားတာတော့ ကြာပြီ ဒီအကြောင်းကို ရွာသားတွေ သိကြတာတော့ မဟုတ်ပါဘူး ဆရာလေးကိုလည်း ကျွန်မနဲ့ ချဉ်းချဉ်းကပ်ကပ် မနေရကောင်းလားဆိုပြီး ဆူဆူပူပူလုပ်ကြသတဲ့၊ ကိုကြီးအမျိုးတွေအကြောင်း ကိုကြီး အသိဆုံး နေမှာပေါ့၊ အဲဒီအထဲမှာ ဦးလေးမောက်နဲ့ မောင်းတို့ မေမေ့ ညီအစ်ကိုတွေက အကဲဆုံး''

မထင်မှတ်သော စကားကြောင့် တအံ့တဩ ရေရွတ်မိ၏။

''ဟင် ညီလေးက ညီမလေးကို ချစ်နေတယ် ဟုတ်လား အင်းပေါ့လေ အနေနီးကြတော့လည်း အပြစ်ဆိုစရာမရှိပါဘူး။ ကိုကြီး လည်း ကိုကြီးနဲ့ညီမလေး အတွင်းရေးတွေကို မပြောမိဘူးကွဲ့၊ ကိုကြီး သူ့ကိုနားလည်အောင် ပြောပြလိုက်မယ်နော်၊ အချိန်က အရာရာကို ကုစားသွားမှာပါ။ ကိုကြီးနဲ့ ညီမလေးကိစ္စ စီမံချင်သလိုသာ ပြောင်း တော့ဟုတ်လား''

''ညီမလေး ပြောခဲ့ပြီးပြီကော ကိုကြီးရဲ့၊ ညီမလေးကြောင့် ဘယ်သူ့ကိုမှ ဝေဒနာမဖြစ်စေချင်ပါဘူး။ သားသမီးအရင်းမကာ ချစ်နေကြ





တဲ့ရွာလူထုရဲ့ဆန္ဒကိုလည်း ဖစ်ဖစ်ခါခါ ဥပေက္ခာမပြုချင်တာ အမှန်ပါပဲ ဆန္ဒနဲ့ဘဝ၊ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ၊ အဖြစ်ချင်ဆုံးနဲ့ အဖြစ် သင့်ဆုံးကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်သွားဖို့ကိုတော့ ကိုကြီးကပဲ အချိန်ယူ ဆုံးစားသွားပါ''

ညီမလေးစကားဆုံးသွားပြီးဖြစ်၍ ထိုင်ရာမှထကာ ရွာကလေး ဘက်သို့ ထွက်မျှော်နေလိုက်သည်။ မကြာမီပင် ဆရာမလေးကို ခြံနှလည် အကြိုထောက်လှာသော ကလေးငယ်များက တပျော်ပျော်နှင့်တော်ကုန်း ပေါ်မှ ပျော်ရွှင်မြူးထူးစွာ ပြေးဆင်းလာကြသည်။

ကလေးများနောက်မှ ညီလေး မောင်အောင်က ငှက်ပျောသီး တစ်ဖီးကို ဘယ်လက်ကဆွဲလျက် လိုက်ပါလာ၏။ ကလေးတစ်သိုက် ဆရာမကို မြင်လိုက်လျှင် အပြေးလာ၍ ပွေ့ဖက်နမ်းရှုပ်ကြကုန်၏။

ဆရာမလေး ကလေးများကို သိမ်းကျုံးပွေ့ဖက်ထားစဉ် ညီလေးက ငှက်ပျောသီးတစ်လုံးကို အခွံတစ်ဝက်ခွာလျက် ဆရာမလေး သို့ကမ်းပေး၏။ လက်နှစ်ဖက်ဖြင့် ရိုသေစွာကမ်းလင့်ယူသည့် ဆရာမလေး ၏အပြုံးမျက်နှာသည် ကြည်လင်ငြိမ်းချမ်းလှသကဲ့သို့ မျက်လုံးလေးများက အရည်လည်၍ ရွှန်းလက်လှ၏။

ကျွန်ုပ်တော်ကား ညီလေးပေးသော ငှက်ပျောသီး စွာစားရန်ပင် သတိမရနိုင်တော့ဘဲ ကလေးတစ်သိုက်နှင့် ဆရာ၊ဆရာမလေးတို့၏ ပျော်ရွှင်နေကြပုံများကိုသာ ကြည်နူးခြင်းများစွာ ပီတိဇောဖြင့် ငေးမော နေမိ၏။

မည်မျှကြာမြင့်ခဲ့သည် မသိနိုင်၊ ကလေးငယ်များ၏ အသံတိတ် သွားတော့မှ ညီလေးမောင်အောင်ကို တစ်ခွန်းချင်းပြောလိုက်ပါ၏။

''ကဲ ညီလေးမောင်အောင်၊ ညီလေးနဲ့ ညီမလေးတို့ ရွာကို သွားကြတော့နော်၊ ညီလေးက ဆရာမလေးကို တစ်သက်လုံးစိတ်ချမ်းသာ အောင်စောင့်ရှောက်ရမယ်ကြားလား၊ အစ်ကိုစံအိမ်ရွာကို ဆရာမလေး



www.burmeseclassic.com

www.burmeseclassic.com



မအွယ်လေးနဲ့ သွားတွေ့လိုက်အုံးမယ်၊ စံအိမ်ရွာကနေ ကန်ပက်လက် တန်းပြန်တော့မယ်၊ အချိန်တန်တော့မှ ရွာပြန်လာခဲ့မယ်၊ ကဲ ဇဲ ညီလေးနဲ့ ညီမလေးတို့ သွားကြပေတော့"

ညီလေးနှင့် အတူ ကလေးတစ်သိုက်ခြံရုံလျက် ပျော်ရွှင်စွာ ထွက်ခွာသွားသော ညီမလေးမြနှစ်ကို တောင်စွယ်အကွေ့၌ ကွယ်ဝင်သွားသည်အထိ ငေးစိုက်ကြည့်နေခဲ့မိ၏။

ညီမလေးမြနှစ် ယမန်နေ့ကပြောခဲ့သည့် ရတနာ၏အနှစ်ဆိုသော စကားကိုလည်း သတိရမိ၏။

ယခုဆိုလျှင် ညီမလေး မြနှစ်ကား လှလောင်းပန်းရွာ၏ တကယ့် အနှစ်ရတနာပါတကား။ တောင်ပေါ်လေတစ်ချက် ပြေးဝင်အဝှေ့ သတိရ သည်နှင့် ဆရာမလေးမအွယ်လေးထံ နှစ်ကိုယ်တူဘဝခရီး တိုင်ပင်တော့ မည်ဟု ပြေးဆင်းလာခဲ့လေ၏။

× × × × × ×

(၆)

စံအိမ်ရွာ မအွယ်လေးတို့ အိမ်ပေါ်သို့ ပြေးတက်သွားလျှင် မအွယ်လေးမိဘများဖြစ်သော ဦးကြီးလေးအောင်နှင့် ဒေါ်ကြီးလိုင်းရွှေတို့ က ဝမ်းပန်းတသာ ပွေ့ဖက်နှုတ်ဆက်ကြကုန်၏။ ဒေါ်ကြီးက ပါးနှစ်ဖက် ကို တစ်ချက်စီအားရပါးရနမ်းလိုက်ပြီး စကားဆိုလေ၏။



"ကျားသားမိုးကြိုး ဘယ်လိုကနေ ဘယ်လိုပေါ်လာရတာလဲ လှလေးရဲ့၊ မနှစ်ကဆို တစ်နှစ်လုံးပေါ်မလာဘူး၊ နင့်ဦးကြီးကလည်း ဒီတစ်ရက်နှစ်ရက်အတွင်း လှလေးနဲ့ လှလေးမိဘတို့ဆီ ထွက်လာခဲ့တော့ မလို့ကွဲ့"

"ဟုတ်ကဲ့ဒေါ်ကြီး ကျွန်တော်လှလောင်းပန်းရွာ ဆရာမလေး ပြန်လိုက်ပို့ရင်း စင်းယုန်တောင်ကုန်းထိပ်မှာ နားနေကြတုန်း ဒေါ်ကြီးတို့ အိမ်က ကြက်တွန်သံကြားတာနဲ့ သတိရလို့ တစ်ခါတည်းပြေးဆင်းခဲ့တာ၊ ဒါနဲ့ညီမလေး မအွယ်လေးတစ်ယောက်ကော"

"ဟိုဘက်ကမ်းက တုံကြီးရွာကို ခဏသွားနေတယ်ကွဲ့ လှလေးရဲ့၊ တုံကြီးကျောင်းက ကျောင်းဆရာလေးကိုလင်းဟန်ရဲ့ မိဘတွေ ကပြီးခဲ့တဲ့လကပဲ စကားပြောဆိုလာကြလို့။

အဲဒါ တူလေးတို့ကလည်း ငယ်ကလည်းက စေ့စပ်ထားတာ ဆိုတော့ ဒီဘက်က စကားမပြတ်ဘဲ ဒေါ်ကြီးတို့က ဘယ်လိုခေါင်းညိတ် တတ်မလဲ၊ အဲဒါကြောင့် တူလေးဦးကြီးက တူလေးတို့ဆီထွက် လာဖို့ ပြင်နေတာကွဲ့၊ မင်းနှမလေး ညနေပြန်ရောက်မှာပါ၊ ညကျမှ အေးအေး ဆေးဆေး စကားပြောကြတာပေါ့"

အရာအားလုံးကို နားလည်လိုက်ပါပြီ။ ရွာထဲရှိ သူငယ် ချင်းဟောင်းများထံ လှည့်လည် လည်ပတ်ပြီး မှောင်ရီပျိုးမှ ပြန်တက် ခဲ့သည်။

အိမ်ပြန်ရောက်ချိန်တွင် မအွယ်လေးနှင့် ဆရာလေး ကိုလင်းဟန်တို့လည်း အသင့်ပြန်ရောက်နေကြပြီ။

စကားပြောဆိုနေလိုက်ကြသည်မှာ အချိန်ကုန်၍ ကုန်မှန်းမသိ ညလုံးပေါက်မျှဖြစ်တော့၏။ လူငယ်တို့၏ ဆန္ဒကို လိုက်လျောပါရန် ဦးကြီး နှင့်ဒေါ်ကြီးကို အကြိမ်ကြိမ်ပြောဆိုမှာကြားခဲ့ပြီး မိုးလင်းသည်နှင့် ပြန်လည် ထွက်ခွာလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးကိုလင်းဟန်နှင့် ဆရာမလေး မအွယ်လေးတို့က ကန့်ပက်လက် အစောက်လမ်းခွဲအထိ လိုက်ပို့ကြသည်။တောင်တက် လမ်းခွဲ ရောက်သည်နှင့် လက်ခွဲနှုတ်ဆက်လိုက်ပါ၏။

"ဘဝမှာ အောင်မြင်မှုပေါင်းများစွာနဲ့ ထာဝစဉ်ပျော်ရွှင်ချမ်းမြေ့ နိုင်ကြပါစေ ပြန်ကြပေဒုံး၊ ကျွန်တော် ပြန်တက်သွားပြီ"

အတက်ကြမ်းကြမ်း ခရီးလမ်းကို တစ်လှမ်းချင်းလှမ်း၍ ပြန်လည် ထွက်ခွာလာခဲ့ရပါ၏။

ကိုနိုင် (ချင်းတောင်)

(မြဝတီ၊ အတွဲ (၅၄)၊ အမှတ်(၅)၊ မတ်လ ၂၀၀၆)

❧ ❧ ❧ ❧ ❧




www.burmeseclassic.com

www.burmeseclassic.com

## တောင်တန်းပေါ်က ကျောင်းသွားဇော်

"အဲဒီတုန်းက ဘကြီးအဘိုးတောင် မိန်းမ မရသေးဘူးတဲ့" ဘကြီးပြောပြသည့် ကာလကို ပြန်လည်ခန့်မှန်းရသော်လွန်ခဲ့သော ရာစုနှစ် တစ်ခုကျော်ခန့်ကဖြစ်မည်။ ကျွန်တော်တို့ ဘိုးဘေးများနေထိုင်ရာ ချင်းတောင်တန်း တောင်ထိပ်ရွာကလေးသို့ ဆံမွေးနီကျင် အသားဖြူ စဝ်ရောမနှာခေါင်းရှည်ကြီးများ ရောက်ရှိလာကြသည်ဟု ဆို၏။ ထိုသူတို့ကရွာ၏ ရိုးရာနတ်စင် တောင်ထိပ်ကို "ဝိတိုရိယတောင်ထိပ်" ဟု မှည့်ခေါ်ကြသောဟူ၏။ ထိုတောင်ထိပ်ရွာသားများကား အစဉ်အဆက် မှသည် ကိုလိုနီခေတ် တစ်လျှောက်လုံး စာသင်ကျောင်းဟူ၍ ကြားဖူး သူမျှပင်မရှိချေ။ နိုင်ငံတော် လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုကျော် အကြာ ကျွန်တော့်အသက် (၁၀)နှစ်ခန့်က ဖြစ်၏။"

တောင်ခြေ တုံကြီးရွာ၌ စာသင်ကျောင်း ဖွင့်လှစ်မည်ဖြစ်၍ ကလေးငယ်အားလုံး စာသင်သွားကြရမည်ဟူသော သတင်းရောက်



ရှိလာသည်။ ထိုသတင်းကား ထိုစဉ်ကတောတွင်းသားများ အတွက် သတင်းဆိုးပင်။ သို့နှင့်တောထဲသို့ အလျှိုအလျှိုဝင်ရောက် သွားကြလေ တော့သည်။

"ဟူး . . . ဟူး ၊ အူး . . . ဟူး . . . ဝူ"

တောင်ပေါ်သားတို့၏ အချက်ပေးအသံသည် အန္တရာယ် တစ်စုံ တစ်ရာ ကျရောက်ကြောင်း ဖော်ညွှန်းနေသဖြင့် အသံပြန်ပြုလိုက် ရသည်။

"အူး . . . ဟူး . . . ဟူး . . . ဟူး"

"ဘကြီးကို ဖမ်းသွားကြပြီ၊ ပြန်လာကြဟေ့"

ရွာဆီမှ အသံသဲ့သဲ့ကြားရသဖြင့် ပုန်းအောင်းနေသူများကို အချက်ပေးလိုက်သည်။ ကျွန်တော်တို့ ရွာထဲပြန်ဝင်ချိန် ဘကြီးပြန်ရောက် လာသည်။

"ရွာမှရှိသမျှ လူငယ်လူရွယ်အားလုံး စာသင်ကျောင်း လွှတ်ပါ့ မယ်လို့ ကတိပေးခဲ့ရတာပေါ့ကွာ"

"ဟာ ဘကြီးကလည်းလွယ်လွယ်ကတိပေး သူတို့အားလုံး ထွက်ပြေးကုန်ရင် ဘယ့်နှယ်လုပ်မလဲ"

"အစိုးရမင်းပြောတဲ့ စကားပဲ၊ ထွက်ပြေးလို့ လွတ်မလားကွဲ့"

"အဲဒီအစိုးရမင်းဆိုတာ ဘယ်သူ့သားမို့လို့လဲ ဘကြီးရာ"

ထိုစဉ်ကအစိုးရဆိုသည်မှာ ကြွယ်ဝသည့် လူပုဂ္ဂိုလ်တစ်ဦးဦး ဟု ကျွန်တော်ထင်ခဲ့သည်။

"အစိုးရဆိုတာ ဘယ်သူ့သား၊ မြေး၊ မြစ်မှန်းတော့ ဘကြီး မသိပါဘူးကွာ အခုပြောလိုက်တာက မြို့ပိုင်မင်းကိုယ်တိုင်ကွ၊ သူကလည်း အစိုးရအမိန့်လို့ ပြောတာပဲ"

သို့နှင့်ရွာကလေးတွင် ချက်ချင်းအရေးပေါ် အစည်းအဝေးခေါ် သည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ အစ်ကိုလေးဦးမှာ ညတွင်းချင်း မိန်းမရ အိမ်ထောင်ကျကြသဖြင့် ကျောင်းသွားခြင်းမှ ကင်းလွတ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရကြသည်။ ကျန် ၆ ဦးအနက် ကျွန်တော်က အငယ်ဆုံးဖြစ်သည်။

" ဘကြီးကျွန်တော်တို့က စာသင်သွားနေကြတော့ ယာခုတ်တောလိုက်၊ ကြိမ်ထိုးနှီးဖြာ အိမ်ပြင်တဲဆောက်ဘယ့်နှယ်လုပ် ကြမလဲ"

ဤသို့ တစ်ယောက်တစ်ပေါက် ပြဿနာအမျိုးမျိုး တက်ကြသည်။

"ဘကြီး ကျွန်တော်က ရိုးရာတေးကဗျာဖွဲ့ဖို့ အမျိုးဂုဏ်သီချင်းဆိုဖို့ အဲဒါတွေက ကိုယ့်ဟာကိုယ့်လေ့ကျင့်ရမှာ၊ အခု အပျိုးပီးသီချင်းတောင် မရသေးဘူး၊ ကျောင်းသွားနေရတော့ ဘယ်ချိန်လုပ်ရတော့မလဲ ဘကြီးရဲ့"

နောက်ဆုံး ပြဿနာကြောင့် ဘကြီးမှာ စိတ်တိုအော်ဟစ်လေတော့သည်။

"ဟဲ့ မင်းမိန်းမ မရမှာမပူနဲ့ အခုမင်းတို့ကျောင်းသွား တက်နေမယ့် ရွာကမိန်းကလေးတွေက မင်းတို့ပြန်ယူသင့်တဲ့ အမျိုးချည်းပဲ ကျောင်းသွားဖို့ပြင်ကြ"

ဤသို့ဖြင့် မျက်ရည်လည်ရွဲ ထွက်ခွာလာခဲ့ကြသည်။

× × × × × ×

(၂)

စာသင်ကျောင်းကား မြက်သက်ငယ်မိုး တဲတန်းရှည်ကြီးဖြစ်သည်။ ဆရာကား မိမိတို့နှင့် စကားမတူသည့် အခြားနယ်မှချင်းအမျိုးသားပင်ဖြစ်သည်။

အမိန့်အရ သူကြီးတစ်ပိုင်နယ်မှ လာရသော ကျောင်းသား



များဖြစ်၍ အရွယ်စုံဖြစ်သည်။ အားလုံးဆံထုံးနှင့်ချည်း အချို့ကား မုတ်ဆိတ်များပင် အတော်ရှည်လျားနေပေပြီ။လူ့သမိုင်းအစမှစ၍ ဤနယ်တွင် ယခုမှသာ စတင်ဖွင့်လှစ်သော ကျောင်းဖြစ်၍ အားလုံး အတန်းစာ ဝလုံးတန်းချည်းဖြစ်သည်။ သို့ဖြစ်၍ ဆရာက အရွယ်နှင့် ပိုင်းပြီး တန်းခွဲခွဲသည်။ ဆရာထက် အသက်ကြီးသူများနှင့် ရွယ်တူများက တန်းခွဲ (၁)၊ လူပျိုပေါက်များကတန်းခွဲ (၂)၊ ကျွန်တော်အပါ ကလေးသူငယ်အရွယ်များက တန်းခွဲ (၃)၊တန်းခွဲ (၃)တွင် ထိုအချိန်က ထူးခြားရှားပါးလှစွာ မစိမ်းရှင်းနှင့်မနီမင်း အမည်ရှိ ကျောင်းသူနှစ်ဦးပါလာသည်။ ထိုအချိန်က ကျွန်တော်တို့ ဒေသတွင် မိန်းကလေးများ စာသင်ကျောင်းစေလွှတ်ရေးသည့် အတွေးခေါ်မြော်မြင်၍ မရနိုင်သေးသော အခြေအနေတွင်ရှိသည်။ ဆရာက တန်းခွဲ(၁)ကို အတန်းခေါင်းဆောင် မထားသော်လည်း တန်းခွဲ(၂)ကို မောင်ထန်အက်၊ တန်းခွဲ(၃)ကို မောင်ထန်ရှင်းတို့အား အတန်းခေါင်းဆောင် ထား၍အုပ်ချုပ်စေသည်။ မောင်ထန်ရှင်းမှာ ဒေသထုံးဓလေ့အရ ကျွန်တော်က နှမယူရသော အမျိုးဖြစ်၍ ရွယ်တူပင်ဖြစ်သော်လည်း လေးစားသမှုပြုရသည်။ သူ့ညီမ မစိမ်းရှင်းနှင့်ကား အချိန်တန်လျှင် ပြန်လည်လက်ထပ်ခွင့်ရှိသူများဖြစ်၍ သူကလေးတမိမိအပေါ်ခံ့ညားသမှုပြုရသည်။ ဤကားယဉ်ကျေးမှုထုံးဓလေ့ဖြစ်သည်။ ထိုသို့တန်းခွဲ(၃)၌ တက်ရောက်သင်ကြားပြီး တစ်လမပြည့်မီ မစိမ်းရှင်းက မေးသည်။

"မင်းထင်နိုင်း ဝလုံးဘယ်နှလုံးရေးပြီးပြီလဲ၊ အလုံးပေါင်း၃၀၀၀ လောက်ရေးပြီးရင် ဆရာက အတန်းတက်ပေးမယ်တဲ့"

"ကျောက်သင်ပုန်းက အလုံး ၅၀ တောင်မဆံ့တာ ဘယ်လိုလုပ် ၃၀၀၀ ရေးမလဲ"

"မဟုတ်ဘူးရှင့်၊ ကျောင်းဖွင့်ကတည်းက စရေးလတဲ့ဟာ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဖွင့်ကတည်း ရေးသမျှသာ သိမ်းထားရရင် အလုံး တစ်သိန်းရှိမယ်"

ထိုသို့စကားပြောနေကြစဉ် ဆရာအတန်းဘက်သို့ လျှောက် လာသည်။

"ထန်ရှင်းအတန်းက ဘယ်သူဝလုံးဘယ်လောက်ရေးပြီးပြီလဲ"

ဆရာ၏ အမေးကို မစိမ်းရှင်းက သွက်လက်စွာ ဖြေလိုက်သည်။

"မင်းထင်နိုင်းက ဝလုံးတစ်သိန်းရေးပြီလို့ ပြောတယ်ရှင့်"

"ဟွတ်ပဟာ၊ ကျောက်တံတစ်ချောင်းလုံးတောင် ကုန်ရောပေါ့"

ဆရာက အတန်းတက်ရမည့်သူများကို ရွေးချယ်သည်။ မစိမ်းရှင်း၊ မနီမင်း၊ ထန်ရှင်းနှင့် ကျွန်တော်တို့ရှေ့ဆုံးကပါကြသည်။

ထိုသို့ လူရွေးချယ်ပြီးနေ့လယ်ကျောင်းဆင်းသည်။ ကျောင်းဆင်း ချိန်တွင် မိမိထက် ကျောင်းအရောက်စောသဖြင့် ပို၍ အတွေ့အကြုံရှိသော မစိမ်းရှင်းက မိမိကိုလက်တို့၍ လမ်းညွှန်ပြောပြသည်။

"အတန်းတက်ရင် ဆရာက တစ်ဦးချင်းကို အရင်စာချပေး တယ်၊ နောက်တော့မှစုပေါင်းဆိုရတယ်၊ ဆရာက ရှေ့ကဖြောင့် ပြောတဲ့အတိုင်းလေးပဲ လိုက်ပြောနော် တခြားထွေထွေရာရာ စကား မပြောနဲ့ ကျောင်းမှာ ရန်ဖြစ်တတ်တယ်သိလား"

"အေးပါ စိမ်းရှင်းရဲ့ ငါကဘာတတ်လို့ ဘာအပိုပြော တတ်မှာလဲ"

နောက်နေ့ကျောင်းပြန်တက်တော့ ဆရာနှင့်ကျွန်တော်အဦးဆုံး တွေ့လေပြီ။

"ကဲ မင်းထင်နိုင်း ဆရာဆိုတဲ့အတိုင်း လိုက်ဆိုနော်"

" ဟုတ်ကဲ့ပါဆရာ "

" ကကြီးလို့ပြော "

" ကကြီးလို့ပြော "





" ခကွေးလို့ဆို "

" ခကွေးလို့ဆို "

" ဂငယ်ဆိုစမ်း "

" ဂငယ်ဆိုစမ်း "

" ဟော့ကောင် ကောင်းကောင်းပြောစမ်း "

" ဟော့ကောင် ကောင်းကောင်းပြောစမ်း "

" ငါပိတ်ရိုက်လိုက်ရ နာတော့မယ် "

" ငါပိတ်ရိုက်လိုက်ရ နာတော့မယ် "

ဆရာက ဒေါသတကြီးနှင့် လက်ထဲက မြေဖြူဖြင့် ကျွန်တော့် နဖူးကိုပစ်ပေါက်လိုက်ရာ ဆောင့်ထိုးပစ်ပါလေ၏။

" အား အီး ဟီး ဟီး ဟီး အီး "

မမျှော်လင့်သော အဖြစ်ကြောင့်အော်ကြီးဟစ်ကျယ် ငိုချလိုက် သည်။ နာကျင်မှုမရှိသော်လည်း ရှက်ရွံ့မှုကြောင့် အသံကုန်အော်ငိုခြင်း ဖြစ်သည်။ မစိမ်းရှင်းကိုလည်း ငိုသံပါကြီးဖြင့် ဒေါသတကြီး အော်ငေါက် လိုက်သည်။

"စိမ်းရှင်း နင်ပဲ ဆရာပြောတဲ့အတိုင်းလိုက်ပြောဆို"

ပြောမဆုံး ငိုမဆုံးရှိလေသော် မစိမ်းရှင်းကပါ တရှုပ်ရှုပ် ငိုလေတော့သည်။မစိမ်းရှင်းငိုသည်နှင့် မနီမင်းပါ အသံထွက်အောင် ငိုချလေတော့သည်။ ဆရာလည်း အခြားအတန်းသို့ ထွက်ခွာ သွားလေသည်။ ဤသို့ အစပြုခဲ့ပြီး သူငယ်တန်းကို ငိုလိုက်ရယ်လိုက်ဖြင့် ပြီးစီးသွားပါသည်။

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်တစ်နှစ် ကျောင်းပြန်ဖွင့်သော် အစ်ကိုနှစ်ယောက်မှာ တုံကြီးရွာသူများနှင့် အိမ်ထောင်ကျ၍ တောင်ယာတောထဲ ခိုဝင်သွားကြသည်။ အခြားရွာမှလာသော တန်းခွဲ(၁)မှ ကျောင်းသားအများလည်း ထိုရွာ၌ အိမ်ထောင်ကျကြကုန်သည်။ ကျောင်းဖွင့်ချိန် လူမစုံတော့သဖြင့် သူကြီးနှင့် ဆရာတို့ တိုင်ပင်ကြသည်။

"ဆရာကြီး ကျွန်တော်တို့နယ်မှာက မိန်းကလေးတွေခေါ် မောင်းထောင်း၊ ဆန်ဖွပ်၊ ထင်းခွဲ၊ ရေခပ်နဲ့ ထမင်းစားကြရတာ၊ အခု ကျောင်းဖွင့်တဲ့ တစ်နှစ်အတွင်းမှာ ရွာထဲက အပျိုအရွယ် မိန်းကလေး ကုန်ပြီ၊ ရှေ့ဆက်ထမင်းချက်စားဖို့တောင် ခက်နေကြပြီ"

"မရှိတာထက် မသိတာခက်ဆိုတာ အဲဒါပေါ့သူကြီးခင်ဗျား တို့နယ်က ကိုယ်တိုင်လည်း စာမတတ်၊ သားသမီးလည်းကျောင်းပို့ ကောင်းမှန်းမသိ၊ အခြေအနေကိုသိတဲ့ လူကြီးတွေက ကလေးတွေ ကျောင်းထားဖြစ်အောင် ကွပ်ကွပ်ညှပ်ညှပ်လုပ်တာဗျ၊ သူကြီးက မိန်းမ မရသေးတဲ့ လူမှန်သမျှ ကျောင်းလာတက်ရမယ်လို့ အမိန့်ထုတ်တော့ မိန်းမ မရသေးတဲ့ လူတွေ ငါတို့ရွာမှာ ငါတို့သမီးလာယူကြလို့ ပြောတာနဲ့ မတူဘူးလား"

"အဲဒါကတော့ မြို့ပိုင်မင်းက ဒီအတိုင်းမှာလိုက်တာကိုး ဆရာကြီးသဘောတူမယ်ဆိုရင် တန်းခွဲ(၁)ကို လာနိုင်တဲ့လူလောက်ပဲ လာကြတော့လို့ ပြောလိုက်ချင်တာပဲ"

ဆရာကြီးက နှုတ်ဆိတ်နေသည်။ နောက်နှစ် ကျောင်းပြန်ဖွင့် သော် တန်းခွဲ(၁)၌ ကျောင်းသား မကျန်ရှိတော့ပေ။ သို့သော် စာသင်





ကျောင်းကား စာကျက်သံတညံညံနှင့် ပျော်စရာကောင်းလာခဲ့လေပြီ။ ဤသို့ဖြင့် ဒုတိယတန်း အရောက်တွင် ဆရာက စာစစ်သည်။ မေးခွန်းမှာ ဆရာကြိုတင်သင်ထားသည့် တတိယတန်းစာဖြစ်သည်။ တစ်လုံး မကျန် ဖြေဆိုနိုင်သော မစိမ်းရှင်း၊ မနီမင်း၊ ထန်ရှင်းနှင့် ကျွန်တော်တို့ အတန်းကျော်၍ စတုတ္ထတန်းအရောက်တွင် ဆရာနှင့် ထိပ်တိုက်တွေ့ ကြပြန်သည်။

"စတုတ္ထတန်းက ဘုတ်စစ်၊ မင်းတို့ မြို့ကျောင်းမှာ စာမေးပွဲ သွားဖြေရမယ်ဆိုတော့ ဆံထုံးနဲ့မဖြစ်ဘူး၊ အားလုံးဘိုကေဖြတ်ကြရမယ်"

ဤဒေသတွင် ယောကျ်ားတို့၏ဘုန်းလက်ရုံးသည် ဆံနွယ်ဆံဖျား တွင်တည်သည်ဟု အယူအစွဲရှိပြီး မည်သူမျှ ဆံဖျားအထိမခံချေ။ လူမှန်လျှင် ဆံထုံးရှိမှ၊ လူနှင့်တိရစ္ဆာန်ကို ခွဲခြားသည်မှာ ခေါင်းဆံမွေး ထုံးခြင်း မထုံးခြင်းသာဖြစ်သည်ဟု အယူအမြင်ရှိသည်။ သို့နှင့်ထန်ရှင်းကို ပြောလိုက်သည်။

"ထန်ရှင်း ငါ့ဆံထုံးက ကွမ်းသီးလုံးလောက်ရှိပြီဟ၊ ငါလုံးဝ အဖြတ်မခံနိုင်ဘူး"

"ငါက ကြက်ဥလောက်တောင်ရှိနေပြီ၊ ဘယ်လိုလုပ် အဖြတ်ခံ နိုင်မလဲ"

ထိုသို့ ဆံပင်မဖြတ်နိုင်ကြောင်း ဆရာ့ထံအရေးဆိုကြသည်။

"ကျွန်တော်တို့ ဘုန်းကံက အဲဒီဆံပင်ထဲမှာပဲရှိတယ် ဆရာ"

"ကဲ မင်းတို့ဘုန်းကံ ပြကြစမ်း"

ထန်ရှင်းနှင့်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ အဖြေမပေးနိုင်ကြ။

"မင်းတို့ဆံပင်ထဲမှာ ဘာဘုန်းကံမှ ဆရာမမြင်ဘူး၊ သန်းကြီးမ မည်းမည်းကောင်တွေပဲရှိတယ် မဟုတ်လား သန်းမကိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖြတ်ကြ"

ကျွန်တော်တို့က ခေါင်းခါလျက် ငိုမဲ့မဲ့ဖြစ်လေသော် အယူအဆကို သိရှိထားသော ဆရာသည် အတင်းအကျပ်မဖြတ်ချေ။ နောက်တစ်နေ့တွင် တန်းခွဲ(၂)ခေါင်းဆောင် ထန်အက်ကို ခေါ်၍ မြို့သို့သွားသည်။ ထန်အက်သည် သပ်ရပ်သော ဘိုကေပေါ်တွင်ဦးထုပ်ဖြူကို ဆောင်းလျက် အင်္ကျီဖြူလက်တို၊ ဘောင်းဘီရှည်နှင့်ပြန်လာသည်။ ခါတိုင်းကဲ့သို့ ချင်းခြုံစောင်ကြီး လွှားခြုံလာခြင်းမရှိတော့၊ အားလုံးက ထန်အက်ကို အားကျသဘောကျကြသည်။ စတုတ္ထတန်းဖြေဆိုမည့် ကျွန်တော်တို့အတွက်လည်း ဦးထုပ်၊ အင်္ကျီများအသင့်ပါလာသဖြင့် အလွယ်တကူ ဆံပင်ဖြတ်လိုက်ကြသည်။ သို့နှင့် ဘိုကေကို ပြောင်အောင်သလျက် ကန်ပက်လက်မြို့သို့ စာမေးပွဲသွားရောက်ဖြေဆိုကြလေသည်။

ကျွန်တော်တို့ (၄)တန်းအောင်သော် ကန်ပက်လက် အလယ်တန်းကျောင်းသို့ ကျောင်းတက်သွားကြသည်။ ကျွန်တော်တို့ နေထိုင်ရန် နှစ်ခန်းပါမြေစိုက်မီးဖိုနှင့် ဝါးအိမ်ကလေးကို ရွာက ဆောက်ပေးကြပြီး ဘော်ဒါဆောင်ဟု ခေါ်ကြသည်။ တစ်ခန်းတွင် ထန်ရှင်းနှင့် ကျွန်တော်၊ တစ်ခန်းတွင် မစိမ်းရှင်းနှင့်မနီမင်းတို့ နေကြသည်။ ချက်ပြုတ်လျှော်ဖွပ်ရေးကို မိန်းကလေးနှစ်ယောက်က တာဝန်ယူ၍ ထင်းခြောက်ကောက်ခြင်း၊ ညစာကြည့်ရန် ထင်းရှူးသားခွာခြင်းတော့သာ ကျွန်တော်လုပ်ပေးလေ့ရှိသည်။ ထန်ရှင်းက အချိန်ရှိသမျှ အားကစား ကွင်းသာ ရောက်ရှိနေတတ်သော်လည်း ဟင်းစားရှာခြင်း၊ ဟင်းရွက်သီး ကောက်ခြင်းတို့၌ အားကိုးရသည်။ ဤသို့ဖြင့် ပျော်ရွှင်စွာ ပညာသင်ကြားလာခဲ့ကြပြီး ထိုစဉ်က အစိုးရစစ် သတ္တမတန်းစာမေးပွဲကို ကောင်းမွန်စွာအောင်မြင်ခဲ့ကြပါသည်။

စာမေးပွဲအောင်စာရင်းထွက်သည်နှင့်အားကစားကို ခုံမင်လှသော ထန်ရှင်းသည် ကိုယ်လက်ကြံ့ခိုင်ရေးမှူးရာထူး သင်တန်း



တက်ရောက်ရန် ထွက်ခွာသွားလေပြီ။ မနီမင်းလည်း သူဝါသနာကြီးလှသော သူနာပြုသားဖွားသင်တန်း တက်ရောက်ရန် ထွက်ခွာသွားခဲ့ပြီ။ ကန်ပက်လက်ခရိုင်ဝန်ရုံး စာရေးဝင်ရောက်ရန် အမိန့်စာစောင့်နေဆဲ ကျွန်တော်နှင့်မူလတန်းဆရာမ အလုပ်ဝင်ရောက်မည့် မစိမ်းရှင်းတို့ကျန်ခဲ့သည်။ ထွက်ခွာသွားသူ နှစ်ယောက်ကို လိုက်ပို့ပြီး နှစ်ယောက်သား ရွာပြန်ခဲ့ကြသည်။

"မင်းထင်နိုင်း ပြန်ရောက်ရင် လူကြီးတွေနဲ့ စကားပြောရတော့မယ်ဆိုတာ နင်သိတယ်နော်"

ထုံးစံလေ့နှင့်လူကြီးများ၏ အစီအစဉ်ကို သိကြပြီးဖြစ်၍ မစိမ်းရှင်းက မေးခြင်းဖြစ်သည်။

"သိပါတယ်ဟာ၊နင်လည်း ပညာတတ်ပဲ၊ ဒီခေတ်ကြီးမှာ ပေးစားလို့ယူရတယ်ဆိုတာ ငါတော့လုံးဝလက်မခံဘူး ဘဝအဖော်ဆိုတာ အကယ့်နှလုံးသားထဲက နှစ်နှစ်ကာကာချစ်မှ"

"အေး –ငါလည်း ဒီလိုခံယူချက်မျိုးသိပ်ကြိုက်တယ်၊ အမျိုးဆုံးစံမို့လို့၊ လူကြီးစကားမို့လို့ ခေါင်းညိတ်လိုက်ရတာမျိုး ဘဝမှာ ဘယ်လောက်ဟာလာ ဟင်းလင်းနိုင်မလဲလို့"

"အင်းပေါ့ အစိမ်းရဲ့ အချစ်မပါတဲ့ အိမ်ထောင်ရေးဘယ်လောက်ပေါ့ပျက်ပျက်နိုင်မလဲလို့ အရှင်လတ်လတ် သေနေသူဆိုတာ အမျိုးပေါ့၊လူကြီးတွေ ဘယ်လောက် ပေးစားပေးစား၊ငါမချစ်တဲ့သူတော့ လုံးဝ လက်မထပ်နိုင်ဘူး"

"သိပ်ကောင်းတာပေါ့ မင်းထင်နိုင်းရယ်၊ နင်က ယောကျ်ားလေးဆိုတော့ ငါချစ်ကို ကြည့်တာ သဘောကျပါတယ်၊ငါကတော့ မိန်းကလေးဆိုတော့ သူချစ်ကိုပဲ အားကိုးတယ်၊ သူမချစ်လို့ကတော့ ဒါတာငါသေအောင်ကြိုက်ကြိုက် ငါမစဉ်းစားဘူး"

"ဒီတော့ တို့နှစ်ယောက်ကိစ္စလူကြီးတွေမေးရင် နင့်မှာ

www.burmeseclassic.com

www.burmeseclassic.com



အဖြေရှိပြီပေါ့''

''အေးလေ ငါပြောပြီးပြီးပဲ''

မျှော်လင့်ထားကြသည့်အတိုင်းပင် စုံရာလူကြီးများကို မစိမ်းရှင်က ပြတ်ပြတ်သားသား အဖြေပေးခဲ့ပြီဖြစ်၍ ကျွန်တော့်အလှည့်တွင်ဖြေ ဖခင်နှင့်ထိပ်တိုက်ရင်ဆိုင်ကြရလေတော့သည်။

''သားအစိမ်းလေးက ငယ်ကတည်းက ဘယ်လော သွက်လက်ချက်ချာ ထက်မြက်တယ်ဆိုတာ သားသိသားပဲ၊ သားကသူ တကယ်ချစ်လို့ ချစ်ကြောင်းဝန်ခံရင် သူလက်ခံမယ်တဲ့၊အခု ဖါဝင်ရ ကပ်နေလို့ ဝါကျွတ်ကျောင်းပိတ်ရင် လက်ထပ်ပွဲလုပ်ဖို့ စီစဉ်ထားပြီး

''ဟာ အဖေကလည်း မချစ်မှန်းမသိ၊ချစ်မှန်းမသိဘယ် လုပ်လက်ထပ်မှာလဲ''

''ယောကောင်၊ ဘာမချစ်မှန်းချစ်မှန်းတွေလာပြောနေတာ ယူရမယ့်အမျိုးဆိုရင် ပြန်ယူရတယ်၊ မယူရမယ့်အမျိုးဆိုရင် မယူရ နားလည်ရဲ့လား''

''ဟာ ဒုက္ခပါပဲဗျာ၊ အဖေကစာတစ်လုံးမှ မတတ်အဲ ကျွန်တော့်လို စာတတ်ပေတတ်နဲ့ အဖေ့ထုံးစံနဲ့မကိုက်ပါဘူးဗျာ မချစ်တဲ့သူနဲ့ ဘယ်လိုလုပ်အတူတူနေကြမလဲ''

''မင်းအသက်ကြီးမှ ကျောင်းနေရပြီး ခုနစ်တန်းအောင် များ ဘာဘွဲ့ညာဘွဲ့ဆိုတာ တွေတောင် အဖေကြားဖူးတာအများကြီး သူတို့တောင်မိဘစကား နားထောင်တယ်၊မင်းက ခရိုင်ဝန်ရုံးစာရေး ကလေးဆိုတာနဲ့ မိုးမမြောက်နဲ့ မင်းတို့နှစ်ယောက် အိမ်ခွဲပြီး တစ်အိမ် တည်းအတူသွားနေကြရုံပဲ လက်ထပ်ပြီးရင် လင်မယားပေါ့''

''အဖေ ဘာမှနားမလည်ပါဘူးကွာ၊ ထုံးစံရဲ့အိမ်ထောင်ပြုခြင်း ကြီးကို ကျွန်တော်လက်မခံနိုင်ဘူး၊ မချစ်ပါဘူးဆိုမှ ဘယ်လိုလုပ် လက်ထပ်မလဲ''



''ဘာမှ နားမလည်တာက မင်းကွ မင်းညီမလေးစိမ်းက ဒီအသက်အရွယ်အထိ မင်းကို အနွံတာခံပြီး ပြုစုလာတာ ဒါလည်းမင်း မသိဘူး မဟုတ်လား''

''အိုကွာ၊ အစိမ်းနဲ့ကျွန်တော်လက်ထပ်ဖို့ဆိုတာတော့ လုံးဝမဖြစ် နိုင်ဘူးအဖေ ''

ဤသို့ဖြင့် လူကြီးများလက်နှင့်ရေးသည့် ထုံးစံလေ့နှင့် ညီညွတ်သော မေတ္တာရွှေရည်လမ်းကို ကျွန်တော်ငမိုက်သားက ခြေနှင့် ချေဖျက်ခဲ့ပါသည်။

ကျောင်းများပြန်ဖွင့်သည်နှင့် အစိမ်းသည် ဝေးလံသီခေါင်လှ သော ဝိတိုရိယအနောက်တောင်ကြောရှိ ခေင်ရွာကလေးသို့ မူလတန်း ဆရာမအဖြစ် သွားရောက်ရမည်ဖြစ်သည်။ မြို့သို့အလျင်ပြန်ရောက် နေသော ကျွန်တော်က အစိမ်းကို သွားကြိုပေးလိုက်သည်။

''အစိမ်း နင်တာဝန်ကျတဲ့ရွာ ငါလိုက်ပို့မလို့၊ နင်ဟိုမှာ အစိမ်းသက်သက် ဖြစ်နေမှာ''

''ကိုယ့်ဟာကိုယ်အေးအေး ဆေးဆေးနေစမ်းပါ ငါ့မှာ ခြေနဲ့ လက်နဲ့သွားတတ်လာတတ်တယ်''

''နင်က စိမ်းကားလှချေလားဟ''

''တကယ်စိမ်းကားတာက နင်ဟဲ့''

''ဘာမှမသိဘဲ ပြောမနေပါနဲ့ အခုဘယ်သူတွေနဲ့သွားမှာလဲ''

''ဘာမှမသိတာက နင်မှနင်အစစ်၊ ငါ့အတွက် နင်ဘာမှ ပူစရာမရှိဘူး အဲဒီခေင်ရွာက တာဝန်ကျတဲ့ဆရာလေး ကိုသိန်းဦးဝင် ခေါ်လိမ့်မယ်''

''ဆေးနယ်အညာကတင်းသား သိန်းဦးလား၊ သူ့အဲဒီမှာ ဆရာဟုတ်လား''

''အေး – မနှစ်ကမှ ရောက်တာ၊ သူကကျောင်းအုပ်ပေါ့

www.burmeseclassic.com



ရွာနဲ့အညာကထင်း ကတောင်ပေါ်တောင်အောက် ကပ်လျက်ပဲဟာ၊ ငါတို့ ငယ်ကတည်းကသိတာပေါ့၊ ငါလည်း သူတော်ကောင်းနတ်မ ဆရာလေး ကိုသိန်းဦးနဲ့ ဆိုတော့ အဆင်မြေသွားတာပေါ့"

"ဒါဆို ဘယ်နေ့တက်ကြမှာလဲ ငါက ခွင့်ယူပြီးသားဆိုတော့ လိုက်ပို့မှာပဲ"

"ပို့ချင်ပို့ မပို့ချင်နေ၊ လာမယ့် တနင်္ဂနွေနေ့ မနက်ထွက်ကြမယ်"

တနင်္ဂနွေနေ့ မနက်စောကြီးထပြီး တောစီးဖိနပ်ကိုစီး ဦးထုပ် ဝိုင်းကြီးဆောင်းကာ မစိမ်းရှင်တည်းခိုရာ ဦးလေးသွင် အိမ်သို့လာခဲ့ သည်။

"ဦးလေးသွင် မစိမ်းရှင်းတို့ကော"

"သောကြာနေ့ကတည်းက ကျောင်းအုပ်ဆရာလေးတို့အဖွဲ့နဲ့ အထမ်းသမားတွေနဲ့သွားကြပြီလေ၊ မင်းထင်နိုင်လာရင် နှုတ်ဆက်ခဲ့ တယ်ပြောလိုက်ပါတဲ့"

ဒီတော့မှ အစိမ်းတစ်ယောက် မိမိကို ပညာပြခဲ့ပြီးဖြစ်ကြောင်း သဘောပေါက်တော့သည်။ မလိုက်စေလို၍ ထွက်မည့်ရက်ကို ရှေ့တိုးပြီး တမင်ပြောလိုက်ခြင်းပေတကား။

× × × × × ×

(၄)

မစိမ်းရှင်းတစ်ယောက် ခွေမတော်မျိုးမစပ် ရှယ်တူယောက်ျား လေးနှင့် ခရီးဝေးကွာ ထွက်ခွာသွားသည့်နေ့မှစ၍ ပူလောင်ပြင်း ဆောက်တည်ရာမရဖြစ်ခဲ့ရလေပြီ၊ ကလေးဘဝကပင် မိမိဖို့လျှင် ထိုက်င်



တတ်ပုံ၊မိမိထက်ငယ်ရွယ်သော်လည်း လူကြီးသူမတစ်ဦးကဲ့သို့ အမြဲဆို ဆုံးမတတ်ပုံ၊ ဘော်ဒါကျောင်းလေး၌ အစားအသောက်ရှားပါးချိန်များ တွင် သူမစားဘဲ စားပြီးဟန်ဆောင်၍ ကျွေးတတ်ပုံ၊ ပစ်ချပေးသော အဝတ်များကို အဆောတလျင်ဦးစားပေးလျှော်ဖွပ်ပြီးမှ အစ်ကိုရင်း ထန့်ရှင်း အဝတ်များကို လျှော်တတ်ပုံ၊မဆုံးနိုင်သောအတိတ်၏ အရိပ်များ ဦးနှောက်နှင့်အသိတရားကို မစေစားဘဲ အပြီးအပြတ်ငြင်းပယ်မိခဲ့ပြီ။

"ဟော့ကောင် မင်းထင်နိုင်း မင်းက ကိုယ့်ထုံးစံရွဲပြီး အချိန်တန် လက်ထပ်ရမှာပဲဆိုပြီး အေးဆေးနေ၊ လူဆိုတာ နီးစပ်ရာကွဲ့ပါသွားမယ်"

ဓလေ့ထုံးစံကိုသိပြီးသူ၊ လတ်တလောအဖြစ်အပျက်ကို မသိရှာသူ စာရေးကြီး ဦးဘစောအသံကြောင့် အထိတ်အလန့်ပင် ဖြစ်မိသည်။ ကိုယ့်အကြောင်းနှင့်ကိုယ် စာရေးကြီးကိုသာ ငေးစိုက်ကြည့် နေမိသည်။ အစိမ်းတို့ ခေင်ရှာတက်သွားသည်မှာ ယနေ့ဆိုလျှင် ရက် သတ္တတစ်ပတ်ပင်ရှိခဲ့ပြီ။

"ခုလိုနေ့အတွက် မိုးအဝင်ရေခဲမှတ်အောက် အေးတဲ့ဝိတိုရိယ တောင်ထိပ်ဝန်းကျင်မှာ မိုးနှင်းမှန်တိုင်းကလည်း ကျတတ်သေး၊ ခုလောက်ဆို ချမ်းချမ်းစီးစီးနဲ့ ဆရာလေးနဲ့ ဆရာမလေးတို့နှစ်ယောက်သား ကွေးနေကြလောက်ပြီနော်"

စာရေးကြီး၏ သာမန်မျှ နောက်ပြောင်ခြင်းကိုပင် စဉ်းငယ်မျှ လက်မခံနိုင်ပါ။ ရင်ထဲက အရှိအတိုင်းချက်ချင်းတုံ့ပြန်လိုက်သည်။

"အစိမ်းကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ပါဘူး စာရေးကြီး အသက်ချင်းလဲရလဲရ"

နှလုံးသားမှ အစစ်အမှန်ထွက်လသော စကားကြောင့် အစိမ်းအပေါ် အသက်တမျှ ချစ်ခဲ့ရကြောင်း မိမိကိုမိမိ ချက်ချင်း နားလည် လိုက်ပါသည်။

"စာရေးကြီး ကျွန်တော် ခေင်ရှာသွားပြီ၊ ဆေးစာက ခွင့်စာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်တင်ပေးလိုက်ပါ"

ဝိတိုရိယတောင်ထိပ်ရှိ ခေင်ရွာအတက်လမ်းတွင် မှန်ပြတောင် တက်ရခြင်းသည် အခက်ခဲဆုံးဖြစ်သည်။ မှန်ပြတောင်ကို ကျော်လိုက်သည် နှင့် (၇)မိုင် ရေစမ်းမှရေကို ဝအောင်သောက်သည်။(၇)မိုင်ရေစမ်းမှ အတက်သည် တစ်လှမ်းပေါ့ဆလျှင် နှစ်လှမ်းပြန်နောက်ဆုတ်ရတတ်သည်။ သို့သော် အရှိန်အဟုန်နှင့် ပြေးတက်လာသော ကျွန်တော်သည် ခေင်ရွာလမ်းခွဲသို့ ရောက်လာသည်။ ရွာကလေးသို့ဝင်လိုက်သည်နှင့် ကလေးတစ်အုပ်နှင့်ထွက်လာသော ဆရာမကလေးကို ကျက်သရေရှိစွာ တွေ့မြင်လိုက်ရသည်။

"အစိမ်းရေ အစိမ်း၊ အစိမ်းနဲ့ မခွဲနိုင်လို့အပြေးလိုက်လာခဲ့တာ"

အသံမြှင့်အော်ပြောရင်း ပြေးထွက်သွားလိုက်သည်။ အံ့သြငေး စိုက်ကြည့်နေသော အစိမ်းကို အဆောတလျှင်ထပ်ပြောလိုက်ပါသည်။

"အစိမ်းနဲ့ဝေးနေရရင် ကျွန်တော်ရူးသွားလိမ့်မယ် အစိမ်းရဲ့"

"ဟောတော် ဖြစ်မှဖြစ်ရလေ၊ နင်မလိုချင်လို့ စွန့်ပစ်ထားခဲ့ပြီပဲဟာ၊ နင့်စကားနင်မှတ်မိမှာပေါ့၊ နင့်ချစ်သူမှနင်လက်ထပ်မယ်ဆို"

"အေးပေါ့ ငါ့ရင်ထဲက ငါ့ချစ်သူအစစ်ဟာ ဒီကမ္ဘာမြေ လောကကြီးထဲမှာ နင်ကလွဲလို့ ဘယ်သူမှမဖြစ်နိုင်ပါဘူးအစိမ်း"

"ဟင်း-အမယ်လေး မင်းထင်နိုင်းရဲ့၊ လူကြီးမိဘတွေကို ပြတ်ပြတ်သားသား နင်ကတိစကားပေးခဲ့ပြီးပြီပဲဟာ"

"ဟာ ဒါက ငါကလေ ထုံးစံဆိုတဲ့ တိမ်မြှုပ်ဖုံးနေလို့ ရူးကြောင်သွားတာပါ၊အစိမ်းနဲ့ ဝေးသွားသလိုခံစားရမှ ဘယ်လိုမှ အဝေး မခံနိုင်ဘူးဆိုတာ ငါတကယ်သိလာတာ"

"သေချာရဲ့လား၊ တကယ်နှလုံးသားထဲက အနွေးအချွာလာတဲ့ စကားလား"

"အစိမ်းရေ နင်မယုံလို့ လဲသေဆိုရင်- ငါသေပြလိုက်ရုံပဲ၊



ဒီထက်မပြောတတ်တော့ဘူး"

"ဒါပေမဲ့ရှင်၊ ရှင်အလာကောင်းပေမယ့် အခါနှောင်းသွားခဲ့ပါပြီ၊ ရှင်စွန့်ပစ်ခဲ့ပြီးမှတော့ အပြစ်တင်စရာမရှိပါဘူးနော်"

"အစိမ်းနင့်ကိုငါချစ်တာကလွဲလို့ အခြားဘာတစ်ခုမှ ငါမသိဘူး။ ဘာမှမကြားချင်ဘူး"

"နင်မယုံရင်လည်း နင့်စိတ်ထဲ ငါနဲ့ထင်ထားတဲ့ ငါ့ဆရာလေးကို ငါသွားခေါ်လိုက်မယ်၊ ဒီမှာ ခဏထိုင်စောင့်"

အစိမ်းကပြောဆိုခုန်ဆင်းသွားချိန်တွင် မိုးကြိုးပစ်ချခံရသူပမာ နောက်ပြန်လဲကျခဲ့ရသည်။ အိမ်ကလေးပေါ် ပြန်တက်လာသော ခြေသံများကြောင့် လွင့်ပျောက်နေသော သတိများကို အလျင်အမြန် ပြန်စုစည်းရသည်။ ဆရာလေးရှေ့က လျှောက်လာသော အစိမ်းက သွက်လက်စွာ မိတ်ဆက်ပေးသည်။

"ဆရာကြီး သူကကိုမင်းထင်နိုင်းတဲ့၊ ကျွန်မတို့က ကျောင်းသွားဖော်ငယ်ချစ်တွေပဲဆိုပါတော့၊ ဒီဇါကျွတ်လက်ထပ်ဖို့ လူကြီးမိဘတွေ စီစဉ်ထားပါတယ်ရှင့်"

တအံ့တသြဖြစ်နေစဉ် ဆရာလေး ကိုသိန်းဦးကလက်ကမ်းရင်း ပြောပါသည်။

"စာသင်ကျောင်းအတူသွားဖော်တွေ ရှေ့ဆက်သွားမယ့်ဘဝ ကျောင်းကြီးမှာလည်း အောင်မြင်တဲ့ ဘဝကျောင်းသွားဖော် တွေဖြစ်ကြပါစေ။

ဆရာလေးကိုသိန်းဦး ကမ်းပေးသောလက်ကို အကြိမ်ကြိမ် ဆွဲကိုင်လှုပ်ယမ်းလိုက်ပါသည်။

ကိုနိုင်း (ချင်းတောင်)

(ငွေတာရီအမှတ် ၅၄၅၊ ဒီဇင်ဘာ ၂၀၀၅)

www.burmeseclassic.com

www.burmeseclassic.com




## ယောသူ့ရဲ့ပွဲ

မြောက်လေပြန်၍ ဆောင်းဦးရောက်လျှင် ချင်းတောင်တန်း ကန်ပက်လက်မြို့ ဝန်းကျင်၌ တောင်ဖလပ်နီပွင့်ကြီးများနှင့် သဇင်လက် ဖံ့ရှည်တို့နေရာလု၍ အလှချင်းပြိုင်ကြပြီ။ ဤကား ကန်ပက်လက် တောင်ခြေ ယောဒေသဆောမြို့၏ "ရှင်မာလဲ" "ဘုရားပွဲ"(ခေါ်) ယော တန်ဆောင်တိုင်ပွဲတော်ကြီး ကျင်းပတော့မည့် ရာသီသဘာဝစနမိတ် ပုံပြဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဆောမြို့ တန်ဆောင်တိုင်ပွဲတော်သို့ ကန်ပက်လက်ချင်းတိုင်းရင်းသားများလည်း ချင်းရိုးရာအကများဖြင့် သွားရောက်တင်ဆက် ပါဝင်ဆင်နွှဲကြမြဲဖြစ်သည်။

ဆောမြို့ရှင်မာလဲဘုရားပွဲ၏ထူးခြားချက်မှာ၊ အငြိမ့်ဇာတ်သဘင် ဆိုသည့်အနုပညာရှင်များကို ငှားရမ်းကပြခြင်း မဟုတ်ဘဲ ဆောနယ်ပယ် ဒေသ ကျေးရွာများက ဒေသအလိုက်လာရောက် ယှဉ်ပြိုင်ကပြခြင်း ဖြစ်သည်။ နယ်ပယ်စုံမှလူကုန်လာ၍ ပန်းကြာဆီမီးလှည့်လည်ပူဇော်သော ပွဲလည်းဖြစ်၏။ ယခုနှစ်ပွဲတော်ကို ဆောဒေသ၏နယ်ပယ်ကြီး သုံးခု

www.burmeseclassic.com



ဖြစ်သော၊ဆော၊လောင်းရှည်၊ကျောက်ထုဒေသကြီးတို့မှ အကြိတ် အနယ် အပြိုင်အဆိုင်တင်ဆက်ကပြမည့်ပွဲဖြစ်၍ အထူး ပွဲတော်ကြီးဝင် ဖြစ်တော့၏။ မူလပွဲတော်ည (၅)ညစီစဉ်ထားခဲ့သော်လည်း ပရိသတ် တောင်းဆိုချက်အရ (၇)ညတိုင်တိုင် ကပြခဲ့ရသော ပွဲတော်ကြီးလည်း ဖြစ်ခဲ့လေ၏။ ကျွန်တော်လည်း ရှေးယခင်နည်းတူ အပေါင်းအသင်း တစ်စုနှင့် ချင်းရိုးရာအကများကို တင်ဆက်ရန်အဖွဲ့ကို ဦးဆောင်ရောက်ရှိ ခဲ့လေ၏။ တောင်ပေါ်တိုင်းရင်းသား အကအဖွဲ့အနေဖြင့် အလှည့်ပြီးလျှင် ပွဲကြည့် ပရိသတ်မျှသာဖြစ်ရန်ရှိသော်လည်း၊ ကျွန်တော်ကား ဆောမြို့ အထက်တန်း ကျောင်းနေဘက်သူငယ်ချင်း ကျောက်ထုနယ်သား ပန်းဆန်သိန်းအောင်နှင့် ဆက်နွယ်၍ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့ရ ရှာပါ၏။

"ကိုနိုင်း ပထမညက လောင်းရှည်အဖွဲ့တင်ဆက်တဲ့စောကလော့ မင်းသမီး ပြဇာတ်ကတော်တော်ကောင်းတာဗျ၊ လောင်းရှည်သူလောင်း ရှည်သားမှန်ရင် အနုပညာဗီဇကပါလာပြီးသားဗျ"

"အဟုတ်ပဲ ကိုသိန်းအောင် ၊ခင်ဗျားတို့ကျောင်းထုသူတွေလည်း အမိဝမ်းကကျွတ်လာကတည်းက အလှပါလာပြီးသားဗျ၊ကျောက်ထုနယ် သူများအကုန်ချော့မောလှပ ဖူးနုနေတာပဲ"

"အလှပြိုင်တာမဟုတ်ဘူး မောင်၊ အကပြိုင်တာကွယ့်၊ အဲ ငါမင့်ဆီကို အကူအညီတောင်းရအောင် လာခဲ့တာ"

"အမလေးကိုယ့်လူ၊ အဲဒါမျိုးငါကဘာလုပ်ပေးတတ်မှာ မို့လို့ မောင်၊မြော်မြင်စဉ်းစားကြည့်ကျက်လည်း လုပ်အုံးဗျ၊မင်းငါ့ကို လူရယ် မယ့် စကားမပြောနဲ့ကွယ့်"

"အေးအဲ့ဒါငါမင်းကို အကူအညီလာတောင်းတာက ကိုနိုင်းတို့ ချင်းအဖွဲ့က ငါတင်ဆက်မဲ့ပြဇာတ်မှာ ဝင်ကူဖို့၊အဲဒါပြောမလို့"

"ဟော့လူ သူငယ်ချင်း ကြည့်လဲလုပ်ဦး၊ငါက ချင်းရိုးရာအက





သက်သက်အစဥ်အလာမပျက် လာကပြတာ၊ မင်းပြဇာတ်မှာဘာကြီး ဝင်လုပ်ပေးလို့ ရမှာလဲ၊ငါ့အဖွဲ့မှာ ဗမာစကား မပြောတတ်တဲ့သူက ခပ်များများရယ်။"

"မင်းမကူလို့တော့မဖြစ်ဘူးကွ၊ မင်းရဲ့အဖွဲ့သားတွေ ဗမာစကား မပြောတတ်လဲရတယ်၊ မင်းပြောတတ်ရင်တော်ပြီ"

"မဖြစ်နိုင်မဲ့ဟာ သူငယ်ချင်းရာ၊ မင်းအကြံအစည် ပြောစမ်း ပါဦး"

"ဒီလိုကွ ကျောက်ထုအဖွဲ့က "သစ္စာတော်ခံ " အမည်နဲ့ ပြဇာတ်ထွက်မယ်၊ မင်းနှစ်ပါး ပါတော်မူခန်းကစပြီး ပါတော်မူပြီးစ တိုင်းရင်းသား တွေရဲ့ တော်လှန်ရေးသမိုင်းပေါ့ကွာ ချင်းတိုင်းရင်းသား တော်လှန်ရေး အခန်းရောက်ရင် ကိုနိုင်းတို့ချင်းအကအဖွဲ့က ချင်းအဝတ် အစားတွေနဲ့ သရုပ်ဆောင်ပေးဖို့"

သိန်းအောင်ပြောသည်မှာ ဖြစ်နိုင်ဖွယ်ရှိသဖြင့် တိုင်ပင်သမှု တော့ပြုရပါ၏။

"ကြားထဲ(၂)ရက်လိုတော့တာ ဘယ်ချိန်ဇာတ်တိုက်မလဲ"

"မပူနဲ့ သူငယ်ချင်း၊ကျောက်ထုက ဦးရွှေထွန်းသမီး ငုဝါရွှေ တာဝန်ယူပေးလိမ့်မယ်၊ ငုဝါရွှေက မင်းသမီးလုပ်မစား ပေမဲ့တကယ့် မင်းသမီးထက် အပုံကြီးသာတယ်မောင် တို့အဖွဲ့ရဲ့ပင်တိုင်အဆိုတော်လေ ကွာ"

"ဦးရွှေထွန်းကိုတော့ကောင်းကောင်းသိပါတယ်၊ ငုဝါရွှေနဲ့တော့ ဆုံဖူးဘူး ဘယ်မှာကျောင်းတက်တာလဲ"

"ချင်းတောင်မင်းတပ်မှာလေ၊ချင်းစကားတောင် ချင်းထက် ပြောတတ်တယ်မောင်"

"ထားပါတော့ မင်းကပြမဲ့ ဇာတ်လမ်းအကျဉ်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး”

“ဒီလိုကွ မင်းနှစ်ပါးပါတော်မူပြီးတဲ့နောက်မှာ၊ အနယ်နယ်အရပ်ရပ်က တော်လှန်ကြတဲ့အခန်းတွေပေါ့ကွာ၊ ကျောက်ထုနားက ပဆုပ်ရွာမှာ တပ်စခန်းချတဲ့ နယ်ချဲ့ အင်္ဂလိပ်စစ်တပ်ကို ချင်းတိုင်းရင်းသားမျိုးချစ်တွေနဲ့ ယောမြို့သားတွေပေါင်းပြီး သိမ်းကြပါရောလား။ အဲဒီတိုက်ပွဲကာလမှာ ချင်းတပ် ဗိုလ်တစ်ယောက်နဲ့ ယောသူလေးနဲ့အတူ တိုက်ပွဲဝင်ကြ၊ ချစ်ကြ ကွဲကြပေါ့ကွာ အဲဒါ ကိုနိုင်းက ချင်းတပ်ဗိုလ်လုပ်ပေး”

“ချင်းရဲဘော်ရုပ်ပြလောက်တော့ ဖြစ်နိုင်ကောင်းပါရဲ့၊ ချစ်ခန်းကြိုက်ခန်းတွေကျတော့ ငါမလုပ်တတ်ဘူးလေဗျာ”

“ငုဝါရွှေ သင်ပေးပါလိမ့်မယ်၊ လာသွားရအောင်”

အချစ်ဆုံးသူငယ်ချင်း၏ ပွဲဖြစ်၍ အလွယ်တကူပင် သဘောတူလက်ခံလိုက်ပါ၏

× × × × × ×

(၂)

ငုဝါရွှေကား ဤဒေသတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်ပေ၍ သာမြို့ပြမှာသာ နေထိုင်ရလျှင် အလွန်ထွန်းတောက်သော အနုပညာကြယ်တစ်ပွင့် ဖြစ်တန်ရာသည်။

“အစ်ကို သေနတ်သံ ဒိုင်းခနဲကြားတာနဲ့ ငုဝါပြစ်လဲလိုက်မယ် တစ်ချိန်ထဲမှာပဲဆေးနီအိတ်ကလေးကို ခွဲပြစ်လိုက်မယ်၊ သွေးထွက်တယ်ပေါ့၊ အစ်ကိုက ငုဝါကို ပွေ့ချီပြီးပြေးရမယ်၊ ဒီချိန်မှာ နယ်ချဲ့ အင်္ဂလိပ်စစ်သားကို မြင်လိုက်တာနဲ့ ငုဝါကို ပြစ်ချပြီး ရန်သူ နောက်

ပြေးလိုက်သွားရမယ်”

ငုဝါက မိမိအစ်ကိုဟု ခေါ်ခြင်းမှာ ယောဒေသ ဓလေ့ထုံးအရ အစ်ကိုအရွယ်ဖြစ်၍ ခေါ်ခြင်းဖြစ်သည်။

“ခါးတွေကျိုးကုန်ပါ့မယ် ငုဝါရယ်”

“ဟာ အစ်ကိုကလဲ သရုပ်ဆောင်ပါတယ်ဆိုမှပဲ၊ ငုဝါက သေနတ်မှန်လဲကျသွားတဲ့အချိန်မှာ ခေါင်းလှန်ထားမယ်၊ ခြေထောက်ကွေးထားမယ်၊ အဲဒါသရုပ်လဲပါတယ်၊ ချီရတာလည်းလွယ်မယ်၊ အင်္ဂလိပ်စစ်သားမြင်တာနဲ့ ငုဝါကိုချီထားရင်းကနေ ကိုယ်တစ်ပတ်လှည့်လိုက်၊ ဒီချိန်ကားလိပ်ကာကျမယ်၊ တကယ်လဲ ပြစ်မချနဲ့ဦးနော် ကားလိပ်ပြန်ဖွင့်တော့ တိုက်ပွဲဆက်ဖြစ်မယ်၊ ကဲ စို့အစ်ကို ”

“ ဒိုင်း ”

ငုဝါထွေးခနဲလဲကျသွားသည်။ လဲအကျ၌ ထိုးခွဲလိုက်သော ဆေးနီရည်သည် သွေးအဖြစ်ရွဲရွဲစိုသည်။ အပြေးထွက်ကာ ငုဝါကို ကောက်ပွေ့လိုက်သည်။ တူမီးသေနတ်ပုံခုတ်ထားသော သစ်သားသေနတ်ရှည်ကြီးက ကန့်လန့်ခံနေသဖြင့် ပွေ့ချီ၍မရ သရုပ်ဆောင်ပညာကား လွယ်မယောင်နှင့်ခက်လှပါ၏။ ဒုတိယအကြိမ် သေနတ်သံနှင့်အတူလဲကျသွားသော ငုဝါ၏ ဒဏ်ရာကိုဆွဲကြည့်သလိုနှင့် သေနတ်ကိုလူနှင့် ယှဉ်ချထားလိုက်သည်။လူနှင့်သေနတ်ပါ ပူးကိုင်ဆွဲမလိုက်ချိန်တွင် ငုဝါ၏ သက်တစ်ဖက်က လည်ပင်းကိုလာဖက်ပြီးဖြစ်သည်။ အလွန်တစ်ရာ မောဟိုက်လှစွာသော ပုံဖြင့် ငုဝါကို ပွေ့ချီပြေးထွက်လာစဉ် ရန်သူကို ခိုပ်ခနဲမြင်လိုက်ရသည်။ ချိုသင်းမွှေးပျံ၍ နုညံ့ညက်ညောသော နွှာကိုယ်လေးကိုတင်းတင်းဖက်ကာ အရှိန်ပြင်းစွာဖြင့် ကိုယ်တစ်ပတ်လှည့်လိုက်သည်။ ထိုစဉ်ကားလိပ်ကျသည်။

“ကောင်းတယ်ဗျာ၊ ပွဲနေ့မှာလည်း ဒီအတိုင်းဖြစ်ပါစေနော်”

ဒါရိုက်တာ ပန်းဆန်သိန်းအောင်က ချီးကျူးသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကဲ နောက်တစ်ခန်း။ ဒါက တောထဲမှာ ဆေးကုတဲ့အခန်းနော်။ ဒဏ်ရာရထားတဲ့ ငုဝါရဲ့ခြေထောက်ကို အစ်ကိုကဆေးထည့် ပတ်တီးစည်းပေးရမယ်၊ တောထဲမှာပတ်တီးအလွယ်တကူမရှိဘူး အစ်ကိုဝတ်ထားတဲ့ ခါးက လုံချည်ကို ဆောင်ဓါးနဲ့လှီးဖြတ်ပြီး ပတ်တီးလုပ်စည်းပေးရမယ် ဒါမှသဘာဝကျမယ်"

"ဝတ်ထားတဲ့ လုံချည်ကို လှီးဖြတ်ပြစ်ရမယ်ဟုတ်လား။ နှမြောစရာဟာ"

ကျွန်တော်၏အပြောကို ငုဝါက နှစ်လိုဖွယ်ပြုံးသည်။ သိန်းအောင်က စိတ်မရှည်စွာ အော်လေ၏။

"အဲဒီည လုံချည်ငါပေးပါ့မယ် ဟဲ့"

သိန်းအောင်က ဒါရိုက်တာအမည်ခံသော်လည်း တကယ့်ဒါရိုက်တာမှာ ငုဝါသာဖြစ်သည်။

"ပတ်တီးစည်းတဲ့အချိန်မှာ မျက်လုံးချင်း ခဏခဏဆုံမယ် ဒီနေ့အထားကြည့်ရုံနဲ့ ပရိသတ်ကချစ်သူတွေ အဖြစ်သိသွားပြီ၊ တိုက်ပွဲကာလမှာ ချစ်စကားပြောဖို့အချိန်မရှိဘူးလေ၊ ကဲပတ်တီးစည်းပေးမယ် ကန်တော့နော် အစ်ကိုရေ ကန်တော့ရှင့်"

ငုဝါပြောပြောဆိုဆို ခြေသလုံးသားပေါ်အောင်ပြုပြင်သည်။ ကျွန်တော်က အဝတ်စဖြင့်စည်းသည်။ လက်နှစ်ဖက်၌ သွေးစက်များ အလူးလူး။

"မဟုတ်သေးဘူးလေ အစ်ကို၊ ပတ်တီးပြန်ဖြေဦး ပတ်တီးစည်း ပတ်လိုက် မျက်လုံးချင်းဆုံလိုက် ဒီလိုသွားမယ်နော်"

မျက်လုံးချင်းတစ်ခါဆုံသည်။ အဝတ်စက ဘယ်ရစ်ရစ်သည်။ နောက်တစ်ခါ မျက်လုံးချင်းဆုံသည်။ အဝတ်စကညာရစ်ရစ်မိသည်။ ပတ်တီးစည်းရာမရောက်ဟိုလုန် သည်လှောနှင့် အရာမရောက် ဖြစ်လေတော့၏။



"အစ်ကို့ဟာက သရုပ်မပါတဲ့အပြင် ပရိသတ် ရီတောင်ရီဦးမယ်၊ ဒီလိုလုပ် ငုဝါက ခြေထောက်ဒဏ်ရာ အတင်းနာနေတဲ့ ပုံနဲ့ ခြေလှုပ်လိုက်တဲ့အခါ မျက်လုံးကိုလာကြည့်၊ နောက်တစ်ခါ ပြန်လှုပ်ပြတော့ ပတ်တီးကိုဆက်စည်း။ ဒီလိုအချက်ပြမယ်" သည်တစ်ကြိမ် တွင်သာ မျက်လုံးချင်းဆုံလိုက်၊ ပတ်တီးစည်းလိုက်နှင့် ချစ်သူအတွက် ရတက်မအေးနိုင်သလို နယ်ချဲ့ရန်သူကို အခဲမကျေနိုင်သည့် တော်လှန်ရေး ချင်းရဲဘော်၏ ခံစားချက်မျက်နှာသည် ပရိသတ်ဖွဲ့လောက်သည့် အကယ်ဒမီ ကွက်ပင် ဖြစ်တော့သည်။

× × × × × ×

(၃)

ပွဲတော်ကြီးပြီးစီးသွားခဲ့လေပြီ။ အလာကြော့ကြော့ အပြန်မှော့မှော့ လမ်းခွဲကြရပေတော့မည်။

"ကိုနိုင်း ကျောက်ထုကို အလည်လိုက်ခဲ့ဦးဗျာ"

သိန်းအောင်ကအလည် ခေါ်လိုက်ရန်ခေါ်ခြင်းဖြစ်သည်။

"နောက်တော့မှ လာခဲ့မယ်ကွာ၊ ကျွန်တော့်အဖွဲ့သားတွေ အုပ်အုပ်စည်းစည်း ပြန်ခေါ်သွားမှဖြစ်မယ်"

"မင်းကလဲကွာဆောနဲ့ ကန်ပက်လတ် တစ်ခေါ်လောက် ပေးတော့ သူတို့ဟာသူတို့ ပြန်မှာပေါ့"

"မင်းခေါ်တာနဲ့တော့ မလိုက်သေးပါဘူးကွာ၊ တစ်ခြားလူခေါ်ရင်တော့တစ်မျိုးပေါ့"

ဆိုလိုရင်းကို သိန်းအောင်သဘောပေါက်ပါ၏။ ပြုံ့ထွက်သွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ငုဝါပေါက်ချလာလေ၏။

" . . . . . . "

ချင်းဘာသာစကားဖြင့် ပြောခြင်းဖြစ်သည်။

"ကျွန်မတို့ကို တောင်ပေါ်အလည် ပြန်ခေါ်ရမှာစိုးလို့ မလိုက်ချင်တာလား၊ ကိုနိုင်းက ကျွန်မတို့ခင်သလိုမခင်ဘူး"

ချင်းဘာသာစကားဖြင့် ပီပီသသပြောလာသဖြင့် ပိုမိုရင်းနှီး သံယောဇဉ်ဖြစ်ရသည်။

"ကျွန်တော်အလည်လိုက်ခဲ့ဖို့ ဆုံးဖြတ်ပြီးသားပါ၊ ကျောက်ထုဘက် ကျောင်းနေဘက်သူငယ်ချင်း ပန်းပင်လွမ်းကမဝါနဲ့ ယောမြို့သူ မခင်သိန်း၊ ပန်းဆန်သူ ဝေဝေတို့လည်း သွားတွေ့ချင်တယ်"

"သူတို့က ငုဝါနဲ့သူငယ်ချင်းတွေပဲလေ၊ မဝါနုက အိမ်ထောင်ကျသွားပြီ၊ မခင်သိန်းက မင်းတပ်မှာရှိတယ်၊ ဝေဝေကတော့ ပန်းဆန်မှာပဲ"

"ကျွန်တော် ကျောက်ထုကနေ မင်းတပ်ပြန်တက်ပြီး တောင်ပေါ်လမ်းနဲ့ကန်ပက်လက် ပြန်မယ် စိတ်ကူးတယ်၊ မင်းတပ်မြို့ပေါ်က ချိုချောင်းနယ်အမျိုးများတွေ့ရအောင်လို့"

"ကျွန်မလည်း မင်းတပ်ပြန်ရမှာ၊မင်းတပ်မှာ ဦးလေးတို့ဆိုင်ကူရောင်းပေးနေရတာ၊ပွဲတော်အတွက် ကိုကြီးသိန်းအောင်က အတင်းလာပြန်ခေါ်လို့"

စကားပြောနေကြစဉ် သိန်းအောင်လွှတ်လိုက်သည့် ချက်လက်ကားကြီး ရောက်လာသဖြင့် ကားပေါ်တက်လိုက်ကြသည်။ ကျောက်ထုရောက်တော့ သိန်းအောင်နှင့်အတူ ပန်းဆန်ရွာသို့ ကူးလာခဲ့ကြသည်။ ရောက်ရောက် ချင်းပင် ဝေဝေကနှုတ်ဆက်သည်။

"ဇာတ်လမ်းထဲမှာ မင်းသားနဲ့မင်းသမီး ညားရဲ့လားကိုနိုင်း"

"ညားတော့မလို့ပဲ ဝေဝေ၊ မင်းသားကမိစ္ဆာနယ်ချဲ့တွေကို



တိုက်ခိုက်ရင်းအသက်စွန့်သွားတယ်ဗျာ"

ကျွန်တော်ပြောကိုဝေဝေက သဘောကျစွာ ရီမောသည်။ သိန်းအောင်ကလည်း အားတက်သရောပင် ထောက်ခံပြောဆိုလေ၏။

"ဇာတ်လမ်းထဲမှာ ကွဲမှ အပြင်မှာတကယ်ညားမှာညဲဘာသိလို့လဲ" ယောစကားတွင် ညားဟူသည် ပေါင်းဆုံရခြင်းဖြစ်၍ ညည်းကို ညဲဟု ပြောသည်။

"ကိုကို ကဲသာ ညားဖို့ပြောနေ၊ ဟိုကလာတောင်း နေပြီ"

"ဘယ်က ဘယ်သူတုံးဟ၊ ငါတောင်မသိလိုက်ရပါလား"

ထိုမောင်နှမ၏ စကားသံများကြားရကတည်းက နှလုံးအိမ်သည်ပူလောင်ပြင်းပြစွာ ခံစားရသည်။ဖြစ်သည်ဖြစ်၍ ဟန်ဆောင်နေရသော်လည်း အိပ်၍မှုမပျော်၊ အခွင့်သင့်လျှင် ပြောဆိုရန် စီကာစဉ်ကာ စေဆောင်းထားရှိခဲ့သမျှသော ချစ်စကားတို့သည်လည်း အပြင်သို့မရောက်၊ လေတွင် ပျောက်ကွယ်သွားကြလေပြီ။ ဝတ္တုရားကျေ ငုဝါရွှေကို နှုတ်ဆက်ပြီး မင်းတပ်မြို့သို့ အမြန်ဆုံး ပြန်တက်ခဲ့ရန်ဆုံးဖြတ်ခဲ့ပါ၏။

× × × × × ×

(၄)

ဝေဝေ၏ အစီအစဉ်ဖြင့် ဝေဝေလိုက်ပါလျက် ငုဝါနှင့်အတူ (၃)ယောက်သား မင်းတပ်သို့ ပြန်တက်ဖြစ်ကြသည်။ ဆောင်းချမ်းကာလဖြစ်၍ ဝေဝေတို့အသိအိမ်၌ ပင်ညဖက်၌ မီးလှုံ၊လက်ဖက်စား ကြာခဲ့ဆုံတွေ့ကြသည်။ တစ်နေ့တွင် မမျှော်လင့်သော စကားကို ငုဝါက

www.burmeseclassic.com

www.burmeseclassic.com



မေးသည်။

"အစ်ကို ရည်းစားက အဆိုတော်ဆို"

ထိုစဉ်က မင်းတပ်မြို့တွင်ရေဒီယို ဖာတ်ပြားရ အဆိုတော်ချင်းအမျိုးသမီးအနည်းငယ်ရှိသည်။

"ကြားတောင်မကြားဖူးပါဘူး ငုဝါရယ်"

"မသိပါဘူးရှင် "

အားကျမခံပင် ငုဝါနှင့် ပတ်သက်၍ ကြားဖူးသမျှ ပြန်ပြောလိုက်ရပါ၏။

"ငုဝါပဲ သီတင်းကျွတ်လို့ တန်ဆောင်မုန်းတောင် မရောက်သေးဘူး။ တောင်းရမ်းထားပြီးတော့ လူနဲ့လက်ထပ်ဖို့ အသင့်ဖြစ်နေပြီလို့ ကြားခဲ့တာပဲ"

" ဘုရားရေ"

ငုဝါက တအံ့တသြရေရွတ်တော့ ဝေဝေက သူ၏စိတ်ပညာသဘောတရားကိုရှင်းပြလေ၏။ ယောသူတို့၏ ခင်မင်နှစ်လိုဖွယ် အလေ့လည်းဖြစ်၏။

"ဒါကိုယ်က ရှင်တို့ကို ဆိုက်ကော်လော်ဂျီပညာနဲ့ အကဲခတ်တာ လူတွေရဲ့နှလုံးသား ခံစားချက်က မျက်နှာမှာအမြဲ ပေါ်တယ်၊ မင်းသားလာတောင်းတဲ့လူရှိတယ်ဆိုတာနဲ့ မင်းသားမျက်နှာ အိုးမည်းသုတ်သလို မည်းသွားတာပဲ၊ မင်းသားမှာရည်းစားရှိတယ် ဆိုတာနဲ့ မင်းသမီးမျက်နှာပန်းခြောက်ကလေးလို ညှိုးသွားတာပဲဟုတ်စ"

"ဝေနော်၊ အစ်ကို့ကို အားနာစရာ"

ငုဝါက စကားလမ်းကြောင်းကိုအတင်းလွှဲပြောင်းသည်။ ဝေဝေ၏အဆိုကြောင့် အေးစက်ခဲ့သည့်ထင်ရသော နှလုံးသားသည် အချစ်အတွက် တဖန်နွေးထွေးခဲ့ပြန်၏။ နောက်တစ်နေ့ကားကြီးဖြင့် သေကျောက်ထု ပြန်ဆင်းမည့်အချိန် တိုးတိုးမှာခဲ့ရှာ၏။





"ငုဝါက အရောင်းအဝယ်တတ်ကျွမ်းတယ်၊ ရုပ်ချောသလောက်အဆိုအရမ်းကောင်းတယ်နော်၊ ဒီလောက်လျှော်ပေးထားပြီးမှ ပြောဖြစ်အောင်ပြောကွယ့်"

ဝေဝေပြောသည့်အတိုင်းပင် အားမနာချိုလိုက်ရပြန်၏။ အဖော်အပေါင်းရှိခိုက် နောက်တစ်နေ့တောင်ပေါ်လမ်းဖြင့် ကန်ပက်လက်ပြန်ရတော့မည်ဖြစ်၍ ဝေဝေကို လိုက်ပို့ကြပြီး အပြန်လမ်း၌ပင် ပွင့်ပွင့်လင်းလင်း ပြောချလိုက်ရလေတော့သည်။

"ငုဝါက အစ်ကို့ကို ရိုင်းတယ်လို့ထင်မှာပဲနော်၊ ဒါပေမဲ့ ငုဝါ၊ အစ်ကိုက ငုဝါကို မခွဲနိုင်အောင် တွယ်တာနေခဲ့ရပါပြီ၊ အစ်ကို့ အချစ်ကို ငုဝါယုံပေးစေချင်ပါတယ်" ငုဝါ၏ တုံ့ပြန်မှုက တည်ငြိမ် အေးဆေးသူပါ၏။

"ငုဝါနဲ့အစ်ကိုတို့ သိကြတာမနေ့တစ်နေ့ကပဲနော် အစ်ကို့အကြောင်းကို ငုဝါသိဖို့လိုသလို၊ ငုဝါအကြောင်းကိုလဲ အစ်ကို သိဖို့လိုမယ်၊ အခုချိန်မှာတော့ ငုဝါဘာမှပြောစရာမရှိပါဘူး"

ဤအဖြေသည်ပင် အောင်မြင်ခြင်းတစ်ဝက်ဟု ခံယူပါ၏။

"ငုဝါက မင်းတပ်မှာ ကျောင်းတက်ရလို့ပါ၊ အစ်ကိုနဲ့ ဆေကျောင်းနောက် ဝါနုတို့ခင်သိန်းတို့ဆီမှာ အစ်ကိုနဲ့ ပတ်သက်လို့ စုံစမ်းနိုင်ပါတယ်"

"ငုဝါဆိုလိုတာက စီးပွား ဥစ္စာတို့နောက်ကြောင်း ရာဇဝင်တို့ မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့အကျင့်စီဖ စရိုက်၊ ကိုးကွယ်တဲ့ဘာသာသည်ဖြင့် ပေါ့လေ၊ အဲဒါတွေသိထားကြဖို့လိုပါတယ်၊ ဘာမှအရေးမကြီးဘူးထင်ရပေမယ့် ညှိမရမယ့်ဟာတွေ ဖြစ်လာနိုင်တယ်ဆိုတော့ အစကထဲက ပြတ်ပြတ်သားသားရှိကြရမှာပေါ့"

ငုဝါ၏ အဆိုကား ဘဝတစ်ခုတည်းဆောက်မည့်ချစ်သူများအတွက်စောကြောသင့်သော ကိစ္စများဖြစ်၍ ပို၍အထင်ကြီးမြတ်နိုးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြစ်စေပါ၏။

"သိပ်မှန်တာပေါ့ငုဝါရယ်၊ ငုဝါမှာ ရင့်ကျက်တဲ့အတွေး အခေါ်ရှိတယ်၊ ကျွန်တော်နဲ့ပတ်သက်ပြီးအားရအောင် စုံစမ်းပြီးမယ့် အချိန်ကိုမျှော်လင့်ခြင်းများစွာနဲ့ စောင့်နေပါမယ့်"

"လောကကြီးမှာ မရေရာမသေချာတာကို မျှော်လင့် မထားခြင်း ဟာ အကောင်းဆုံးပါအစ်ကို။ နွေမပေါက်ခင် ဦးလေးသန်းထွန်း ဆီ ကန်ပက်လက်ကို လေ့လာရင်း လာလည်ပါဦးမယ်။ ဒီတော့ မှ စကားပြော ကြသေးတာပေါ့နော်"

ကန်ပက်လက်ကို လေ့လာဦးမည်ဆိုသည်မှာ မိမိကို လေ့လာဦး မည်ဟု ဆိုလိုခြင်းဖြစ်ပေလိမ့်မည်။ ကျေနပ်မှုအပြည့်နှင့်ပင် ကန်ပက်လက် ပြန်လာခဲ့၏။ ဆောင်းတစ်ရာသီကား မည်မျှပင် မကြာလိုက်၊ နွေဦးပေါက်ခဲ့ လေ၏။ ငုဝါလည်း ကန်ပက်လက်သို့ အမှန်တကယ်ပင် ရောက်ရှိလာခဲ့ လေ၏။

ငုဝါရောက်ရှိချိန်ကန်ပက်လက်မြို့အနီး ကယွင်းတောင်ထိပ် ဆမ်းဆာထိပ်နှင့် ဆင်းမေတောင်ထိပ်များတွင် ဆောင်းနှောင်းလက်ကျန် တောင်ဖလပ်နီကြီးများ ဝေဆာနေပါသေး၏။ ပို၍အေးမြသော ဆင်းမေ တောင်ထိပ်၌ ဆောင်းလက်ကျန် သဖင်လက်တံရှည်တို့ ဖွေးဖွေးလှုပ် ပင် ရှိနေသေး၏။ ငုဝါ၏တူမကလေးများနှင့်အတူ ကပ်လျက်ရှိသော ထိုတောင်များသို့ လှည့်လည်ရောက်ရှိဖြစ်ကြ၏။ ဆင်းမေတောင်ထိပ် အရောက်တွင်ကား ပန်းအုံကြီးများကိုကြည့်၍ ငုဝါကတအံ့တသြဆိုလေ ၏။

"ဟယ် ဟိုကမှ ပေါ်ကသဖင်အုံကြီးကလှလိုက်တာ။ အောက်မှာ ဆို မနည်းတန်မှာပဲ ငုဝါတို့ ကျောင်းတုန်းက 'ပင်မြင့်စံလို့သင်ခဲ့ရတာ အခုတော့ မြေကြီးကပ်ပွင့်လို့ပဲ"





"ပင်မြင့်စံဆိုလဲရသပေါ့ငုဝါ။ အခုတို့ ရောက်နေတာ ပင်လယ် ပြင်ကနေအမြင့်ပေရှစ်ထောင်ကိုးထောင်ကျော်ပဲလေ"

"အင်း ဒီလိုလှည့်တွေးလို့လဲရတာပေါ့လေ"

ငုဝါပန်းအုံများကို ငေးမောနေစဉ် အရှည်ဆုံးပွင့်တံသုံးခက် ကို ချိုးယူကာ ကျစ်ဆံမြီးအရင်း၌ ထိုးစိုက်ပန်ပေးလိုက်၏။

"ဟာ အစ်ကိုက မပြောမဆိုနဲ့လုပ်ပြီ၊ ယောသားစကားပုံရှိ တယ်အစ်ကိုရဲ့၊ ပန်းပေးရင် လမ်းဝေးတတ်သတဲ့"

"ဟင် ဖွ ဖွနော်၊ ပန်းပေးတာမဟုတ်ဘူး၊ ပန်ပေးတာ၊ ဘာမှ မဆိုင်ဘူး"

ငုဝါအပြုံးဖြင့် ခေါင်းညိတ်ပြသည်။ နှလုံးသားချင်း နားလည်မှု အစဖြစ်ပါ၏။

မနက်ဖန်မနက်ငုဝါပြန်တော့မည်။ ကန်ပက်လက်မြို့စေတီကုန်း ၏ ဆောင်းလွန်ညကား အေးစက်လှပါသေး၏။ ငုဝါ၏ နုထွေးလှသော လက်ဖဝါးအစုံကို ဆုပ်ကိုင်ကာ ရင်ခွင်ထဲသို့ တိုးကပ်ထားလိုက်၏။

"အစ်ကို ကျောက်ထုရောက်တုန်းကလေး ငုဝါကို တောင်းထား တဲ့ လူရှိတယ်လို့ ဝေဝေပြောတုန်းက အရမ်းကို ကြေကွဲသွားတာပဲ"

"ပစ္စည်းမှ မဟုတ်ဘဲ တောင်းတိုင်းရမလား အစ်ကိုရဲ့၊ အဲဒါ ဝေဝေပြောတာအမှန်ရှင့်"

"ဘယ်လို ငုဝါ နို့ ဝေဝေပြောတော့မဟုတ်ဘူး ဆို"

"အဲဒီတုန်းက မဟုတ်ဘူး၊ အခုဟုတ်တယ်"

"ဘယ်လို"

"မင်းတပ်ကို ငုဝါရောက်နေတုန်းပေါ့၊ တိုတိုပဲ ပြောကြမယ်။ ပခုက္ကူမှာ ကုန်သည်ကြီး ဦးသာစိန်ဆိုတာ ရှိတယ်၊ သူ့ဆီကကုန်တွေကို ငုဝါတို့က ခေါက်ပြန်ပေးယူ၊ မင်းတပ်နဲ့ ကျောက်ထုမှာ ပြန်ရောင်းပေါ့၊ ဦးသာစိန်မှာ ဝေထွန်းဆိုတဲ့သား ရှိတယ်၊ ငုဝါနဲ့ ကိုဝေထွန်းနဲ့ ပခုက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထု၊ မင်းတပ် ကုန်စည်ပို့ဆောင်ခရီး အတူသွားဖူးတာလောက်တော့ ရှိပါတယ်၊ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ဦးသာစိန်ကြီးကုန်ဘိုးလာရှင်းရင်းနဲ့ ကျောက်ထုက ငုဝါအဘဆီကို လာပြောသွားတာတဲ့၊ ငုဝါလည်း သတင်းကြားကြားချင်း ကန်ပက်လက်ထွက်လာတာ ပေါ့"

"ငုဝါသဘောက ကော ဟင်"

"ဘာတွေလာမေးနေတာလဲ၊ အခု ငုဝါကအကို့ ရင်ခွင်ထဲမှာလေ"

"တကယ်လို့ မိဘတွေအတင်းအကြပ် စီမံခဲ့ရင်ကော ငုဝါ"

"ရှင် ယောက်ျားပဲ၊ လာခိုးပေါ့၊ ငုဝါပြောတာကျေနပ်ရဲ့လား"

"သိပ် ကျေနပ်ပါတယ် ငုဝါ၊ အရေးအကြောင်းရှိရင် ပန်းဆန်က သိန်းအောင်ကြီးကို ချက်ချင်းကို ပြောနော်"

"စိတ်ချပါ ကိုရယ်"

ငုဝါသည် ကန်ပက်လက်မှ ကျောက်ထုသို့ ပြန်မည်ဖြစ်၍ ဆောမြို့အထွက်အထိ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

× × × × × ×

(၅)

တစ်နွေညောင်း၍ တစ်ဆောင်းသစ်ခဲ့ပြန်လေပြီ။ ချင်းတောင်တန်း၌ ချယ်ရီပွင့်၊ ဖဲမြစ်၊ မှတ်မှတ်ရရ သီတင်းကျွတ်လ။

သိန်းအောင်နှင့် ငုဝါတို့ ကန်ပက်လက်သို့ ပေါက်ချလာကြသည်။ ရောက်မဆိုက်ပင် သိန်းအောင်က ပြောသည်။





"ကိုနိုင်းက မိဘခွဲပေးတဲ့ လုပ်ငန်းနဲ့ အဆင်ပြေနေပြီးသားဆိုတော့ ထူးလို့အခက်အခဲရှိမှာ မဟုတ်ဘူး။ ငုဝါရွှေနဲ့ပြောစရာရှိတာ ပြောကြ၊ ငါ ဘလေး သန်းထွန်း အိမ်မှာ ရှိမယ်"

သိန်းအောင်ထွက်သွားသည်နှင့် ငုဝါကချက်ချင်းပင် ပြောပြသည်။

"မနှစ်တုန်းက အစ်ကို့ကို ငုဝါပြောဖူးတယ်လေ၊ ပခုက္ကူသူဌေး ဦးသာစိန်ရဲ့သား ဝေထွန်းလာတောင်းဖူးတယ်ဆိုတာလေ၊ အခု သီတင်းကျွတ်ပြီးရင် ပခုက္ကူမှာ မင်္ဂလာသွားဆောင်ပြီး ကျောက်ထုမှာ တစ်ခေါက်ပြန်ဆောင်မယ်ဆိုပြီး လူကြီးတွေ သဘောတူထားတယ်၊ အဲဒါ ကိုကြီးသိန်းအောင် ကန်ပက်လက်လာမယ်လဲဆိုရော ကန်ပက်လက်က ဦးလေးသန်းထွန်းကို ဝါကျွတ်သွားကန်တော့မယ်ဆိုပြီး လိုက်လာခဲ့တာ"

ငြိမ်နေ၍ မဖြစ်တော့ပြီ။ ယောဒေသ၌ မိန်းမခိုးသည်ဆိုလျှင် တော်ရုံနှင့် မလိုက်နိုင်သည့် အရပ်သို့ခိုးရသည်။ မိမိ၌ ကန်ပက်လက်နှင့် မင်းတပ်တွင် သာ ဆွေမျိုးရှိသည်။ မင်းတပ်၌လည်း ငုဝါ၏ဦးလေးအကြီး ဦးသန်းမြင့် ရှိ၍ ကန်ပက်လက်တွင် ဦးလေးအငယ်ဦးသန်းထွန်း ရှိသည့်အပြင် ခရီး မဝေးကွာကြ၍ အလွယ်တကူ ရောက်လာနိုင်သည်။ မည်သည့်အရပ်သို့ ခိုးပြေးသွားရပါမည်နည်း။

"အခုဝါကျွတ်ပြီပဲ ငုဝါ၊ ရက်အတိအကျမသိရဘူးလား"

"ရက်တော့ဘယ်သတ်ဦးမလဲအစ်ကိုရဲ့၊ ဆောဒေသထုံးစံက ဝါကျွတ်ပြီးရင် တန်ဆောင်းမုန်းလပြည့်ထိက လူကြီး မိဘဆရာသမားတွေ ကန်တော့ချိန်၊ တန်ဆောင်မုန်း လပြည့်ရက်တွေမှာ အမြဲလုပ်တဲ့ ဆောရှင်မာလိုက်ဘုရားပွဲပြီးတော့မှ လက်ထပ်ကြ ခိုးရာလိုက်ကြနဲ့ ဒါဟာ ယဉ်ကျေးမှုဥပဒေတော်ကြီး ဖြစ်နေပြီလေ၊ ဆောဘုရားပွဲပြီးမှ ရက်သတ်ကြမှာပေါ့"

"ပွဲတော်ရက်ကနှစ်လတောင် မလိုတော့ဘူး၊ အခု ငုဝါမပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လား၊ ငုဝါရယ်၊ ချင်းတောင်က တစ်ရွာရွာကို ရှောင်နေလိုက်ကြရအောင်”

“ပွဲတော်ရက်မပြီးဘဲ နိုးပြေးလို့မရဘူးလေ အစ်ကို၊ ပွဲတော်မှာလည်း ငုဝါတာဝန်က လုပ်ရဦးမှာ၊ ပွဲတော်ရဲ့နောက်ဆုံးည ငုဝါအခန်းပြီးတာနဲ့ အမြန်ဆုံး ထွက်ကြတာပေါ့အစ်ကို”

“ဟုတ်တယ် ငုဝါ၊ ပွဲတော်မတိုင်မီ သိန်းအောင်ကလည်း ဘယ်နည်းနဲ့မှ လွှတ်မှာမဟုတ်ဘူး။ ဒီတော့ ငုဝါပြောတဲ့အတိုင်း လုပ်ကြမှဖြစ်မယ်၊ အိမ်ကပစ္စည်း ဘာဆိုဘာမှ ပါမလာခဲ့နဲ့နော်ငုဝါ”ငုဝါက ခေါင်းညိတ်သည်။ သည်တစ်ခါ ငုဝါအပြန်တွင် ငုဝါ၏ ဆန္ဒအရ တစ်စုံတစ်ဦးက ရိပ်မိမည်စိုးသဖြင့် လိုက်ပါပို့ဆောင်ခြင်း မပြုရဘဲ နောက်ကျောပြင်ကိုသာ ငေးမောကြည့်ရှု ကျန်ရစ်ခဲ့ရသည်။

× × × × × ×

(၆)

ဆောချောင်းကမ်းဘေးလွင်ပြင်ဘုရားပွဲတော်ဆီမှ သီဆိုတီးမှုတ်သံများသည် ဘဝင်ညံ့လျက်ရှိသည်။ ဘုရားစောင်းတန်းတောင့်တွင် သုံးယောက်သား တိုင်ပင်ကြသည်။

“ငုဝါရေ၊ အစောတုန်းကတော့ အစ်ကိုဦးလေး ရန်ကုန်အုတ်ကြွင်း ဂုံနီစက်ရုံမှူးရှိတယ်၊ သူ့ဆီသွားကြဖို့ စီစဉ်ထားတာ၊ ပွဲတော်ရက်အတွင်း ကားအဲထွက်မရှိဘူး၊ လောင်းရှည်ဘက်ပဲ ထွက်ပေါက်ရှိတော့တယ်”

“အေးလေ အစ်ကိုဘယ်လိုလုပ်မလဲ အစ်ကိုစီစဉ်လေ ငုဝါက အဆင့်သင့်ရှိနေတယ်”





“လောင်းရှည်မှာ အစ်ကို့ ကျောင်းနေဘက် သူငယ်ချင်းတင်ထွန်းရှိတယ်၊ သူ့အိမ်ခဏဝင်ခိုရမှာပေါ့၊ မဝေးဘူးဆိုပေမဲ့ ခြေလျှင်သွားရမှာ၊ မနက်ဖန်ည က, မနေပါနဲ့တော့၊ ဒီနေ့ပဲထွက်သွားရအောင်”

ငုဝါကသိန်းအောင်ကို လှမ်းကြည့်သည်။ သိန်းအောင်က ဟှာဟှာသလဲ ပြောလေ၏။

“မဖြစ်ဘူး ကိုနိုင်း ပွဲကနောက်ဆုံးည မီးကုန်ယမ်းကုန်ခွဲရမှာ၊ ငုဝါအခန်းက ညဆယ်နာရီခွဲဆိုရင်ပြီးပြီ၊ ကိုနိုင်း ဒီညသွားနှင့်ပြီး အားလုံးစီစဉ်ထား၊ ငုဝါအခန်းပြီးတာနဲ့ ချက်ချင်း ငါနဲ့ ငုဝါနဲ့ လောင်းရှည်ကိုတင်ထွန်း အိမ်လိုက်ခဲ့ကြမယ်၊ သူ့အိမ်ကငါရောက်နေကျ”

“ဟုတ်ပါတယ်အစ်ကို၊ ငုဝါလည်း ကိုယ့်ကျောက်ထု ဒေသအတွက် နောက်ဆုံးကပေးခြင်းပဲလေ၊ အစ်ကိုသိန်းအောင် ပြောသလိုပိုကောင်းမယ် ထင်တယ်”

“ကောင်းပြီလေ၊ အစ်ကို လောင်းရှည်မြို့အဝင်၊ စလင်းချောင်းစပ်က စောင့်နေမယ်”

တိုင်ပင်ကြပြီးနောက် လောင်းရှည်မြို့သို့ ထွက်ခွာလာခဲ့ပါသည်။

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



(၇)

လောင်းရှည်မြို့ကို ရစ်ပတ်စီးဆင်းသွားသော စလင်းချောင်း ရေသည် လရောင်တွင် တရိပ်ရိပ်ပြေးလျက်ရှိသည်။ မြို့ထဲမှ ကြက်တွန် သံများ စီစီညံညံကြားရပြီ။ မျက်စိမမှိတ်တမ်းပင်ချောင်းဖြတ်လမ်းသို့ ငေးစိုက်ကြည့်နေသည်မှာ အလင်းရောင်မှုန်မှုန်ပင်ရှိခဲ့ပြီ။ တစ်စုံတစ်ယောက် သည် ချောင်းဘက်ဆီသို့ အပြေးအလွှားလာလျက် ရှိသည်မှာ အလော တကြီးနိုင်လှ၏။

"ဟော ကိုသိန်းအောင်၊ ငုဝါကော"

သိန်းအောင်ကား မောဟိုက်လွန်း၍ တော်တော်နှင့် စကားမ ပြောနိုင်။ စိတ်မရှည်စွာ ငံ့လင့်နေရချေသေး၏။

"ဒီလိုကိုနိုင်၊ ငုဝါဇာတ်ခုံပေါ်က ဆင်းလာပြီး အဝတ်သွားလဲ ဦးမယ်ဆိုပြီး ဇာတ်စင်နောက်ဘက် ထွက်သွားတယ်၊ မလာနိုင်လွန်းအား ကြီးလို့ ငါလိုက်သွားတော့၊ ငုဝါရယ်သူ့အဖေ ဦးရွှေထွန်းရယ်၊ ဦးသာစိန် ကြီးရယ် ဂျစ်ကားအဖြူလေးနဲ့ ပခုက္ကူဖက်ကို မောင်းထွက်သွားကြတယ် ဇာတ်အဖွဲ့က ကလေးမတွေ သွားမေးတော့ သူ့အဖေနဲ့ သူ့ယောက်ဖ လာခေါ်သွားပြီ ပြောတာနဲ့ လောင်းရှည်ဘက်ကို အားကုန်ပြေးခဲ့တာပဲ" ခဲတစ်လုံးကို အရှိန်ပြင်းစွာဖြင့် စလင်းချောင်းထဲသို့ ပစ်ပေါက်လိုက်သည်။ နမျောတသခြင်း၊ ဒေါသကြီးစွာဖြစ်ခြင်းတို့ဖြင့် ဆောက်တည်ရာမရနိုင်။ သဲခုံပေါ်သို့မှောက်ချကာ မျက်စေ့စုံမှိတ်လိုက်သည်။ အတန်ကြာမှ သိန်း အောင် အသံထွက်လာသည်။

"လဲ သေနေလို့ မပြီးဘူးမောင်၊ ငုဝါ ဒီလောက်ရက်စက်မယ် လို့ ငါမထင်ဘူး။ ခုနေ ကျောက်ထုမှာ ရှိနိုင်သေးတယ်၊ လိုက်ရအောင်"

"အေးကွာ လိုက်ကြမယ်"



ကျောက်ထုရောက်သော် သိန်းအောင်ကို ချန်ခဲ့ပြီး ငုဝါတို့ အိမ်သို့ တန်း တန်းမတ်မတ်လိုက်သွားခဲ့သည်။ ဖြစ်သမျှရင်ဆိုင်ရန်အသင့်။ ခြံပေါက် ဝ အရောက်တွင် အိမ်စောင့်အဒေါ်ကြီး တစ်ယောက်သာ ရှိသည်။

"တစ်အိမ်သားလုံး ပခုက္ကူသွားကြတယ်ကွဲ့၊ အဒေါ်က တောရလွန်းလွန်းကနေ အိမ်ခဏလာစောင့်ပေးတာ၊ မင်္ဂလာကိစ္စဆိုတော့ ကြာကြဦးမှာပဲ့ မောင်"

ဟန်မပြမှုပင် မနှုတ်ဆက်ခဲ့၊ ခေါင်းကို ငိုက်စိုက်ချ၍ ပြန်ထွက် လာသည်။လမ်းမကြီးအဆုံး ရေမက္ကိုပင်ကြီးအောက်ရှိ ဦးချစ်ထွေး၏ "ယောဂုဏ်ရည်" ထမင်းဆိုင်သို့ ဝင်သည်။

"ဦးကြီး ဦးချစ်ထွေး၊ ဦးရေတစ်ပိုင်းပေးပါ"

ဖန်ခွက်ထဲသို့ အကုန်လောင်းချပြီး တစ်စက်မကျန် မော့ချသည်။ ပူလောင် မှုဝေဖြင့် အရှုပမာအော်ဟစ်မိချေ၏။

"မြေဟောက်မ၊ မြွေပွေးမ၊ ပဟုတ်ကန်းတဲ့မိန်းမ လှပသလောက် ရက်စက်တဲ့မိန်းမ နင့်ကိုချစ်မိတာ ငါ့ကိုငါ သတ်ချင်တယ် ..........မ" အယုတ်ညံ့ဆုံးသော ဆဲဆိုစကားများဖြင့် အော်ဟစ်နေစဉ် လေယာဉ် ပျံသံ ဝေါခနဲ ကြားလိုက်ရသည်။ ထမင်းဆိုင်နှင့် လက်မှတ်ရုံးသည် ခြေတစ်လှမ်းသာဝေးသဖြင့် အပြေးထွက်လာသည်။ လေယာဉ်လက်မှတ် ကို အတင်းဆွဲယူပြီး အမ်းငွေပင်မယူခဲ့၊ ခရီးသည်များ ဆင်း၍မကုန်မီ လေယာဉ်ပေါ်သို့ တက်လာခဲ့သည်။ မင်္ဂလာဒုံလေဆိပ်၌ ဒါကိုတာ လေ ယာဉ်ဆင်းသက်သည်နှင့် ခရီးသည်များကို အတင်းတိုးဝှေ့ကာ ကျောက် ထုသူများကို ဆဲဆိုရင်း ရန်ကုန်အုတ်ကြင်းထိပ်ရှိ ဦးလေးနေအိမ်သို့ ရောက်ရှိလာခဲ့၏။ ရန်ကုန် ဦးလေးအိမ်၌ အလုပ်ကြီးအကိုင်ကြီးရှိ သလိုနှင့် ဆောင်းကုန်အထိ နေလိုက်၏။ နွေရက်ရောက်လျှင် တောင်ပေါ်ဒေသ သမုဒ္ဒရာဝမ်းတစ်ထွာ လုပ်ငန်းများက အချိန်လုနိုင်မှ တန်ကာကျ၏။ ဒါကိုတာလေယာဉ်ဖြင့်ပင် ကျောက်ထုသို့ ပြန်လည်

www.burmeseclassic.com



လိုက်ပါလာခဲ့၏။ ကျောက်ထုမြို့ကို ဖြတ်သန်းလိုစိတ် မရှိသော်လည်း ရှောင်လွှဲ၍မရ၊ လူသူမမြင်မတွေ့အောင် ရုတ်တရက် ထွက်ခွာဖြတ်သန်းသွားရန် စိတ်ကူးနေစဉ်မှာပင် ကျောက်ထုလေဆိပ်သို့ လေယာဉ်ဆင်းသက်သည်၊ နောက်ချန်ဆင်းလာခဲ့ပြီး ကောင်တာမှ ဖြတ်အထွက် ကျယ်လောင်လှ သော ဝေဝေ၏ ခေါ်သံကျယ်ကြီးနှင့် တိုးလေ၏။

"ကိုနိုင်း"

"ဩော် ဝေဝေကိုး ကျွန်တော် ဝေဝေတို့နဲ့ စကားပြောစရာမရှိပါဘူးဗျာ"

ခံစားချက်ကြောင့် ထင်ပါ၏။ မလျော့သော စကားသည် အလိုလိုထွက်သွားခဲ့လေပြီ။

"ရှင်မရှိလဲ ကျွန်မရှိတယ် လာလိုက်ခဲ့"

လူအုပ်ကြား လာရောက်ဆွဲငင်နေသဖြင့် ကန့်လန့်သွားခဲ့ရ၏။ မကြားလိုသော စကားကိုပင် တမင်ရွေးချယ် ပြောဆိုနေသည် ထင်မိ၏။

"ကိုနိုင်း ငှဝါရွှေကို အရမ်းနာကျည်းသွားပြီပေါ့လေ ဟုတ်လား"

"တောင်းပန်ပါတယ်၊ အထူး မေတ္တာရပ်ခံအပ်ပါတယ် ဝေဝေရယ်၊ မကြားပါရစေနဲ့"

"ရှင် မကြားချင်လဲ ကျွန်မတော့ ပြောရမှာပဲ၊ ကျွန်မမှာ တာဝန်ရှိခဲ့တယ်လေ"

"ပြီးတာတွေပြီးခဲ့ပါပြီ၊ ဘာမှ အစမဖော်ပါနဲ့တော့။ မာယာမှသားနဲ့လှည့်ဖြားတတ်တဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်လို့" စကားမဆုံး လိုက်ရ၊ ဝေဝေကလက်ကို ဆောင့်ဆွဲလိုက်၏။

"နေဦး၊ ကျွန်မ ပြောတာအရင်နားထောင်၊ ငှဝါ ဒေါ်သတွေ မွှန်ပြီး ပခုက္ကူကားနဲ့ ချက်ချင်းတက်လိုက်သွားရတဲ့ အကြောင်း ကိုနိုင်းလာရင် ရှင်းပြပေးဖို့ ကျွန်မကို အသေအချာမှာထားခဲ့တယ်လေ





ဒါပေမဲ့ကျွန်မတာဝန်မကျေခဲ့ဘူး။ ကျွန်မဆီကို ဘာဖြစ်လို့ မဝင်ခဲ့ရတာလဲဟင်"

"အားလုံး နိဂုံးချုပ်ခဲ့ပြီပဲ ဝေဝေရယ် သွားခွင့်ပြုပါတော့"

"မပြုနိုင်ဘူး ကိုနိုင်း နောက်မှ ပေးချင်တဲ့အပြစ်ပေး၊ ပြောရမဲ့စကား တစ်ခွန်းတော့ ပြောရမှုဖြစ်မယ်၊ နားထောင်ဦး ကျွန်မပြောတာ၊ အဲဒီည ငှဝါ လောင်းရှည်ကို ပြေးလိုက်လာမယ့်ဆဲဆဲမှာပဲ ဦးသာစိန်ကြီးနဲ့ ရန်ဖြစ်ကြတယ်လေ၊ ဦးသာစိန်ကြီးက ငှဝါကို ပြောတာ၊ လူငယ်ချင်းချစ်ကြိုက်နေကြလို့သာ မိဘဝတ္တရားအတိုင်း တောင်းယမ်းရတာ မိန်းကလေးဘက်က မဟုတ်ဘူး တင်းမာနေရင်လဲ မိဘနှစ်ပါးရှေ့မှာ သူ့သားနဲ့ရင်ဆိုင်ဖြေရှင်းပါ၊ အခုကားပေါ်တက်လိုက်ရှင်းဆိုတာနဲ့ အခု ရှင်းမယ်ဆိုပြီး ကားပေါ်တက်လိုက်သွားတာရှင့်၊ အဲဒါ ကိုနိုင်း သူ့နောက် လိုက်လာလိမ့်မယ်၊ လိုက်လာရင် အကျိုးအကြောင်း ရှင်းပြပြီး ကျောက်ထုမှာ စောင့်ခိုင်းထား၊ ဘယ်မှ မသွားစေနဲ့မှာခဲ့တာ၊ ကျွန်မ လမ်းပေါ်ထွက်လာတော့ ရှင်လေယာဉ်နဲ့ ပါသွားပြီ၊ အဲဒီနေ့ပဲ ငှဝါပြန်ရောက်လာတယ်လေ၊ ရန်ကုန်မြို့ကြီးမှာ ရှင်ဘယ်နားသွားနေမှန်း ဘယ်သူသိနိုင်မလဲ"

"အဟုတ်ပဲလား ဝေဝေ"

"မဟုတ်တာကို ကျွန်မ အောက်ကျခံ ဒီလောက်ပြောနေပါ့မလား၊ ပြီးတော့ ရှင် ဦးချစ်တွေး ထမင်းဆိုင်မှာ ကျောက်ထုသူတွေကို မှိုချိုးမျှစ်ချိုး ပြောသွားသေးတာ၊ ကျွန်မတို့က မဟုတ်ဘဲနဲ့ မခံနိုင်ဘူး ရှင့်"

"အခု ငှဝါ ဘယ်မှာလဲ ဝေဝေ"

"ရှင် ပျောက်သွားကတည်းက သူလည်း ပျောက်သွားတာပဲ"

"ကျွန်တော်မတွေ့တွေ့အောင် လိုက်ရှာမယ်ဗျာ၊ ကိုနိုင်းအောင်ကြီးနဲ့တိုင်ပင်မှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ်၊ ကိုကြီးသိန်းအောင် အခုကန်ပက်လက် ရောက်နေတယ်၊ အမြန်လိုက်သွား၊ ဘယ်မှလည်း ဝင်မနေနဲ့"

ကန်ပက်လက်မြို့လယ်မော်တော်ကား ရပ်လိုက်သည်နှင့် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ အဝတ်အိတ်ကို ပခုံးလွယ်လျက် ခေါင်းငိုက်စိုက်ချ အိမ်ဘက်ပြန်ထွက်ခဲ့သည်။ တောင်တက်လမ်းချိုးအကွေ့တစ်နေရာအရောက် တစ်စုံတစ်ယောက်ကအိတ်ကို နောက်ပြန်ဆောင့်ဆွဲလိုက်၏။

"ရပ်ဦး"

အမိန့်သံကြောင့် နောက်ပြန်လှည့်ကြည့်လိုက်၏။

"ဟင် ငုဝါ"

"ဘာဖြစ်လို့ဒီလောက်အကြာကြီး ငုဝါကို ပြစ်ထားပြီး လေလေလွင့်လွင့် ဖြစ်နေတာလဲ အစ်ကိုရယ်"

ချိုမြသော အသံနှင့်အတူ မျက်ရည်ဥတို့က ပါးအို့နီကြီးပေါ်ဝယ် ပြေးထွက်လိမ့်ဆင်းသွားကြ၏။

"မငိုလိုက်ပါနဲ့ ငုဝါရယ်၊ ပြုံးလိုက်နော်၊ အေး ဟုတ်ပြီ၊ အရှုံးကြီးကို လှတာပဲသိလား၊ ဒါနဲ့ဝေဝေပြောတော့ ငုဝါဘယ်ရောက်နေမှန်းမသိ၊ ပျောက်နေတယ်ဆို"

"ဒီဝေဝေကတော့လေ၊ စကားကို ဘယ်တော့မှ အတည့်မပြောဘူး၊ လေယာဉ်ဆိုက်တိုင်း သွားကြည့်၊ ပြန်ပါလာရင် ကန်ပက်လက်ကို ချက်ချင်း ပြန်လွှတ်၊ ငါက ချင်းတောင်တန်းကနေ သေအထိစောင့်နေမယ်လို့ ပြောထားခဲ့တာ၊ ပေး ပေး အစ်ကို့အိတ်ပေး ငုဝါ ဆွဲခဲ့မယ်"

"အိတ်က နည်းနည်းလေးတယ် ငုဝါ၊ ဟိုဘက်ဒီဘက်မှ ဆွဲရအောင်"

အိတ်တစ်လုံးကို မျှတူဆွဲ၍ လျှောက်လာသော ခြေလှမ်းများ





က ပေါ့ပါးသွက်လက်ရှိလှ၏။

ကိုနိုင်း (ချင်းတောင်း)
(လုံမလေးမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၅)

www.burmeseclassic.com

www.burmeseclassic.com




# ကိုယ်ကဦးအောင်စောင့်နေမယ်

ချင်းတောင်တန်းမှ ခုန်ပေါက်ပြေးဆင်းခဲ့သည့် ဂျစ်ကားလေးသည် ကလေးဝမြို့သို့ ဝင်လိုက်လျှင် မှုံရွာမှဆန်တက်လာသည့် အမြန်ရေယာဉ်နှင့်အသင့်ကြုံသည်။ ရေယာဉ်ပေါ်ပြောင်းတက်လိုက်သည်နှင့် မြစ်ကမ်းဝဲယာရှိ ခေါင်းချင်းဆိုင်လျက်ရှိသည့် ကျောက်တောင်ထိပ်ချွန်ကြီးများက အပြေးအလွှားလာရောက်ကြိုဆိုကြသည် သို့ရှိ၏။

''မစိန်ရောက်တော့မယ်၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားတန်းကြီး လှမ်းမြင်နေရပြီ''

သူငယ်ချင်းအောင်နိုင်အသံကြောင့် မြစ်ပြင်တစ်ခေါ်လှမ်းမျှော်ကြည့်မိ၏။ မစိန်ရွာ အထက်ကုန်းမြင့် ခင်တန်းကြီးကား မြစ်ပြင်သဲခုံမှသည် မိုးပြာအထိ လဲလျောင်းမြင့်တက်သွားလေ၏။ ကုန်းတန်းအလိုက် အစီအရီတည်ထားသည့် နှစ်ကျိပ်ရှစ်ဆူစေတီတန်းကြီးလည်း အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



ညီစွာ တစ်ဆူပြီးတစ်ဆူမြင့်တက်သွားကြသည်မှာ အဝေးဆုံးမြင်ကွင်း စေတီသည် ကောင်းကင်ပြာထဲသို့ တိုးဝင်သွားလေသည်။

"မစိန်ရွာစေတီတန်းကြီးက သိပ်သပ္ပာယ်တာပဲ ကိုအောင်နိုင် အချိန်ရရင် အေးအေးဆေးဆေးဝင်ဖူးချင်လိုက်တာ"

"ခင်ဗျား မော်လိုက်ဝန်ထမ်းဖြစ်လာမှတော့ ဒီခရီးအမြဲသွား နေရမှာပါ၊ မော်လိုက်က ဒီရေကြောင်းထွက်ပေါက်ပဲရှိတာ၊ မကြာမကြာ ဖူးရမှာပေါ့ဗျာ"

"အေးပေါ့ဗျာ၊ ဒီကျောက်တောင်ချွန်ကြီးတွေ၊ ကမ်းပါးပြတ်ကြီး တွေနဲ့ဆိုတော့ ကားလမ်းဖောက်ဖို့ ဘယ်လွယ်ပါ့မလဲနော်"

"နွေကားလမ်းတော့ရှိတယ်၊ ကလေးဝစက်လှေ ဆိပ်ကနေ အရှေ့ကမ်းကိုကူး သက္ကယ်ကျင်း၊သာနန်းတော၊ မော်လိုက်အဆီ ဇမ်မိုင် ၅ဖာလုံ၊အနောက်ဘက်ကမ်းက ကလေးဝ၊ကျည်ကုန်းစော်ဘွားရေ ရှင် လမ်းက (၂)မိုင်၊မော်လိုက်နယ်က ကျေးရွာတွေအားလုံးက ချင်းတွင်း မြစ်ကမ်းနဲ့ ကိုးတန်ချောင်းဘေးမှာပဲရှိကြတော့ နှစ်လမ်းစလုံးက မော်လိုက်နယ်ကို အရှေ့အနောက် ရှောင်ကွင်းသွားကြသလို ဖြစ်နေတာပေါ့၊အခုတော့မော် လိုက်၊ကလေးဝ၊ချင်းတွင်းမြစ်ကမ်းအတိုင်း အဖြောင့်ဖောက်ဖို့ ခွင့်ပြုလိုက်ပြီ မြင့်ဖေကြီးလမ်းအူကြောင်း ရှာလိုက်သွား ရလို့ ငါတစ်ယောက် တည်းလာကြိုတာ"

ပြောလက်စမဆုံးမီ မစိန်ဆိပ်၌ ခရီးသည်အတင်အချ စက်လှေ ခေတ္တကပ်သည်။

"ဟယ် ကိုကြီးအောင်နိုင်ပါလား ဘယ်ကပြန်လဲရှင့်"

ချိုလွင်သော နှုတ်ဆက်သံနှင့်အတူ ရှည်သွယ်ဖြူနုသော မိန်းကလေး တစ်ယောက်လှေပေါ်တက်လာ၏။

"လာ လာ ချိုနွဲ့ ဒီနားလာထိုင်၊နင်မစိန်ကို ဘာလုပ်တာလဲ တစ်ယောက်တည်းလား နင့်ကိုမိတ်ဆက်ပေးရအုံးမယ်၊ ဒီက ကိုနိုင်း



ကိုကြီးအောင်နိုင်တို့က မန္တလေးတက္ကသိုလ်မှာကတည်းက အတွဲတွေ၊ ဆားတွင်းရပ်က မြင့်ဖေကြီးနဲ့ဆိုရင် ကိုနိုင်းရဲ့အရင်းဆုံးပေါ့၊ အထက် ချင်းတွင်းနဲ့အထက်ချင်းတောင်ကလာတဲ့ လူတွေသွားတွဲမိကြတာပေါ့၊ အခု မော်လိုက်မြို့နယ်ရုံးမှာ တာဝန်ကျလို့ သွားခေါ်လာတာ"

"ဟုတ်ကဲ့ ကိုကြီးအောင်နိုင်ရှင့် ချိုနွဲ့နဲ့အဲမ ကလေးဝ ဈေးဝယ် သွားကြတာရှင့်၊ အဲမကအရင်လိုလို့ လိုင်းလှေနဲ့ပါသွားပြီရှင့် ချိုနွဲ့က မစိန်မှာဝင်ယူစရာရှိလို့ ကျန်ခဲ့တာရှင့်၊ကိုကြီးနိုင်းနာမည် ကြားဖူးတယ်ရှင့် ကိုကြီးမြင့်ဖေက ချိုနွဲ့အစ်ကိုဝမ်းကွဲရှင့်"

အထက်ချင်းတွင်း သူတို့စကားသည် ရှင့်ပေါင်းများစွာ ထပ်နေ၏။ ကိုယ်ပိုင်ဟန်ဒေသ လေသံဖြစ်၍ ချိုလွင်သာယာရှိလှသည်။

ဟုတ်ကဲ့ ဝမ်းသာပါတယ်ဗျာ နာမည်ချိုနွဲ့နော် မော်လိုက်မှာ တာဝန်ကျလို့ ခုမှလာဖူးတာ ချိုနွဲ့တို့ကိုပဲ အားကိုးရမှာ"

အမြန်လှေသည် ချင်းတွင်းမြစ် ရေလှိုင်းကို ထိုးခွဲလျက် တရိပ်ရိပ်ဆန်တက်လျက်ရှိသည်။ မြစ်ကမ်းနံဘေးတောင်နံရံပေါ်မှ နေရောင်ခြည်တို့ ရွှေဝါရောင်ပြောင်းသွားချိန်တွင် စက်လှေသည် တောင်စွယ်ကွေ့တစ်ခုကို ပတ်ကျော်လိုက်၏။

"ဟော မော်လိုက်ဆိပ်ကမ်းကို လှမ်းမြင်ရပြီ ကိုနိုင်း"

မော်လိုက်ဆိပ်ကမ်းအလှကား ရှုမောဖွယ်ရာ တင့်တယ်လှပေ၏။ မြစ်ရေပြင်သည် လခြမ်းကွေးသဏ္ဌာန် မြို့ကို ကွေ့ပတ်သွားသည်။ မြစ်ရေပြင်၏ အနားသတ် ကုန်းလျှောအပြည့်ကျောက်ပြားတုံးကြီးများကို ဂဟေဆက်စီ၍ ခင်းထား၏။ ကျောက်ပြားတစ်ချပ်လျှင်ဆေးရောင်တစ်မျိုး ရေးခြယ်ထားသဖြင့် အကြီးကျယ်ဆုံး ရောင်စုံမှန်ကူကွက်ကြီး ဖြစ်သော်၏။

လခြမ်းကွေးပုံ မှန်ကူကွက်ရှည်ကြီး၏ အနားသတ်ပေါ်လျှောက် အလုံးအရပ်ညီ စွန်ပလွံ့ပင်များက တန်းစီကြိုဆိုနေကြသည်။ လက်ရှေ့ စက်လှေ သဘောငယ်၊သဘောကြီးတို့အတွက် သူ့ဆိပ်နှင့်သူ ကျောက်လှေ

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးများဖြင့် ကမ်းနားလမ်းသို့ ချိတ်ဆက်ထား၏။ လှေကားပေါင်၌ ရေမှတ်မျဉ်းများ , ရေးမှတ်ထား၏။

"ကိုကြီးအောင်နိုင်၊ ကိုကြီးနိုင်းကို အိမ်လည်ခေါ်ခဲ့ အုံးရှင့်"

ကမ်းနားလမ်းပေါ်ရောက်သွားကြလျှင် မိန်းကလေးလည်း လူအုပ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားလေ၏။ ဆိပ်ကမ်း၌ မြင်ရသမျှသောမိန်းကလေးငယ်များသည် ချိုချွဲနှင့်ဆင်တူရိုးမှား ဖြူနုသွယ်လျှ ရှိကြသည် ချည်းဖြစ်၏။

အထက်ချင်းတွင်းသူတို့ ချစ်စဖွယ်ကိုယ်ပိုင်ဟန်ရှိပေ၏။ ကမ်းနားလမ်းပေါ် ခြေစုံချမိချိန်ဝင်လုလှနေလုံးနီကြီးသည် လောင်း ကောင်းကွေ့မြစ်ပြင်ကျယ်ထဲသို့ ငုပ်လျှိုးဝပ်စင်းနေသည်ကို လှပစွာ မြင်ရ၏။

× × × × × ×

(၂)

"သူငယ်ချင်း ကိုယ် မော်လိုက် ကလေးဝ လမ်းအကြောင်းရှာ လိုက်သွားရလို့အောင်နိုင်ကိုပဲ အကြိုလွှတ်လိုက်ရတာ၊ လောလောဆယ် ကိုယ့်အိမ်သွားစို့"

ကိုမြင့်ဖေအသင့်စောင့်ကြို ခေါ်ယူခြင်းဖြစ်၏။ ကိုမြင့်ဖေ၏ နေအိမ်သည် မြို့လယ်သဘာဝမြောက်ခင်းပြင် ဂေါက်ကွင်းကြီးအစပ်၌ ရှိ၏။ မြစ်ရေစီးကြောင်းနှင့် ဂေါက်ကွင်းပတ်လမ်းတို့ အချိုးညီညီတွေ့ပတ် သွားကြသည်။





မြစ်ကမ်းနားဝဲယာတစ်လျှောက်၊ ကျောက်တောင်မြင့်များပေါ်မှ ဘုရားစေတီများ တောင်ပန်းချီများသည် မြစ်ရေတွင် အရိပ်ထင်လျက် သဘာဝအလှပန်းချီကားချပ်ကြီးဖြစ်နေ၏။

"ကိုမြင့်ဖေ၊ ဟိုဘက်ကမ်းရွာက အတော်ကြီးတာပဲ၊ ရွာလယ် ဘုရားကလည်း ရေလယ်မှာ အရိပ်ထင်နေတာ သိပ်သပ္ပာယ်တာပဲ"

"အဲဒါ ကင်းတပ်ရွာဗျ။ မော်လိုက်မြို့မတည်မီက အထက် ချင်းတွင်းခရိုင်ရုံးဖွင့်တဲ့နေရာပေါ့၊ အခုဖူးမြင်ရတဲ့ ရွာလယ် ဘုရားမှာ အလောင်းမင်းတရားကြီးစစ်ချီရာပင့်ဆောင်ကိုးကွယ်တဲ့ စစ်နိုင် နန်းတော်ဦးဘုရား ကိန်းဝပ်စံပယ် တော်မူတာလေ၊ နောက်ရက်တွေ သွားဖူးကြတာပေါ့"

"ဒါနဲ့ ကိုမြင့်ဖေ၊ ရွာအောက်နားရေစပ်မှာ စင်ကလေးတွေ ထိုးပြီး ရေနဲ့လောင်းလောင်းချနေကြတာ ဘာလုပ်နေကြတာလဲဗျာ"

"အဲဒါရိုးရာလက်ကျင်ရွှေမျောဗျ၊ ရွှေကျင်တယ်ခေါ်တာပေါ့"

"ရွှေကျင်တယ်ဆိုတာ ကျွန်တော်ကြားရုံကြားဖူးတာဗျ၊ မမြင်ဖူးဘူး၊ ဒီဖြူလွလွသဲပြင်ကနေ ဝါလွင်လွင်ရွှေစင်ကို ဘယ်လို ထုတ်ယူတယ်ဆိုတာ ပထမဦးဆုံးလေ့လာရမယ့် ဦးစားပေးလုပ်ငန်းပဲ တစ်နေ့လိုက်ပြပေးအုံး"

"ကိုယ့်ညီမဝမ်းကွဲချိုနွဲ့နဲ့ မော်တော်ပေါ်မှာ မိတ်ဆွေဖြစ်ခဲ့ပြီ မဟုတ်လား၊ သူတို့က ဝါသနာအိုးတွေဗျ၊ သူဆီသင်တန်းတက်လိုက် ပေါ့ဗျာ"

သူငယ်ချင်းမြင့်ဖေထံ ရက်သတ္တတစ်ပတ်ခိုနေပြီးမှ ဝန်ထမ်း နေအိမ်သို့ ရွှေ့ခဲ့၏။ ဝန်ထမ်းနေအိမ်သည် မြစ်ကွေ့ကမ်းနားလမ်းပေါ် ၌ရှိ၏။ အိမ်ကလေး၏ လာသာဆောင်သည် မြစ်ပြင်ပေါ်သို့ထိုးထား သလိုရှိ၏။ လသာညများ၌သာယာချမ်းမြရှိလှ၏။ ဤအိမ်ကလေး၌ သူငယ်ချင်းသုံးယောက် ပျော်ပျော်ပါးပါးရှိနေကြသည်မှာ နွေဦးမှသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးသို့ပင်နီးခဲ့ပြီ၊ ကိုမြင့်ဖေလည်းမော်လိုက်–ကလေးဝ လမ်း သစ်ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ လုပ်သားမှူးကြီးအဖြစ် လုပ်ငန်းဝင်ရောက်ပြောင်းရွှေ့သွားရ၏။ ကာလကြာရှည်ကြိုစည်ထားခဲ့သည့်အတိုင်း ပိတ်ရက်ကြုံသည်နှင့်ကိုအောင်နိုင်ကို လောဆော်ရလေ၏။

"ကိုအောင်နိုင် ကိုယ်လစာထုတ်ပြီး ပြန်လာခဲ့မယ်၊ ဈေးလေးဘာလေးဝယ်ရအောင် ပိတ်ရက်ကြုံတုန်းလေး မနက်ဖြန် ရွှေကျင်မျှောတဲ့ တစ်နေရာရာသွားရအောင်"

"အနီးဆုံးက အဲမတို့ ဖဲကဇက်ကွေ့မျှောတဲရှိတယ်၊ ချိန္တဲ့ အပို့နိုင်းလိုက်လေ"

"ဒါဆိုလည်း ဈေးဝယ်ထွက်ရင်း ချိန္တဲ့သွားပြောထားရအောင် ငါက ရုံးပိတ်ရက်လေးအားတာ သူကအားချင်မှအားမှာ"

ကမ်းနားလမ်းနေ ချိန္တဲ့ထံထွက်ခဲ့ကြ၏။

အဆင်သင့်ချင်တော့ ချိန္တဲ့နှင့် အဲမနှစ်ယောက်စလုံးရှိနေကြ၏။

"လာထိုင်ကြရှင့်၊ ကိုကြီးနိုင်းနဲ့ ကိုကြီးအောင်နိုင်တို့ အသက်ရှည်ကြအုံးမယ်ရှင့်၊ ကိုကြီးမြင့်ဖေသူငယ်ချင်း ကိုကြီးနိုင်းရောက်လာလို့ ကိုကြီးမြင့်ဖေ စားကျက်သစ်ရနေတာနဲ့ ချိန္တဲ့ အများကြီး သက်သာနေရတဲ့အကြောင်းအဲမကို ကြွားပြနေတာရှင့်၊ ကိုကြီးမြင့်ဖေနဲ့ ကိုကြီးအောင်နိုင်က ကိုကြီးနိုင်းဆီမြဲနေကြတော့ တော်ကြာထမင်း လာပို့အုံး၊ တော်ကြာ ရေလာပေးအုံး မရှိတော့ဘူးရှင့်"

" ဟဲ ဟဲ ဟဲ ဒါလေးများ ချိန္တဲ့ရယ်၊ ကိုနိုင်းက နင့်တို့အဲမဆီ ရွှေမျှောသင်တန်းတက်ဖို့ အပို့နိုင်းမလို့လာပြောကြတာ အဲဒ ရောက်နေတာနဲ့ အတော်ပဲ"

"ကိုကြီးနိုင်းတို့များ တော်တော်ပင်ပင် ပန်းပန်းလုပ်ချင်နေတယ် ဟုတ်လားရှင့်၊ စိတ်သာချ ပို့ပေးမယ်ရှင့်၊ အဲမရေ သေချာလေး သင်ပေး



လိုက်ပါနော် နာရီဝက်ကို ရေပုံးကြီးတစ်ထောင်အောက် မလျော့စေနဲ့ ရှင့် ခစ် ခစ် ခစ် "

အဲမဆိုသူက ပြုံးနေ၏။ ပညာဆည်းပူးလိုသူက သွက်သွက်လက်လက် ပြောဆိုရလေ၏။

"နာမည်က အဲမနော် ကျွန်တော် ရွှေကျင်ရွှေမျှော မမြင်ဖူးလို့ လာလေ့လာချင်လို့ပါ"

"ဟုတ်ကဲ့ရှင့် အဲမပဲ ခေါ်ပါရှင့် နာမည်ရင်းက သင်းသင်းပါရှင့်၊ ချိန္တဲ့မအားလည်း ကိုကြီးအောင်နိုင် နေရာသိတာပဲရှင့် ဆက်ဆက်လာခဲ့ကြရှင့်"

အဲမက ချင်းတွင်းသူတို့ဓလေ့အတိုင်း ရင်းနှီးဖော်ရွေဖိတ်ကြားလျှင် ချိန္တဲ့က ဒေသအခေါ်စကားကို ရှင်းပြ၏။

"အဲမဆိုတာ မော်လိုက်စကားရှင့်၊ မသိတဲ့မိန်းကလေးကို စကားပြောချင်ရင် အဲမလို့ ခေါ်ကြတာပေါ့ရှင် ယောကျ်ားလေးဆို အဲမောင်ပေါ့ တချို့လည်း ချစ်စနိုးနဲ့အဲမအဲမောင်ခေါ်ရာက နာမည်တွင်သွားရောရှင့်၊ သင်းသင်းဆိုရင် အဲမခေါ်မှ မော်လိုက်ကလူတွေ သိကြတော့တာရှင့်"

"အဲမခေါ် သင်းသင်းတို့ကဲ့သို့ နေပူစပ်ခါး ရွှေကျင်နေသူများသည် ညိုညိုညစ်ညစ်ရှိမည်ထင်ခဲ့၏။ အထင်နှင့် အမြင်ကားပါစင်အောင်လွဲတော့သည်။ အဲမ၏ ဖြူဖွေးချောမွတ်သော မျက်နှာပြင် ပေါ်မှ ပါးအိုဝိုင်းကလေးသည် ရွှေရောင်ပြေးလျက်ရှိချေ၏။ တင်းရင်းပြည့်ဖြိုးသောကိုယ်ဟန်သည် ကြံ့ခိုင်သန်စွမ်းကြောင်းပြနေ၏။ ဖွံ့ထွားသူ ထဲ၌ ပြည့်ပြည့်ဖြိုးဖြိုးနုတ်ခမ်းကွေးသည် ပန်းရောင်စိုလျက် နီးလင်း ပြည့်ဖြိုးလှပသော လက်မောင်းအိုးပေါ်မှ မွေးညှင်းရေးများလည်း ရွှေရောင်တောက်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ချီနွဲ့မပါလည်း ကိုကြီးနိုင်းတို့ ဆက်ဆက်လာခဲ့ရှင့်"

အကြည့်ကို ရုတ်တရက်လွှဲဖယ်လိုက်ရ၏။ အပြန်လမ်းတလျှောက် ချီနွဲ့ပုံရိပ်သည် အာရုံ၌ ထပ်ဟပ်လျက်ရှိ၏။

× × × × × ×

(၃)

"ကိုကြီးနိုင်း သဲကိုကြည့်တတ်ရဲ့လားရှင့်"

"သဲဟာ သဲပေါ့ အဲမရဲ့ ဘာကို ကြည့်ရမှာလဲဟ"

" ဟာ ကိုကြီးနိုင်းကလည်း ရွှေမှုန်ပါနိုင်တဲ့ ရွှေချေးသဲကြည့်တတ်လားမေးတာရှင့်"

"ဘယ်လိုရွှေချေးသဲလဲ အဲမရယ်၊ ကျွန်တော်မှမသိတာ"

"ဟီ ဟီ ဟီ ရွှေလုပ်မယ့်အစ်ကိုရေ့ သဲလောက်တော့ ကြည့်တတ်မှပေါ့ရှင့်၊ အဲမ ပြောမယ်ရှင့်၊ ဒီကနေ တပ်ကုန်းဘက် သဲသောင်ပြင်ကို မြစ်ရေစပ်ကနေ ရှုတ်တိုက်မှန်းကြည့်ရှင့်၊ သဲပြင်မှာ လှိုင်းတွန့်သေးသေးလေးတွေ ဖြစ်နေတာတွေ့လားရှင့်၊ တချို့လှိုင်းတွန့်လေးတွေအကြေ့မှာ ညိုညိုမည်းမည်းရောင်ထွက်နေတာ သတိထားမိလားရှင့်"

"အေး – အေး တွေ့တယ် အဲမ"

"အဲဒီ သဲမည်းမည်းလေးတွေကို ရွှေချေးခေါ်တယ်ရှင့်၊ မျက်စိနဲ့မမြင်ရတဲ့ရွှေမှုန်ရွှေမွှားလေးတွေ ကပ်နေနိုင်တဲ့ သဲမျိုးပေါ့ရှင့်၊ ဒီလိုရွှေချေးများများရှိတဲ့ သဲကိုရှာပြီး ဆေးရတာပေါ့ရှင့်၊ လာ–ကိုကြီးနိုင်း အဲမ



မျှောလောင်းပြမယ်ရှင့်"

ရေစီးမျှောပေါ်၌ အပေါ်ခွံ အကာခွာထားသော ငှက်ပျောခွံကို ခင်းထားသည်။ ခင်းထားသော ရေစီးမျှောကို ရေလောင်းချရန် အနေတော်တစ်ဖက်နိမ့်မြင့် စိုက်ထူထားသည်။ ရွေးချယ်ထားသောသဲကို ရေနှင့်ဖျော်၍ အကြိမ်ကြိမ်လောင်းချသည်။ မလိုလားအပ်သော သဲကြမ်းများ မျှောပါသွား၍ သဲအမှုန်အမွှားများ မျှောအခင်း၌ ကပ်ကျန်ခဲ့သည်။ ကပ်ကျန်သဲမှုန်များကို ရေတွင် နှစ်၍ စုယူသည်။ နောက်ဆုံးအဆင့် စုယူထားသော အနည်သဲမှုန်ကို ဖြုန်းဟုခေါ်သည်။ ဖြုန်းသဲကို အင်ပိုင်းဖြင့်ဝိုင်း၍ မလိုလားအပ်သော အရာများကို ဖယ်ရှားသည်။ အင်ပိုင်းအောက်ခြေ၌ အနည်ဆုံးသဲမှုန်များ စုကျန်သည်။ စုကျန်သဲမှုန်ပေါ်သို့ ပြဒါးစက်ကို လောင်းထည့်ရောမွှေ လုံးယူလိုက်လျှင် ဖြူဆွတ်သော ပြဒါးလုံးငယ်ဖြစ်ခဲ့၏။ ပြဒါးလုံးငယ်ကို အပူပေးလိုက်သော် ဝါဝင်းသော ရွှေစင်လုံးငယ် ဖြစ်လာခဲ့လေ၏။

"ကိုကြီးနိုင်းသဘောပေါက်ပြီနော်၊ ဒီမုန်ညင်းစေ့လေးလောက်ရဖို့အတွက် သဲပုံပေါင်းများစွာကို အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ရေလောင်းရေဆေးလုပ်ရတယ်ဆိုတာ ကိုကြီးနိုင်းအမြင်ပဲရှင့်"

" လုပ်ပုံကိုင်နည်း၊ သဘောပေါက်ရုံဆိုပါတော့ အဲမရယ်၊ တစ်နေကုန်ရင်းရတဲ့လုပ်အား တစ်မှုန်မှမရဘဲ ရက်တွေလည်း ရှိတယ်ဆိုတော့ ပင်ပန်းတာနဲ့ မကာမိဘူးထင်တာပဲ"

"တစ်ရက်နဲ့တစ်ရက် ဘယ်တူပါ့မလဲရှင့်၊ တစ်နေရာနဲ့ တစ်နေရာလည်း မတူနိုင်ဘူးပေါ့ရှင့်၊ ဒီနေရာ ကိုယ်မရပေမယ့် သူရချင် ရတာပေါ့ရှင့်၊ ကံလိုက်ဖို့လည်း လိုသေးတာပေါ့ရှင့်"

"အဲမက နှစ်တိုင်း မျှောတိုက်တာပဲလား၊ ကိုက်ရဲ့လား အဲမရယ်"

www.burmeseclassic.com

www.burmeseclassic.com



"နွေရာသီတိုင်းဆိုပါတော့ရှင်၊ ဒီနွေဒီရောက်၊ ဟိုနွေဟိုရောက် ရှင့် ကိုယ်ကြိုက်တဲ့နေရာတွေ့တိုင်းလည်း မလုပ်ကြဘူးရှင့်၊ ရေလမ်းကြောင်း ကောင်းအောင်လည်း ကြည့်ရသေးတာရှင့်၊ ကိုက်တယ် မကိုက်ဘူးဆိုကတော့ အဲမက ကိုက်တယ်ပဲ ပြောရမှာပေါ့ရှင့်၊ အရင်းက အဲမရဲ့လုပ်အားပဲလေ၊ စက်နဲ့လုပ်တဲ့ လုပ်ငန်းလို စီးပွားရေးမျိုးတော့ ဘယ်ဟုတ်ပါ့မလဲရှင့်"

"အဲမ စက်မှောလုပ်ဖို့ စိတ်မကူးဘူးလား ပိုကိုက်မှာပေါ့"

"ဟာ – ကိုကြီးကလည်း စက်မှောလုပ်ငန်းဆိုတာ သူနေရာနဲ့သူ၊ သူ့အရင်းအနှီးနဲ့သူ့ဥပဒေစည်းကမ်းနဲ့မဟုတ်လားရှင့်၊ အဲမတို့ ရွှေကျင်တာ ကိုယ်ကိုယ်တိုင်ရဲ့ လုပ်အားနဲ့ ကိုယ်ကိုယ်ကို ဘယ်လောက် ဆင်ထားနိုင်တယ်ဆိုတာပဲ အမြတ်တနိုးဂုဏ်ယူ ကြတာပါရှင့်"

ဟုတ်လောက်ပေ၏၊ အထက်ချင်းတွင်းသူတို့ ကိုယ်ပေါ်မှ ရွှေစ ရွှေနတို့သည် ဆိုင်ရွှေနှင့်မတူ သီးခြားဝင်ထိန်တောက်ပြောင်နေတတ်၏။ ချွေးစက်ဖြင့်ရင်းယူထားရသော သဘာဝအရည်ပြည့် ရွှေစင်ရွှေသား ဖြစ်ရာ၏။ ခံစားချက်အတိုင်း ပြောပြလိုက်၏။

"အေးလေ အဲမတို့ရွှေကျင်တဲ့ ချင်းတွင်းသူတွေရဲ့ စိတ်ဓာတ်က ရွှေထက်တန်ဖိုးရှိတဲ့စိတ်ဓာတ်မျိုးပါပဲ၊ လှလှသလောက် စိတ်ထားလည်းလှကြတယ်နော်၊ ကိုကြီးလည်း အဲမဆီသင်တန်းလာတက်မှ ဘဝအားမာန်တွေ ပိုဖြစ်လာရတယ်လို့ ခံစားရတယ်၊ ကိုကြီးတကယ်ပဲ ကျေးဇူးတင်ပါတယ် အဲမရယ် နေညိုသွားပြီ ပြန်ခွင့်ပြုအုံးနော်"

နေညိုသည်နှင့် နှုတ်ဆက်စုန်ဆင်းလာခဲ့၏။ အဲမ၏ချိုအီ ညင်းပျောင်းသောရယ်သံလေးများ ဝေးကွာကျန်ရစ်ခဲ့၏။ မြစ်ကြောင်း အထက် ကောင်းကင်ယံအမြင့်မှ ရွှေဟင်္သာမောင်နှံတို့ အတွဲကိုယ်စီ အစုန်အဆန်ပျံသန်းသွားကြသည်မှာ အားမာန်အပြည့်ရှိလှ၏။





ချင်းတွင်းမြစ်ကမ်းဘေးရှိ ရိုးရာလက်မှောရွှေကျင်သူမအဲမလည်း အားမာန်အပြည့်နှင့် ပေတကား။ အဲမလို ဘဝသတ္တိရှင် မိန်းကလေးနှင့် ဘဝချင်းပေါင်းစပ်ခွင့် ရနိုင်ခဲ့ပါမူ၊ ဟင်္သာမောင်နှံလို ဘဝကို အစုန်ပျံသန်းရမည်လား အဆန်ပျံတက်ရမည်လား ဘဝတွင် အားမာန် အပြည့် ထာဝစဉ်ရှိမည်ထင်မိ၏။

"ကမ်းနားဘက်ဆက်အုံးမလား အိမ်နားမှာပဲ ကပ်လိုက်ရတော့မလား"

စက်လှေကိုင် ကိုအောင်နိုင်၏ အသံကြားတော့မှ အိမ်နားရောက်မှန်းသိတော့၏။

"အိမ်နားမှာပဲ ကပ်လိုက်ပါတော့ ကိုအောင်နိုင်"

ထိုညအဖို့ မအဲမထံမှ တစ်နေ့တာသင်တန်းသားအတွေ့အကြုံကို မှတ်စုစာအုပ်ငယ်၌ ရေးမှတ်ထားရှိခဲ့လေ၏။

× × × × × ×

(၄)

ဘာလိုလိုနှင့် မိုးလယ်ရောက်ခဲ့ပြီ။ နွေရာသီ ရေနည်းလှာလဲ မော်လိုက်မြို့ကလေးသည် အရောင်းအဝယ်ပါလျှား နေသလောက် မိုးကာလ ရေကြောင်းကောင်းချိန်၌ အရောင်းအဝယ် စည်ကားလှ၏။ သင်္ဘောဝင်ထွက်ချိန်များ၌ ကမ်းနားလမ်းသည် တိုးမပေါက်အောင် စည်ကား၏ ဆိုင်ကြီးဆိုင်ငယ်အသွယ်သွယ်တို့လည်း အ[illegible]လျှို ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြမြဲ။

အဲမ၏ ရွှေသလ္လာဦး လက်ဖက်ရည်ဆိုင်ကလေးကား ကျွန်တော်၏ အားလပ်ချိန် စခန်းချရာနေရာဖြစ်လာ၏။ လေ့တစ်စင်းနှင့် အရောင်းအဝယ်သမားကိုအောင်နိုင်လည်း ကျွန်တော်နှင့်အတူ မရှိနိုင်တော့ပြီ အဲမ၏ ရွှေသလ္လာဦးသည်သင်္ဘောထွက်သွားလျှင် လူရှင်းသွားတတ်၏။ ပြည်ငြိမ်းချမ်းသင်္ဘောကြီး ထွက်ခွာသွားသည်နှင့် ဆိုင်ထဲဝင်ခဲ့၏။

"ကိုကြီးနိုင်း ကိုကြီးမြင့်ဖေက ချိန့်တို့ကို ရိက္ခာခြောက်ပို့ပေးဖို့ လှမ်းမှာလို့ အဲမအဖော်လိုက်သွားပေးရမှာ၊ မနက်ဖြန်၊ကားဝါကြီး အကြဲနဲ့ လိုက်ကြမှာရှင့်၊ ဘာမှာလိုက်အုံးမလဲရှင့်"

" ဘယ်တော့ပြန်ကြမှာလဲ အဲမ"

"ကားကြုံရင် ကြုံသလိုပေါ့ရှင့်"

"မော်လိုက်နဲ့ လမ်းစခန်းကားမှ မှန်မှန်မရှိဘဲ၊ ကြာရင် ကျွန်တော်သတိရနေမှာ"

"ဟဲာ ကိုကြီးနိုင်းကလည်း"

စကားမဆုံးခင် တုံ့ပြန်သံနှင့်အတူ အဲမအခန်းထဲဝင်သွား၏။

"ကိုနိုင်းကိုတွေ့ချင်ရင် ရွှေသလ္လာဦးသာ သွားကြည့်လိုက်၊ မလွဲစေရဘူးဗျို့"

အသံလာရာသို့ လှည့်ကြည့်လိုက်၏ ကမ်းနားလမ်းရပ်ကွက်အဖွဲ့ဝင် ကိုဝင်းနိုင်ကို မြူးရွှင်စွာတွေ့ရ၏။ ကိုဝင်းနိုင်၏ဖခင်ရွှေဆိုင်ပိုင်ရှင် ဦးဌေးဝင်းမှာ မြို့မိမြို့ဖဖြစ်၍ များစွာအားကိုးရ၏။

"ကိုဝင်းနိုင်၊ ဘာကိစ္စရှိလဲဗျာ"

"ကိုနိုင်းမိတ်ဆွေကြီး၊ အင်းတော်က ဦးလေးထွန်းဝင်း အရှာခိုင်းလို့ဗျာ၊ ကိုနိုင်းအိမ်မှာဆုံဖို့ လက်ဆေးကန် ဆရာတော်ဘုရား ချိန်ထားသတဲ့ဗျ၊ ရေနံပုံးလာကပ်တာတဲ့"





အင်းတော်သည် ကိုးတန်ချောင်းဖျား ရေနံထုတ်စခန်းရွာငယ်ဖြစ်၏။ ရေနံစင်၊ ရေနံတွင်းဟောင်းအမြောက်အမြားရှိသည်။ သမဝါယမ အသင်းသို့ ထုတ်လုပ်ခွင့်ချထားပေးပြီး လေမှုတ်စနစ်ဖြင့် တွင်းအနည်းငယ်ကိုသာ ဒေသသုံးမျှ ထုတ်လုပ်နိုင်ကြောင်းသိရ၏။

ဦးဌေးဝင်း၏ညီ ဦးထွန်းဝင်းသည် အင်းတော်ရေနံထုတ်ထာဝန်ခံအဖြစ် မိသားစု လိုက်ပြောင်းရွှေ့ရသည်။ လက်ဆေးကန်မှာ မော်လိုက်–ပြောင်ဘုတ်လမ်း ခရီး ၅ တိုင်ရှိ တောင်ထိပ်ပေါ်မှ ရေကန်တျယ်ကြီးဖြစ်သည်။ ကန်ထိပ်တွင် စေတီငယ်နှင့် တောရကျောင်းလေးရှိသည်။ တောရကျောင်းဆရာတော်နှင့် စေတီတည်စဉ်ကပင် ဆရာဒကာအဖြစ်ရင်းနှီးကြသည်။

"ကိုကြီးဝင်နိုင်ဦးလေးက ကိုကြီးဝင်းနိုင်တို့အိမ်မှာ မတည်းဘူးလားရှင့်"

အဲမ၏ဖြတ်အမေးကို ကိုဝင်းနိုင်က ရယ်ကျဲကျဲဖြေ၏။

"ဦးလေးထွန်းဝင်းက ကိုနိုင်းနဲ့ တတ်ကျတယ်ဟ၊ လာတိုင်း ကိုနိုင်းအိမ်မဲတည်းတာ၊ ဖွှစ်ယောက်တည်းနေတဲ့ အိမ်ဆိုတော့ လွတ်လပ်တာပေါ့လေ၊ဘာလဲ နင်က ကိုနိုင်းကို မလွှတ်ချင်လို့လား"

"  ကိုကြီးဝင်းနိုင်နော်"

အဲမကို မမြင်ရ အသံသာကြားလိုက်ရ၏။ နှုတ်ဆက်ပြန်ထွက်လာခဲ့၏။ ထိုနေ့ည ဦးလေးထွန်းဝင်းနှင့် ကိုဝင်းနိုင်အပါ သုံးယောက်သား တရုတ်မလေးဆိုင်၌ ညစာထွက်စားကြသည်။ ကမ်းနားတစ်ပတ်လျှောက်ပြီး ကိုဝင်းနိုင်ကိုထားခဲ့ကာ အိမ်ပြန်ခဲ့ကြ၏။ လသာဆောင်၌ ရောက်တတ်ရာရာပြောဆိုနေခဲ့ကြ၏။

"ဆရာတော်မနက်ဖြန် ခြေကျင်ကြွမယ်ဆိုတော့ စောစောစီးစီး သွားကြိုကြရရင် မကောင်းဘူးလား ဦးလေးထွန်းဝင်း"

"ကောင်းတော့ အကောင်းသား ဒါပေမဲ့ မနက်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မအားဘူး။ ဗျို့အစ်ကိုမြေ့ဝင်းက စကားတိုင်ပင်ဖို့ မှာထားလို့ဗျာ ဒီနေ့မှာ မောင်ဝင်းနိုင်အတွက် အဲမကိုတောင်းရမ်းကြဖို့ တိုင်ပင်မလို့ပါ။ ဘာမှ အထူးပြောစရာမရှိပါဘူး။ အဲမက လိမ္မာပါတယ်ဗျာ၊ ကျွန်တော့်ကို တိုင်ပင်ချင်တာက ဘယ်နေ့အယ်ရက်လောက် စီစဉ်ကြမယ် ညှိချင်တာပါ"

"ဪော်"

ကျွန်တော်ကား ဪော်တစ်လုံးသာ ရေရွတ်နိုင်ပါတော့သည်။ ခါတိုင်းမူ ဦးထွန်းဝင်းရောက်ရှိလျှင် ညဥ့်နက်သန်းခေါင်ရယ်မော စကားပြောဆိုနေတတ်ကြသော်လည်း ယခုတော့စောစီးစွာပင် အိပ်ရာဝင်ခဲ့၏။ ဦးထွန်းဝင်းလည်း နံနက်စောစောပင် အစ်ကိုဦးမြေ့ဝင်းထံ ထွက်ခွာသွားခဲ့၏။

ထိုနေ့ နေညိုချိန်ကျမှ လက်ဆေးကန် ဆရာတော်ဘုရားသည် လမ်းထိပ်ရှိ ကျွန်တော့်အိမ်ကလေး၌ အမောပြေ ခေတ္တဝင်နားရုံမျှဝင်ခဲ့၏။

"ဆရာတော်ဘုရား–လက်ဆေးကန်နဲ့ မော်လိုက်က အတက်အဆင်း ကြမ်းပါတယ်ဘုရား။ မော်လိုက်မှာ ရက်များများ အချိန်ယူနားပါအုံးဘုရား"

"ဆရာတော့်မှာ အချိန်ပိုရယ်လို့ မရှိဘူးကွဲ့ ဒကာလေးရဲ့ လူ့ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလိုမဖြစ်ရဘူးတဲ့၊ မဖြစ်တာကိုမဖြစ်အဲ့ အတိုင်းထား။ မဖြစ်ချင်တာကိုလည်းဖြစ်ရတယ်တဲ့၊ ဖြစ်လာသမျှ ဖြစ်လာတဲ့ အတိုင်းထား"

"မှန်လှပါဘုရား"

ဆရာတော်သည် ကျိန်းစက်မည့် မြို့မဆရာတော်ကျောင်းသို့ ခါကြွသွား၏။ ဆရာတော်၏ အဆုံးအမသည် မိမိ၏ အတွင်းစိတ်၌ သိနေ၍လားဟုပင်ထင်မိ၏။ မည်သို့ဆိုစေအတွေးအခေါ်နှင့်စိတ်ဓာတ် ခွန်အားကို ထပ်ဆောင်းမြှင့်တင်ပေးခဲ့သည် ကတော့ အမှန်ပင်ဖြစ်၏။





တောင်းရမ်းစေ့စပ်လက်ထပ်တော့မည့် ကိုယ်က ချစ်ရသူ အဲမအတွက် အမှိုက်သရိုက်အဖြစ်မခံတော့ပြီဟု ပိုင်နိုင်စွာ ဆုံးဖြတ်စေနိုင်ခဲ့၏။

အလှဆုံးဖူးပွင့်ရန် အရှိန်ယူဆဲဖြစ်သည့်မေတ္တာပန်းငုံတို့ မပွင့်ခင်က ကြွေးလွင့်သွားရပြီထင်ပါ၏။

× × × × × ×

(၅)

နေ့တစ်ခေါက်ရောက်ခဲ့ပြန်လေပြီ၊ ယခင်နေ့နှင့် လုံးဝမတူတော့ပြီ။ ပတ်ဝန်းကျင်ကို အဆက်ဖြတ်ထားခဲ့သော ကျွန်တော့်အတွက် မော်လိုက်နေ့သည် ပူလောင်ပြင်းပြခြောက်သွေ့လှ၏။ မိုးချုပ်လျှင် တံခါးပိတ်၍ စာဖတ်နေခြင်းသည်သာ နေ့စဉ်ပုံမှန်အလုပ်ဖြစ်ခဲ့၏။

"ကိုကြီးနိုင်းရှင့် အဲမနဲ့ ချိုနွဲ့ပါရှင့်ဘာလုပ်နေလဲရှင့် တံခါးဖွင့်ပေးအုံးရှင့်"

ခေါ်သံကြောင့် တံခါးကို ဆွဲဖွင့်လိုက်၏။

"ဝင်ထိုင်ကြလေ၊ အပျင်းပြေ ဝတ္ထုဖတ်နေတာ"

"အချစ်ဝတ္ထုဖတ်ပြီး စိတ်ကူးယဉ်နေတယ် မဟုတ်လားရှင့် ကိုကြီးနိုင်း ကမ်းနားဘက်မလာတာကြာလို့ ချိုနွဲ့ဖြင့် အဲမကို သွားသွား မေးလိုက်ရတာရှင့်"

"ခုတလော အလုပ်တွေ များနေလို့ စိတ်ထဲတကယ့် အချိန်နဲ့ အမှုရောက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မှားမှန်ရောထွေး အဖြေပေးလိုက်၏။ အဲမက အဟုတ်ထင်ပုံရ၏။

"ဘာတွေများ ဒီလောက်အလုပ်များနေတာလဲ၊ ကိုကြီးနိုင်းရယ်၊ အဲမ ကူလုပ်ပေးလို့ရမယ့်ဟာမျိုးဆို ပြောပါရှင့်၊ အဲမ လာလုပ်ပေးမှာပေါ့ရှင့်"

အဖြေပေးရန်မရှိ၍ လာရင်းကိစ္စကိုသာ မေးမြန်းရတော့၏။

"တစ်ခုခုများ ပြောစရာရှိကြသလား၊ ဘာလုပ်ပေးရမလဲဟင်"

"ကိုကြီးမြင့်ဖေတို့ မော်လိုက်–ကလေးဝလမ်းအဖွဲ့တွေ လာမယ့်လကုန်အပြီးသတ်ရမှာတဲ့၊ ပြီးတာနဲ့ဖွင့်ပွဲချက်ချင်းလုပ်မှာ၊ ကိုကြီးမြင့်ဖေရဲ့အလုပ်သမားအဖွဲ့တွေ နေ့နေ့ညည လုပ်နေကြရလို့ ချိုနွဲ့နဲ့အဲမတို့ကို တစ်လလောက် ထမင်းချက်လာကူးပေးပါဆိုလို့ မနက်ဖြန် ကိုဝင်းနိုင်လိုက်ပို့ပေးမယ်ရှင့်၊ ကိုကြီးမြင့်ဖေဆီဘာများမှာလိုက်အုံး မလဲလို့မေးရင်း ဝင်နှုတ်ဆက်ကြတာရှင့်"

အတန်ကြာအောင် ငေးငိုင်စဉ်းစားပြီး လေသံပျော့ဖြင့် အကြောင်းပြန်လိုက်ရ၏။

"သွားကြပါဗျာ၊ ကျွန်တော် အလာတုန်းက ကိုအောင်နိုင်က ရေလမ်းကနေ လေ့နဲ့လာကြိုပေးခဲ့တယ်၊ ပြန်ပြောင်းရင် ကိုမြင့်ဖေကို ကားလမ်းကနေ သူ့ကားလေးနဲ့ ပြန်လှုက်ပို့ဖို့ မှာလိုက်တယ်သာ ပြောပေးလိုက်ပါဗျာ"

"ကျွန်မတို့ကို မနက်စောကြီး ကိုဝင်းနိုင်ကားနဲ့ ဝင်ခေါ်မှာရှင့်၊ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်ရှင့်"

နှုတ်ဆက်ပြီး အပြင်ထွက်ကြလျှင် အမှောင်ထုက သိပ်သည်းနေပြီ။ မသင့်လျော်၍ ကမ်းနားလမ်း အမြန်ရေယာဉ်ဆိပ် လမ်းခွဲအထိ လိုက်ပို့လိုက်၏။

"ကိုကြီးနိုင်း အိမ်ကိုဖော်ပါအုံးတော့လား စောသေးတာပဲရှင့်"





"မဝင်တော့ဘူး အဲမရယ် အဲမတို့လည်း စောစောအိပ်ရမယ်လေ၊ ကျွန်တော်လည်းအစီရင်ခံစာတွေ ရေးဖို့ရှိသေးလို့နော်"

"ဟုတ်ကဲ့ပါရှင့်၊ အချစ်ဝတ္ထုဆက်ဖတ်ရအုံးမယ်၊ စိတ်ကူးယဉ်ရအုံးမယ် မဟုတ်လားရှင့်"

ချိုနွဲ့ကပြောဆိုပြီး ရှေ့ကထွက်သွားသည်။အနည်းငယ်ကွာလျှင် အဲမက အနားကပ်ပြီး တိုးတိုးပြောလေ၏။

"ရော့ ကိုကြီးနိုင်းရဲ့မှတ်စု စာအုပ်လေး ခုံတန်းလျားအောက်မှ ကျကျန်နေခဲ့လို့ သိမ်းထားပေးတာ ကြာပြီရှင့်၊ ကိုကြီးနိုင်းက ပေါ်မလာလို့ အဲမလည်း ခရီးကကြာအုံးမယ်ဆိုတော့ ခုမှပြန်ခဲ့လာပေးတာ၊ အစောကတည်းကပြန်ပေးမလို့ရှင့် ချိုနွဲ့က တခြားစာပေးတယ်ထင်မှာစိုးလို့ သိတယ်မဟုတ်လား ချိုနွဲ့က အစသန်တယ်ရှင့်"

အဲမကမ်းပေးသော မှတ်စုစာအုပ်ငယ်ကို အလျင်စလို ပြန်လည်ဆွဲယူလိုက်မိ၏။ အဲမ၏ လက်ဖဝါးနုနုလေးမှ အနွေးဓာတ်များသည် ရင်ထဲအထိ စီးဝင်သွားကြ၏။ စိတ်အစဉ်ကလေလွင့် ထွေပြားနေခဲ့သည်မှာကြာခဲ့ပြီ။ မည်သည့်အချိန်က မှတ်စုစာအုပ်ငယ် ကျကျန်ခဲ့၍ မည်မျှကြာခဲ့ပြီမသိနိုင်။

အိမ်ပြန်ရောက်ရောက်ချင်း တစ်ရွက်ချင်း လှန်လှောမိ၏။ တစ်နေရာတွင် ရေးမှတ်ထားသော စာစုများကို အထင်ရှားပြန်လည်တွေ့မြင်လိုက်ရ၏။

မေ ၁ ရက်နေ့၊ ကိုအောင်နိုင်နှင့် ဖဲကဇက်သွားအဲမအမည်ရှိ သင်းသင်းထံ ရွှေကျင်နည်းသင်တန်းတက်၊ ကျင်သည့်ရွှေလည်း ရွှေစင်အပြည့်၊ နည်းပြဆရာမကလည်း စေတနာအပြည့်။

"အဲမတို့က ကိုယ်ကိုယ်တိုင်လုပ်အားနဲ့ ကိုယ့်ထိုမိုက်ကို ဘယ်လောက် ဆင်ထားနိုင်လဲဆိုတာ အမြတ်တနိုး ဂုဏ်ယူကြတယ်" ဟူသည် အဲမ၏ဘဝခွန်အားစကားဖြစ်၏။ "ဤစိတ်ဓာတ် ခွန်အားရှင် ဘဝဖော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဘဝ၌ထာဝစဉ် အားမန်အပြည့်ရှိနေလိမ့်မည်"ဟုရေးထား၏။

စာစုအောက်ခြေတွင် အဲမလက်ရေးဖြင့် "တကယ်လား" ဟု ရေးထားသည်ကိုလည်း တွေ့ရ၏။ အခုတော့ ကိုဝင်းနိုင်နှင့်အတူ ထွက်ခွာသွားပြီ၊ အရာအားလုံးလည်း ပြီးဆုံးခဲ့ပြီထင်ပါ၏။ အားမာန်အပြည့်နှင့် လှော်ခတ်မည့်အချစ်လှေငယ်လေးလည်း တာမထွက်မီတက်ကျိုးသွားခဲ့ရချေပြီ။ မှတ်စုစာအုပ်ငယ်ကို အခန်းထောင့်ထဲသို့ အရှိန်ပြင်းစွာပစ်သွင်းလိုက်လေ၏။

× × × × × ×

(၆)

ချင်းတွင်းမြစ်ကမ်းပေါ်ရှိ မော်လိုက်ကလေး၀ မော်တော်ကားလမ်းမကြီးကို နိုင်ငံတော်အကြီးအကဲများ ကြွရောက်ဖွင့်လှစ်ပေးခဲ့သည်မှာ ရက်သတ္တတစ်ပတ်ကျော်ခဲ့ပြီ။နွေမအား ညမနားရသောလုပ်သားများမှ ယခုမှပင်ပေါ့ပါးအေးချမ်းစွာ အနားယူနိုင်ခဲ့တော့၏။ လမ်းသစ်ဖွင့်ပွဲပြီးသည်နှင့် လှေတစ်စင်းဖြင့် ကုန်ဝယ်ထွက်သွားသော ကိုအောင်နိုင်လည်း မရောက်ရှိသေး။ လှေဝင်လှေထွက်ရက်များ လှေလာမည့်ဆိပ်ကမ်းသို့ ထွက်ခဲ့၏။

"ဟေး ကိုနိုင်း ငါအသင်းရုံးကနေအခုပဲ ပြန်ဆန်လာတာ ပြောစရာရှိလို့"

"ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားပြန်ဝင်မယ့်ရက် အသင်းရုံး သွားမေးပြီ၊ ကိုမြင့်ဖေဆီ သွားမလို့ ထွက်လာတာ လှေပေါ်မှာ ဘာတွေမ မတွေ့ပါလားကိုအောင်နိုင်"



ကုန်တွေ မော်လိုက်တက်မယ့်ကားနဲ့ အပ်ထားခဲ့လို့ အစောကြီး ပြန်ရောက်လာတာ၊ အိမ်မှာပဲ ပြန်စောင့်နေတော့"

အိမ်ရှေ့ကုက္ကိုပင်အောက်၌ လှေကို ချည်နှောင်ခဲ့ပြီး အောင်နိုင် ပြန်တက်လာ၏။

"ဒီမှာ ကိုနိုင်း၊ ငါ့လှေနဲ့ ဝင်းနိုင်တို့လှေနဲ့ မစိန်အထက်တွေ့မှာ ဆုံကြတယ်ဟ၊ ဝင်းနိုင်နဲ့ ချိုနွဲ့က ဝါမဝင်ခင်မင်္ဂလာဆောင်ကြတော့မလို့တဲ့ကွ၊ အဲဒါ အခုသူတို့ပစ္စည်းဝယ်ထွက်ကြတာ အဲမလည်းပါတယ်"

"ဟေ . . . ဟုတ်လား၊ တကယ်လား အောင်နိုင်၊ဒါနဲ့ ဝင်းနိုင် အဖေက အဲမနဲ့ပေးစားတော့မလို့ဆို"

"ပေးစားမလို့ပဲ လူကြီးချင်းစကားပြောကြတော့ ဝင်းနိုင်နဲ့ ချိုနွဲ့က သူတို့ချင်းချစ်သူတွေပါလို့ ဝင်ပြောတော့ နှစ်ဖက်လူကြီးတွေ သဘောတူပြီး လက်ထပ်ရက် သတ်မှတ်ပေးလိုက်တယ်လေ၊ အဲမနဲ့ချိုနွဲ့ ဆိုတာလည်း ဝမ်းကွဲတွေပဲဟာ၊ ခင်ဗျားက လုပ်ငန်းကိစ္စနဲ့ လမ်းပေါ် ရောက်နေလို့ ဘာမှမသိတာ"

"သူတို့ ဘယ်တော့လောက် ပြန်ရောက်ကြမှာတဲ့လဲ ကိုအောင်နိုင်"

ဝင်းနိုင်တို့က ကြာလှတစ်ပတ်ပေါ့ အဲမကတော့ ပြန်လိုက်မလာတော့ဘူး၊ မုံရွာက သူ့အဒေါ်ဆီ နေအုံးမယ်တဲ့၊ ဝင်းနိုင်နဲ့ ချိုနွဲ့မင်္ဂလာဆောင်ရက်အမီတော့ ပြန်လာမယ်တဲ့၊ အဲဒါချိုနွဲ့က ငါ့ကို စကားသေချာပြောလိုက်တယ်မောင်၊ မော်လိုက်လို မြို့ကျဉ်းကလေးမှာ အဲမတို့ ကိုနိုင်းနဲ့ လူတိုင်းကစနေကြတာတဲ့၊ ကိုနိုင်းတသူ့ကို အဖက်လုပ်မဆက်ဆံတဲ့အပြင် တမင်တကာရှောင်နေတာ အသေအချာပဲတဲ့၊ ချိုနွဲ့ပြောတာက အဲမက သူ့အတွေးနဲ့သူ ကိုနိုင်းကို စိတ်နာနေတာတဲ့လေ"

"အခုလိုက်သွားမယ်ဗျာ၊ သူတို့လှေတယ်နားလောက်ရောက်အုံးမလဲ"

www.burmeseclassic.com



" မစိန်ရောက်ရောပေါ့၊ မော်လိုက်လိုင်းလှေက မဖိန်ကနေ နေဝင်မှ ကလေးဝကပ်နိုင်တာပါ။ သူတို့ ကလေးဝမှာ ညမအိပ်ဘူးတဲ့ ထစ်ခါတည်း အမြန်ယာဉ်ပြောင်းစီးမယ်ပြောတယ်၊ ခင်ဗျားကားလမ်းသစ်ကနေ လိုက်သွားရင် တစ်အောင့်ရယ်ကြာမှာ၊ ကလေးဝမှာ တစ်နေကုန်တောင် ပြန်စောင့်နေရမယ်"

"ဟုတ်တာပေါ့ဗျာ၊ လှေနဲ့ပြေးတဲ့လူကို ကားနဲ့လိုက်မှပဲ၊ မော်လိုက် ကလေးဝ(၃၆မိုင်) ခရီးကအကြာမှာ မှတ်လို့မြင့်ဖေဂျစ်ကားလေးကိုမောင်းသွားမယ်ဗျာ၊ ကလေးဝဆိပ်ကမ်းမှာ ကိုယ်က ဦးအောင်စောင့်နေမယ်"

"ခင်ဗျားစိတ်လောလောနဲ့ ကိုယ်တိုင် ကားမောင်းလို့ မဖြစ်သေးပါဘူး၊ မြင့်ဖေကိုယ်တိုင် ငါမောင်းပို့ခိုင်းလိုက်ပါ့မယ်၊ အဲမတို့ စီးလာတဲ့လှေက 'ရွှေကျော်' နော်၊ လာမြင့်ဖေဆီသွားစို့"

ကိုမြင့်ဖေ၏ ဝီလီဂျစ်ကားလေးသည် မော်လိုက်– ကလေးဝ မြစ်ကမ်းနား ကားလမ်းသစ်ပေါ်၌ တောင်နံရံများနံဘေးမှ ပြေးဝင်ပြေး ထွက်မြန်လှသည်။ ကလေးဝဆိပ်ကမ်း၌ မော်တော်ကားထိုးရပ်လိုက်ချိန်ထိ မောင်းချိန် တစ်နာရီသာသာမျှသာ။

"တစ်နေကုန်သာ စောင့်နေပေတော့ မောင်ရေ၊ နေဝင်မှ လှေဆိုက်မှာဗျ၊ ကျုပ်ကတော့ဆိပ်ကမ်းရုံးထဲ သွားအိပ်နေလိုက်အုံးမယ်"

"အိပ်ချင်သွားအိပ်နေပေါ့ဗျာ၊ ကိုယ်ကတော့သူမလာလား၊ လာလာလာ ကိုယ်ကစောင့်မှာပဲ၊ မတော်လို့ လှေကျော်သွားရင်ဘယ့်နှယ် လုပ်မလဲ၊ ကိုယ်က ဦးအောင်စောင့်နေမယ်"

မြင့်ဖေ ကုန်းပေါ်တက်သွားလျှင် ကားပေါ်တက်ထိုင်စောင့် နေလိုက်၏။ နေလုံးနီကြီးကျောက်တောင်အကွယ် ခိုဝင်သွားချိန် မြင့်ဖေ ဆင်းလာခဲ့၏။ မကြာမီ 'ရွှေကျော်' စက်လှေသည် တအိအိ ပတ်ချာ လည်လျက် အမြန်ယာဉ်နှင့် လာကပ်သည်။



"အဲမ ကိုကြီးက အဲမကို ကားလမ်းကနေ ဦးအောင်လာစောင့်နေတာ၊ ပေး အဲမရဲ့အိတ်၊ အမြန်ယာဉ်ပေါ် မပြောင်းရဘူး ဒီဘက်ကို ဆင်းခဲ့"

အဲမလက်ကို ဆုပ်ကိုင်အမိန့်ပေးလိုက်၏ အမိန့်တကာတို့တွင် အချိုသာဆုံးအမိန့်ဖြစ်ရာ၏။ အဲမက ချွန့်ချွန့်မျက်နှာကို လှမ်းကြည့်သည်။ ချွန့်က ခေါင်းညိတ်ပြ၏။ ရွှေကျော်စက်လှေပေါ် မှ အဲမ ခုန်ဆင်းလိုက်သည်။ မြင့်ဖေကအိတ်ကို လှမ်းယူ၏။

"အမယ်လေး အဲမရယ်၊ ဒီကားလမ်းသစ်ပေါ်လာ ပေလို့ပေါ့ဗျာ၊ နို့မို့ဆိုမလွယ်ဘူးဘဲ၊ နင့်ကို ဦးအောင်လာစောင့်ကြိုနိုင်ဖို့ နိုင်ငံတော်က ငါတို့ကို လမ်းသစ်ဖောက်ပေးလိုက်တာလေ မဟုတ်ဘူးလား"

"ကိုကြီးမြင့်ဖေ လေမရှည်နဲ့ရှင့်၊ ကားကို မြန်မြန်မောင်းရှင့်"

"အမယ် – နင့်လူနင်မောင်းခိုင်းပါလား သွား ကားရှေ့ခန်း သွားထိုင်၊ နင်လူမောင်းလိမ့်မယ်၊ ငါမမောင်းဘူး"

အဲမက လေ၏အလျင်ဖြင့် ကားရှေ့ခန်း၌ ဝင်ထိုင်သည်။ မော်လိုက် ကလေးဝကားလမ်းသစ်ကြီးပေါ်မှ ချစ်သူနှစ်ဦးကိုခေါ်ဆောင် ပြေးတက်လာသည့် မော်တော်ကား၏ ရှေ့တည့်တည့်မှ ကြည့်မည်ဆိုလျှင် ကားတစ်စီးကို လူနှစ်ယောက် မောင်းနှင်နေကြသည်သို့ မြင်ရ ပေလိမ့်မည်။

ဆိုနီဒီး (ဆွမ်းစောင်)
(မြဝတီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၆)
အတွဲ ၅၄ အမှတ် – ၁၁

www.burmeseclassic.com